# A Dream of Red Mansions

(Tsao Hsueh Chin & Kao Ngo)

# ခန်းဆောင်နီအိပ်မက်

ဆွေမြင့်

မြန်မာပြန်



Design / Mg Mg Myat

စီစဉ်သူ
ညက်ပွင့် (စက်မှု)

မျက်နှာဖုံးဒီဇိုင်း — မောင်မောင်မြတ်
အဖုံးဓလင် — **Best Color**
အတွင်းဓလင် — ကိုဦး
Logo ဒီဇိုင်း — ပန်းချီကိုကျော်သိုက်နှင့် (Q.C)
ကွန်ပျူတာ — မောင်မောင်မြတ်နှင့်ဧယျာမြေ
စာစီ — မောင်သာယာ

၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာလ၊ တန်ဖိုး (၆၀၀) ကျပ်


ပုံ နှိပ် မှတ် တမ်း

စာမူခွင့်ပြုချက်အမှတ် - ၃၀၆/၂၀၀၃ (၃) အရ
ကျောက်စိမ်းပုံနှိပ်တိုက် ဦးကျော်စိန် (၀၂၉၀၉)၊ အမှတ် (၁၇၁)၊ (၃၃)လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့မှ အတွင်းစာသားရိုက်နှိပ်၍၊
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၁၁၆၀/၂၀၀၃ (၁၀)အရ
ရွှေလင်းယုန်ပုံနှိပ်တိုက်၊ ဦးသန်းလွင် (၀၅၅၈၇) အမှတ်(၅၁)၊ ရေကျော်လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့မှ မျက်နှာဖုံးရိုက်နှိပ်ကာ . . .
ဦးကျော်ဟင်း (၀၉၁၀)၊ (ယုံကြည်ချက်စာပေ) အမှတ်(၁၁၁)၊ (၃၃)လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့မှ . . .
ပထမအကြိမ်၊ အုပ်ရေ (၅၀၀) ထုတ်ဝေသည်။

# ခန်းဆောင်နီအိပ်မက်

## ဆွေမြင့်

ရေမျှော်စင်
စာပေတိုက်
တိုက်နံပါတ် (၇၂၄)၊ အခန်း (၁၈) ပထပ်၊ မဟာဗန္ဓုလလမ်း၊
လသာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၂၅၀၆၆၈



၁

တစ်ခါတုန်းက နုဝါ ဆိုတဲ့ နတ်သမီးတစ်ပါးရှိတယ်။

အဲဒီ နတ်သမီးဟာ မဟာဂီရိတောင်ခြေမှာ နေတယ်။

နုဝါ နတ်သမီးဟာ မိုးကောင်းကင်အထိ မြင့်မားတဲ့ ဘုံဗိမာန်ကို ပြုပြင်ဖို့အတွက် ကျောက်သားကျောက်စိုင်တွေကို အရည်ကျိုသတဲ့။ ပြီးတော့ ကျောက်တုံးကြီးတွေ ဖြစ်အောင် သွန်းလုပ်တယ်။ ကျောက်တုံး တစ်တုံးစီရဲ့ အမြင့်ဟာ ပေ (၁၂၀) မြင့်မားတယ်။ ဖြက်အကျယ်ကတော့ စတုရန်းပေ (၂၄၀) ကျယ်တယ်။ ကျောက်တုံး စုစုပေါင်း (၃၆၅၀၁) တုံး ရရှိခဲ့တယ်။ နုဝါနတ်သမီးဟာ ကျောက်တုံး (၃၆၅၀၀) ကို အသုံးပြုပြီး မိုးကောင်းကင်ကို ပြုပြင်လိုက်တယ်။

ကျန်တဲ့ ကျောက်တုံးလေး တစ်တုံးကိုတော့ မေတ္တာလို့ အမည်ပေးထားတဲ့ တောင်ရဲ့အောက်ခြေကို ပစ်ချလိုက်ပေမယ့် အဲဒီကျောက်တုံးကလေးဟာလည်း မိုးကောင်းကင်ကို ပြုပြင်လိုက်တဲ့ ကျောက်တုံးတွေလိုပဲ တန်ဖိုးရှိပြီး အစွမ်းထက်တဲ့ ကျောက်တုံးတစ်တုံးပါပဲ။

နှစ်ပေါင်းများစွာ ကြာမြင့်လာတဲ့အခါမှာတော့ မေတ္တာတောင်ခြေရင်းက ကျောက်တုံးလေးဟာ စိတ်ဝိညာဉ် ဝင်စားလာတယ်။ အဲဒီတော့ ကျောက်တုံးလေးက လှိုက်လှိုက်လှဲလှဲ ကြေကွဲဝမ်းနည်းစွာ ငိုသတဲ့။

ဘာဖြစ်လို့လဲဆိုတော့ နတ်သမီးက တခြားကျောက်တုံးတွေကိုသာ အသုံးပြုပြီး သူ့ကို စွန့်ပစ်လိုက်တာကိုး။ ဒါကြောင့် သူ့ကိုယ်သူ အသုံးမဝင်တော့ဘူးဆိုပြီး စိတ်ထိခိုက်နေတယ်။

ဒါပေမယ့် တစ်နေ့ကျတော့ ကြည်ညိုစရာ တင့်တယ်တဲ့ ရဟန်းနှစ်ပါးဟာ ကျောက်တုံးလေးအနားကို ကြွလာကြတယ်။ တင်ပျဉ်ခွေထိုင်ပြီးတော့ သူတို့အချင်းချင်း တရားဓမ္မနဲ့ ပတ်သက်ပြီး ဆွေးနွေးကြတယ်။

ရဟန်းတစ်ပါးက ကျောက်တုံးလေးကို သတိပြုမိလိုက်တယ်။

အဲဒီအချိန်မှာ ကျောက်တုံးလေးရဲ့ အရွယ်အစားဟာ သားမြီးယပ်ရဲ့ ထိပ်ဖျားက ပန်းဖွားလုံးလောက်ပဲ ရှိတော့တယ်။ ရဟန်းက ကျောက်တုံးလေးကို ကောက်ယူပြီး လက်ဖဝါးပေါ် တင်ကြည့်လိုက်တယ်။

***"သင်ဟာ ခုအချိန်မှာ အသုံးမဝင်သေးဘူး၊ ဒါပေမယ့် တစ်နေ့နေ့ တစ်ချိန်ချိန်မှာ လူတွေရဲ့လက်ထဲရောက်သွားရင် ထူးခြားဆန်းကြယ်တဲ့ ပစ္စည်းတစ်ခု ဖြစ်ရစေ့မယ်၊ အဲဒီလိုဖြစ်သွားအောင် သင့်မျက်နှာပြင်မှာ စာရေးထွင်းခဲ့မယ်. . .***

***နောက်ပြီး မှူးမတ်အဆင့်ရှိတဲ့ အိမ်ဂေဟာကို ပို့ပေးခဲ့မယ်၊ အဲဒီဒေသမှာ ပန်းရောင်စုံတွေ ပွင့်ဖူးပြီး မိုးမခပင်တွေလည်း ရှိတယ်။ အဲဒီအိမ်ဂေဟာမှာ သင်ဟာ အေးချမ်းသာယာစွာ နေရလိမ့်မယ်" လို့. . .***

ရဟန်းက အဲဒီလိုပြောပြီး ကျောက်တုံးလေးကို သင်းပိုင် ကြားထဲ ထည့်လိုက်တယ်။ နောက်တော့ ရဟန်းနှစ်ပါးဟာ အတူတကွ ခရီးထွက်သွားကြတော့တယ်။

**ဆူချောင်** . . . ဆိုတဲ့ မြို့ကလေးတစ်မြို့ရဲ့ မင်္ဂလာတံခါးနားမှာ လူကုံထံရပ်ကွက် ရှိတယ်။ မင်္ဂလာတံခါးရဲ့ အပြင်ဘက်မှာ လမ်းတစ်လမ်းကို တွေ့ရတယ်။ အဲဒီလမ်းကို **သန့်ရှင်းလမ်း**လို့ ခေါ်တွင်ကြတယ်။ သန့်ရှင်းလမ်းရဲ့ ဘေးနားမှာ ရှေးဟောင်းစေတီတစ်ဆူ တည်ရှိတယ်။

စေတီနဲ့ ခပ်လှမ်းလှမ်းမှာ **ရှီယန်**ဆိုတဲ့ အမျိုးသားတစ်ယောက်နဲ့ သူ့ဇနီးဖန်တို့ နေကြတယ်။ သူတို့လင်မယား နှစ်ယောက်စလုံးဟာ အကျင့်သီလနဲ့ ပြည့်စုံကြတယ်။ ဒါကြောင့် ပတ်ဝန်းကျင် အိမ်နီးနားချင်းတွေက ချစ်ခင်ကြတယ်။ ရှီယန်က အသက် (၅၀)နှစ် ပြည့်ပြီ။ သူက စာပေလိုက်စားတယ်။ ဝါးပင်၊ ပန်းပင်တွေ စိုက်ပျိုးပြီး ရောင်းချတယ်။





ရသမျှ ဝင်ငွေနဲ့ ရောင့်ရဲ တင်းတိမ်နေတယ်။ သူ့ဇနီး ဖန်ကလည်း ရှီယန်ရဲ့ ဝင်ငွေကို ချွေတာစွာ သုံးစွဲတယ်။

သူတို့လင်မယားမှာ သုံးနှစ်အရွယ် သမီးကလေးတစ်ယောက် ရှိတယ်။ သမီးလေးနာမည်ကိုတော့ ချစ်စနိုးနဲ့ ကြာဖြူပန်းလို့ ခေါ်ကြတယ်။

နွေရာသီရဲ့နေ့တစ်နေ့မှာ ရှီယန်ဟာ သူ့အိမ်က စာဖတ်ခန်းထဲမှာ စာဖတ်ရင်း မေ့ခနဲအိပ်ပျော်သွားတယ်။ အိပ်မက်ထဲမှာ ရဟန်းနှစ်ပါးကို တွေ့လိုက်ရသတဲ့။ ရဟန်းနှစ်ပါးက သူတို့အချင်းချင်း စကားပြောကြတယ်။

"ဒီကျောက်တုံးကို ဘယ်ယူသွားမလို့လဲ အရှင်"

တစ်ပါးက မေးလိုက်တယ်။

"ဟောဒီ ကျောက်တုံးဟာ ချစ်ခြင်းမေတ္တာ ဇာတ်လမ်းတစ်ခုမှာ ပါဝင်လိမ့်မယ်၊ ဒါပေမယ့် အဲဒီ မေတ္တာဇာတ်လမ်းထဲမှာ ပါဝင်ရမယ့် သူတချို့ကတော့ အခုထက်ထိ မမွေးဖွားကြသေးဘူး"

ရဟန်းတစ်ပါးက ဖြေလိုက်တယ်။ ရှီယန်က ရဟန်းနှစ်ပါးကို ရှိခိုးကန်တော့ပြီး နှုတ်ဆက်တယ်။ ပြီးတော့ . . .

"အရှင်ဘုရားတို့ ပြောခဲ့ကြတဲ့ ကျောက်တုံးကို တပည့်တော် ကြည့်ခွင့်ရှိရင် ကြည့်ပါရစေ" လို့ ခွင့်တောင်းလိုက်တယ်။

ရဟန်းက ကျောက်တုံးကို ထုတ်ပြတယ်။ ကျောက်တုံးဟာ အရည်အသွေးရှန်းလဲ့နေတဲ့ ကျောက်စိမ်းတုံး အတိုင်းပါပဲ။ ကျောက်တုံးရဲ့ မျက်နှာပြင်ပေါ်မှာ **မနောမယ ကျောက်စိမ်း**လို့ ရေးထွင်းထားတာကို ရှီယန် ဖတ်လိုက်ရတယ်။ ကျန်တဲ့မျက်နှာပြင်ပေါ်က စာတွေကို ဆက်မဖတ်နိုင်ခင်မှာ "ကဲ. . ကျုပ်တို့ သွားရမယ့်နေရာကို ရောက်နေပြီ"လို့ပြောပြီး ကျောက်တုံးကို ပြန်ယူသွားတယ်။

နောက်တော့ ရဟန်းနှစ်ပါးက မုခ်ဦးကြီးတွေနဲ့ တန်ဆာဆင်ထားတဲ့ အဆောက်အအုံ တစ်ခုထဲကို ဝင်သွားကြတယ်။ အဲဒီ မုခ်ဦးကျောက်တိုင် အဝင်ဝမှာ မာယာဘုံလို့ အမည်တပ်ထားပြီး၊ အဲဒီခေါင်းစဉ်အောက်မှာတော့ . . .

**"အတုကို အစစ်လို့ ထင်သော အရပ်မှာ**
**အစစ်ဟာ အတု ဖြစ်နေမှာပါ . . .**

**မမှန်တာကို အမှန်လို့ ထင်သောအရပ်မှာ**
**အမှန်ဟာ မမှန်မကန် ဖြစ်နေမှာပါ" လို့. . .**

ရေးထားတာကို ဖတ်လိုက်ရတယ်။ ရှိယန်ဟာ ရဟန်းနှစ်ပါး နောက်ကို လိုက်နေတုန်းပဲ။ တော်လဲသံကြီး ကြားလိုက်ရတယ်။ နောက်တော့ သူ အိပ်ပျော်ရာက လန့်နိုးသွားတယ်။ အိပ်မက်ကိုလည်း ရေရေရာရာ မမှတ်မိတော့ပါဘူး။ နောက်တော့ ရှိယန်ဟာ သူ့သမီးလေး ကြာဖြူပန်းကို ပွေ့ချီပြီး ဝင်းခြံအပေါက်ဝကို လျှောက်လာခဲ့တယ်။

လမ်းမပေါ်ကို လှမ်းကြည့်လိုက်တော့ ကျယ်ကျယ်လောင်လောင် စကားပြောလာကြတဲ့ ကိုရင်ကြီးနှစ်ပါးကို တွေ့လိုက်ရတယ်။ တစ်ပါးက ဦးခေါင်းမှာ အနာတွေနဲ့ ပြည့်နေတယ်။ နောက်တစ်ပါးက ဆံပင်နဲ့ မုတ်ဆိတ်တွေ ထူထပ်ပြီး ခြေတစ်ဖက်ကလည်း မသန်မစွမ်းဖြစ်နေရှာတယ်။ ကိုရင်ကြီးတစ်ပါးက ရှိယန်လက်ထဲက သမီးလေးကို . . .

**"ဒီကလေးဟာ တန်ဖိုးရှိတဲ့ လူသားတစ်ယောက်ကို စောင့်ရှောက်ဖို့ လူ့ပြည်ကို ရောက်လာတာ" လို့. . .**

ပြောပြီး ကလေးကို လှမ်းတောင်းတယ်။ ရှိယန်ဟာ သမီးလေးကို တင်းတင်းကျပ်ကျပ် ပွေ့ဖက်ပြီး အိမ်ထဲ ပြန်ဝင်သွားတယ်။ ခြေတစ်ဖက် မသန်တဲ့ ကိုရင်ကြီးတစ်ပါးက . . .

**"မီးထွန်းပွဲတော်ကျရင် ဒီကလေး ပျောက်သွားလိမ့်မယ်" လို့. .**

လှမ်းပြောသွားတယ်။

ကိုရင်ကြီး ပြောသွားတဲ့အတိုင်း မီးထွန်းပွဲတော် ရောက်ချိန်မှာ သမီးလေးဟာ အိမ်ဖော်မိန်းကလေးနဲ့အတူ မီးရှူးမီးပန်းတွေ ဖောက်တာ၊ မီးပုံးတွေ ထွန်းညှိတာကို လိုက်ကြည့်ရင်း လူကွဲပြီး ပျောက်ဆုံးသွားတော့တာပါပဲ။ နောက်ပိုင်းမှာ ရှိယန်တို့လင်မယားဟာ စိတ်သောကရောက်ကြရတယ်။ သူတို့အိမ်ကလေးဟာလည်း မီးဘေးသင့်ပြီး ပြာကျသွားတယ်။ အဲဒီနှစ်မှာပဲ မိုးခေါင်တာ၊ ရေကြီးတာတွေကြောင့် သီးနှံတွေ မဖြစ်ထွန်းတော့ဘူး။ လူဆိုး ဓားပြတွေလည်း သောင်းကျန်းလာတဲ့အတွက် ရှိယန်တို့လင်မယားဟာ ယောက္ခမရှိရာ တာယုမြို့ကို သွားပြီးနေထိုင်ခဲ့ရတယ်။ ရှိစုမဲ့စု ငွေလေးနဲ့ မြေကွက်ကလေးတစ်ကွက် ဝယ်ပြီး ချို့ချို့ငဲ့ငဲ့နေရတယ်။





လပေါင်းများစွာ ကြာလာတဲ့အခါမှာ ရှိယန်ဟာ သောကဒဏ်ကြောင့် အဆမတန် အိုမင်းရင့်ရော်နေပါပြီ။

အဲဒီအချိန်ကာလမှာ ခြေတစ်ဖက်ဆာနေတဲ့ ကိုရင်ကြီးကို ရှိယန် မမျှော်လင့်ဘဲ တွေ့လိုက်ရတယ်။ ကိုရင်ကြီးက ***"လောကမှာ ဘယ်အရာမဆို မမြဲတဲ့ အနိစ္စ"*** သဘောတရားတွေကို ကဗျာရွတ်ဆို ပြောပြခဲ့တယ်။ စာပေ ဗဟုသုတရှိနေတဲ့ ရှိယန်ဟာ သံသရာကို နားလည်၊ သခါရကို သဘောပေါက်ပြီး ကိုရင်ကြီးနဲ့အတူ လိုက်သွားတော့တယ်။

ရှိယန်ရဲ့ မယားဖန်ဟာ သူ့လင်ယောကျ်ား ထွက်သွားတာကို ကြားရတော့ ငိုကြွေးပြီး သူ့အဖေ ဖန်စုဆီသွားတယ်။ အဖေနဲ့ တိုင်ပင်ပြီး ရှိယန်ကို လိုက်ရှာကြတယ်။ ဒါပေမယ့် ဘယ်လိုမှ ရှာမရဘူး။ နောက်ဆုံးကျတော့ ဖန်ဟာ သူမရဲ့ မိဘတွေ အိမ်မှာနေပြီး အထည်ချုပ်စားကြတယ်။

တစ်နေ့ကျတော့ သူတို့မြို့ကို မြို့ဝန်အသစ်တစ်ယောက် ရောက်လာတယ်။ ဦးဆောင်းအနက်နဲ့ ဝတ်ရုံအနီကြီး ဝတ်ဆင်ထားပြီး ဝေါနဲ့ သူတို့အိမ်ရှေ့က ဖြတ်သွားတာကို ဖန်က မြင်တွေ့ရတယ်။

ရှေ့တော်ပြေးတွေနဲ့ ခမ်းခမ်းနားနားပါပဲ။ အဲဒီ ညဦးပိုင်းမှာ "ဖန်စုကို မြို့ဝန်မင်းက ခေါ်ခိုင်းလိုက်တယ်". . ဆိုပြီး မင်းစေတွေက လာခေါ်ကြတယ်။ ဖန်စုဟာ အကြောင်းမဲ့သက်သက် စိတ်ချောက်ချားသွားတော့တာပါပဲ။ မြို့ဝန်အသစ်က သူတို့ကို အပြစ်ပေးတော့မှာပဲ ဆိုပြီး အိမ်ထဲမှာ အထိတ်တလန့် ဖြစ်နေရှာတယ်။ လွှတ်လိုက်တဲ့ မင်းစေတွေထဲက တစ်ယောက်ဟာ ရှိယန်ကို ခေါ်ပေးဖို့ တောင်းဆိုလိုက်တယ်။ ဒါကြောင့် ဖန်စု စိတ်သက်သာရာရသွားတယ်။

"ရှိယန်ဟာ မနှစ်က ရသေ့အဖြစ် တောထွက်သွားပါပြီ၊ ကျုပ်က သူ့ယောက္ခမ ဖန်စုပါ"

"ဒါဆို ခင်ဗျားလိုက်ခဲ့၊ မြို့ဝန်ကို ခင်ဗျားကိုယ်တိုင် ရှင်းပြလိုက်"

ဖန်စုဟာ မင်းစေတွေနဲ့အတူ လိုက်သွားရတယ်။ အိမ်သူအိမ်သားတွေက တထိတ်ထိတ်နဲ့ ဖန်စုပြန်လာမယ့် အချိန်ကို စောင့်မျှော်နေကြတယ်။

ဖန်စုဟာ ညရှစ်နာရီ ထိုးတော့မှ ပြန်ရောက်လာတယ်။

"မြို့ဝန်အသစ်ဟာ ဆူချောင်ဇာတိ၊ သူ့နာမည်က ယုဆုံတဲ့။ ရှိယန်နဲ့ ငယ်သူငယ်ချင်းပဲ။ ရှိယန် ဒီကို ပြောင်းလာတာကို သိလို့ ခေါ်ခိုင်းလိုက်တာ။ ရှိယန် အကြောင်းကို ငါက ပြောပြလိုက်တယ်။ သူ့သမီးလေး ကြာဖြူဖန်း ပျောက်ဆုံးသွားတာလည်း ပြောပြလိုက်တော့ စိတ်မကောင်းဖြစ်သွားတယ်။ 'တွေ့အောင် ရှာပေးပါ့မယ်' တဲ့၊ နောက်ပြီး ငါ့ကို ငွေနှစ်ကျပ်သားပေးလိုက်တယ်"

ဖန်စု စကားကြောင့် အိမ်သူအိမ်သားတွေ ပျော်သွားကြတယ်။ နောက်တစ်နေ့မနက် ရောက်တဲ့အခါကျတော့ မြို့ဝန်အသစ်ယုဆုံက မင်းစေတစ်ယောက်ကို လွှတ်ပြီး ရှိယန်ရဲ့ မယားဖန်အတွက် ငွေသားနှစ်အိတ်နဲ့ ဖဲသားတစ်ဝတ်စာ လက်ဆောင်တွေ ပို့ပေးခိုင်းလိုက်တယ်။

■

မြို့ဝန်ယုဆုံဟာ ကံမကောင်းရှာဘူး။ သူရောက်ပြီး ခြောက်လအကြာမှာ သူ့ကို မကျေနပ်တဲ့ တခြားအရာရှိတွေက ဘုရင်မင်းကြီးဆီကို ကုန်းချောကြတယ်။

ဒါကြောင့် ယုဆုံဟာ မြို့ဝန်ရာထူးက ရပ်စဲခြင်း ခံလိုက်ရတယ်။

ဒီအကြောင်းကို ယုဆုံက သူ့မိန်းမကို မပြောပြဘူး။ မိန်းမနဲ့ သားငယ်အတွက် အခြေတကျ နေထိုင်နိုင်အောင် ဖန်တီးပေးခဲ့တယ်။ နောက်ပြီး နိုင်ငံရဲ့ထင်ရှားကျော်ကြားတဲ့ အရပ်ဒေသတွေကို လေ့လာဖို့ အကြောင်းပြချက်နဲ့ ခရီးထွက်သွားတော့တယ်။

ယုဆုံဟာ ယန်ကျိုးမြို့ ရောက်သွားတော့ ဆားခွန်တော်ဝန်ရဲ့ အိမ်မှာ ထိုက်ယု ဆိုတဲ့ သမီးလေးတစ်ယောက်ကို စာပြဖို့အတွက် ဆရာတစ်ယောက် လိုအပ်နေကြောင်း သိရတယ်။ ယုဆုံဟာ ခရီးသွားဟန်လွှဲ သဘောမျိုးနဲ့ စာပြဆရာအဖြစ်လုပ်နေရင်း ဆားခွန်တော်ဝန်ရဲ့ ဇနီးဆုံးသွားတယ်။ တစ်နှစ်လောက် ဆက်လုပ်နေရင်း တစ်နေ့ကျတော့ မြို့ပြင်ဘက်ကို လမ်းလျှောက်ထွက်ခဲ့ရာက တောအုပ်ထဲမှာ ဝတ်ကျောင်းတစ်ကျောင်းကို တွေ့လိုက်ရတယ်။





ဝတ်ကျောင်းဟာ အိုမင်းပြိုကျ ပျက်စီးနေပါပြီ။

ဒါပေမယ့် ကျောက်စာတိုင်မှာ ရေးထိုးထားတဲ့ စာတန်းကလေး တွေ့လိုက်ရတယ်။ အဓိပ္ပာယ်က . . .

*"ဥစ္စာဓန ပေါကြွယ်ဝပေမယ့် မလျှဖြစ်ခဲ့တဲ့အတွက် နောက်ဆုံးအချိန်ကျမှ နောင်တရမိတယ်" . . .*

ဆိုတဲ့ သဘောမျိုးပါပဲ။

ယုဆုံဟာ ဝတ်ကျောင်းပျက်ထဲက ပြန်ထွက်လာပြီး မြို့ပြင်က ယစ်ရွေရည်ဆိုင်မှာ မိတ်ဆွေဟောင်းတစ်ယောက်နဲ့ ဆုံမိကြတယ်။ အဲဒီမိတ်ဆွေက ယုဆုံကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခေါ်ပြောပြီး ယမကာနဲ့ စားစရာတွေကို ကျွေးမွေးဧည့်ခံတယ်။

စကားစပ်မိရင်း ယုဆုံစာသင်ပေးနေတဲ့ မိန်းကလေးရဲ့ မိသားစုအကြောင်းကို မိတ်ဆွေက ပြောပြလို့ သိလိုက်ရတယ်။ အဲဒီမိသားစုဟာ *ခန်းဆောင်နီလို့ခေါ်တဲ့ ယွန်းစံအိမ်က* ချိန်မိသားစုရဲ့ အဆက်အနွယ်ဖြစ်ကြကြောင်းကို ပြောပြရာက . . . *"ကျိချိန်ရဲ့ သားတစ်ယောက်ဟာ ကျောက်တစ်လုံးကို ပါးစပ်ထဲမှာ ငုံလျက်သား မွေးဖွားလာတယ်တဲ့"* လို့ အဲဒီမိတ်ဆွေက ထူးထူးဆန်းဆန်း စကားတစ်ခွန်း ပြောလိုက်တော့တယ်။

အဲဒီအချိန်မှာ ယုဆုံဟာ ဆိုင်ပြတင်းပေါက်ကနေ အပြင်ဘက်ကို လှမ်းကြည့်လိုက်တယ်။ အပြင်ဘက်မှာ မည်းမှောင်နေပြီ။ စကားလက်ဆုံကျနေလို့ ပတ်ဝန်းကျင်ကို သတိမထားမိခဲ့ကြဘူး။

"ဟော . . အတော်ညဉ့်နက်နေပါပကော၊ မြို့တံခါးတွေ ပိတ်တော့မယ်၊ ပြန်ကြမယ်" လို့ ပြောပြီး နှစ်ယောက်သား ထိုင်နေရာက ထလိုက်ကြတယ်။

ကျသင့်ငွေကို ရှင်းပြီး ဆိုင်ထဲက ထွက်ဖို့ ဆိုင်ပေါက်ဝကို လျှောက်သွားကြတယ်။ အဲဒီအချိန်မှာ သူတို့နောက်ဘက်က လှမ်းပြောသံကို ကြားလိုက်ရတယ်။

"ဒီလို ဒေသမျိုးမှာ ဘာလာလုပ်နေတာလဲ ယုဆုံ"

ယုဆုံက ချာခနဲ လှည့်ကြည့်လိုက်မိတယ်။ သူ့ကို လှမ်းနှုတ်ဆက်လိုက်တဲ့လူက **ကျန်ယုကွေ့** ဖြစ်နေတယ်။

ကျန်ယုကွေဟာ ယုဆုံလိုပဲ ရာထူးက ရပ်စဲခံထားရပါတယ်။ ဒါကြောင့် ဇာတိဌာနေ ယန်ကျိုးကို ပြန်ရောက်နေတာပါ။ ကျန်ယုကွေရဲ့ ပြောပြချက်အရ "ရာထူးက ရပ်စဲ ခံခဲ့ရသူတွေဟာ ပြန်လည်လျှောက်ထားခွင့်ရှိတယ်" ဆိုတဲ့ သတင်းကို သိလိုက်ရတယ်။ ဒါကြောင့် အဲဒီသတင်းနဲ့ပတ်သက်ပြီး နန်းတွင်းအမိန့် ကြော်ငြာစာကို ဖတ်ရှုလေ့လာဖို့အတွက် ဆုံးဖြတ်လိုက်တယ်။

ယုဆုံဟာ သူ စာပြပေးနေတဲ့ ထိုက်ယုဆိုတဲ့ မိန်းကလေးရဲ့ အဖေ ဆားခွန်တော်ဝန် လင်းယုထိုက်ကို အကျိုးအကြောင်း ပြောပြလိုက်တယ်။ ဒီတော့ လင်းယုထိုက်က သူ့သမီးလေး ထိုက်ယုကို နေပြည်တော်မှာရှိတဲ့ ယောက္ခမကြီးရဲ့ ခန်းဆောင်နီစံအိမ်ကို ပို့ရတော့မယ့်ဆိုတဲ့အကြောင်းနဲ့၊ အဲဒီနေပြည်တော်ရောက်ရင် သူ့ယောက်ဖတွေဆီကို မိတ်ဆက်တဲ့စာတွေ ရေးပေးလိုက်မှာဖြစ်ကြောင်း၊ ယောက်ဖတွေဟာ မျိုးရိုးစဉ်ဆက် ရာထူးကြီးကြီး ရရှိထားကြသူတွေ ဖြစ်ပြီး၊ **ယောက်ဖအလတ် ကျိုချိန်**ဆိုသူဟာ မြို့စားကြီးတစ်ဦးဖြစ်ကြောင်း ပြောပြတယ်။

ဒါနဲ့ပဲ ယုဆုံဟာ ထိုက်ယုကို လာခေါ်ကြတဲ့ အခြွေအရံတွေနှင့်အတူ နေပြည်တော်ကို ရောက်ရှိသွားတော့တယ်။ လင်းယုထိုက်ရဲ့ စာကို ယောက်ဖအလတ် **ကျိုချိန်**ကို ပေးလိုက်တဲ့အခါမှာ ကျိုချိန်က ချက်ချင်း အကူအညီပေးတယ်။ ရွှေနန်းတော်ကို လျှောက်လွှာတင်ပေးပြီး ကျိုချိန်ကိုယ်တိုင် သက်ဆိုင်ရာပုဂ္ဂိုလ်တွေနဲ့ တွေ့ပြီး ယုဆုံအတွက် ထောက်ခံပြောဆိုခဲ့သေးတယ်။

**မြို့စားကြီးကျိုချိန်**ရဲ့ ဉပမိရုပ်နဲ့ အရပ်အမောင်းက ခံ့ညားသလို ဩဇာအရှိန်အဝါလည်း ရွှေနန်းတော်မှာ ကြီးမားတယ်၊ အလုပ်လုပ်တဲ့နေရာမှာလည်း မှန်ကန်တိကျလို့ ဘုရင်မင်းမြတ်ကိုယ်တိုင်က အထူးအခွင့်အရေးပေးထားတာကို ခံရတယ်။ ချစ်မြတ်နိုးတာလည်း ခံရတယ်၊

ဒါကြောင့် မြို့စားကြီးကျိုချိန်ဟာ ရွှေနန်းတော်မှာလည်း ပေါက်ရောက်တယ်၊ ဘုရင့်နားကို ပေါက်အောင်လည်း ပြောနိုင်တယ်။ ရိုးသားတည်ကြည်တဲ့အတွက် လူချစ်လူခင်လည်းပေါတယ်၊ အဲဒီလို ထင်ရှားပေါက်ရောက်တဲ့ မြို့စားကြီးလို လူမျိုးက ယုဆုံကိစ္စကို ဆောင်ရွက်ကူညီ





ပေးတယ်ဆိုတော့ လွယ်လွယ်ကူကူပဲ အဆင်ပြေသွားတယ်လို့ ဆိုရမှာပေါ့။ ယုဆုံဟာ ကျိုချိန်ရဲ့ လိုက်လှဲတဲ့ ကူညီမှုကြောင့် နှစ်လအတွင်း ယစ်လပ်နေတဲ့ ချင်းလင်းမြို့က မြို့ဝန်နေရာမှာ ခန့်အပ်လိုက်ခြင်း ခံခဲ့ရတယ်။

ဒါကြောင့် သူဟာ ကျိုချိန်ကို ကျေးဇူးတင်စကား ပြောဆိုပြီးတော့ ချင်းလင်းမြို့ကို မြို့ဝန်အဖြစ် ထွက်လာတော့တယ်။

▮

ထိုက်ယုဟာ သူ့အဘွားရဲ့ ခန်းဆောင်နီစံအိမ်ကြီးရဲ့ ထည်ဝါခံ့ညားပုံတွေ၊ လှပတင့်တယ်တာတွေကိုတော့ မိခင်ရဲ့ ပြောပြချက်အရ သိရှိခဲ့ပါတယ်။ ဒါပေမယ့် တစ်ခါမျှ မရောက်ဖူးခဲ့ပါဘူး။ မိခင် ကွယ်လွန်ပြီးမှ အဘွားက အခြွေအရံတွေ လွှတ်ပြီး ခေါ်ခိုင်းလိုက်တဲ့အတွက် ဖခင်က ထည့်ပေးလိုက်တာပါ။ လှေယာဉ်တွေနဲ့ လိုက်ပါလာပြီး ရွှေမြို့တော်ဆိပ်ကမ်းရောက်တော့ သူမကို **ခန်းဆောင်နီစံအိမ်**အရောက် ဝေါနဲ့တင်သွားကြတယ်။

ခန်းဆောင်နီစံအိမ်ကြီးဟာ ထိုက်ယုစိတ်ကူးထဲမှာ ကြိုတင်ခန့်မှန်းထားတာထက် အဆပေါင်းများစွာ သာလွန်ခမ်းနားနေပါတော့တယ်။

စံအိမ်တော်အဝင်ဝ တံခါးမုခ်ဦးနှစ်ဖက်မှာ ပါးပျဉ်းထောင်နေတဲ့ နဂါးကြီးနှစ်ကောင်ပုံကလည်း တိမ်ညွှန့်တွေကို စားတော့မယ့်အတိုင်းပဲ၊ နဂါးကြီးနှစ်ကောင်ရဲ့ အမြီးရှည်ကြီးတွေကလည်း စံအိမ်တော်ဘက်ကို သွယ်ဆင်းသွားတာ မျက်စိတစ်ဆုံးပဲ။ နဂါးကြီးနှစ်ကောင်ရဲ့ အမြီးနှစ်ခုကြားမှာ ခင်းထားတဲ့ သလင်းဖြူလမ်းမကြီးဟာလည်း တဖိတ်ဖိတ် တလက်လက်နဲ့၊ကောင်းကင်က တိမ်ညွှန့်တွေဟာ သလင်းဖြူလမ်းမပေါ်မှာ အရိပ်လာထင်နေတယ်။ မြေပြင်မှာ တိမ်မင်တွေ ရွေ့ရှားနေတာကို ကြည့်ရင်း နတ်ဘုံတစ်ခုခုများ ရောက်နေသလားလို့ ထင်မိတယ်။ ရာသီမဟုတ်ဘဲ ပွင့်နေတဲ့ ကံ့ကော်ပန်းတွေလည်း မွှေးကြိုင်လို့၊ ချယ်ရီပန်းတွေကလည်း လှလိုက်တာ အလွန်ပဲ၊ မိုးမခပင်ကြီးကလည်း ထီးထီးမားမားနဲ့ အရွက်တွေကလည်း နေပြောက်မထိုးအောင် စိပ်လိုက်ပါဘိ။

အဆစ်ဆစ်နဲ့ ဝါးမင်းပင်တွေကလည်း မိုးမခပင်ကြီးအောက်မှာ စီတန်းလို့၊ မိုးမခပင်ကြီးနဲ့အပြိုင် လက်ပံပင်ကြီးကလည်း မြင့်မြင့်မားမား၊ ဆက်ရက်တွေကလည်း ပင်ယံထက်မှာ လက်ပံသီးတွေ စားလို့၊ နွေဦးရဲ့ လေရူးတွေ ဝှေ့ယမ်းလိုက်တဲ့အခါမှာ လက်ပံပင်ပေါ်က ဆက်ရက်တွေ လန့်ပြီးပျံသွားတာများ ခရေပန်းပွင့်ကလေးတွေကို ဆုပ်ကိုင်ကြဲဖြန့်လိုက်သလိုပါပဲ။ ကောင်းကင်တစ်ခွင်လုံး ပြန့်ကျဲသွားတာ ကြည့်လို့မဝအောင်ပါပဲ။

ဒါဟာ သူ့အဘွားရဲ့ မျိုးရိုးအစဉ်အဆက် ဂုဏ်ယူဝင့်ကြွားစွာ နေလာခဲ့ကြတဲ့ **ခန်းဆောင်နီစံအိမ်တော်ကြီး** ဖြစ်ကြောင်း ထိုက်ယုက သဘောပေါက်မိလိုက်တယ်။

စံအိမ်တော်ကြီးရဲ့ အတွင်းဆောင်တစ်ခုမှာ ဝေါထမ်းသမားတွေ ဝေါကို ချပေးလိုက်တယ်။ ဝေါပေါ်က ထိုက်ယု ဆင်းလိုက်တဲ့အချိန်မှာ အမျိုးသမီး အခြွေအရံတွေက သူမကို တွဲခေါ်သွားကြတယ်။ ကျောက်ဖြူသားနဲ့ တည်ဆောက်ထားပြီး အနီရောင် ကရမက်သားတွေနဲ့ ဘောင်ခတ်ထားတဲ့ အခန်းခန်း အဆောင်ဆောင်ကို ကျော်ဖြတ်သွားခဲ့ရတယ်။

ကရက်မက်သားနဲ့ တည်ဆောက်ထားလို့လား မသိ၊ ခန်းမဆောင်တွေဟာ ကရမက်နံ့တွေနဲ့ မွှေးပျံ့နေတယ်။ ကြမ်းခင်းပြင်ပေါ်မှာလည်း မဟော်ဂနီကော်ဇောကြီးက ရဲရဲတောက်လို့၊ ကော်ဇောနီနဲ့ ခြေဖဝါး နှစ်ဖက်ရဲ့ နွေးထွေးလှတဲ့ ထိတွေ့မှုဟာ ရင်ထဲအထိ ရောက်လာသလို ခံစားရတယ်။ လမ်းလျှောက်ရင်း ရင်ထဲမှာ တသိမ့်သိမ့်တလှုပ်လှုပ် ခုန်နေတုန်နေတယ်။ ခန်းဆောင်ကြီးက ကြီးမားကျယ်ပြန့်သလို အခန်းတွေထဲမှာလည်း အဖိုးထိုက်တန်တဲ့ ပရိဘောဂတွေ ပြင်ဆင်မွမ်းမံမှုတွေ ရှိနေပါတယ်။

လှပတဲ့ မီးပန်းဆွဲတွေ၊ ရှေးဟောင်းလက်ရာစားပွဲကုလားထိုင်တွေ၊ မှန်ဗီရိုတွေ၊ ဝသုန္ဓရေနတ်သမီးရုပ်တုတွေ၊ စံအိမ်တော်စောင့် စစ်သားရုပ်တုတွေ လက်ထဲမှာဓားဆွဲပြီး ရပ်နေတာများ တကယ့်စစ်သားတွေများလား အောက်မေ့ရတယ်။ အခန်းနံရံပတ်လည်မှာလည်း အရောင်အသွေး အစုံအလင်နဲ့ လှပတဲ့ပန်းချီကားချပ်တွေ။





အခန်းပြင်ဘက် စင်္ကြံတစ်လျှောက်မှာလည်း ရောင်စုံငှက်ကလေးတွေကို လှောင်ချိုင့်ထဲမှာထည့်ပြီး ချိတ်ဆွဲထားတာ တွေ့ရတယ်။

ကျီကျီကျာကျာနဲ့ ဘာသာဘာဝမြည်ကြွေးနေတဲ့ အသံတွေဟာ စောင်းကြိုးတွေကို လက်ဖျားကလေးတွေနဲ့ တို့ခတ်လိုက်တဲ့ အသံလိုပဲ သာယာလွန်းပါတယ်။ လှေကားထစ်တွေအပေါ်မှာ အသင့်စောင့်နေကြတဲ့ အနီရောင်၊ အစိမ်းရောင် ဝတ်စုံတွေနဲ့ ရံရွေတော်တွေက . . .

"မယ်မယ်ကြီးက ခုနကတင်ပဲ သခင်မလေးအကြောင်း ပြောနေသေးတယ်၊ ဟော. . . အခုပဲ ရောက်လာပြီ" လို့ ဝမ်းသာအားရ ဆီးကြိုနှုတ်ခွန်းဆက်ကြတယ်။ ပြီးတော့ ထိုက်ယုကို ခန်းဆီးချထားတဲ့ တံခါးပေါက်တစ်ခုအထိ ခေါ်သွားကြတယ်။

အခြွေအရံတစ်ဦးက ခန်းဆီးကိုပင့်ပြီး "သခင်မလေး ထိုက်ယု ရောက်လာပါပြီ"လို့ အခန်းတွင်းကို လှမ်းပြောလိုက်တယ်။ အတွင်းခန်းထဲကို ထိုက်ယုရောက်သွားတဲ့အခါမှာ သန့်ပြန့်သားနားတဲ့ အဘွားကြီးတစ်ယောက်ဟာ အခြွေအရံနှစ်ယောက်တွဲပြီး ထိုက်ယုဆီကို လျှောက်လာနေတယ်။

အဘွားကြီးရဲ့ တစ်ခေါင်းလုံးဟာ ဘော်ငွေရောင်လို ဖြူဆွတ်နေတယ်။ ဒါဟာ သူမရဲ့အဘွားလို့ အလိုအလျောက် သိလိုက်ရတဲ့အချိန်မှာ ထိုက်ယုက အရိုအသေပြုဖို့ ပြင်နေတုန်း အဘွားကြီးရဲ့ လက်နှစ်ဖက်ဟာ ထိုက်ယုကို ပွေ့ဖက်ပြီးသား ဖြစ်သွားတော့တယ်။

"ဘွားဘွားရဲ့ အသည်းနှလုံးလေးရယ်"လို့ . . .

တဖွဖွရွတ်ဆိုပြီး ငိုကြွေးနေတယ်။ နောက်ပြီး . . .

"ဘွားဘွား သားသမီးတွေ အားလုံးထဲမှာ ဟောဒီ မြေးမလေး ထိုက်ယုရဲ့အမေကို အချစ်ဆုံးပါပဲ၊ ဒါပေမယ့် သူ့အလောင်းကိုတောင် ဘွားဘွား မမြင်လိုက်ရဘူးကွယ်၊ အခု ငါ့မြေးမလေးကို မြင်လိုက်ရတော့ သမီးလေးကို သတိရလိုက်တာ" လို့ . . . ပြောလိုက်တယ်။

ပြီးတော့မှ ခန်းဆောင်ထဲမှာ ရောက်ရှိနေကြတဲ့ ဆွေမျိုးသားချင်း ဝမ်းကွဲမောင်နှမတွေကို အဘွားကြီးက ထိုက်ယုနဲ့ မိတ်ဆက်ပေးလိုက်တယ်။

အဲဒီလူတွေအားလုံးထဲမှာ ထူးထူးခြားခြား ကျောက်စိမ်းတုံးကို ပိုးကြိုးတပ်ပြီး ဆွဲထားတဲ့ ပေါက်ယုကို တွေ့ရတယ်။

ထိုက်ယုက ပေါက်ယုကို သေသေချာချာကြည့်တယ်။ ထိုက်ယု အနေနဲ့ တစ်ချိန်က ရင်းရင်းနှီးနှီး မြင်ဖူးသလိုလိုမျိုး ခံစားလိုက်ရတယ်။

ပေါက်ယု အရပ်က မြင့်မားတယ်၊ ခန္ဓာကိုယ်က သွယ်လျတယ်၊ အသားကလည်း အဖြူထက် အဝါဘက်ကိုလုနေတယ်၊ မျက်ခုံးက မှောင်တန်းပြီးတော့ မျက်လုံးကလည်း ကြည်လဲ့နေတယ်။ ပေါက်ယု မျက်လုံးက စကားမပြောပေမယ့် စကားသံတွေ ထွက်နေသလိုပဲ။ သူ့မျက်လုံးထဲမှာ မိမိလိုချင်တဲ့ အဓိပ္ပာယ်ကို ကောက်ယူလို့ရတယ်။ သူ့မျက်လုံးအကြည့် ဒဏ်ကို တော်ရုံမိန်းကလေးတွေ မခံနိုင်ဘူး။ သူ့အကြည့်ကြောင့် ထိုက်ယု တောင်မှ ရင်ထဲမှာ လှုပ်ခနဲဖြစ်သွားမိတယ်။ ပေါက်ယုရဲ့ နှာတံဟာလည်း ဖြောင့်စင်းပြီးတော့ သွားကလေးတွေကလည်း ပုလဲလုံးလေးတွေ စီတန်းထားသလိုပဲ။ နှုတ်ခမ်းကတော့ နည်းနည်းကလေး ထူသယောင်ယောင် ရှိတယ်။

ဒါပေမယ့် မိန်းကလေးအများစုက အဲဒီလိုနှုတ်ခမ်းမျိုးကို သဘောကျတတ်ကြတယ်။ ထိုက်ယုဟာ ပေါက်ယုရဲ့ နှုတ်ခမ်းကလေးကို စူးစိုက်ကြည့်မိရာက တွေတွေလေးငေးမောနေမိတော့တယ်။

နောက်ပြီး ပေါက်ယုဟာ သူ ဆွဲထားတဲ့ မနောမယကျောက်စိမ်းကြောင့် ရှက်နေပုံရတယ်။ ဒီလို ရှက်ယောင်သန်းနေတာကိုကပဲ ထိုက်ယု အတွက် ရင်ဖိုစရာဖြစ်နေတယ်။ အဲဒီအချိန်မှာပဲ ပေါက်ယုဟာ သူ့လည်ပင်းမှာဆွဲထားတဲ့ ကျောက်စိမ်းတုံးကို ဖြုတ်ပြီး အိတ်ထဲထည့်ဝှက်လိုက်တယ်။

ဒီတော့ အဘွားကြီးက . . .

"ဒီကျောက်စိမ်းတုံးဟာ မင်းအတွက် အသက်လောက် အရေးကြီးတယ်ကွ၊ ရှက်မနေပါနဲ့" လို့ . . .

ချော့ပြောတယ်။

"ကျွန်တော် ရှက်လို့ပါ မယ်မယ်ကြီး၊ ကျွန်တော့်လို ကျောက်စိမ်းတုံးကို ငုံပြီးမွေးလာတာ တစ်ယောက်မှ မရှိဘူး၊ လူတွေကြားရင် ရယ်စရာ





ဖြစ်နေတယ်၊ အခု ရောက်လာတဲ့ ဟောဒီညီမလေး ထိုက်ယုမှာလည်း ကျောက်စိမ်းတုံး မရှိဘူးတဲ့၊ ကဲ . . . ရှက်စရာ မကောင်းဘူးလား"

ပေါက်ယုက စိတ်လိုက်မာန်ပါ ပြောလိုက်တယ်။

"ထိုက်ယုမှာလည်း တစ်ခါတုန်းက ကျောက်စိမ်းတစ်ခု ရှိခဲ့ဖူးပါတယ်၊ ဒါပေမယ့် ထိုက်ယုရဲ့အမေဆုံးတော့ အဲဒီကျောက်စိမ်းကို သူ့အမေနဲ့အတူ မြှုပ်လိုက်တယ်၊ ဒါကြောင့် မင်းအဒေါ်ရဲ့ ဝိညာဉ်ဟာ ထိုက်ယုကို စောင့်ရှောက်နေတာပေါ့၊ ဒါကြောင့် ထိုက်ယုက အခုအချိန်မှာ သူ့မှာ ကျောက်စိမ်း မရှိတော့ဘူးလို့ ပြောခဲ့တာပါ၊ ကဲ. . ပြန်ဝတ်လိုက်စမ်း မြေးလေး"

အဘွားကြီးက နှစ်သိမ့်လိုက်တော့ ပေါက်ယုက ပြန်ဝတ်တယ်။

ညဘက်ကျတော့ ကြာဖြူပန်းဆိုတဲ့ အထိန်းတော်မလေးနဲ့ ထိုက်ယုတို့ ကျောက်စိမ်းနဲ့ ပတ်သက်တဲ့အကြောင်းကို စကားစပ်မိကြတယ်။

ကြာဖြူပန်းဟာ တစ်ချိန်က ပေါက်ယုကို ထိန်းသိမ်းခဲ့ရတယ်။ ဒါပေမယ့် ပေါက်ယုဟာ အရမ်းခေါင်းမာတဲ့အတွက် ကြာဖြူပန်း စိတ်ညစ်ခဲ့ရတယ်။ သူတို့နှစ်ယောက်နဲ့အတူ နို့ထိန်းအမျိုးသမီး ယင်ကို့ ဟာလည်း အနားမှာ ရှိနေတယ်။ .

"ဒါနဲ့ အဲဒီ ကျောက်စိမ်းတုံးက ဘယ်က ရောက်လာတာလဲ၊ အဲဒီ ကျောက်စိမ်းတုံးပေါ်မှာ ဘာစာတွေ ထွင်းထားတာလဲ"

"အဲဒါ . . . ကျွန်မလည်း မပြောတတ်ပါဘူး သခင်မလေးရယ်၊ ထိုက်ယု မွေးလာကတည်းက ပါးစပ်ထဲမှာ ပါလာသလိုမျိုး ပြောကြတာ ကြားဖူးတယ်၊ အဲဒီ ကျောက်စိမ်းမှာ ကြိုးတပ်ဖို့အပေါက်လည်း ပါသတဲ့၊ မမ သေသေချာချာ ကြည့်ချင်ရင် ကျွန်မ သွားယူခဲ့မယ်လေ"

"ချက်ချင်းကြီး မကြည့်ချင်ပါဘူး ကြာဖြူပန်း၊ နောက်တစ်နေ့ကျမှ ကြည့်တာပေါ့"

## ၂

ခန်းဆောင်နီစံအိပ်ကြီးထဲမှာ အဘွားဖြစ်တဲ့ မယ်မယ်ကြီးဟာ အဓိက အကျဆုံး၊ အားလုံးရဲ့ လေးစားကြည်ညိုခြင်း ခံရသူ ဖြစ်တယ်။

မယ်မယ်ကြီးအနေနဲ့ နောက်မှရောက်လာတဲ့ ထိုက်ယုကို တစ်နေ့တခြား ပိုချစ်လာခဲ့တယ်။ ထိုက်ယု မရောက်ခင်က ဆိုရင် မယ်မယ်ကြီး အချစ်ဆုံးမြေးဟာ ပေါက်ယု ဖြစ်တယ်။ အခုတော့ မယ်မယ်ကြီးဟာ ပေါက်ယုကို အလိုလိုက်သလို၊ ထိုက်ယုကိုလည်း အရေးပေးခဲ့တယ်။ ဒါကြောင့် မြို့စားကြီးကျိချိန်ရဲ့မိသားစုထဲက တခြားမြေးမြစ်တွေဟာ အလိုလို ဘေးရောက်သလို ဖြစ်သွားတယ်။

ပေါက်ယုနဲ့ ထိုက်ယုဟာလည်း တခြားမောင်နှမဝမ်းကွဲတွေထက် ပိုပြီး သံယောဇဉ်ဖြစ်ကြတယ်။ နေ့ခင်းဘက်ဆိုရင် ပန်းဥယျာဉ်ထဲမှာ ထိုင်ပြီး စကားပြောကြတယ်။ ညဉ့်အချိန်ရောက်တဲ့အခါ အဆောင်တစ်ခုထဲမှာ အိပ်ကြပါတယ်။ သူတို့နှစ်ယောက်ဟာ စိတ်သဘောထားချင်းလည်း ကိုက်ညီနေကြလို့ပါပဲ။ ဒါပေမယ့် တစ်ခါတစ်ခါကျရင် ပေါက်ယုဟာ စကားနိုင်လုရင်းနဲ့ ထိုက်ယုကို မခံချင်အောင် စ,တတ်တယ်။ ဒါကြောင့် ထိုက်ယုဟာ အခန်းဆောင်ကိုပြန်ပြီး တစ်ယောက်တည်း ငိုကြွေးနေလေ့ ရှိတယ်။

တစ်နေ့မှာ ကြာဖြူပန်းဟာ ပေါက်ယုနဲ့အတူ အတွင်းဆောင်တစ်ခုထဲက နံရံပေါ်မှာ ချိတ်ဆွဲထားတဲ့ ပန်းချီကားတစ်ချပ်အကြောင်းကို ပြောမိကြတယ်။ ဟန်မင်းဆက် အချိန်ကာလတုန်းက လူဆိုင်းဆိုတဲ့ ပညာရှင်တစ်ယောက်ဟာ ညဉ့်အချိန်မှာ စာပေဗဟုသုတ လေ့လာနေတုန်း နတ်များက မီးတိုင်တစ်ခု ထွန်းညှိပေးပြီး ရှေးဟောင်းစာပေကျမ်းဂန်တွေကို သင်ကြားပေးတယ်လို့ အဆိုရှိကြတယ်။





အဲဒီပန်းချီကားဟာ ပညာရှင်လူဆိုင်း ပညာဆည်းပူးနေတဲ့ ပုံပါပဲ။ နောက်တော့ ပေါက်ယုဟာ ကြာဖြူပန်းနဲ့အတူ နောက်ပါ အိမ်စေအမျိုးသမီးသုံးယောက်အပါအဝင် အခန်းခန်း အဆောင်ဆောင်တွေကို လျှောက်ကြည့်ကြတယ်။ ခန်းဆောင်နီစံအိမ်မှာ အနေများခဲ့တဲ့ ပေါက်ယုဟာ **နီနံစံအိမ်**ထဲမှာ ဒီလောက် သားသားနားနားဖြစ်နေတာမျိုးကို တစ်ခါမှ သေသေချာချာ လျှောက်မကြည့်မိခဲ့ဘူး။

ဒီလိုနဲ့ သူတို့ဟာ ခန်းမဆောင်ထဲကို ရောက်သွားကြတယ်။

ခန်းမထဲမှာ အမွှေးနံ့ဟာ အရမ်းသင်းပျံ့နေတယ်။ ဒါကြောင့် ပေါက်ယုရဲ့ မျက်လုံးတွေ မှေးစင်းလာတယ်။ ခန်းမဆောင်ထဲမှာလည်း ပန်းချီကားကြီးတစ်ချပ် ချိတ်ဆွဲထားတယ်။

ပန်းချီကားပုံက နွေဦးကာလမှာ ပန်းသီးရိုင်းပင်ကြီး တစ်ပင်ဟာ အပွင့်တွေ ဝေဝေဆာဆာ ပွင့်နေတဲ့ပုံ။ အဲဒီအပင်အောက်မှာ အိပ်မောကျနေတဲ့ မိန်းမချောလေးတစ်ယောက်ပုံကို ရေးဆွဲထားတာပါပဲ။ မိန်းမချောလေးဟာ သိပ်ပြီး အသက်ဝင်လှတယ်။

နောက်ပြီး ကျန်မင်းလက်ထက်က **အလှစကေရီ ဝူရှီထန်** အသုံးပြုခဲ့တဲ့ ရှေးဟောင်းကြေးမုံတစ်ချပ်လည်း တွေ့ရတယ်။ အမွှေးနံ့သာတွေကြောင့် ဦးခေါင်းထဲမှာ ရီဝေဝေဖြစ်လာတဲ့ ပေါက်ယုဟာ ခန်းမဆောင်ထဲက နဂါးရုပ်ကုလားထိုင်ကြီးပေါ်မှာပဲ ထိုင်နေရင်း မှေးခနဲ အိပ်ပျော်သွားပါတော့တယ်။

ပေါက်ယုအိပ်မက်ထဲမှာ သူဟာ ကျောက်ဖြူသား လှေကားထစ်တွေအတိုင်း ဆင်းလာခဲ့တယ်။ လှေကားဘေးနှစ်ဖက်မှာ ခရမ်းရောင်လက်ရန်းတွေ ရှိတယ်။ လှေကားကြီးနဲ့ မလှမ်းမကမ်းမှာ စိမ်းညို့နေတဲ့ သစ်ပင်တွေနဲ့ တောင်ကုန်းပေါ်က ကြည်လင်တဲ့ စမ်းချောင်းလေးတစ်ခု စီးဆင်းနေတာကိုလည်း မြင်နေရတယ်။

***"အရမ်း လှမ်းမောဆွတ်ပျံ့ဖွယ်ကောင်းတဲ့ ဒီလိုနေရာမျိုးမှာ တစ်သက်လုံး နေလိုက်ချင်တယ်"***

ပေါက်ယုရဲ့ ပါးစပ်က ရွတ်ဆိုလိုက်တယ်။

အဲဒီအချိန်မှာ ချိုသာတဲ့ သီချင်းသံကို ကြားလိုက်ရတယ်။

သီချင်းဆိုသူကတော့ အမျိုးသမီးတစ်ယောက်ပဲ ဖြစ်မှာပါလို့ ပေါက်ယုက တွေးမိတယ်။

ဒီနောက် တောင်ကုန်းကို ကွေ့ပတ်ပြီး သူ့ဆီကို လျှောက်လာတဲ့ မိန်းမပျိုလေးတစ်ယောက်ကို တွေ့လိုက်ရတယ်။ အဲဒီ မိန်းမပျိုလေးရဲ့ အလှဟာ လူသားအမျိုးသမီးတွေနဲ့ ယှဉ်လို့မရလောက်အောင် ချောမွေ့ဝင်းမွတ်သန့်စင်နေတယ်။

ဒါကြောင့် နတ်သမီးပဲ ဖြစ်ရမယ်လို့ ဆုံးဖြတ်လိုက်တယ်။

နတ်သမီးလေးဟာ ပေါက်ယုနဲ့ တစ်စတစ်စ နီးကပ်လာတယ်။

ပေါက်ယုက နတ်သမီးကို ဦးညွှတ်လိုက်ပြီး . . .

"နတ်သမီးလေးက အရမ်းလှတာပဲ၊ နတ်သမီးလေးကို ဘယ်လိုခေါ်ပါသလဲ၊ အခု ဘယ်သွားမလို့လဲ" လို့ . . .

မေးလိုက်တယ်။

"ကျွန်မ နာမည်က **မာယာဒေဝီ**တဲ့၊ ကျွန်မဟာ ချစ်သူတွေရဲ့ အချစ်နဲ့ အလွမ်းကို ဖန်တီးပေးဖို့ ရောက်လာတာပါ။ ရှင် ကျွန်မနဲ့ လိုက်ခဲ့ပါလား၊ ကျွန်မ နေရာရောက်ရင် နတ်သစ်ရွက်လက်ဖက်ရည်နဲ့ ဧည့်ခံပါ့မယ်၊ ကျွန်မနေရာမှာ အဆိုတော်နဲ့ ကချေသည်တွေ ရှိပါတယ်. . .

သူတို့က **ခန်းဆောင်နီအိပ်မက်** သီချင်းတေးကဗျာတွေ သီဆိုကပြဖြေဖျော်ပါလိမ့်မယ်"

နတ်သမီးလေးရဲ့ စကားကြောင့် ပေါက်ယုဟာ အရာခပ်သိမ်းကို မေ့လျော့သွားပြီး သူမရဲ့ နောက်ကို ကောက်ကောက်ပါအောင် လိုက်သွားတော့တယ်။

# ၇

မာယာဒေဝီ နတ်သမီးနောက်က လိုက်လာခဲ့တဲ့ ပေါက်ယုဟာ ကျောက်ဖြူသား မုခ်ပေါက်ကြီးတွေကို ဖြတ်သန်းခဲ့တဲ့အခါမှာ ခန်းဆောင်တွေကို တစ်ဆောင်ပြီး တစ်ဆောင် တွေ့ရတယ်။ ခန်းဆောင်တိုင်းမှာ နာမည်တပ်ထားတယ်။ ***တပ်မက်ယစ်မူးခြင်း ခန်းဆောင်၊ မနာလိုခြင်း ခန်းဆောင်၊ နံနက်ခင်း ငိုကြွေးခြင်း ခန်းဆောင်၊ ညဦးယံသက်ပြင်းချခြင်း ခန်းဆောင်၊ နွေဦးလွမ်းမောခြင်း ခန်းဆောင်၊ နွေနှောင်းကြေကွဲခြင်း ခန်းဆောင်***လို့ ရေးထားတယ်။

အဲဒီ ခန်းဆောင်တွေထဲကို ပေါက်ယုက ဝင်ကြည့်ဖို့ နတ်သမီးကို ခွင့်တောင်းတယ်။ နတ်သမီးက ခဏပဲ ကြည့်ခွင့်ပြုပြီး ဒါ့ထက် သာယာလှပတဲ့ ကြည့်နူးဖွယ်ရာ ရှုခင်းတွေကို လိုက်ကြည့်ဖို့ ဖိတ်ခေါ်ပါတယ်။ ဒါကြောင့် ပေါက်ယုဟာ နတ်သမီးခေါ်ဆောင်ရာနောက်ကို ဆက်လက်လိုက်သွားတယ်။

လမ်းတစ်လျှောက်မှာ အံ့ဩစရာကောင်းလောက်အောင် ထူးခြားဆန်းကြယ်စွာ တန်ဆာဆင်ထားတဲ့ နေရာအမျိုးမျိုးကို ဖြတ်ကျော်ခဲ့ရပြန်တယ်။ ဖိတ်ဖိတ်တောက် နီရွှေနေတဲ့ ခန်းမဆောင်တွေ၊ ရွှေစင်ရွှေသားတွေနဲ့ ခင်းထားတဲ့ အဆောင်တွေ၊ ကျောက်စိမ်းအနှစ်တွေနဲ့ တည်ဆောက်ထားတဲ့ နန်းဆောင်ကြီးတွေ၊ မွှေးကြိုင်သင်းပျံ့လှတဲ့ နတ်ပန်းပင်တွေကို ပေါက်ယုက တအံ့တဩ ကြည့်ခဲ့မိတယ်။ တစ်နေရာရောက်တော့ ရှေ့က ဦးဆောင်သွားနေတဲ့ နတ်သမီးက ရပ်တန့်လိုက်တယ်။ နောက်ပြီးတော့ ချိုချိုလွင်လွင် ရယ်မောလိုက်တယ်။

ပြီးတော့ "လာကြဟေ့. . ညီမတော်တို့၊ တို့ရဲ့ဧည့်သည်တော်ကြီး ပါလာပြီ လာကြိုကြလေ"လို့ ပြောလိုက်တယ်။

ပန်းပွင့်ရောင်စုံလေးတွေလို လှပချောမောတဲ့ နတ်သမီးလေးတွေ ရုတ်တရက် ပေါ်လာကြတယ်။ သူတို့က ပေါက်ယုကို ကြည့်ပြီး. . .

"ဟင်. . . မမက ပုလဲနီ နတ်သမီးလေးကို ခေါ်လာမယ်ဆို၊ အဲဒီ ပုလဲနီ နတ်သမီးလေးဟာ ကျွန်မတို့ဆီမှာ ပျော်ပျော်ရွှင်ရွှင် နေခဲ့ဖူးလို့ အလည်လာမယ်ဆိုပြီး အခုရောက်လာတာက လူသားတစ်ယောက်ပဲ၊ အဲဒီ လူသားကြောင့် ကျွန်မတို့ ဘုံတော့ သန့်ရှင်းမှာ မဟုတ်တော့ဘူး၊ လူသားတွေဟာ အရမ်းညစ်ပတ်နံစော်နေဟာပဲ"

ပေါက်ယုဟာ အဲဒီနေရာကနေ ချက်ချင်း ထွက်ပြေးချင်စိတ် ဖြစ်သွားတယ်။ ဒါပေမယ့် မာယာဒေဝီ နတ်သမီးက သူ့လက်ကို ဆွဲထားလိုက်တယ်။

"နင်တို့ ပေါက်ကရတွေ လျှောက်ပြောမနေနဲ့၊ ငါတို့ညီမ ပုလဲနီ နတ်သမီးလေးကို အလည်ခေါ်ဖို့ ခန်းဆောင်နီစံအိမ်ကို သွားခဲ့တာပဲ၊ ဒါပေမယ့် အဲဒီစံအိမ်နဲ့ တွဲရက်တည်ရှိနေတဲ့ နီနီစံအိမ်ကို ဖြတ်အသွား မြို့စားကြီးနဲ့ တွေ့တယ် . . .

မြို့စားကြီးက 'သူတို့ရဲ့ သားစဉ်မြေးဆက်ထဲမှာ ဖခင်ရဲ့ရာထူး ဆက်ခံနိုင်သူဟာ ပေါက်ယုတစ်ယောက်ပဲ ရှိသတဲ့၊ ဒါကြောင့် ပေါက်ယုကို ခေါ်သွားပြီး ရမ္မက်အလိုလိုက်ပြီး အပျော်အပါးလိုက်စားခြင်းရဲ့ အန္တရာယ်တွေကို သတိပေးဖို့ တောင်းပန်ပါတယ်' တဲ့၊ ဒါကြောင့် ငါလည်း သူ့ကို ခေါ်လာခဲ့ရတာ"

မာယာဒေဝီက ရှင်းပြလိုက်တယ်။

နောက်တော့ အတွင်းဆောင်ထဲ ခေါ်တယ်။ အထဲရောက်တော့ အရမ်းစွဲမက်စရာ ရနံ့သင်းသင်းကို ပေါက်ယုက ခံစားလိုက်မိတယ်။ •

သူက မာယာဒေဝီကို လှမ်းမေးတယ်။

"ဒါ ဘယ်လို ရနံ့မျိုးလဲ ဟင်"

"မင်းတို့ လူ့ပြည်မှာ ဖုန်မှုန့်တွေ၊ မြူမှုန်တွေ ကပ်ငြိနေတယ်။ ဒါကြောင့် ဒီရနံ့မျိုး ရှိမှာ မဟုတ်ဘူး၊ တို့ရဲ့ဘုံက တောင်ထွတ်ဖျားတွေမှာ ပွင့်တဲ့ နတ်ပန်းတွေရဲ့ အဆီနဲ့ နတ်ဆေးပင်တွေက အစေးကို ရောနှော ပြီးဖော်စပ်ထားတာ၊ ဒါကို နံ့သာဆီမွှေးပေါင်းလို့ ခေါ်တယ်"





ပေါက်ယုကို မာယာဒေဝီက ညောင်စောင်းပေါ်မှာ ထိုင်ခိုင်းလိုက်ပါတယ်။ အဲဒီအချိန်မှာ နတ်သမီးလေးတွေက နတ်သစ်ရွက် လက်ဖက်ရည်ကို လာချပေးတယ်။ အနံ့က မွှေးပြီး အရသာကလည်း ဘယ်လို အရသာမျိုးနဲ့မှ မတူဘဲ လျှာပေါ်မှာ စွဲကျန်ရစ်ခဲ့တယ်။

"ဒီ. . နတ်သစ်ရွက်ဟာ နွေဦးတောင်ထိပ်က လိုဏ်ဂူမှာ ပေါက်တယ်၊ အဲဒီ နတ်သစ်ရွက်ကို မဥ္ဇူသကနတ်ပန်းပွင့်တွေပေါ်မှာ တင်နေတဲ့ နှင်းပွင့်တွေနဲ့ ရောနှောပြီး ဖျော်စပ်ထားတာပါ။ အဲဒီ နတ်သစ်ရွက်ကို အာသာဝတီ နတ်ပန်းနွယ်နီလို့ နာမည်ပေးထားတယ်"

မာယာဒေဝီက ပေါက်ယုကို ရှင်းပြလိုက်တယ်။

ပေါက်ယုဟာ ပတ်ဝန်းကျင်မှာ ရှိရှိသမျှကို ပျော်ရွှင်ကြည်နူးစရာတွေလို့ပဲ မြင်နေတယ်။ သူ့ရှေ့နားမှာ ထိုင်နေတဲ့ နတ်သမီးတွေရဲ့ နာမည်တွေကို မေးကြည့်မိတယ်။ **အိပ်မက်နတ်သမီး၊ ရမ္မက်နတ်သမီး၊ သောကနတ်သမီး**တို့ ဖြစ်ကြတယ်။ ခဏလောက် အချိန်အတောအတွင်းမှာ ထိုင်စရာခုံတွေနဲ့ စားပွဲတွေ တည်ခင်းပြီး နတ်သုဒ္ဓါတွေ စားသောက်စရာတွေ အစုံအလင်နဲ့ ပေါက်ယုကို ဧည့်ခံကျွေးမွေးကြတယ်။

ပေါက်ယုစားနေတုန်းမှာ မာယာဒေဝီ နတ်သမီးက ရှင်းပြတယ်။

"ဒီ နတ်သုဒ္ဓါဟာ နတ်ပြည်မှာ ပွင့်တဲ့ ပန်းမျိုးတစ်ရာရဲ့ ဝတ်မှုန်တွေကို နတ်ဆေးပင် တစ်ထောင်က ရတဲ့ အစေးရယ်၊ နတ်မြင်းပျံတွေရဲ့ ခြင်ဆီရယ်ရောစပ်ပြီး နတ်ငှက်တစ်မျိုးရဲ့ နို့ရည်နဲ့ချက်ထားတာ ဖြစ်တယ်။ အဲဒီ နတ်သုဒ္ဓါယမကာကို. . အလှမယ်တစ်သောင်းလို့ နာမည်ပေးထားတယ်"

မကြာခင်မှာဘဲ နတ်သမီး (၁၂)ယောက် ရောက်လာပြီး "ဘယ်လို အကနဲ့ ဖျော်ဖြေရမလဲ"လို့ မေးကြတယ်။ ဒီတော့ မာယာဒေဝီက . . .

"**ခန်းဆောင်နီအိပ်မက်** ဆိုတဲ့ သီချင်း (၁၂)ပုဒ် ရှိတယ်၊ အဲဒီ သီချင်းတွေကို သီဆိုတီးမှုတ်ကြစမ်းပါ" လို့ ပြောလိုက်တယ်။ ဒါကြောင့် နတ်သမီး (၁၂)ယောက်ဟာ စောင်းနဲ့ တူရိယာတွေကို ယူဆောင်လာကြပြီး တီးမှုတ်ဖျော်ဖြေကြတယ်။

မာယာဒေဝီနတ်သမီးက ပေါက်ယုကို ရှင်းပြတယ်။

"ဒီတေးသီချင်းဟာ အရမ်းသိမ်မွေ့တယ်၊ ဒါကြောင့် တို့ ဘုံသားတွေက လွဲရင် တခြားဘုံသားတွေ ရှင်းရှင်းလင်းလင်း သဘောပေါက်ဖို့ မလွယ်ဘူး၊ သီချင်းရဲ့အဓိပ္ပာယ်ကို တိတိကျကျ မသိဘဲနဲ့ နားထောင်ရတာဟာ အရသာ ရှိမှာ မဟုတ်ဘူး"

ပြောပြောဆိုဆိုနဲ့ မာယာဒေဝီနတ်သမီးဟာ ရုံရွှေတော် နတ်သမီးတစ်ယောက်ကို **ခန်းဆောင်နီအိပ်မက်** သီချင်းစာသားတွေကို သွားယူခိုင်းလိုက်တယ်။

နောက်ပြီး ပေါက်ယုကို လှမ်းပေးလိုက်တယ်။

ဒီတော့မှ ပေါက်ယုဟာ သီချင်းသံစဉ်ကို နားသောတဆင်ရင်း စာသားကို ဖတ်လိုက်တဲ့အခါ ပိုပြီး နားလည်လာတော့တယ်။

ပထမ သီချင်းပိုဒ်က **ကမ္ဘာလောကရဲ့အစမှာ. . .**

အချစ်မျိုးစေ့ ဖြစ်တည်ရာ၊ ငွေလရောင်နဲ့ လေပြည်ရိုင်းတို့ရဲ့ ဆန္ဒရမ္မက်က ပေါက်ဖွားလာ၊ လှမ်းမောဆွတ်ပျံ့ရသော နေ့မှာ၊ ပူဆွေးမှုကို တေးသီချင်းနဲ့ ဖျောက်ဖျက်ရတာပါ။

ဒုတိယ သီချင်းပိုဒ်က **အဓိပ္ပာယ်မဲ့ ဘဝတစ်ခု. . .**

ရွှေနဲ့ ကျောက်စိမ်း လိုက်ဖက်တာ သူတို့ပြောကြရာ၊ သစ်ပင်နဲ့ ကျောက်ခဲရဲ့ အမှန်တရားကိုသာ ငါ သိနေခဲ့တာ၊ နှင်းမှုန်တွေ လွှမ်းခြုံတဲ့ တောင်ကြောမှာ သူတော်စင်ကို ဖူးမြော်ကန်တော့ရာ၊ ကမ္ဘာတစ်ဖက်က အထီးကျန်သစ်တောများရဲ့ နတ်သမီးကို သတိရစွာ၊ လူသားရဲ့ပျော်ရွှင်မှုဟာ ဘယ်တော့မှ မပြည့်စုံနိုင်ပါ။ ဒါကို ငါတွေးမိလို့ သက်ပြင်းချတာ၊ လိုက်ဖက်ညီတဲ့ စုံတွဲပင်လျှင် စိတ်မောစရာ ဖြစ်နေရှာ။

တတိယ သီချင်းပိုဒ်က **အဓိပ္ပာယ်မဲ့ ကြေကွဲမှု. . .**

နတ်ပြည်က အာသာဝတီနွယ်နီနတ်ပန်းဟာ အပြစ်ကင်းစင်တဲ့ ကျောက်စိမ်းတုံးနဲ့သာ၊ ကံကြမ္မာ ဖန်တီးမှု မပြုလျှင် ဘာကြောင့်ဆုံစည်းကြတာ၊ ကံကြမ္မာဖန်တီးခဲ့တယ်ပဲထားပါ၊ ဘာကြောင့်များ သူတို့ချစ်ခြင်းမေတ္တာဟာ ဆုံးခန်းတိုင်ခဲ့ရတာ၊ အကြောင်းမဲ့ သက်ပြင်းချတာ၊ အဓိပ္ပာယ်မဲ့ကြေကွဲကာ၊ တစ်ယောက်က ကန်ရေပြင်မှာ အရိပ်ထင်နေတဲ့ ငွေလမင်း ဖြစ်နေရှာ. . .





နောက်တစ်ယောက်က ကြေးမုံပြင်ထဲမှာ ထင်ဟပ်နေတဲ့ ပန်းတစ်ပွင့်ပါ။ မင်းရဲ့မျက်ဝန်းတွေထဲမှာ မျက်ရည်မည်မျှ စီးဆင်းနိုင်တာ၊ နွေရာသီမှ ဆောင်းရာသီ အထိသာ။

ပေါက်ယုဟာ အဓိပ္ပာယ်မြှုပ်ထားတဲ့ သီချင်းစာသားတွေကို သဘောမပေါက်ဘူး။ ဒါပေမယ့် သီဆိုနေတဲ့ တေးသံက သာယာနေတဲ့အတွက် ဆက်လက်နားထောင်နေတယ်။

စတုတ္ထ သီချင်းပိုဒ်က **ဘဝ၏ သခါရာ. . .**

ဂုဏ်ကျက်သရေနဲ့ ထွန်းတောက်ချိန်မှာ၊ မင်းဆီကို သေခြင်းက ရောက်လို့လာ၊ မျက်လုံးအစုံ ဖွင့်လို့သာ၊ အရာရာထားပြီး ဝိညာဉ်ထွက်ခွာသွားရရှာ၊ မင်းနေရာဟာ တောင်တွေရဲ့ တစ်ဖက်မှာ ဝေးကွာလှစွာ၊ မိဘတွေကို အိပ်မက်ထဲမှာ ပြောပြရှာ၊ သမီးကညာခမျာ ရွှေရောင်စမ်းချောင်းဆီသို့ သွားလေရာ၊ အချိန်မကုန်မီ နားခိုရာ ရှာခဲ့တာ။

ပဉ္စမ သီချင်းပိုဒ်က **ချစ်သူတွေနဲ့ ခွဲခွာခြင်း. . .**

မိုးသက်မုန်တိုင်းတွေကြားမှာ၊ ခရီးထွက်ခဲ့တာ၊ အရာခပ်သိမ်းကို စွန့်လွှတ်ခဲ့ရတာ၊ အိုမင်းသောမိဘကို မျက်ရည်မကျစေလိုပါ။ မင်းအတွက် စိုးရိမ်စရာမလိုတော့ပါ။ ကံကြမ္မာအတိုင်း ဖန်တီးခဲ့ကြတာ၊ ခွဲခွာရပေမယ့် အေးချမ်းစွာ နေထိုင်ကြရတော့မှာ၊ မင်းအတွက် သောက မဖြစ်စေလိုပါ၊ မင်းက ပြောခဲ့တာ။

ဆဋ္ဌမ သီချင်းပိုဒ်က **ပျော်ရွှင်မှုထဲက ကြေကွဲမှု. . .**

မိဘကွယ်လွန်ချိန်မှာ. . မင်းဟာ ပုခက်တွင်းမှာသာ၊ ဒါပေမယ့် ကောင်းမွန်သော ကံကြမ္မာကြောင့်သာ ဒုက္ခတွေနဲ့ ကင်းဝေးစွာ၊ မျှော်စင်ထိပ်မှာ တိမ်သားစိုင်တို့ ပြုံကွဲနေတာ၊ ဆိုင်းမြစ်ဟာလည်း ခန်းခြောက်တော့မှာ၊ ဒါဟာ လူသားတွေရဲ့ကံကြမ္မာပါ။ ပူဆွေးသောက ဖြစ်ရတာဟာ အဓိပ္ပာယ် မရှိပါ။

သတ္တမ သီချင်းပိုဒ်က **ကမ္ဘာလောကကြီးက ပစ်ပယ်ခြင်း. . .**

သဘာဝက ပန်းကလေးလိုလှနေတာ၊ နတ်တို့ရဲ့အလှနဲ့ နှိုင်းယှဉ်စရာပါ။ ဒါပေမယ့် မင်းကို လူတိုင်း အံ့သြနေကြတာ၊ မင်းဟာ စည်းစိမ်ချမ်းသာနဲ့ အစားကောင်းများကို ရွံမုန်းနေလို့ပါ။ ပိုးသားဝတ်ရုံဟာ

ညစ်ပေနေတာ၊ အထက်ရောက်နေသူကို အမုန်းတရား ဖြစ်စေတာ. . . မင်းမသိပါ၊ လောကကြီးဟာ အလွန်သန့်စင်မှုကိုလက်မခံပါ။ တန်ဆောင်းပျက်ထဲက မီးရောင်မှုန်ဝါးဝါးထဲမှာ၊ မင်းဟာ နွမ်းလျနေရရှာမှာ၊ မင်းရဲ့ အမွှေးနံ့သာတွေနဲ့ ခန်းဆောင်နီအိပ်မက်ဟာ၊ နုပျိုချိန်နဲ့ အလှတွေပမာ၊ နောက်ဆုံးတွင် အကျိုးမဲ့ဖြစ်တော့မှာ၊ ဖုန်ထူတဲ့ လမ်းပေါ်မှာ နွမ်းလျစွာ နိဂုံးချုပ်ရတော့မှာပါ။ သန့်စင်တဲ့ကျောက်ဖြူသားဟာ ရွှံ့ညွန်အတွင်းမှာ နစ်ရတာ၊မင်းသားတို့ရဲ့စံအိမ်မှာ မင်းကသက်ပြင်းချနေရှာ၊ အဲဒီသက်ပြင်းက အဓိပ္ပာယ် မရှိပါ။

အဌမသီချင်းပိုဒ်က **ရန်သူတို့၏ဆုံစည်းရာ. . .**

ရက်စက် ကြမ်းကြုတ်တဲ့ အတိတ်ဝဋ်ကြွေးရှိပေမယ့် မာန်မာနနဲ့ ကာမစည်းစိမ်ကို လိုက်စားခဲ့တာ၊ မှုုးမျိုးမတ်နွယ် သမီးငယ်ကို ဈေးသက်သာစွာ ဝယ်ယူကာ၊ ရွှေစံအိမ်မှာ ကလေးငယ်ကိုရက်စက်စွာ၊ တစ်နှစ်အတွင်း အဲဒီကလေးငယ် ဝိညာဉ်လွင့်ပါးသွားတော့တာ။

နဝမသီချင်းပိုဒ်က **ပန်းပွင့်တို့ရဲ့ မမြဲသောဖြစ်စဉ်. . .**

မင်းဟာ နွေဦးသုံးကြိမ်မြင်ရမှာ၊ မက်မုံပွင့်အနီနဲ့ မိုးမခအစိမ်းတို့အနားမှာ ဘာမျှော်လင့်ချက်မှရှိမယ်မထင်ပါ။ ကြည်လင်သော မိုးကောင်းကင်က တည်တံ့သော ငြိမ်းချမ်းမှုကို ရရှိရန်မှာ နုပျိုသော မီးတောက်ကို ငြိမ်းရတော့မှာ။ နွေရာသီရဲ့ နောက်ဆုံးရက်များမှာ မကြွေပန်းတို့ မရှိတာ၊ ပေါ်ပလာပင်တွေအနားမှာ ကြေကွဲသူတို့ ငိုကြွေးရရှာ၊ မေပယ်ပင် အစိမ်းရောင်တွေနားမှာ တစ္ဆေတွေ ငိုကြွေးနေကြရာ၊ သူတို့ရဲ့ သချိုင်းမြေပုံတွေပေါ်မှာ ပေါင်းပင်တွေ ထိုးထွက်နေကြတာ. . .

နေဥစ္စာ အတက်အကျဟာ လူသားတွေရဲ့ ကြိုးစားအားထုတ်မှုကြောင့်သာ ဖြစ်ရတာ၊ နွေဦးကာလမှာ ပန်းတွေပွင့်ကြတာ၊ နွေရာသီကုန်ခါနီးမှာ အဲဒီပန်းပွင့်တွေ ညှိုးနွမ်းကြမှာ၊ မွေးဖွားခြင်းကို ဘယ်သူမှ မရှောင်နိုင်ပါ. . .

သေခြင်းတရားကိုလည်း ဘယ်သူတွေမှ ရှောင်လွှဲလို့မရပါ။ ဒါပေမယ့် အရှေ့မဏ္ဍိုင်မဒေသမှာ အမတသစ်သီး သီးတဲ့ အင်ကြင်းပင်ပေါက်တယ်လို့ သူတို့ပြောကြတာ။





ဒသမသီချင်းပိုဒ်က **ကောက်ကျစ်မှုကြောင့်ပျက်စီးခြင်း. . .**

မင်းရဲ့အကြံအစည်ထဲက ကျွမ်းကျင်မှုတွေဟာ၊ မင်းပျက်စီးရမယ့် အကြောင်းရင်းဖြစ်နေတာ၊ မင်းရဲ့ အသက်ရှူစဉ်အခါ၊ နှလုံးသား ကြေကွဲခဲ့ရာ၊ သေတဲ့အခါမှာ မင်းရဲ့ကျွမ်းကျင်မှုတွေ နိဂုံးချုပ်သွားမှာပါ၊ သာယာငြိမ်းချမ်းတဲ့ မိသားစုတစ်ခုဟာ နောက်ဆုံးကျတော့ ပြိုကွဲပျက်စီးရမှာ အမှန်ပါ။ ဘဝသက်တမ်းတစ်လျှောက် ဖြစ်ပေါ်ခဲ့တဲ့ စိုးရိမ်သောကဟာ၊ အဓိပ္ပာယ်မရှိပါ၊ သန်းခေါင်မက်တဲ့ ချောက်အိပ်မက်ပမာ၊ တိုက်အိမ်ကြီးပြိုကျသွားတဲ့ နည်းတူပါ၊ ရုတ်တရက် ငြိမ်းတဲ့ မီးတိုင်ကဲ့သို့သာ၊ ပျော်ရွှင်ခြင်းဆိုတာ ဝမ်းနည်းခြင်းအဖြစ် ချက်ချင်းပြောင်းလဲတတ်တာ၊ လောကကြီးမှာ ဘာမှ မရေရာ မသေချာပါ။

နတ်သမီး (၁၂)ယောက်ဟာ သီချင်း (၁၂)ပိုဒ် ပြီးဆုံးအောင် သီဆိုတီးမှုတ်ပြီး ဆက်လက်ဖျော်ဖြေနေကြတယ်။ ဒါပေမယ့် သခ်ီရသဘောတရားတွေ၊ မမြဲတဲ့ ဖြစ်စဉ်တွေကို ထပ်ကာတလဲလဲ နားသောတ ဆင်နေရတဲ့ ပေါက်ယုဟာ ငြီးငွေ့သွားတယ်။ ဒါကြောင့် မာယာဒေဝီ နတ်သမီးက ဖျော်ဖြေမှုကို ရပ်နိုင်းလိုက်တယ်။

"ကျွန်တော် နတ်သုဒ္ဓါယမကာတွေ သောက်ထားတာများလို့ အရမ်းအိပ်ချင်နေပြီ"

ပေါက်ယုက ယစ်မူးနေတဲ့ လေသံနဲ့ ပြောလိုက်တယ်။

## ၄

မာယာဒေဝီနတ်သမီးဟာ ပေါက်ယုကို အိပ်ခန်းဆောင်တစ်ခုထဲခေါ်သွားတယ်။ အဲဒီ အိပ်ခန်းဆောင်ထဲမှာလည်း အမွှေးနံ့သာတွေဟာ သင်းပျံ့နေတယ်။ ပိုးဖဲကတ္တီပါတွေနဲ့ ပြင်ဆင်ထားတဲ့ အိပ်ရာပေါ်မှာ ထိုက်ယုနဲ့ ရုပ်ချင်းဆင်တဲ့ နတ်သမီးတစ်ယောက်ကို တွေ့လိုက်ရတယ်။ ဒါကြောင့် ပေါက်ယုဟာ အကြီးအကျယ် အံ့သြသွားတယ်။

မာယာဒေဝီ နတ်သမီးက . . .

"သင်တို့လူ့ပြည်မှာ လှလှပပ တန်ဆာဆင်ထားတဲ့အိပ်ခန်းဆောင်တွေဟာ ဆန္ဒရမ္မက်ကို အလိုလိုက်တတ်တဲ့ ယောကျ်ားတွေနဲ့၊ အကျင့်ပျက်တဲ့ မိန်းမတွေကြောင့် ယုတ်ညံ့နေတယ်။ ဒီဖြစ်ရပ်တွေကို ဖုံးကွယ်ပြီး ချစ်ခြင်းနဲ့ သွေးသားတောင့်တမှု၊ မေတ္တာနဲ့ ဆန္ဒရမ္မက်လို့ ခွဲခြားသတ်မှတ်ကြတယ်။ အလှအပတွေကို ချစ်မြတ်နိုးခြင်းဟာ တပ်မက်ခြင်းအဖြစ်ကို ပြောင်းလဲသွားတယ်။ မေတ္တာဟာ တဏှာအဖြစ် ကူးပြောင်းသွားတယ်။ ဒါကြောင့် အချစ်နဲ့ရမ္မက်ဟာ သင်တို့ လူ့ပြည်မှာ အထွတ်အထိပ် ဖြစ်နေတာပါ။ နောက်ပြီး သင်ဟာ လူ့ပြည်မှာ ရမ္မက်ဆန္ဒအကြီးဆုံးပဲ"

မာယာဒေဝီနတ်သမီးရဲ့ စကားကြောင့် ပေါက်ယုဟာ အကြီးအကျယ် တုန်လှုပ်သွားတယ်။

"သင့်ကို . . . နတ်ဘုံရဲ့ စည်းစိမ်ကို ခံစားနိုင်ဖို့ ခွင့်ပြုလိုက်မယ်။ ဒါပေမယ့် အဲဒီ စည်းစိမ်ဆိုတာတွေဟာ အကျိုးမရှိ၊ အနှစ်သာရ မရှိကြောင်း သင် နားလည်သဘောပေါက်လာရစေမယ်. . .

ဒါဆိုရင် သင့်စိတ်သဘောထားကို လုံးလုံးလျားလျား ထိန်းသိမ်းပြုပြင်လို့ ရသွားပါလိမ့်မယ်၊ ပညာရှိကြီးတွေရဲ့ ဩဝါဒတွေကို ခံယူကျင့်သုံးပြီး လောကကြီးကို ကောင်းကျိုးပြုဖို့ ကြိုးစားအားထုတ်ရပါမယ်"





မာယာဒေဝီနတ်သမီးက တိုက်တွန်းစကားပြောပြီး အိပ်ခန်းဆောင်ထဲက ထွက်သွားတယ်။ အဲဒီအချိန်ကစပြီး ပေါက်ယုဟာ ကျင်မေလို့အမည်ပေးထားတဲ့ နတ်သမီးနဲ့ အတူတူနေထိုင်ကြတယ်၊ တစ်ယောက်နဲ့တစ်ယောက် သံယောဇဉ်တွယ်လာကြတယ်။

သူတို့နှစ်ယောက်ဟာ လက်ချင်းတွဲပြီး နတ်ပန်းဥယျာဉ်ထဲမှာ အတူတူ လမ်းလျှောက်ကြတယ်။ အဲဒီလို သွားရင်းနဲ့ တစ်ခါတလေ ဆူးချုံတွေနားကို ရောက်သွားကြတယ်။ ဆူးချုံကြီးတွေဟာ သိပ်သည်းထူထပ်နေတယ်။ ဆူးချုံထဲမှာ ဝံပုလွေတွေ၊ ကျားတွေ ရှိနေတာကို မြင်ရတယ်။

တစ်ခါတစ်ခါကျတော့ သူတို့နှစ်ယောက်ရဲ့ရှေ့မှာ ချောင်းကျယ်ကြီးတစ်ခု စီးဆင်းနေတာ တွေ့ရတယ်။ အဲဒီ ချောင်းရေတွေဟာ မည်းနက်နေတယ်။ ဖြတ်ကူးစရာ တံတားလည်း မရှိ၊ လှေသမ္ဗန်လည်း မတွေ့ရဘူး။ ဒါကြောင့် ပေါက်ယုဟာ အဲဒီချောင်းစပ်မှာ တွေဝေနေတုန်း. .

"ချောင်းရေကို ဖြတ်ကူးဖို့ စိတ်မကူးနဲ့၊ ပြန်လှည့်လာခဲ့" လို့. .

အော်ပြောလိုက်တဲ့ မာယာဒေဝီရဲ့ အသံကို ကြားလိုက်ရတယ်။ နောက်တော့ မာယာဒေဝီ ရောက်လာတယ်။ ပေါက်ယုဟာ အကြီးအကျယ် ထိတ်လန့်သွားမိတယ်။ ဒီချောင်းနဲ့ ပတ်သက်ပြီး သူသိချင်တဲ့ မေးခွန်းကို မေးလိုက်တယ်။ ဒီတော့ မာယာဒေဝီက . . .

"ဒီနေရာဟာ ရာဂနွံတွေနဲ့ ပြည့်လျှမ်းနေတဲ့ နေရာပဲ၊ ပေပေါင်းတစ်သောင်းလောက်အထိ နက်ရှိုင်းလှတယ်၊ ဒီချောင်းကို ဘယ်လိုမှ ကူးဖြတ်ဖို့ မလွယ်ဘူး၊ ရေထဲဆင်းသွားမိလို့ကတော့ ဘယ်တော့မှ ပြန်တက်နိုင်စရာ အကြောင်း မရှိတော့ဘူး၊ မင်းတို့နှစ်ယောက်ဟာ ကံကြမ္မာကြောင့် အမှတ်မထင် ဒီနေရာကို ရောက်လာကြတာ၊ တို့က အချိန်မီတားနိုင်လို့သာ ဘဝတစ်ခုလုံး မပျက်စီးသွားတာ" လို့ ရှင်းပြလိုက်တယ်။

"ဒါဆိုရင် ဒီချောင်းကို ဘယ်သူမှ မဖြတ်နိုင်ဘူးပေါ့ ဟုတ်လား"

ပေါက်ယုက မာယာဒေဝီနတ်သမီးကို မေးလိုက်တယ်။

"လောင်စာဆိုတဲ့ လှေသူကြီးနဲ့၊ ပြာမှုန်ဆိုတဲ့ လှေထိုးသားဦးစီးတဲ့ ဖောင်တစ်ခုတော့ ရှိတယ်၊ ဒါပေမယ့် အဲဒီ လောင်စာနဲ့ ပြာမှုန်ဟာ

ဖောင်စီးမကို ရွှေစနဲ့ပေးလို့လည်း မရဘူး၊ ငွေနဲ့လည်း ပေးလို့လက်မခံဘူး၊ အခမဲ့ လိုက်ပို့ပေးတတ်ကြတယ်၊ ဒါဟာ ပြန်လမ်းမရှိတဲ့ နေရာတစ်ခုပဲ"

မာယာဒေဝီရဲ့ အဖြေကြောင့် ပေါက်ယု တစ်ကိုယ်လုံး တုန်တုန်ယင်ယင် ဖြစ်သွားတယ်။ အဲဒီအချိန်မှာ မိုးကြိုးပစ်သံ၊ မိုးခြိမ်းသံမျိုး ကျယ်ကျယ်လောင်လောင် ကြားလိုက်ရတယ်။ နောက်တော့ နှံ့အိုင်ကြီးထဲက မကောင်းဆိုးဝါးတွေ တက်လာကြတယ်။ ပေါက်ယုကို ရေထဲ နှစ်သတ်ဖို့ လက်တွေဆန့်တန်းပြီး ပြေးလာကြတယ်။ ပေါက်ယုတစ်ကိုယ်လုံးဟာ ချွေးစေးတွေနဲ့ နစ်ရွှဲနေပြီ။

*"ကြာဖြူပန်း၊ ကျွန်တော့်ကို ကယ်ပါဦး ကြာဖြူပန်း. . . "*

ပေါက်ယုက အသည်းအသန် အလန့်တကြား အော်လိုက်မိတယ်။ သူ့အော်သံကြောင့် ကြာဖြူပန်းနဲ့ အထိန်းတော်တချို့ ပြေးထွက်လာကြတယ်။ ပေါက်ယုကို နှစ်သိမ့်ကြတယ်။

"သခင်လေး ဘာဖြစ်တာလဲဟင်၊ ဘာဖြစ်လို့လဲ"

ကြာဖြူပန်းက မေးလိုက်တယ်။ ပေါက်ယုဟာ မျက်လုံးဖွင့်ကြည့်နိုင်ပေမယ့် ရူးသွပ်သွားသူတစ်ယောက်လို ဖြစ်နေတယ်။ သူ့ပတ်ဝန်းကျင်တစ်ခုလုံး ဘာကိုမှ ရေရေရာရာ မဝေခွဲတတ်သလိုမျိုး ဖြစ်နေတယ်။

အိမ်ဖော်တစ်ယောက်က ကြက်မောက်သီးရည်နဲ့ ရောပြီးဖျော်စပ်ထားတဲ့ ဆေးတစ်ခွက်ယူလာပေးတယ်။ ပေါက်ယုဟာ အဲဒီဆေးရည်ကို သောက်ပြီးတဲ့အခါမှာ သူ နည်းနည်းလောက် နှလုံးငြိမ်သွားတယ်။ သူဟာ ကပိုကရို ဖြစ်နေတဲ့ သူ့အဝတ်အစားကို သပ်သပ်ရပ်ရပ် ဖြစ်လေအောင် ပြန်လည်ပြုပြင်လိုက်တယ်။

ကြာဖြူပန်းက ပေါက်ယုရဲ့ အဝတ်တွေကို ကူညီဝတ်ပေးတဲ့အခါမှာ ပေါက်ယု ရှက်ကိုးရှက်ကန်း ဖြစ်နေတယ်။

ဒါကို ကြာဖြူပန်းက ရိပ်မိလိုက်တယ်။

သူမဟာ အကင်းပါးသူ ဖြစ်တယ်။ ပေါက်ယုထက်လည်းအသက်ကြီးတယ်။ ဒါကြောင့် ပေါက်ယုရဲ့ အခြေအနေကို ကြည့်ပြီးတော့ အကဲခတ်နိုင်စွမ်း ရှိတယ်။ ပေါက်ယု ဘယ်လိုအိပ်မက်မျိုး မက်ခဲ့သလဲဆိုတာ ရိပ်မိလိုက်တယ်။ ဒါပေမယ့် ကြာဖြူပန်းက ဘာမျှ မမေးဘူး။





နောက်တော့ ပေါက်ယုဟာ အိမ်ဖော်တချို့နဲ့အတူ ခန်းဆောင်နီစံအိမ်ကြီးရှိရာကို ပြန်လာခဲ့ကြတယ်။ ညစာ စားသောက်ပြီး အားလုံးဟာ ကိုယ့်ခန်းဆောင် ကိုယ် ပြန်သွားကြတယ်။ ကြာဖြူပန်းဟာ ပေါက်ယုရဲ့ အိပ်ဆောင်ထဲကို လိုက်လာပြီး အိပ်ရာခင်းတွေ၊ ခေါင်းအုံးစွပ်တွေကို အသစ်လဲလှယ်ပေးတယ်။ အိပ်ခန်းဆောင်ထဲမှာ ကြာဖြူပန်းနဲ့ ပေါက်ယု နှစ်ယောက်တည်း ရှိနေကြတယ်။

"သခင်လေး အိပ်မက်ကို ကျွန်မ ရိုးတိုးရိပ်တိပ် သိနေသလိုပဲ"

ကြာဖြူပန်းက စကားစတယ်။

"ဘယ်သူ့မှ မပြောနဲ့နော်၊ အိပ်မက်က တော်တော်ရှည်တယ်"

ပေါက်ယုက မပွင့်တပွင့် ပြောလိုက်တယ်။

"စိတ်ချပါ သခင်လေးရဲ့၊ ကျွန်မဟာ သခင်လေးနဲ့ ပတ်သက်လို့ ဘာမဆို သစ္စာရှိပါတယ်"

ကြာဖြူပန်းက ခိုင်ခိုင်မာမာ ပြောဆိုလိုက်တယ်။ ပေါက်ယုက သူ့အိပ်မက်ကို မှတ်မိသလောက် ပြန်ပြောပြလိုက်တယ်။ ကြာဖြူပန်းက စိတ်ရှည်လက်ရှည် နားထောင်နေတယ်။ အဲဒီညကစပြီး ကြာဖြူပန်းဟာ ပေါက်ယုနဲ့ တခြားသူတွေထက် ပိုပြီး ရင်းနှီးသွားကြတယ်။ သူတို့နှစ်ယောက် အဲဒီလောက် မြန်မြန်ဆန်ဆန်ကြီး အပြောင်းအလဲ ဖြစ်သွားတာကို ခန်းဆောင်နီစံအိမ်ကြီးတစ်ခုလုံး ဘယ်သူမှ မရိပ်မိကြဘူး။

တကယ်တော့ ကြာဖြူပန်းဟာ ပေါက်ယုရဲ့ အခွင့်အရေးပေးတာ၊ မျက်နှာသာပေးတာတွေကို ရရှိခဲ့ပါတယ်။ ဒါပေမယ့် သူမဟာ ပေါက်ယုအပေါ်မှာ အရင်ထက်ပိုပြီး သစ္စာရှိနေဆဲပါ။

■

အဘွားဖြစ်သူ မယ်မယ်ကြီးဟာ အသက်ကြီးနေပေမယ့် ပွဲလမ်းသဘင်ကြည့်ဖို့ ဝါသနာပါနေတုန်းပဲ။ မယ်မယ်ကြီးရဲ့ ချွေးမတွေထဲမှာ ငှက်မိမယ်ကလည်း ပွဲကြိုက်တယ်။ ဒါကြောင့် မယ်မယ်ကြီးကို ဇာတ်ပွဲလိုက်ကြည့်ဖို့ ငှက်မိမယ်က အဖော်ခေါ်တယ်။ သူတို့နဲ့အတူ သခင်မကြီးထိုက်ယု၊ ပေါက်ယုနဲ့ မြေးတစ်သိုက် ဇာတ်ပွဲသွားကြည့်ကြတယ်။

နေ့ခင်းဘက်ကျတော့ မယ်မယ်ကြီးဟာ ခဏတစ်ဖြုတ် အိပ်လေ့ရှိတယ်။ ဒါကြောင့် မယ်မယ်ကြီး ခန်းဆောင်နီစံအိမ်ကို ပြန်သွားချိန်မှာ ပေါက်ယုက မယ်မယ်ကြီးကို လိုက်ပို့ပေးတယ်။

ချွေးမဖြစ်တဲ့ သခင်မကြီးဝမ်ဟာ အဆောင်ကို ပြန်သွားတယ်။ ငှက်မိမယ်ဟာလည်း ညနေမိုးချုပ်ချိန်အထိ ထိုက်ယုတို့နဲ့အတူ ဇာတ်ပွဲကို ဆက်ကြည့်ရင်း ကျန်ခဲ့တယ်။

ပေါက်ယုဟာ မယ်မယ်ကြီးကို လိုက်ပို့ပြီးတော့ ပွဲကြည့်ဆောင် ပြန်မလာတော့ဘဲ နီနီစံအိမ်ရှိရာကို ခြေဦးလှည့်ခဲ့တယ်။ သူက သွားနေကျလမ်းအတိုင်းသွားရင် သူ့အဖေ မြို့စားကြီးနဲ့တွေ့မှာစိုးတယ်။ ဒါကြောင့် အဆောင်ကို ပတ်ပြီး ဝင်းခြံထဲကနေ ဖြတ်သွားတယ်။ သစ်မွှေးဆောင် ရောက်သွားတော့ ပေါက်ယုက *ဒေါ်လေးဆွေ့*ကို သွားနှုတ်ဆက်တယ်။ ဒေါ်လေးဆွေ့က ပေါက်ယုကို ဝမ်းသာအားရ နှုတ်ဆက်ပြီး လက်ဖက်ရည်နဲ့ ဧည့်ခံတယ်။

"ဟိုတလောက ပေါက်ကြည် နေမကောင်းတာ ဘယ့်နှယ်နေလဲ၊ သက်သာသွားပြီလား" ပေါက်ယုက မေးလိုက်တယ်။

"သက်သာသွားပါပြီကွယ်၊ ဒါပေမယ့် သူ့အိပ်ခန်းထဲမှာပဲ နွေးနွေးထွေးထွေးနေတယ်၊ မင်း သွားတွေ့လိုက်ပါဦး၊ မင်း မမလေးနဲ့ အေးအေးဆေးဆေး စကားပြောနှင့်ပေါ့၊ ဒေါ်လေးတော့ အထည်ချုပ်တဲ့ ကိစ္စလေးတွေ ပြီးပြတ်အောင် လုပ်ရဦးမယ်"

ပေါက်ယုဟာ ပေါက်ကြည်ရဲ့ အိပ်ခန်းဆောင်ဘက် ခြေဦးလှည့်ခဲ့တယ်။ ပေါက်ကြည်ဟာ ခုတင်ကြီးပေါ်မှာ ထိုင်ပြီး ဇာခြည်ထိုးနေတယ်။

ပေါက်ကြည်ရဲ့ မျက်နှာဟာ ပြည့်ပြည့်ဝန်းဝန်းနဲ့ ဖြူဖွေးနေတယ်။ မျက်နှာမှာ ဘာမှ လိမ်းခြယ်မထားဘူး။

"မမလေး နေကောင်းသွားပြီလား"

"ကောင်းနေပါပြီ မောင်လေး၊ လာ . . . ထိုင်"

ပေါက်ကြည်က ပေါက်ယုကို ခုတင်ဘေးဘက် အစွန်းမှာ ထိုင်ခိုင်းတယ်။ နောက်ပြီး အိမ်ဖော်ကို ပေါက်ယုအတွက် လက်ဖက်ရည် ငှဲ့ခိုင်းတယ်။ ပေါက်ယုနဲ့ ပေါက်ကြည်တို့ဟာ ရောက်တတ်ရာရာ ပြောကြရင်း





ပေါက်ယုရဲ့ လည်ပင်းမှာ ဆွဲထားတဲ့ ကျောက်စိမ်းဆွဲကြိုးကို အမှတ်မထင် သတိပြုမိလိုက်တယ်။ အဲဒီ ကျောက်စိမ်းဟာ ပေါက်ယု မွေးကတည်းက ပါးစောင်မှာငုံလျှက်သား ပါလာတယ်လို့ ပြောကြတယ်။ အဲဒီကျောက်စိမ်းတုံးကို ရွှေဆွဲကြိုးရဲ့ အဖျားမှာ တပ်ဆင်ထားတယ်။

"မောင်လေးရဲ့ ကျောက်စိမ်းတုံးကို မမ တစ်ခါမှ သေသေချာချာ မကြည့်ဖူးဘူး၊ ခဏ ကြည့်မယ်နော်"

ပေါက်ယုက ဆွဲကြိုးဖြုတ်ပေးလိုက်တယ်။

ပေါက်ကြည်က စေ့စေ့စပ်စပ် သေသေချာချာ ကြည့်နေတယ်။

ကျောက်စိမ်းတုံးရဲ့ အရွယ်က စာကလေးဥလောက်ပဲ ရှိတယ်။ အရည်ရွှမ်းပြီး ချောမွတ်နေတယ်။ ရောင်စုံတောက်ပတဲ့ အကြောအမျှင်လေးတွေလည်း ပါနေသေးတယ်။

ဒီကျောက်စိမ်းတုံးဟာ မဟာဂီရိတောင်ခြေရင်း အင်မတန်နက်ရှိုင်းတဲ့ ချောက်ကြီးထဲက စခဲ့တဲ့ အရာဝတ္ထုဖြစ်တယ်။ ကျောက်စိမ်းတုံးရဲ့ ထိပ်ပိုင်းမျက်နှာပြင်ပေါ်မှာ **"မနေ့ာမယ ကျောက်စိမ်း၊ သတိထားပြီး ထိန်းသိမ်းပါ၊ အသက်ရှည်ချမ်းသာမှာ"** လို့ ရေးထွင်းထားတယ်။

အဲဒီစာကို ပေါက်ကြည်က အသံထွက်ပြီး ဖတ်ကြည့်လိုက်တယ်၊ အနားမှာရပ်နေတဲ့ အိမ်စေကော ဝမ်းသာအားရ ပြုံးပြီးပြောလိုက်တယ်။

"ဒါဆို အဲဒီစာတွေက သခင်မလေးရဲ့ ဘယက်ဆွဲသီးပေါ်က စာတွေနဲ့ အတူတူပဲပေါ့နော်"

"ကျွန်တော့် ကျောက်စိမ်းတုံးကိုတော့ ပြရတယ်၊ မမလေးရဲ့ ဘယက်ဆွဲသီးပေါ်က စာကိုတော့ ကျွန်တော် မကြည့်ရဘူးလား"

ပေါက်ယုက ကလေးဆန်ဆန် ပြောလိုက်တယ်။

"အလကား လျှောက်ပြောနေတာပါ မောင်လေးရယ်၊ မောင်လေး ကြည့်ချင်ရင် ပြမှာပေါ့"

ပေါက်ကြည်က ပြောပြောဆိုဆိုနဲ့ အင်္ကျီနီနီရဲ့က အပေါ်ကြယ်သီး ဖြုတ်လိုက်တယ်။ ကျောက်မျက်ရတနာတွေနဲ့ စီခြယ်ထားတဲ့ ရွှေဘယက်ဆွဲသီးကို ဆွဲထုတ်ပြတယ်။ ပေါက်ယုက ဘယက်ဆွဲသီးပေါ်က စာကို ကြည့်လိုက်တော့ . . .

"သတိထားပြီး ထိန်းသိမ်းပါ။ အစဉ်ထာဝရ နေပျိုမှာ" လို့ . . . ရေးထွင်းထားတာ တွေ့ရတယ်။

"အဲဒီစာတန်းဟာ ကိုရင်ကြီးတစ်ပါးဆီက ရတာ၊ အဲဒီကိုရင်ကြီးရဲ့ ဦးခေါင်းမှာ အနာတွေနဲ့လေ၊ သူက. . ရွှေထည်ပစ္စည်း တစ်ခုခုပေါ်မှာ အဲဒီစာတန်းရေးထွင်းပြီး ကိုယ်နဲ့မကွာ ဆောင်ထားဖို့ မှာခဲ့တယ်" လို့. .

ပေါက်ကြည်က ရှင်းပြလိုက်တယ်။

အဲဒီအချိန်မှာ အိပ်ဆောင်ထဲကို ထိုက်ယု ရောက်လာတယ်။ ပေါက်ယုကို ပေါက်ကြည်နဲ့ နီးနီးကပ်ကပ် တွေ့လိုက်ရတော့ ထိုက်ယု အံ့အားသင့်သွားတယ်။

"ကျွန်မ လာမိတာ မှားပြီထင်တယ်"

ထိုက်ယုက ပြောလိုက်တယ်။

ပေါက်ယုက ခုတင်စွန်းမှာ ထိုင်နေရာက ထလိုက်တယ်။

"ဘာကြောင့်လဲ ထိုက်ယု"

ပေါက်ကြည်က လှမ်းမေးတယ်။

"ပေါက်ယု ဒီမှာ ရှိမယ်လို့ သိရင်. . လာဖြစ်မှာ မဟုတ်ဘူး"

ထိုက်ယုက အတည်ပေါက်နဲ့ နောက်နေတာ သိသွားလို့ ပေါက်ယု ကျေနပ်သွားတယ်။ အဲဒီအချိန်မှာ အိမ်ဖော်အမျိုးသမီးတစ်ဦး ရောက်လာတယ်။

"အပြင်မှာ နှင်းတွေ အရမ်းကျနေတယ်၊ မှောင်မည်းနေတာပဲ။ သခင်လေး မပြန်နဲ့ဦး၊ သခင်မလေးတို့နဲ့ အေးအေးဆေးဆေး စကားပြောနေကြနော်၊ ဒေါ်လေးဆွေ့က သခင်လေးတို့စားဖို့ အစားအသောက်တွေ ပြင်ဆင်နေတယ်"

အိမ်ဖော်က ပြောပြီးထွက်သွားတယ်။ အဲဒီညမှာပဲ ပေါက်ယုဟာ အနေရခက်နေတယ်။ ဘာဖြစ်လို့လဲဆိုတော့ ထိုက်ယုဟာ သူ့အိပ်မက်ထဲမှာ သံယောဇဉ် ဖြစ်ခဲ့ရတဲ့ ကျင်မေဆိုတဲ့ နတ်သမီးလေးနဲ့ အရမ်းတူနေလို့ပဲ။ ဒါပေမယ့် ဒီညမှာ ထိုက်ယုက သူ့ကို မကျေမနပ်နဲ့ စောင်းချိတ်ပြီး ပြောနေတယ်။ တကယ်တော့ သူနဲ့ပေါက်ကြည်တို့ ရင်းရင်းနှီးနှီး ဆက်ဆံတာကို မနာလိုလို့ဘဲ ဖြစ်တယ်။





ပေါက်ယုဟာ စိတ်ရှုပ်ထွေးနဲ့ အရက်ချိုတွေ အတော်များများ သောက်ပစ်လိုက်မိတယ်။ ညဥ့်နက်တော့မှ ပေါက်ယုနဲ့ထိုက်ယု အတူတူ ပြန်ကြတယ်။ ဒါပေမယ့် ခန်းဆောင်နီစံအိမ်ထဲရောက်တဲ့အထိ သူတို့ နှစ်ယောက်စလုံး နှုတ်ဆိတ်နေကြတယ်။

ပေါက်ယုက သူ့အိပ်ဆောင်ရောက်တော့ သူ့အိမ်ဖော်က လက်ဖက်ရည်ပွဲ ယူလာပြီး ပေးတယ်။ ပေါက်ယုဟာ ဝတ်ကျေဝတ်ကုန် မြည်းကြည့်လိုက်တော့ သူ သောက်နေကျ လက်ဖက်ရည် မဟုတ်မှန်း သိရတယ်။

"မနက်က ငါ့ဖို့ စံပယ်နံ့လက်ဖက်ခြောက်နဲ့ ကျိုထားတာ ဘယ်ရောက်သွားပြီလဲ၊ အခု ဒီလက်ဖက်ရည်ကို ငါ သောက်လို့မရဘူး"

"အထိန်းတော်ကြီးက စံပယ်နံ့ လက်ဖက်ရည်အေးစက်နေတာ တွေ့ရလို့ သူ သောက်လိုက်တယ်"

အိမ်ဖော်က မရဲတရဲ ရှင်းပြတယ်။ ပေါက်ယုဟာ စိတ်ဆိုးဆိုးနဲ့ လက်ဖက်ရည်ပန်းကန်ကို ပေါက်ခွဲပစ်လိုက်တယ်။

"အဲဒီ အထိန်းတော်ကြီးကို အထုပ်ပြင်ပြီး ပြန်တော့လို့ ပြောလိုက်၊ ဒီအရွယ်မှာ အထိန်းတော် မလိုတော့ဘူး"

ပေါက်ယု ဘာကြောင့် ဒီလောက် ဒေါသကြီးနေသလဲဆိုတာ ဘယ်သူမှ မသိကြဘူး။ ဒါပေမယ့် ကြာဖြူပန်းရောက်လာပြီး ပေါက်ယုကို ချော့သိပ်တယ်။ ကြာဖြူပန်းက ပေါက်ယုရဲ့ ကျောက်စိမ်းတုံး လည်ဆွဲကို ဖြုတ်ပြီး သူမရဲ့ လက်ကိုင်ပဝါနဲ့ သေသေသပ်သပ် ထုပ်တယ်။ နောက်တော့ ပေါက်ယုရဲ့မွေ့ရာအောက်မှာ ကျကျနန ထည့်ထားလိုက်တယ်။

▮

ဒီလိုနဲ့ ရက်တွေ တစ်စတစ်စ ကုန်လွန်လာခဲ့တယ်။

နိန်စံအိမ်မှာ အပြောင်းအလဲတွေ ဖြစ်လာတယ်။ ဟေမန္တရာသီ ကုန်ခါနီးမှာ ထိုက်ယုရဲ့အဖေ လင်းယုထိုက်ဟာ ကျန်းမာရေးချို့တဲ့လာတဲ့ အတွက် ထိုက်ယုကို ခေတ္တအိမ်ပြန်လွှတ်ပေးဖို့ တောင်းပန်စာ ရောက်လာတယ်။

မယ်မယ်ကြီးဟာ ထိုက်ယုကို မလွှတ်ချင်ပေမယ့် လင်းယုထိုက်အတွက် ‌စိုးရိမ်နေတယ်။ ဒါကြောင့် ထိုက်ယုကို အခြေအရံတွေပါ စီစဉ်ပေးပြီး သားဖြစ်သူကျော်လှကိုပါ အဖော်အဖြစ် ထည့်လိုက်တယ်။

ငှက်မိမယ်ဟာ သူ့လင်ယောကျ်ား ကျော်လှက ယန်ကျိုးမြို့ကို လိုက်သွားတဲ့အတွက် တစ်ယောက်တည်း အထီးကျန်ဖြစ်နေတယ်။ ဒါကြောင့် နေ့ဘက်တွေမှာ အိမ်ဖော်တွေနဲ့ အဖော်လုပ်နေခဲ့တယ်။ ညဉ့်အချိန်ကျတော့ ကျင်ကို့ ရောက်လာလို့ စကားပြောဖော်ရသွားတယ်။ ကျင်ကို့ဟာ ပြောရိုးပြောစဉ်မဟုတ်တဲ့ စကားဆန်းတွေပြောတယ်။

"ကျင်ကို့က ငှက်မိမယ်ဆီလာတာ ပြောချင်တာလေးတွေရှိလို့"

"ဘာများ ကူညီရမလဲ ကျင်ကို့ရယ်"

"ငှက်မိမယ်ဟာ မယ်မယ်ကြီးရဲ့ ချွေးမတွေထဲမှာ အရည်အချင်းအရှိဆုံးပါ၊ ကျင်ကို့တို့ စံအိမ်မှာ ရှိနေကြတဲ့ ဆွေမျိုးအသိုက်အဝန်းတွေ တင့်တင့်တယ်တယ် ပြည့်ပြည့်စုံစုံ နေလာခဲ့ကြတာ နှစ်ပေါင်းတစ်ရာကျော်နေပြီ မဟုတ်လား၊ လဆိုတာ ပြည့်ပြီးရင် ဆုတ်ရတယ်၊ ချမ်းသာခြင်းရဲ့ နောက်မှာ ပျက်စီးခြင်းဆိုတဲ့ သဘောတရားတွေကို ငှက်မိမယ် နားလည်မှာပါ၊ တစ်နေ့နေ့ကျရင် ကျင်ကို့တို့ စည်းစိမ်ဥစ္စာတွေ ပျက်စီးသွားရင် မိသားစုတစ်ခုလုံး ဘယ်လိုအခြေအနေ ဖြစ်သွားမယ်ထင်သလဲ၊ အခုဆိုရင် လင်းယုထိုက်လည်း အတော်နေမကောင်းဖြစ်နေပြီ"

"ဒါကတော့ ကံအကြောင်းတရားပေါ့ကွယ်၊ အဲဒီလိုမျိုး ဖြစ်လာတော့လည်း ဘယ်သူမှ ဟန့်တားလို့ ရမှာမဟုတ်ဘူးပေါ့"

"လင်းယုထိုက်ရဲ့ အခြေအနေကို ကြည့်ရင် သိလာနိုင်ပါတယ်။ စည်းစိမ်ချမ်းသာတွေဟာ မမြဲဘူး၊ ဒါကြောင့် အချိန်ရှိတုန်း နောင်ရေးကို ကြိုတင်စဉ်းစားမှ ဖြစ်မယ်"

ကျင်ကို့စကားကြောင့် ငှက်မိမယ် အလန့်တကြားဖြစ်သွားတယ်။

"ဘယ်လို ထူးခြားတဲ့ အကြောင်းတွေ ဖြစ်စရာရှိလို့လဲ ကျင်ကို့"

"နောက်တော့ သိလာပါလိမ့်မယ်၊ ငှက်မိမယ်နဲ့ ကျွန်မတို့ဟာ စိတ်သဘောချင်း တူညီကြတယ်၊ ဒါကြောင့် ပြောတာပါ၊ တကယ်တော့ လူတိုင်းဟာ ကိုယ်သွားရမယ့်လမ်းကို ကိုယ့်ဟာကိုယ် ဖန်တီးကြတာပါ"





ကျင်ကို့ဟာ စကားပြောပြီး ထသွားတယ်။

မနက် လင်းအားကြီး (၄)နာရီအချိန်မှာ အိပ်ပျော်နေတဲ့ ငှက်မိမယ်ဟာနိုးလာတယ်၊ သူမဟာ စောစောအိပ်ရာထလေ့ရှိတယ်။

မကြာခင်မှာဘဲ အိမ်ဖော်တစ်ယောက်က ငှက်မိမယ်ကို သတင်းတစ်ခု လာ ပေးတယ်။

အဲဒီသတင်းကတော့ လင်းယုထိုက် ကွယ်လွန်ကြောင်းပါပဲ။

လင်းယုထိုက်ရဲ့အသုဘကို ဆွေမျိုးအသိုက်အဝန်းတွေ စုံစုံလင်လင်နဲ့ ခမ်းနားစွာ ပြုလုပ်ခဲ့ကြတယ်။ အဲဒီရက်တွေမှာ ရဟန်းသံဃာတွေကို ပင့်ပြီး ပရိတ်ရွတ်တယ်။ သုံးဆယ့်တစ်ဘုံမှာ ကျင်လည်ကြတဲ့ သတ္တဝါတွေကို တာအိုရဟန်းတော်တွေကို ပင့်ဖိတ်ပြီး မေတ္တာပို့ အမျှပေးဝေတယ်။

အသုဘထည့်ဖို့ ခေါင်းလုပ်ဖို့ ပျဉ်ကလည်း ကျင်းဆိုတဲ့ သစ်နဲ့ လုပ်တယ်။ အဲဒီသစ်ဟာ နှစ်ပေါင်းတစ်သောင်းအထိ မဆွေးဘူး။ အဲဒီသစ်ရဲ့ အနံ့က မွှေးတယ်။ သစ်သားကို ခေါက်ကြည့်တဲ့ အခါမှာလည်း သတ္တုကို ခေါက်သလိုမျိုး အသံမြည်တယ်။

နောက်ပြီး အဲဒီပျဉ်တွေကို သစ်စက်က အဖိုးအခမယူဘဲ အခမဲ့ ကူလိုက်တာပါ။ အဲဒီလိုနဲ့ လင်းယုထိုက်ရဲ့ အသုဘအခမ်းအနားဟာ စည်ကားသိုက်မြိုက်စွာနဲ့ပဲ ပြီးဆုံးသွားတော့တယ်။

## ၅

ပေ့ကျင်းမင်းသားဟာ အသုဘအခမ်းအနားကို ကြွရောက်လာခဲ့တယ်။ မင်းမှုထမ်းတွေဟာ လမ်းဘေးဘက်တစ်ချက်မှာ ပိတ်ပြီးရပ်နေကြတယ်။ ပေ့ကျင်းမင်းသားဟာ မြို့စားကြီးတို့ကို တရင်းတနှီး စကားပြောတယ်။

"ဒါထက် မြို့စားကြီးတို့မျိုးရိုးထဲမှာ ကျောက်စိမ်းတုံးငုံပြီးမွေးလာတဲ့ လူငယ်အကြောင်းကို ကျုပ် ကြားဖူးနေတာ ကြာပါပြီ၊ တစ်ခါမှ မမြင်ဖူးသေးဘူး၊ တကယ်လို့ သူရှိရင် ခေါ်ခဲ့စမ်းဗျာ"

မြို့စားကြီးဟာ ပေါက်ယုကို လိုက်ရှာပြီးတော့ ပေ့ကျင်းမင်းသားရဲ့ ရှေ့ကို ခေါ်သွားတယ်။ ပေါက်ယုဟာ မင်းသားရဲ့ ကောင်းသတင်းကို လူကြီးတွေပြောသံ ကြားခဲ့ဖူးတယ်။ ဒါကြောင့်မို့ မင်းသားကို တွေ့ချင်နေတယ်။ အခုတော့. . သိက္ခာရှိရှိ ထိုင်နေတဲ့ မင်းသားနဲ့ မျက်နှာချင်းဆိုင် တွေ့လိုက်ရပြီပေါ့။

ပေ့ကျင်းမင်းသား ဝတ်ဆင်တဲ့ ဝတ်ရုံဖြူပေါ်မှာ နဂါးငါးကောင် က,နေတဲ့ပုံ ရေးထားတယ်။ အဲဒီနဂါးတွေဟာ ရွှေခြည်တွေနဲ့ ထိုးထားတဲ့ လှိုင်းတွန့်ပေါ်မှာ က,နေတာ ဖြစ်တယ်။ နောက်ပြီး သားရေ ခါးစည်းကြိုး အနီရောင်ပေါ်မှာ ကျောက်စိမ်းတွေ စီခြယ်ထားသေးတယ်။ မင်းသားရဲ့ မျက်လုံးအစုံဟာ ကြည်လင်တောက်ပနေတယ်။ ဒါကြောင့် သူ့ အရင်က ကြားဖူးတာထက် ပိုပြီးခံ့ညားနေတဲ့ မင်းသားကို မော်ဖူးရင်း ပေါက်ယု ပီတိဖြစ်နေတယ်။ မင်းသားဟာ ပေါက်ယုကို အကဲခတ်ကြည့်လိုက်တယ်။ ပေါက်ယုရဲ့ မျက်နှာဟာ နွေဦးမှာပွင့်တဲ့ ပန်းနဲ့တူပြီး မျက်လုံးအစုံဟာ မည်းနက်တောက်ပြောင်နေတယ်။

"မင်းဟာ နာမည်နဲ့ လူနဲ့ တကယ့်ကို လိုက်ပါတယ်၊ တကယ့် အဖိုးတန်ကျောက်စိမ်းလိုပါပဲ၊ ဒါထက်. . . မင်း မွေးတုန်းက ပါလာတဲ့ ကျောက်စိမ်းတုံးကို ကြည့်ရအောင်"





ပေါက်ယုဟာ အင်္ကျီအောက်မှာ ဆွဲထားတဲ့ ဆွဲကြိုးကို ချွတ်ပြီး မင်းသားကို ပေးလိုက်တယ်။ မင်းသားက လှမ်းယူပြီး ထွင်းထားတဲ့စာကို ဖတ်ကြည့်လိုက်တယ်"

"မနေ့ာမယကျောက်စိမ်းဆိုတော့ လိုအင်ဆန္ဒတွေပြည့်ဝရဲ့လား"

"ကျွန်တော်ကိုယ်တိုင်တော့ တစ်ခါမှ စမ်းမကြည့်ဖူးပါဘူး ခင်ဗျာ"

မင်းသားက ပေါက်ယုကို ဆွဲကြိုးပြန်ဆွဲပေးလိုက်တယ်။ နောက်တော့ ပေါက်ယု အသက်ကိုမေးပြီး သင်ယူနေတဲ့ စာပေအကြောင်းကို ဆက်မေးတယ်။

မင်းသားက . . .

"မြို့စားကြီးရဲ့ သားလေးကတော့ နဂါးပေါက်စကလေးပဲ ဖြစ်မလား၊ နတ်ငှက်ငယ်ပဲ ဖြစ်မလား တစ်ခုခုပဲ။ သူ ကြီးလာရင် လူကြီးတွေထက် ထူးခြားမယ့် အရည်အသွေးရှိပုံရတယ်" လို့ ပြောလိုက်တယ်။

"ကိုယ်တော်လေး ပြောတဲ့အတိုင်းဆိုရင် ကျွန်တော်တို့မိသားစု ကံကောင်းတာပေါ့ ခင်ဗျာ"

မြို့စားကြီးက သိမ်မွေ့စွာ ပြုံးပြီး ပြောလိုက်တယ်။

"ဒါပေမယ့် တစ်ခုသတိထားရမှာက ထူးချွန်မယ့် လူငယ်လေး ဆိုတော့ အဘွားနဲ့အဖေတို့က အရမ်းအလိုလိုက်ရင် ကောင်းကျိုးမပေးဘူး၊ ဒါ ကျုပ်ကိုယ်တွေ့ပဲ၊ ဒါကြောင့် အိမ်မှာ စာပေသင်ကြားဖို့ စိတ်မပါရင် ရွှေနန်းတော် မြို့ရိုးအတွင်းမှာရှိတဲ့ ကျုပ်ရဲ့ စံအိမ်တော်ကို လွှတ်ပြီး စာပေ သင်ကြားနိုင်ပါတယ်၊ နိုင်ငံမှာ ရှိသမျှ စာပေပညာရှင်တွေဟာ မကြာခဏ စံအိမ်တော်ကို ရောက်လာလေ့ရှိပါတယ်၊ ဒါကြောင့် သူတို့နဲ့ တွေ့ဆုံဆွေးနွေးရင် ဒီကလေးအတွက် ဗဟုသုတရတာပေါ့ဗျာ"

မင်းသားက သူ့လက်ကောက်ဝတ်မှာ ပတ်လာတဲ့ စိပ်ပုတီးကို ချွတ်ပြီးတော့ ပေါက်ယုကို ပေးတယ်။

"မင်းနဲ့ ကျုပ် ကြိုတင်မစီစဉ်ဘဲ တွေ့ရတာဆိုတော့ လက်ဆောင် ပေးစရာ ဒီ စိပ်ပုတီးပဲ ပါတယ်၊ ဒါဟာ ဘုန်းတော်ကြီးသော ဘုရင်မင်းကြီးက ကျုပ်ကို ချီးမြှင့်ထားတဲ့ ပုတီးပဲ၊ သစ်မွှေးတစ်မျိုးနဲ့ လုပ်ထားတာ ဖြစ်လိမ့်မယ်"

ပေါက်ယုက မင်းသားပေးတဲ့ စိပ်ပုတီးကို လှမ်းယူတယ်။

ပြီးတော့ . . .

ဖခင်မြို့စားကြီး လက်ထဲကို အပ်လိုက်တယ်။

■

ခန်းဆောင်နီစံအိမ်မှာ အပြောင်းအလဲတချို့ ဖြစ်ပေါ်လာတယ်။ ငှက်မိမယ်ဟာ နိန်စံအိမ်တော်နဲ့ ပတ်သက်သမျှ ကိစ္စတွေကို ဦးဆောင်ပြီး စီမံခန့်ခွဲအုပ်ချုပ်ခဲ့ရတယ်။ အဲဒီအချိန်အတောအတွင်းမှာ ခန်းဆောင်နီစံအိမ်ကြီးရဲ့သခင်ဖြစ်တဲ့ မြို့စားကြီးကျိချိန်ရဲ့ မွေးနေ့ပွဲ ကျင်းပခဲ့တယ်။ စံအိမ်နှစ်ခုစလုံးက မိသားစုတွေအားလုံး မြို့စားကြီးကျိချိန်ကို ကန်တော့ဖို့ စုရုံးကြတယ်။ အစားအသောက်ပွဲတွေနဲ့ အငြိမ့်ပွဲတွေ ကျင်းပနေတုန်းမှာ ရွှေနန်းတော်ကြီးရဲ့ အမိန့်တော်ကို မိန်းမစိုးကြီးက ယူဆောင်လာခဲ့တယ်။

ဒါကြောင့် မွေးနေ့ပွဲအခမ်းအနားကို ရပ်ပြီး မြို့စားကြီးက ဒူးတုပ်နာခံလိုက်ရတယ်။ *မြို့စားကြီးကို နန်းတွင်းလာရောက်ဖို့ မိန့်ကြားလိုက်တာပါပဲ။* မြို့စားကြီးက အခစားဝင်တဲ့ ဝတ်ရုံကို ဝတ်ပြီး ရွှေနန်းတော်ကြီးကို လိုက်သွားခဲ့တယ်။ မယ်မယ်ကြီးနဲ့ အိမ်သူအိမ်သားတွေက ဘာအကြောင်းမှန်းမသိဘဲ အထိတ်တလန့် ဖြစ်နေကြတယ်၊ မယ်မယ်ကြီးက အထောက်တော်ကို မြင်းနဲ့စေလွှတ်ပြီး စုံစမ်းခိုင်းတယ်။

အထောက်တော်က မယ်မယ်ကြီးကို ပြန်လာပြီး ပြောပြတယ်။

"ကျွန်တော်တို့ နန်းရင်ပြင်မှာ စောင့်နေတုန်း မိန်းမစိုးကြီး ထွက်လာတယ်။ ဒီစံအိမ်က အကြီးဆုံးသူငယ်မလေး ယွမ်ချွန်းကို မြောက်နန်းစံမိဖုရားအဖြစ် မြှောက်စားတော့မယ်၊ သခင်မတို့ လိုက်ခဲ့ပါတဲ့"

စံအိမ်နှစ်အိမ်စလုံးက မိသားစုတွေဟာ အားလုံး အကြီးအကျယ်ဝမ်းသာသွားကြတယ်။ မယ်မယ်ကြီးတို့ဟာ ပျော်ရွှင်စွာနဲ့ နန်းတွင်းဝတ်စုံတွေကို ဝတ်ဆင်ကြတယ်။

မယ်မယ်ကြီး၊ သခင်မကြီး၊ ဒေါ်လေးဆင့်တို့ အပါအဝင် အိမ်သူအိမ်သားတွေကလည်း နန်းတွင်းဝတ်စုံတွေ ဝတ်ဆင်ပြီး ရွှေနန်းတော်ကို လိုက်ပို့ကြတယ်။





ခန်းဆောင်နီစံအိမ်ကြီးနဲ့ နိန်စံအိမ်က မိသားစုတွေအားလုံးထဲမှာ ယွမ်ချွန်း မြောက်နန်းစံမိဖုရား ဖြစ်တဲ့ကိစ္စကို ပေါက်ယုကတော့ စိတ်မဝင်စားဘူး။ ပေါက်ယုဟာ အမြဲတမ်းငေးငိုင်တွေဝေနေတော့တယ်။

■

ခုတစ်လော ထိုက်ယုကိုကြည့်ရတာ လောကဓံရဲ့ဖိစီးမှုကို ရေရေလည်လည်ခံစားခဲ့ရတဲ့အတွက် အရာရာကို အပေါ်စီးကနေပြီး ဆုံးဖြတ်နိုင်စွမ်း ရှိလာတယ်လို့ ထင်ရတယ်။ ထိုက်ယုက သူ့အိမ်က စာအုပ်တွေအတော်များများ ယူဆောင်လာခဲ့တဲ့အတွက် သူမရဲ့ အခန်းဆောင်မှာ ကျကျနနရှင်းပြီးတော့ စာအုပ်တွေကို စနစ်တကျ နေရာချလိုက်တယ်။ ပေါက်ယုက ပေ့ကျင်းမင်းသား ပေးလိုက်တဲ့ စိပ်ပုတီးကို ထိုက်ယုအတွက် လက်ဆောင်ပေးတယ်။

ဒါပေမယ့် ထိုက်ယုက . . .

"ပေါက်ယုအတွက်ပေးတာပဲ ထိုက်ယု မယူချင်ပါဘူး" လို့ . . .

ပြောပြီး ပေါက်ယုဆီကို ပစ်ပေးလိုက်တယ်၊

ပေါက်ယုက အသာကလေးဖမ်းယူလိုက်တယ်။

■

ခန်းဆောင်နီစံအိမ်ကြီးမှာ ပေါက်ယုရဲ့ ညီအစ်ကိုဝမ်းကွဲဖြစ်တဲ့ ကျင်ချွန်းဟာ မကြာခဏ သတိလစ်မေ့မြောလေ့ရှိပြီး သေဆုံးတော့မယ့် အခြေအနေ ဖြစ်နေပြန်တယ်။

အဲဒီအချိန်မှာ ပေါက်ယုဟာ ကျင်ချွန်းရဲ့အခြေအနေကို သွားပြီး ကြည့်တယ်။ ပြီးတော့ မျက်ရည်တွေကျလာတယ်။ ကျင်ချွန်းကတော့ နောက်ဆုံးထွက်သက် မတိုင်မီ သူ့ဝိညာဉ်လိပ်ပြာဟာ ယမမင်းကြီးရဲ့ ငရဲသားတွေ ရောက်လာတာကို တွေ့နေရတယ်။

ဒါကြောင့် သူ့အနေနဲ့ မှာစရာ စကားတွေ ပြောဖို့ ခွင့်တောင်းလိုက်တယ်။ ဒါပေမယ့် ငရဲသားတွေက ခွင့်မပြုဘူး၊ သူ့ဝိညာဉ်လိပ်ပြာကို ခေါ်သွားဖို့ ကြိုးစားနေကြတယ်။

ကျွင်ချွန်းရဲ့ ဝိညာဉ်ဟာ. . ပေါက်ယုရဲ့ ခေါင်းသံကို ရုတ်တရက် ကြားလိုက်ရတယ်။

**ဒါနဲ့ ကျွင်ချွန်းက ငရဲသားတွေကို တောင်းပန်လိုက်တယ်။**

"ခဏလေး စောင့်ပါဦး ငရဲသားကြီးတွေရယ်၊ ကျွန်တော့်အစ်ကိုနဲ့ စကားတစ်ခွန်းလောက် ပြောပြီးတာနဲ့ ခင်ဗျားတို့ ခေါ်ရာကို လိုက်ခဲ့ပါ့မယ်"

"မင်းအစ်ကိုက ဘယ်သူလဲကွ"

**ငရဲသားတွေက ပြန်မေးကြတယ်။**

"မြို့စားကြီးရဲ့သားပါ၊ သူ့နာမည်က ပေါက်ယုတဲ့"

"ဟေ့ကောင်တွေ ကျွင်ချွန်းရဲ့ ဝိညာဉ်လိပ်ပြာကို ခဏပြန်သွားခွင့်ပြုလိုက်စမ်း"

**ငရဲသားခေါင်းဆောင်က ပြောလိုက်တယ်။**

"ဘာဖြစ်လို့လဲဗျ၊ ပေါက်ယုဆိုတဲ့ နာမည်ကြားလိုက်တာနဲ့ ခင်ဗျား အတော်ကြောက်သွားတယ် ထင်တယ်၊ ငရဲသားဆိုတာ လူကို ကြောက်စရာ မလိုပါဘူးဗျာ၊ အဲဒီပေါက်ယုက ဘာတတ်နိုင်မှာလဲ"

**ငရဲသားတွေက ပြန်မေးတယ်။**

"မင်းတို့ကို သေချာရှင်းပြဖို့ အချိန်မရှိဘူးကွ၊ လူတွေမှာ စည်းထားရသလို၊ တို့ငရဲသားတွေမှာလည်း သူ့စည်းနဲ့သူ ရှိတယ်၊ မင်းတို့ ငါပြောတာကို နားထောင်ရင် အန္တရာယ်ကင်းမယ်၊ ကျွင်ချွန်း ဝိညာဉ်လိပ်ပြာကို ခဏလောက် ပြန်လွှတ်ပေးလိုက်ကြ"

ငရဲသားတွေဟာ သူတို့ဆွဲခေါ်နေကြတဲ့ ကျွင်ချွန်းရဲ့ ဝိညာဉ်ကို ပြန်လွှတ်ပေးလိုက်တယ်။ ကျွင်ချွန်းဟာ ရုတ်တရက် ဝူးဝါးနဲ့အော်ဟစ်ပြီး မျက်လုံးဖွင့်ကြည့်တယ်။

သူ့အိပ်ရာဘေးနားမှာ ရပ်နေတဲ့ ပေါက်ယုကို မြင်လိုက်ရတယ်။

"မင်း အချိန်မီ ရောက်လာပေလို့ပေါ့ကွာ၊ နောက်ထပ် နည်းနည်းလောက် နောက်ကျသွားရင် ငါ့ကို အသက်နဲ့ တွေ့ရတော့မှာ မဟုတ်ဘူး"

ကျွင်ချွန်းက လေသံသဲ့သဲ့နဲ့ ပြောလိုက်တယ်။

ပေါက်ယုက မျက်ရည်တွေကျနေတယ်။





သူက ကျွင်ချွန်းရဲ့ လက်ဖဝါးကို ဆုပ်ကိုင်ထားတယ်။

"မင်း ငါ့ကို ဘာများ မှာစရာရှိသေးလဲ ကျွင်ချွန်း"

ပေါက်ယုက မေးလိုက်တယ်။

"မင်းနဲ့ငါ စပြီးတွေ့ကြတုန်းက ကိုယ့်ကိုယ်ကိုယ် အထင်ကြီးခဲ့ကြတယ်၊ တကယ်တော့ တို့လူသားတွေမှာ အထင်ကြီးစရာဆို ဘာတစ်ခုမှ မရှိပါဘူးကွာ၊ သေဆုံးသွားတာနဲ့ တစ်ပြိုင်နက် တခြားဟာတွေ မပြောနဲ့ ကိုယ်ပိုင်ထားတဲ့ ခန္ဓာကိုယ်ကြီးတောင် ထားပစ်ခဲ့ကြရတာပဲ မဟုတ်လား။ ဒါ . . နောက်ဆုံး မင်းအတွက် မှာချင်တာက တစ်ခုပဲ ရှိပါတယ်။ ရွှေနန်းတော်မှာ ကျင်းပမယ့် စာမေးပွဲတွေကို ထူးထူးချွန်ချွန် အောင်မြင်အောင် ကြိုးစားပါတော့ကွာ၊ နောက်ပြီး ရှေ့လာမယ့် အချိန်ကာလမှာ. ."

ကျွင်ချွန်းဟာ စကားဆုံးအောင် မပြောနိုင်တော့ဘူး။

သက်ပြင်းတစ်ချက်နဲ့အတူ နောက်ဆုံးထွက်သက်ပါသွားတယ်။

▮

မယ်မယ်ကြီးဟာ နိန်စံအိမ်တော်ကြီးဘက်ကို ရောက်လာခဲ့တယ်။

သူနဲ့အတူ အိမ်ဖော်တချို့နဲ့ ပစ္စည်းထိန်းတွေလည်း ပါတယ်။

စံအိမ်ဝင်း နှစ်ခုစလုံးကို လျှောက်ကြည့်ပြီး ရွှေနန်းတော်ကြီးက အလည်အပတ်ရောက်လာမယ့် မြောက်နန်းစံမိဖုရားအတွက် ယာယီအနန်းဆောက်လုပ်ဖို့ ပုံစံဆွဲရတယ်။ ဆောက်လုပ်မယ့် ဗိသုကာတွေကိုလည်း လိုအပ်သလို ရှာဖွေစုဆောင်းရတယ်။ ဗိသုကာတွေ၊ ပန်းရန်ဆရာတွေ ရောက်လာကြတယ်။ ရွှေ၊ ငွေ၊ သံ၊ သစ်၊ အုတ် စတဲ့ ဆောက်လုပ်ရေးပစ္စည်းတွေ တဖွဲဖွဲရောက်လာပြီး အရင်တုန်းက တံတိုင်းကြီးတွေနဲ့ ဥယျာဉ်ထဲက လေသာဆောင်တွေကို ဖြိုပစ်လိုက်တဲ့အခါမှာ ခန်းဆောင်နီစံအိမ်ကြီးနဲ့ နိန်စံအိမ်ကြီးဟာ နှစ်ခုဆက်မိသွားတယ်။ ဥယျာဉ်တော်ရဲ့ မြောက်ဘက်မှာ စမ်းချောင်းကလေးတစ်ခု ရှိတဲ့အတွက် အဆင်သင့်ဖြစ်နေပြီ။ အဲဒီဝန်းကျင်မှာ သစ်ပင်၊ ဝါးပင်တွေ၊ ကျောက်ခက်ပင်တွေ၊ ပန်းအလှရောင်စုံတွေ ဖြည့်စွက်စိုက်ပျိုးခဲ့ရတယ်။ လေသာဆောင်တွေနဲ့ အရန်တာတွေကိုလည်း လိုအပ်သလို ပြန်လည်နေရာချထားတယ်။

အဲဒီကိစ္စတွေ အတွက်ကိုတော့ ခန်းဆောင်နီစံအိမ်ကြီးမှာ ဘိုးစဉ်ဘောင်ဆက်က ဥယျာဉ်မှူးအဖြစ် ဆောင်ရွက်ခဲ့တဲ့ ဥယျာဉ်မှူးကြီးကိုပဲ ကြီးကြပ်လုပ်ကိုင်စေခဲ့တယ်။

ကေပေါင်းများစွာ ကျယ်ဝန်းတဲ့ ခြံကျယ်ကြီးထဲမှာ တောင်ကမူလေးတွေ၊ ရေကန်တွေကို သဘာဝအတိုင်း တည်ရှိနေတဲ့ ပုံစံမျိုး ဖန်တီးထားရတယ်။ ပန်းဥယျာဉ်တွေ၊ ကျောက်မြူသားတိုင်းလုံးကြီးတွေ၊ နွယ်ပင်တွေ၊ ပန်းပေါင်းစုံနဲ့ မွှေးရနံ့တွေ ဖြစ်ပေါ်ပြီးတဲ့အခါမှာ အဲဒီနေရာတွေနဲ့ ယာယီတည်းဆောင် စံနန်းတွေကို ပေါက်ယုက နာမည်ပေးရတယ်။

ပေါက်ယုဟာ ကဗျာကို ရုတ်တရက် စပ်ဆိုနိုင်စွမ်းရှိတယ်လို့ သူ့ဆရာက ပြောဖူးတယ်။ ဒါပေမယ့် မြို့စားကြီးက မယုံခဲ့ဘူး။ ဒါပေမယ့် ဥယျာဉ်တော်ထဲက နေရာတွေကို ပေါက်ယုကပဲ ကဗျာစာတန်းတွေနဲ့ တန်ဆာဆင်ထားတာ ဖြစ်တယ်။

ဒါကို မြို့စားကြီးက မြောက်နန်းစံမိဖုရားကို ပြောပြလိုက်တယ်။

"ဟယ်, ကျွန်မ မောင်လေးက ဒီလောက်တောင် တော်နေပါလား"

မြောက်နန်းစံမိဖုရားက တအံ့တသြ ပြောဆိုလိုက်တယ်။ နောက်တော့ ထိုက်ယုနဲ့ ပေါက်ကြည်ဟာ တခြားမိန်းမပျိုတွေထက် ပိုပြီး ရွှန်းလဲ့တောက်ပြောင်တဲ့ အလှကိုယ်စီ ရှိနေကြတာကို သတိပြုမိလိုက်တယ်။ မြောက်နန်းစံမိဖုရားဟာ ဖခင်မြို့စားကြီး တည်ဆောက်ထားတဲ့ ဥယျာဉ်တော်ကြီးထဲမှာ လျှောက်ကြည့်ရင်း ပေါက်ယုလာပြီး မနှုတ်ဆက်တာကို မေးတယ်။

မယ်မယ်ကြီးက ပေါက်ယုဟာ နန်းတော်ရဲ့ ရာထူးအဆင့်အတန်း မရှိတဲ့ လူငယ်တစ်ယောက်ဖြစ်နေလို့ အခေါ်ခံရမှ တွေ့ခွင့်ရှိကြောင်း ပြောပြတယ်။ မိဖုရားက ပေါက်ယုကို ချက်ချင်းခေါ်နိုင်းလိုက်တယ်။ ပေါက်ယု ရောက်လာတော့ မိဖုရားက သူ့မောင်ငယ် ပေါက်ယုကို အားရပါးရဖက်ထားတယ်။

"မောင်လေးက အတော့်ကို ထွားလာတာပဲနော်"

တကယ်တော့ ခန်းဆောင်နီစံအိမ်ကြီးကနေ ယွမ်ချွန်းထွက်ခွာသွားတာ လအနည်းငယ်ပဲ ရှိပါသေးတယ်။





အဲဒီအချိန်ကာလအတွင်းမှာ ပေါက်ယုဟာ သိသိသာသာကြီးဖွံ့ဖြိုးလာတယ်။ အစ်မနဲ့မောင်ဟာ တရင်းတနှီး နှုတ်ဆက်ကြလို့ပြီးတော့ မမယုနဲ့ ငှက်မိမယ်တို့ ရှေ့တိုးလာကြတယ်။

"ညစာ စားဖို့ ·အသင့်ဖြစ်နေပါပြီ"

ငှက်မိမယ်က ပြောလိုက်တယ်။

မြောက်နန်းစံမိဖုရားယွမ်ချွန်းဟာ မောင်လေး ပေါက်ယုကို သူမရှေ့ကထားပြီး လျှောက်ခဲ့ကြတယ်။ ဥယျာဉ်တော်ထဲက ယာယီနန်းဆောင်တွေမှာ မီးပုံးရောင်စုံတွေ ချိတ်ဆွဲထားတဲ့အတွက် လှပနေတယ်။

စမ်းချောင်းလေးကို ခုံးတံတားပေါ်က ဖြတ်ကျော်ခဲ့ကြတယ်။

ဗဟိုနန်းဆောင်ကြီးမှာ ကြီးကြီးကျယ်ကျယ် ကျွေးမွေးဧည့်ခံပွဲကျင်းပကြတယ်။ မြောက်နန်းစံမိဖုရားက သူမကို မိဖုရားလို သဘောမထားဘဲ အရင်ကလို ရင်းရင်းနှီးနှီး ဆက်ဆံဖို့ ပြောခဲ့တယ်။ နောက်တော့ မိဖုရားက ညီမတော်တွေနဲ့ မောင်ငယ်တွေကို ဒီဥယျာဉ်တော်ရဲ့ သာယာပုံကို ကဗျာစပ်ဆိုခိုင်းတယ်။ တခြားမောင်ညီမတွေရဲ့ ကဗျာတွေထက် ပေါက်ကြည်နဲ့ ထိုက်ယုရဲ့ ကဗျာတွေက ပိုကောင်းနေတယ်။ အကောင်းဆုံးကတော့ ပေါက်ယုရဲ့ နတ်ငှက်တိုင်းပြည် ကဗျာပဲ ဖြစ်တယ်။

စားသောက်ပြီးတော့ ပွဲကြည့်ဆောင်မှာ ပွဲကြည့်ကြတယ်။ ပြန်ခါနီးတော့ မိဖုရားဟာ မျက်ရည်ရွှမ်းစိုလာတယ်။ ဒီနေရာက မပြန်ချင်သေးဘူး။ ဒါပေမယ့် မပြန်ရင် မဖြစ်လို့သာပြန်ရတာ၊ ဝေါပေါ်ကို မိဖုရားပြန်တက်ပြီး ထွက်ခွာချိန်မှာ မယ်မယ်ကြီးနဲ့ သခင်မကြီးတို့ဟာ . . .

ဝမ်းနည်းပမ်းနည်း ငိုကြွေးပြီး ကျန်ရစ်ခဲ့ကြတယ်။

## ၆

မြောက်နန်းစံ မိဖုရားပြန်သွားပြီးတဲ့ နောက်ပိုင်းမှာ အခမ်းအနားအတွက် ပြင်ဆင်ထားတာတွေကို ပြန်လည်ပြီး သိမ်းဆည်းကြရတယ်။ လူတိုင်း အလုပ်များကြတယ်။

ပေါက်ယုတစ်ယောက်သာ တာဝန်အပေါ့ဆုံး ဖြစ်ပြီး အားလပ်နေတယ်။ နောက်ထပ် ရက်ပိုင်းအတွင်းမှာ မြောက်နန်းစံ မိဖုရားဆီက ပို့ပေးလိုက်တဲ့ ရွှေ၊ ငွေ ပစ္စည်းတွေ၊ ပိုးထည်တွေ ရောက်လာတယ်။ ဧည့်မျိုးသားချင်းအားလုံးအတွက် လက်ဆောင်အဖြစ် ပို့လိုက်တာ။

တစ်နေ့မှာ ပေါက်ယုဟာ တစ်ယောက်တည်း ပျင်းနေတယ်။

ဒါကြောင့် သူဟာ စာကြည့်ဆောင်ဘက်ကို ခြေဦးလှည့်ခဲ့တယ်။ အဲဒီစာကြည့်ဆောင်ထဲမှာ အရမ်းချောတဲ့ မိန်းမပျိုတစ်ယောက်ရဲ့ ပုံတူပန်းချီကားကို အရင်က အမှတ်မထင် မြင်ခဲ့ဖူးတယ်။ အဲဒီပန်းချီကားကို မှတ်မှတ်ရရ သွားကြည့်ဖို့ စိတ်ကူးပေါ်လာတယ်။

စာကြည့်ဆောင်နားရောက်တော့ အထဲက ညည်းညူသံ ကြားလိုက်ရတယ်။ ရုတ်တရက် ကြားလိုက်ရလို့ ပေါက်ယု အထိတ်တလန့် ဖြစ်သွားတယ်၊ ဒါပေမယ့် သူက စိတ်တင်းပြီး စာကြည့်ဆောင်ထဲ ဝင်သွားတယ်။

အထဲမှာ လူငယ် အစေခံတစ်ယောက်နဲ့ မိန်းကလေးတစ်ယောက် တွေ့လိုက်ရတယ်။ ပေါက်ယု ဝင်လာတာကို မြင်လိုက်တာနဲ့ စာကြည့်ဆောင်ထဲက ထွက်ပြေးသွားကြတယ်။





ပေါက်ယုဟာ စာကြည့်ဆောင်ထဲမှာ သိပ်ကြာကြာ မနေဘူး။

မိန်းမချောပန်းချီကားကို ကြည့်ပြီးတာနဲ့ ကြာဖြူပန်းရဲ့ အခန်းဆောင်ကို သွားခဲ့တယ်။ ကြာဖြူပန်းက သူ့ကို ဖွယ်ဖွယ်ရာရာ ကျွေးမွေးဧည့်ခံတယ်။ ဒါပေမယ့် ပေါက်ယုက စားချင်စိတ် မရှိဘူး။ ကြာဖြူပန်းကို ခေါ်ပြီး ထွက်လာခဲ့ကြတယ်။

ပေါက်ယုရဲ့ အဆောင်ရောက်တော့ နှစ်ယောက်သား လွတ်လွတ်လပ်လပ် စကားပြောကြတယ်။ ကြာဖြူပန်းက သစ်ချသီးခွာကျွေးတယ်။ ပေါက်ယုနဲ့ နှစ်ယောက်သား လွတ်လွတ်လပ်လပ် သစ်ချသီးစားကြရင်း ကြာဖြူပန်းက ပေါက်ယုရဲ့ အဖေဖြစ်တဲ့ မြို့စားကြီး စိတ်ချမ်းသာအောင် ပေါက်ယု စာကြိုးစားဖို့ တိုက်တွန်းတယ်။ အနေအထိုင် အပြောအဆိုဆင်ခြင်ဖို့ သတိပေးတယ်။ ဘာသာတရား ကိုင်းရှိုင်းဖို့လည်း ဆုံးမတယ်။

"ကျွန်မ ပြောတဲ့အချက်တွေကိုသာ သခင်လေးက လိုက်နာမယ်ဆိုရင်လေ ကျွန်မလည်ပင်းပေါ်မှာ ဓားသွားတင်ပြီး ဟောဒီ စံအိမ်ကြီးက အပြီးထွက်သွားရမယ်ဆိုရင်တောင်မှ အသေခံလိုက်မယ်၊ သခင်လေးရှိတဲ့ နေရာက တစ်သက်လုံး မခွဲခွာဘူး သိလား" လို့ . . .

ကြာဖြူပန်းက အခိုင်အမာ ကတိပေးလိုက်တယ်။

"ကောင်းပြီလေ. . . ဒါဆို ပေါက်ယု ဘာတွေ လိုက်နာရမလဲ၊ ပြောစမ်းပါဦး"

ပေါက်ယုက ထပ်မေးတယ်။

"နောက်တစ်ချက်က တခြား မိန်းမပျိုတွေနဲ့ အရမ်းအရောတဝင် နေရဘူး၊ တခြား မိန်းမပျိုတွေရဲ့ ဆေးနီဆိုးထားတဲ့ နှုတ်ခမ်းတွေကိုလည်း မနမ်းရဘူး"

"ဒါပဲလား. . ."

ပေါက်ယုက ပြောင်ချော်ချော်နဲ့ မေးတယ်။

"လောလောဆယ်တော့ ဒါပါပဲနော်"

"ဒါဖြင့် ကြာဖြူပန်းရဲ့ ရည်မှန်းချက်က ဘာလဲ"

"ကျွန်မဟာ တစ်နေ့မှာ သခင်လေးရဲ့ ဇနီး ဖြစ်လာတဲ့အဆင့်အထိ လုံးဝ မမျှော်မှန်းရဲဘူး၊ ကိုယ်နဲ့တန်ရာတန်ရာကိုပဲ စဉ်းစားပါတယ်"

ပေါက်ယုက ခေါင်းညိတ်ပြလိုက်တယ်။

ကြာဖြူပန်းက ပေါက်ယုကို နှုတ်ဆက်ပြီး ထသွားတယ်။

နောက်တစ်နေ့မနက် အိပ်ရာထချိန်မှာတော့ ကြာဖြူပန်း အကြီးအကျယ်ခေါင်းကိုက်နေတယ်။ တစ်ကိုယ်လုံး အပူရှိန်တွေ တက်နေတယ်။ တစ်ကိုယ်လုံး လေးကန်ပြီး မလှုပ်ချင် မကိုင်ချင် ဖြစ်နေတယ်။

အဲဒီအကြောင်းကို ပေါက်ယုက သိတော့ မယ်မယ်ကြီးကို အကြောင်းကြားပြီးမှ သမားတော်တစ်ယောက်ကို ပင့်လိုက်တယ်။

သမားတော်ကြီးက စမ်းသပ်စစ်ဆေးပြီး . . .

"အအေးမိလို့ ဖျားတာပါ" . . လို့ ပြောတယ်။

သမားတော်ကြီးက ဆေးတွေပေးခဲ့တယ်။

ပေါက်ယုက ကြာဖြူပန်းကို ဆေးတိုက်ပြီး စောင်ခြုံပေးခဲ့တယ်။

▮

ပေါက်ယုဟာ ထိုက်ယုရဲ့ ခန်းဆောင်ဘက်ကို လျှောက်ခဲ့တယ်။ ရွှေခြည်ထိုး ကန့်လန့်ကာကို ဖယ်ပြီး ကြည့်လိုက်တယ်။ ခန်းဆောင်ထဲမှာ ထိုက်ယု အိပ်မောကျနေတာကို တွေ့ရတယ်။

ပေါက်ယုက အထဲဝင်ပြီး ထိုက်ယုကို နှိုးတယ်။

"ထစမ်းပါ မလေးရယ်၊ ဒီအချိန်ဟာအိပ်ရာက ထချိန် . . ဗျ"

ထိုက်ယုက မျက်လုံးဖွင့်ကြည့်တယ်။

"သွားစမ်းပါကွာ၊ မင်းဟာမင်း တစ်နေရာရာမှာ သွားဆော့ချေပါ"

"မဆော့ချင်ပါဘူးဗျာ၊ မလေး အနားမှာပဲ နေချင်တယ်"

ပေါက်ယုက ပေကပ်ကပ်နဲ့ ပြောလိုက်တယ်။

နောက်တော့ ထိုက်ယုရဲ့ ကိုယ်သင်းနံ့ကို သတိထားမိလိုက်တယ်။

"မလေး . . . ဘာအမွှေးနံ့သာ လိမ်းထားတာလဲ ဟင်"

"ကြံကြံဖန်ဖန်ကွယ်၊ ဆောင်းရာသီမှာ ဘာမှလိမ်းဖို့မလိုပါဘူး"

"ဒါပေမယ့် ဒီအနံ့က အရမ်းဆန်းပြားနေတယ်၊ ပန်းပေါင်းစုံ ထည့်ထားတဲ့ အိတ်က အနံ့မျိုးဗျ၊ နောက်ပြီး နတ်သမီးတွေရဲ့ အမွှေးနံ့သာမျိုးလည်း ဖြစ်နိုင်တယ်"





ပေါက်ယုစကားကြောင့် ထိုက်ယု မျက်ခုံးတစ်ဖက် ချီလိုက်တယ်။

"ဒါဆို မလေးက မိုးပေါ်က ဆင်းလာတဲ့နတ်သမီးဖြစ်ပြီ ဟုတ်လား"

"ကျွန်တော်တော့ ဘာနံ့သာမှ လိမ်းမထားဘူးလို့ မလေးပြောတာကို မယုံဘူး၊ မလေးရဲ့ အင်္ကျီလက်ဖျားကို နမ်းကြည့်မယ်"

ထိုက်ယုဟာ အင်္ကျီလက်ကို ရုပ်လိုက်ပြီး . . .

"မောင်လေး ပြန်တော့နော်" လို့ ပြောလိုက်တယ်။

ပေါက်ယုက ခေါင်းခါပြတယ်။

"ယန်ကျိုးမြို့နား တစ်ဝိုက်မှာ ဖြစ်ပျက်ခဲ့တဲ့ အကြောင်းအရာ တစ်ခုကို မလေး ကြားဖူးလား"

ပေါက်ယုက တည်တည်ငြိမ်ငြိမ်နဲ့ မေးလိုက်တယ်။

"ဘာအကြောင်းလဲ"

"အဲဒီ ဒေသမှာ ထိုက်တောင်တန်း ရှိတယ်၊ တောင်တန်းမှာ လင်းဆိုတဲ့ လိုဏ်ဂူရှိတယ်လေ"

"မောင်လေး ပြောတာတွေ တစ်ခုမှ မရှိဘူး"

"မလေး မကြားဖူးလို့ ဖြစ်မှာပေါ့၊ အဲဒီ ဒေသ ဝန်းကျင်တစ်ခုလုံး နဲ့စပ်အောင် ရောက်ဖူးလို့လား၊ ကျွန်တော် ပြောတာ နားထောင်ပါဦး၊ ဆုံးတဲ့အခါကျတော့ အဖြေသိရမှာပေါ့"

"ကဲ ဒါဖြင့် ဆက်ပြော . . ."

"လင်းလိုဏ်ဂူထဲက ကြွက်နိုင်ငံမှာ ကြွက်ဘုရင်ကြီး ရှိတယ်တဲ့၊ သူက ကြွက်မှူးမတ်တွေကို ခေါ်ပြီး ပြောတယ်၊ 'နောက်တစ်နေ့ကျရင် ဟေမန္တတစ္ဆေပွဲ ကျင်းပတော့မယ်၊ လူသားတွေကတော့ ယာဂုတွေ ကျိုကြတော့မယ်၊ ငါတို့အနေနဲ့ သစ်သီးနဲ့ စားနပ်ရိက္ခာတွေ ကုန်ခါနီးပြီ၊ စားနပ်ရိက္ခာတွေ ရနိုင်တဲ့နေရာကို သွားရှာချေ' ဆိုပြီး ကြွက်ပျိုတစ်ကောင်ကို လွှတ်လိုက်တယ်။ အဲဒီ ကြွက်ပျို ပြန်ရောက်လာတော့ 'အကောင်းဆုံး စားနပ်ရိက္ခာတွေဟာ ကျွန်တော်တို့ တောင်ခြေမှာ အလျှံပယ်ရှိနေပါတယ်' လို့ ပြောပြတယ် . . .

'ဘယ်လို သီးနှံတွေ၊ သစ်သီးသစ်ဥတွေ တွေ့ခဲ့သလဲ' လို့ ကြွက်ဘုရင်ကြီးက မေးတော့ . .

'ဆန်တွေ၊ ပဲအမျိုးမျိုး၊ စွန်ပလွံ၊ သစ်ချ၊ မြေပဲ၊ ကန်စွန်းဥ၊ ပိန်းဥတွေလည်း အရမ်းပေါတယ်'လို့ ကြွက်ကလေးက ပြန်ဖြေသတဲ့. .

ဒါနဲ့ ကြွက်ဘုရင်ကြီးဟာ ကြွက်တွေကို သွားသယ်ဖို့ခိုင်းတယ်၊ ဆန်ယူဖို့ တစ်ကောင်၊ ပဲယူဖို့ တစ်ကောင်၊ တစ်ကောင်ပြီး တစ်ကောင် သွားကြတယ်၊ နောက်ဆုံး ပိန်းဥသယ်ဖို့ကျတော့ ကြွက်ပိစိညှပ်ကလေးက 'ကျွန်တော် သွားသယ်ပါ့မယ်"လို့ ပြောသတဲ့. . .

သူက သေးလွန်းနေတော့ နိုင်မယ် မထင်ကြဘူးပေါ့၊ 'ဘယ်ပုံဘယ်နည်းသယ်မလဲ'လို့ ကြွက် ဘုရင်ကြီးက မေးတယ်. . .

'ကျွန်တော်က တခြားကြွက်တွေလို ဖြောင်မယူဘူး၊ ကျွန်တော့်ကိုယ်ကို ပိန်းဥဖြစ်အောင် ပြောင်းလိုက်မယ်၊ ပြီးတော့ တခြားပိန်းဥတွေနဲ့ ရောနှောပြီးမှ ပိန်းဥတစ်ခုချင်း သယ်ခဲ့ပါ့မယ်' လို့ ပြောလိုက်တယ်. .

နောက်ပြီး သူ့ကိုယ်သူ လှုပ်ခါလိုက်တာနဲ့ မိန်းမချောလေးတစ်ယောက်ဖြစ်သွားသတဲ့၊ အဲဒီတော့ တခြားကြွက်တွေက ရယ်ကြတယ်။ 'မင်းက ပိန်းဥ အသွင်ပြောင်းတာမှ မဟုတ်တာဘဲ၊ မိန်းကလေး အသွင်ပြောင်းတာပဲ'လို့ လှောင်ကြပြောင်ကြတယ်. . .

ဒီတော့ကြွက်ကလေးက 'ခင်ဗျားတို့ တော်တော်တုံးတာပဲ၊ ခင်ဗျားတို့က သာမန်ပိန်းဥပဲ သိတာကိုး၊ ဆားခွန်တော်ဝန်ကြီး လင်းယုထိုက်ရဲ့သမီး ထိုက်ယုဟာ ပိန်းဥတွေထက် ပိုပြီး ချိုလည်းချို၊ မွှေးလည်း မွှေးတယ်ဗျ' လို့ ပြန်ပြောလိုက်သတဲ့"

ပေါက်ယုရဲ့ ပုံပြင်ဆုံးသွားတော့ ထိုက်ယုက . . .

"အောင်မာ. . . ဒီက အကောင်းမှတ်လို့ နားထောင်နေတာ၊ ဟင်း၊ လက်စသတ်တော့ ငါ့ကိုစဖို့ မင်းဟာမင်း လုပ်ကြံတဲ့ ပုံပြင်ပဲကိုး၊ ကဲ. . စဦး. . . စဦးကွာ"

ပြောပြောဆိုဆိုနဲ့ ပေါက်ယုကို လက်သီးဆုပ်ကလေးနဲ့ ထုနေတယ်။ ပေါက်ယုက တဟားဟားနဲ့ ရယ်ပြီး. . .

"တကယ်ပြောတာ မလေးရဲ့၊ မလေးကိုယ်က အရမ်းမွှေးနေတော့. . . အဲဒီ ပုံပြင်လေးကို သတိရလို့ ပြောလိုက်တာပါ"

"သွားစမ်းပါ၊ ဒါ ပုံပြင်အစစ်မှ မဟုတ်ဘဲ၊ လန်ကြုတ် ပုံပြင်ပဲ"





ထိုက်ယုက မျက်စောင်းထိုးပြီး ပြောလိုက်တယ်။

အဲဒီအချိန်မှာ ခန်းဆောင်ထဲကို ပေါက်ကြည် ဝင်လာတယ်။

ပေါက်ကြည်ရဲ့ မျက်နှာလေးဟာ ဝင်းပနေတယ်။

"ပုံပြင်ဟုတ်လား၊ ဒါဆို တို့က အရမ်းနားထောင်ချင်တာ"

ပေါက်ကြည်က အားရပါးရ ပြောလိုက်တယ်။

"အလကားပါ ပေါက်ကြည်ရယ်၊ မောင်လေးက သက်သက်စနေတာပါ"

ထိုက်ယုက ရှင်းပြလိုက်တယ်။

၇

ခန်းဆောင်နီစံအိမ်ကြီးကို ပေါက်ကြည်ရောက်လာကတည်းက မယ်မယ်ကြီးက အကဲခတ်ကြည့်နေခဲ့တယ်။ ပေါက်ကြည်ဟာ ဣန္ဒြေရရ၊ သိမ်သိမ်မွေ့မွေ့ နေတတ်တာကို တွေ့ရတယ်။

ဒါကြောင့် ပေါက်ကြည်ရဲ့ မွေးနေ့ပွဲ ကျင်းပဖို့အတွက် မယ်မယ်ကြီးက ငွေသား (၂၀) ထုတ်ပြီးတော့ ငှက်မိမယ်ကို ခေါ်ပေးလိုက်တယ်။ ညှိခံပွဲလုပ်ဖို့နဲ့ ဇာတ်ပွဲငှားဖို့ပါ ပြောလိုက်သေးတယ်။

ငှက်မိမယ်က ငွေသား (၂၀)ကို ကြည့်ပြီးတော့ . . .

မယ်မယ်ကြီးကို စ,တယ်။

"ဒီငွေသား (၂၀)နဲ့ ညှိခံပွဲရော၊ ဇာတ်သဘင်တွေပါ ငှားဖို့ဆိုရင် ငှက်မိမယ်တို့တစ်တွေ စိုက်ထည့်ရလိမ့်မယ်၊ မယ်မယ်ကြီးရဲ့ သေတ္တာကြီးထဲမှာ ရွှေတုံးတွေ၊ ငွေတုံးတွေဟာ အများကြီးပဲ မဟုတ်လား။ ဒီစံအိမ်မှာ ရှိနေကြတဲ့လူတွေဟာ မယ်မယ်ကြီးရဲ့ သားသမီးတွေမြေးတွေချည်းပါပဲ၊ ဒါပေမယ့် အဲဒီ ရွှေတွေငွေတွေကို မယ်မယ်ကြီးက လုံးဝကို အထိမခံဘူး၊ အချစ်ဆုံး မြေးပေါက်ယု တစ်ယောက်တည်းအတွက်ပဲ သိမ်းထားတော့မှာလား"

ငှက်မိမယ်ရဲ့ စကားကြောင့် မယ်မယ်ကြီးက ရယ်လိုက်တယ်။

"ညည်း ယောက္ခမတောင် ငါ့ကို တစ်ခွန်းမှ ပြန်မပြောရဲဘူး၊ ငှက်မိမယ်ကျမှ တစ်ခွန်းမခံ ပြန်ပြောရဲတယ်၊ ကြားကြရဲ့လား"

မယ်မယ်ကြီးက အိမ်သူအိမ်သားတွေကို လှမ်းပြောလိုက်တယ်။

"ဒေါ်လေးဆင့်လည်း မယ်မယ်ကြီးနဲ့ အတူတူပါပဲလေ၊ ပေါက်ယု အတွက်ဆိုရင် အရမ်းကို အလိုလိုက်ကြတာပဲ၊ ကျွန်မဘက်မှာတော့ တစ်ယောက်မှ မပါကြဘူး၊ ဒါကြောင့် ကျွန်မဟာ ခုလို ခပ်စွာစွာမိန်းမ တစ်ယောက် ဖြစ်နေတာပေါ့နော်"





ဒီလိုနဲ့ပဲ ပေါက်ကြည်ရဲ့ မွေးနေ့ပွဲ ရောက်လာတယ်။ မိသားစု စားသောက်ပွဲကြီး ပြင်ဆင်ပြီးသား ဖြစ်နေပြီ။ အဲဒီမနက်မှာ ထိုက်ယုကို မတွေ့တဲ့အတွက် ပေါက်ယုက လိုက်ရှာတယ်။

ခုတင်ပေါ်မှာ လဲလျောင်းနေတဲ့ ထိုက်ယုကို တွေ့ရတယ်။

"မလေး. . . မနက်စာ မစားရသေးဘူး မဟုတ်လား၊ လာလေ သွားစားရအောင်၊ နောက်ပြီး မလေးကြိုက်တဲ့ ဇာတ်ကို ကဖို့ ပေါက်ယုက ပြောပေးမယ်လေ"

ပေါက်ယုက အားရပါးရ ပြောလိုက်တယ်။

ထိုက်ယုက လျောင်ပြုံး ပြုံးပြတယ်။

"သူများမွေးနေ့မှာ အောက်ကျခံပြီး မကြည့်ချင်ပါဘူးကွယ်၊ ကလေးကို ဒီလောက်ကြည့်စေချင်ရင် ဇာတ်အဖွဲ့တစ်ဖွဲ့ သပ်သပ်ငှားပြီး ပြပေါ့"

"ရပါတယ်. . နောက်တစ်ခါကျရင် မလေးကြိုက်တဲ့ ပြဇာတ်တွေချည်း ကဖို့ ငှားပေးပါ့မယ်၊ လာ. . . အခုတော့ မောင်လေးနဲ့ သွားကြည့်ကြရအောင်"

ပေါက်ယုက ထိုက်ယုကို ဆွဲထူလိုက်တယ်။

နှစ်ယောက်သား လက်တွဲပြီး ထွက်လာခဲ့ကြတယ်။

မနက်စာ စားပြီးချိန်မှာ မယ်မယ်ကြီးက ပေါက်ကြည်ကို အထူးအခွင့်အရေးပေးတဲ့အနေနဲ့ ကြိုက်ရာဇာတ်ကို ရွေးခိုင်းတယ်။ ပေါက်ကြည် ရွေးတဲ့ဇာတ်ကို ကပြီးတဲ့အခါမှာ ငှက်မိမယ်ကြိုက်တဲ့ ဇာတ်မြူးကို က,ခိုင်းတယ်။ နောက်တော့ ထိုက်ယုကို ဇာတ်ရွေးခိုင်းတယ်။

ဒီလိုနဲ့ ပျော်ပျော်ရွှင်ရွှင် ကြည့်နေကြရာက ပေါက်ယုဟာ ပေါက်ကြည်ရဲ့ အနားကို တိုးသွားတယ်။ အော်ပရာဇာတ်ထဲက သီချင်းကို ဆိုခိုင်းတော့. . . ပေါက်ကြည်က တိုးတိုးလေး နှစ်ကိုယ်ကြားဆိုပြတယ်။

ဒါကို ထိုက်ယုက သိပ်မကြည်ဘူး။

အဲဒီအချိန်မှာ ဇာတ်ထဲက ကချေသည်တစ်ယောက်ဟာ စံအိမ်မိသားစုထဲက တစ်ယောက်နဲ့ ခပ်ဆင်ဆင်တူနေတယ်။

"ဘယ်သူနဲ့တူတာ ဖြစ်မလဲ" လို့ ငှက်မိမယ်က မေးတယ်။

"ရှိစန်းယင် ဆိုတဲ့ မိန်းမပျိုက ထိုက်ယုနဲ့တူကြောင်း"

ပြောလိုက်တော့ ပေါက်ယုက အမူအရာနဲ့ ထိန်းလိုက်သေးတယ်။ ဒါပေမယ့် ထိုက်ယု ဒေါသဖြစ်သွားတယ်။

ထိုက်ယုဟာ ပွဲကြည့်ဆောင်ထဲက ထသွားတော့တာပဲ။

ဒါကြောင့် ပေါက်ယုက ထိုက်ယုကို လိုက်ရှာတယ်။ ထိုက်ယုရဲ့ အခန်းထဲကို ဝင်လိုက်တော့ ထိုက်ယုက သူ့ကို တွန်းထုတ်ပြီး တံခါးပြန်ပိတ်လိုက်တယ်။ ပေါက်ယုဟာ စိတ်ထိခိုက်သွားပြီး ထိုက်ယု အခန်းအပြင်ဘက်ကနေ လှမ်းခေါ်တယ်။ ဒါပေမယ့် ထိုက်ယုက ပြန်မထူးဘူး။

ပေါက်ယုက တစ်ယောက်တည်း အပြင်မှာ ရပ်စောင့်နေတယ်။ ပေါက်ယုပြန်သွားပြီ ထင်ပြီး တံခါးဖွင့်ကြည့်လိုက်တော့ ပေါက်ယု မျက်နှာညှိုးနေတာကို တွေ့ရတယ်။ ထိုက်ယုက တံခါးပြန်မပိတ်တော့ဘဲ ခုတင်ပေါ်မှာ ခွေခွေလေး လဲလျောင်းနေတယ်။

ပေါက်ယုက အခန်းထဲ ဝင်သွားတယ်။

"ဘာ မကျေနပ်စရာ ရှိလို့လဲ မလေးရယ်"

ပေါက်ယု စကားကို ထိုက်ယုက မခိုးမခန့် ရယ်လိုက်တယ်။

"ပရိသတ်ထဲမှာ မလေးကို ကချေသည်နဲ့တူတယ်လို့ ပြောတာကို ကျေနပ်ရမှာလား"

"အဲဒီစကားကို မောင်လေး ပြောတာမှ မဟုတ်ဘဲ၊ မလေးက မောင်လေးကိုပါ ရောပြီး ဒေါသဖြစ်နေတာကိုး"

ပေါက်ယုက ပြေရာပြေကြောင်း ပြောပြတယ်။

"ဒါပေမယ့် မောင်လေးက ရှိစန်းယင်ကို မျက်ရိပ်ပြလိုက်သေးတယ် မဟုတ်လား၊ အဲဒါက မလေးကို အဖက်လုပ်ပြီး ပြောမနေနဲ့ဆိုတဲ့ အဓိပ္ပာယ်မျိုး မဟုတ်လား"

ပေါက်ယု စိတ်မကောင်း ဖြစ်သွားတယ်။ ဆက်ရှင်းရင်လည်း ပိုရှုပ်လာတော့မယ်လို့ စဉ်းစားမိတယ်။ ဒါကြောင့် ခေါင်းငိုက်စိုက်ချပြီး ပြန်အထွက်မှာ ထိုက်ယုက "သွား. . . ဘယ်တော့မှ မလာနဲ့" လို့ အော်ပြောလိုက်သံ ကြားရတယ်။ ပေါက်ယုဟာ သူ့အခန်းဆောင် ပြန်ရောက်တော့ အိပ်ရာပေါ်မှာ လဲလျောင်းလိုက်တယ်။





ကြာဖြူပန်းရောက်လာပြီး ပေါက်ယု စိတ်ထိခိုက်နေတာကို မြင်ရတယ်။ ဒါကြောင့် စိတ်ပြောင်းသွားအောင် တခြားပျော်ရွှင်စရာ အကြောင်းတွေကို ပြောပြလိုက်တယ်။ ဒါပေမယ့် ပေါက်ယုဟာ စိတ်မပြောင်းတဲ့အပြင် မျက်ရည်တွေကျလာတယ်။ နောက်တော့ သံဝေဂကဗျာလေး တစ်ပုဒ်ရေးပြီး အိပ်ရာပေါ်မှာ လဲလျောင်းနေလိုက်တယ်။ နောက်တော့ အိပ်ပျော်သွားတော့တာပါပဲ။

ကြာဖြူပန်းဟာ ပေါက်ယု အခန်းထဲက ပြန်ထွက်လာတယ်။

ထိုက်ယုဟာ ပြောခဲ့မိတဲ့ စကားတွေ ပြန်စဉ်းစားပြီး ပေါက်ယုကို နှစ်သိမ့်ဖို့ ပေါက်ယုရဲ့ အခန်းဆောင်ကို ရောက်လာတယ်။ ပေါက်ယု အိပ်ပျော်သွားပြီလို့ ကြာဖြူပန်းက ပြောလို့ ပြန်တော့မယ့်ဆဲဆဲအချိန်မှာ ပေါက်ယုအိပ်ခါနီး ရေးခဲ့တဲ့ကဗျာကို ကြာဖြူပန်းကယူပြီး ထိုက်ယုကို ပေးလိုက်တယ်။

ထိုက်ယုဟာ အဲဒီကဗျာလေးကို ယူသွားပြီး ဖတ်ကြည့်နေတုန်း ပေါက်ကြည်ရောက်လာတယ်။ ပေါက်ကြည်ကလည်း ဖတ်ကြည့်တယ်။

ထိုက်ယုက ကဗျာနှစ်ပိုဒ် ထပ်ဖြည့်လိုက်တယ်။

ဒီတော့မှ ကဗျာဟာ ပိုပြီး လေးနက်သွားတယ်။

ထိုက်ယုနဲ့ ပေါက်ကြည်ဟာ ပေါက်ယုဆီကို ပြန်သွားကြတယ်။

အဲဒီအချိန်မှာ ပေါက်ယု နိုးနေပါပြီ။

သူတို့အားလုံး ပြန်လည်သင့်မြတ်သွားကြပြီးတော့ ဘာသာရေးနဲ့ ပတ်သက်တဲ့ ဆရာတော်တွေရဲ့ ဂါထာတွေအကြောင်းကို စိတ်ပါဝင်စားစွာ ဆွေးနွေးကြတယ်။

ပေါက်ယုဟာ သူ့ကိုယ်သူ စာပေနဲ့ပတ်သက်လို့ တော်တော်နှံ့စပ်ပြီလို့ ထင်ခဲ့မိတယ်။ ဒါပေမယ့် ထိုက်ယုနဲ့ ပေါက်ကြည်ဟာ သူ့ထက်ပိုပြီး ဘာသာရေးအကြောင်းတွေ ပြောနိုင်တဲ့အတွက် အံ့ဩသွားတယ်။

"ကျွန်တော်က ဘာသာရေးဆိုင်ရာ ဘာသာရပ်တွေကို မလေးတို့လောက် မကျွမ်းကျင်သေးပါဘူးဗျာ၊ လေ့လာဆဲပါ။ စောစောတုန်းက ရေးခဲ့တဲ့ သံဝေဂကဗျာဟာ အပျင်းပြေသဘောမျိုးပါ"

▮

ရွှေနန်းတော်ကြီးက မြောက်နန်းမတော် မိဖုရားဟာ မီးပုံးစကားထာတွေ ဖန်တီးပြီး ခန်းဆောင်နီစံအိမ်တော်ကြီးကို ပို့လိုက်တယ်။ အဲဒီစကားထာတွေကို ဖြေပြီးတာနဲ့ ဘယ်သူ့ကိုမှ မပြောရဘူး။ အဖြေလွှာကို ချိတ်ပိတ်ပြီး ရွှေနန်းတော်ကို ပို့ရမယ်၊ မြောက်နန်းမတော် မိဖုရားကိုယ်တိုင် ဖတ်ကြည့်လိမ့်မယ်ဆိုတဲ့ အမိန့်ကို မိန်းမစိုးကြီးက ကြေညာခဲ့တယ်။

အဲဒီ စကားထာဖြေဆိုပွဲမှာ မယ်မယ်ကြီးရဲ့ အိမ်သူအိမ်သားတွေထဲက သခင်မတန်ချွန်းနဲ့ သခင်လေးကျိုဟုန်က လွဲရင် အားလုံးအဖြေမှန်ကန်ကြောင်းကို မိန်းမစိုးကြီးက ညနေပိုင်းမှာ လာရောက်ပြောပြခဲ့တယ်။ နောက်ပြီးတော့ အဖြေမှန်သူတွေကို မိဖုရားပေးလိုက်တဲ့ ဆုတွေပေးခဲ့တယ်။

နောက်ပိုင်းမှာ မယ်မယ်ကြီးဟာ စိတ်ပျော်ရွှင်နေတယ်။ စံအိမ်တော်ကြီးမှာ ထပ်ပြီး မီးပုံးစကားထာ ဂုက်ပွဲတွေကို ကျင်းပခဲ့တယ်။ သူတို့အားလုံး ရွှင်လန်းဝမ်းမြောက်နေတယ်။ နောက်ဆုံးကတော့ ဂုက်မိမယ်က ပေါက်ယု တစ်ချိန်က မြို့စားကြီးရဲ့ရှေ့မှာ အဖြေရှာမရလို့ ချွေးတွေပြန်နေတဲ့အကြောင်းနဲ့ စလိုက်တယ်။

ပေါက်ယုဟာ ရှက်ကိုးရှက်ကန်းနဲ့ ဂုက်မိမယ်ကို ထုဖို့လိုက်တော့ ဂုက်မိမယ်က စံအိမ်မိသားစုတွေကြားထဲမှာ တိုးဝင်ပုန်းခိုနေလိုက်တယ်။ မယ်မယ်ကြီးက မြေးတွေနဲ့ မြေးမတွေကို ရှေးဖြစ်နောက်ကြောင်းတွေ ပြောနေရာက သန်းခေါင်အချိန် မောင်းခေါက်သံ ကြားလိုက်ရတယ်။

ထိုင်ရာက ထပြီး . . .

"အားလုံးပဲ အိပ်ချိန်ရောက်ပြီ၊ မနက်ဖြန်ကျရင် နှစ်သစ်ကူးပွဲတော်အတွက် သွားကြရဦးမယ်၊ ညနေကျမှ အိမ်မှာထပ်ပြီး ဆောင်ရွက်ကြရအောင်" လို့ ပြောလိုက်တယ်။

■

မြောက်နန်းမတော် မိဖုရားဟာ ခန်းဆောင်နီစံအိမ်တော်ကြီးက ဥယျာဉ်တော်အတွက် ကျောက်ဖြူသားပေါ်မှာ ရေးထွင်းဖို့ ကဗျာတွေကို ရွေးချယ်နေခဲ့တယ်။





နောက်ပြီး ဥယျာဉ်တော်ကြီးကို ဒီအတိုင်း ပိတ်ထားလိုက်ရင် အကျိုးရှိမှာ မဟုတ်ဘူးလို့ တွေးမိတယ်။ ဒါကြောင့် ကဗျာစာပေ ဝါသနာပါတဲ့ ညီမတွေ ဥယျာဉ်တော်ရဲ့ အလှအပကို ကြည်နူးနေနိုင်အောင် မိုးမခပင်တွေနဲ့ ရောင်စုံပန်းပင်တွေဟာလည်း အသုံးဝင်အောင်လို့ ဥယျာဉ်တော်မှာ ပြောင်းရွှေ့နေထိုင်စေဖို့ ဆုံးဖြတ်လိုက်တယ်။

နောက်ပြီး. . သူ့ရဲ့မောင်ငယ် ပေါက်ယုဟာ လူပျို့ပေါက်ကလေး ဖြစ်နေပြီ။ မိန်းကလေးတွေကြားမှာ ကြီးပြင်းခဲ့ရတယ်။ ဒါကြောင့် တခြားယောကျ်ားလေးတွေလို သောက်စားပျော်ပါး လောင်းကစား အလေ့အထမရှိခဲ့ဘူး။ ဒါကြောင့် ပေါက်ယုကိုလည်း ဥယျာဉ်တော်ထဲမှာ ပြောင်းရွှေ့နေထိုင်စေပြီး စာပေတွေကို ဆက်လက်သင်ယူစေဖို့ အမိန့်ထုတ်လိုက်တယ်။ အဲဒီအကြောင်းနဲ့ပတ်သက်ပြီး ပေါက်ယုအမေ သခင်မကြီးဝမ်က သတိပေးတယ်။

"မြောက်နန်းစံ မိဖုရားက မင်းကို သေသေချာချာ မှာလိုက်တယ်၊ တခြားလူငယ်တွေလို အပြင်ထွက်လည်ပြီး အချိန်မဖြုန်းဖို့နဲ့၊ အစ်မတွေနဲ့ ဥယျာဉ်တော်ထဲမှာ အေးအေးနေပြီး ပန်းချီလက်ရေးနဲ့ စာပေတွေကို သည်းပူးလေ့ကျင့်ဖို့ မှာလိုက်တယ်၊ မိဖုရား မှာတဲ့အတိုင်း မလိုက်နာလို့တော့ မဖြစ်ဘူးနော်"

"ဟုတ်ကဲ့ပါ"

ပေါက်ယုက ခေါင်းညိတ်ပြလိုက်တယ်။

"သားအတွက် မေမေ ပေးထားတဲ့ ဆေးလုံးတွေကို မှန်မှန်သောက်ရဲ့လား"

"ဟုတ်ကဲ့ သောက်ဖြစ်ပါတယ်၊ အခု လက်ကျန်တစ်လုံးပဲ ရှိတော့တယ်" ပေါက်ယုက မှတ်မှတ်ရရ ဖြေလိုက်တယ်။

"မနက်ကျရင် ဆေးလုံးဆယ်လုံးလောက် ကြာဖြူပန်းနဲ့ ထပ်ယူခိုင်းလိုက်၊ ညအိပ်ရာဝင်ချိန်မှာ မှန်မှန်တိုက်ဖို့ သူ့ကို ပြောထား"

"ဒီကောင် စာကောင်းကောင်း မကြိုးစားဘဲ မိန်းကလေးတွေနဲ့ ရောရောဝင် ဝင်နေတယ်ဆိုတာ သိသာတယ်"

မြို့စားကြီးက မျက်နှာထားတင်းတင်းနဲ့ ဖြတ်ပြောလိုက်တယ်။

"သားလေး သွားတော့နော်၊ မယ်မယ်ကြီးက မင်းကို ထမင်းစားဖို့ စောင့်နေပြီ"

ပေါက်ယုက အဲဒီနေရာက ထွက်လာခဲ့တယ်။ သူ့အခန်းဆောင် ရောက်တော့ ကြာဖြူပန်းက အခန်းတံခါးကို ကျောမှီပြီး ရပ်စောင့်နေတာ တွေ့ရတယ်။ ကြာဖြူပန်းက . . .

"မြို့စားကြီးနဲ့ သခင်မကြီးက ဘာပြောလိုက်သလဲ"

"ဥယျာဉ်ထဲမှာသွားနေရင် ကောင်းကောင်းနေတဲ့၊ ဘယ်မှလျှောက် မလည်ရဘူးတဲ့"

ပြောပြီးတော့ ပေါက်ယုဟာ မယ်မယ်ကြီးရဲ့ အခန်းဆောင်ကို ထွက်လာခဲ့တယ်။ မယ်မယ်ကြီးအခန်းမှာ ထိုက်ယုကို တွေ့ရတယ်။ အဲဒီ အချိန်မှာပဲ မြို့စားကြီးလွှတ်လိုက်တဲ့ အိမ်ဖော်ရောက်လာပြီး လပြည့်ကျော် (၇)ရက်နေ့ဟာ ဥယျာဉ်တော်ကို ပြောင်းဖို့ အချိန်အခါကောင်းကြောင်း၊ အဆောင်တွေကို အသင့်စီစဉ်ထားမယ့်အကြောင်း မယ်မယ်ကြီးကို ပြောပြ ခဲ့တယ်။

အချိန်အခါရောက်လို့ ပြောင်းရွှေ့သွားကြတဲ့အခါမှာတော့ . . ဥယျာဉ်တော်ကြီးဟာ ပိုပြီးကျက်သရေရှိလာပါတော့တယ်။

# ၈

ပေါက်ယုဟာ ဥယျာဉ်တော်ထဲက အဆောင်ကို ပြောင်းရွှေ့ ရောက်ရှိခါစမှာ ရှုခင်းတွေကို ကြည့်ပြီး ပျော်နေတယ်။ ဒါပေမယ့် ကြာ လာတော့၊ အဲဒီရှုခင်းတွေဟာ ထပ်တလဲလဲ တွေ့ရဖန်များလာတော့ ရိုးအီ လာတယ်။ ပေါက်ယုရဲ့ ငယ်စဉ်က ကစားဖော် မင်းယန်းဟာ မြို့ထဲမှာ ရှိနေတဲ့ စာအုပ်ဆိုင်က အချစ်ဝတ္ထုဇာတ်လမ်းတွေ၊ သီချင်းစာအုပ်တွေ ဝယ်လာတယ်။

"ဒီစာအုပ်တွေ သခင်လေး ဖတ်ရင် လူကြီးတွေ မသိစေနဲ့နော်၊ ကျွန်တော် ဝယ်လာတာ သိရင် မလွယ်ဘူး၊ ပြဿနာ တက်လိမ့်မယ်"

မင်းယန်းက ပြောတယ်။

ပေါက်ယုက အဲဒီ အချစ်ဇာတ်လမ်းတွေကို စိတ်အေးလက်အေး ဖတ်ဖို့ နေရာရွေးတယ်။ ရေကန်လေးပေါ်က တံတားရှိရာကို ဖြတ်ကျော် သွားပြီး မက်မုံပင်အောက်က ကျောက်တုံးပေါ်မှာ တစ်ယောက်တည်း ဖတ်နေတယ်။ ဝတ္ထုစာအုပ်နာမည်က **ခန်းဆောင်ရိုပ်သာတဲ့**။ နန်းတွင်း အချစ်ဇာတ်လမ်းတစ်ပုဒ်ပါပဲ။ အဲဒီအချိန်မှာ လေပြင်းတစ်ချက် သုတ် လိုက်တော့ ပေါက်ယုရဲ့ ကိုယ်ပေါ်မှာရော စာအုပ်ပေါ်မှာရော မြေပြင် ပေါ်မှာပါ မက်မုံပွင့်ကလေးတွေ ကြွေကျလာတယ်။

ပေါက်ယုက ပန်းပွင့်လေးတွေကို ကောက်ပြီး ရေကန်ထဲကို ချ လိုက်တယ်။ ပန်းပွင့်နီနီလေးတွေဟာ လေအဟုန်ကြောင့် ကန်ထဲမှာ လွင့် မျောနေကြတယ်။ အဲဒီအချိန်မှာ သူ့နောက်က အသံ ကြားလိုက်ရတယ်။

"ဘာလုပ်နေတာလဲ မောင်လေး"

ထိုက်ယုကို တွေ့လိုက်ရတယ်။ ထိုက်ယုမှာ ပိုးသားအိတ်တစ်လုံး နဲ့ တံမြက်စည်း တစ်ချောင်းလည်း ပါတယ်။

"မလေးမှာ တံမြက်စည်း ပါလာတာနဲ့ အတော်ပဲ၊ ပန်းပွင့်လေးတွေကို ရေကန်ထဲ လှည်းချရအောင်"

ပေါက်ယုက ပြောတယ်။ ထိုက်ယုက ခေါင်းခါပြတယ်။

"ရေကန်တစ်ခုလုံး ပန်းမှိုက်တွေနဲ့ ညစ်ပတ်ကုန်မှာပေါ့ကွယ်၊ ကြွေကျနေတဲ့ ပန်းပွင့်လေးတွေကို တံမြက်စည်းနဲ့ လှည်းကျင်းပြီးစုရမယ်၊ ပြီးတော့ အိတ်ထဲထည့်၊ ပန်းသစ်ပင်ကို သွားမြှုပ်ရမယ်။ နောက်ဆိုရင် အဲဒီပန်းပွင့်လေးတွေဟာ မြေဩဇာ ပြန်ဖြစ်ပြီးတော့ အသုံးဝင်လာမှာပေါ့ကွယ်"

ထိုက်ယု အကြံက ပိုကောင်းတယ်။

ပေါက်ယုက ကြွေနေတဲ့ ပန်းပွင့်တွေကို လှည်းနေတယ်။

ထိုက်ယုက သူ့လက်ထဲက စာအုပ်ကို တွေ့တော့ . . .

"ဘာစာအုပ်လဲ"လို့ မေးတယ်။ ပေါက်ယုက စာအုပ်ကို ကပျာကယာ အင်္ကျီအတွင်းကို ဝှက်လိုက်ပြီးမှ. . .

"ကွန်မြူးဇီရဲ့ ကျမ်းစာပါ၊ မလေး ဖတ်ချင်မှာ မဟုတ်ပါဘူး" လို့ ပြောလိုက်တယ်။

"အဲလိုမျိုး ကလိမ်ကကျစ် မလုပ်နဲ့နော်၊ ပြဆို ပြ"

ပေါက်ယု မငြင်းသာဘူး၊ ဒါကြောင့် ပြလိုက်ရတယ်။

ထိုက်ယုက စာကို စိတ်ဝင်စားစွာ မြည်းကြည့်လိုက်တယ်။

နောက်ပြီး မောင်လေး ဒီစာအုပ်မျိုးကို ဖတ်ဖို့ မသင့်ဘူးလို့ ပြောလိုက်တယ်။

"ဟော. . . . ရှာလိုက်ရတာ သခင်လေးရယ်၊ သခင်ကြီး ကျိရှဲ နေမကောင်းလို့ လာကြည့်ဖို့ မယ်မယ်ကြီးက မှာလိုက်တယ်"

ကြာဖြူပန်းက ကသောကမျော ပြောတယ်။

"မောင်လေး လိုက်သွားလိုက်ဦးမယ် မလေး"

ပေါက်ယု ခွင့်တောင်းတာကို ထိုက်ယု ခေါင်းညိတ်ပြလိုက်တယ်။

ထိုက်ယုဟာ တစ်ယောက်တည်း ပေါက်ယု ဖတ်လက်စအချစ်ဝတ္ထုကို ဆက်ဖတ်ရင်း အဖွဲ့အနွဲ့လေးတွေကို စိတ်ဝင်စားလာတယ်။

စာထဲမှာ . . .





**"အချစ်ဟာ တော်ဝင်တဲ့ ပန်းပွင့်လေးလို နုနယ်လန်းဆန်းနေပါတယ်ကွယ်။ ဒါပေမယ့် နုနယ်ပျိုမျစ်ခြင်းဟာ စမ်းရေအလျဉ်လို မြန်မြန်ဆန်ဆန်နဲ့ စီးဆင်းသွားတတ်ပါတယ်" ဆိုတဲ့ . . .**

စာပိုဒ်ကလေးကို ဖတ်ပြီး ထိုက်ယု စိတ်လှုပ်ရှားသွားတယ်။

ဒါကြောင့် မျက်နှာမူရာ အရပ်ကို တွေဝေငေးမောနေတုန်းမှာ ဝတ်စုံတစ်ယောက်က သူမရဲ့ ပခုံးကို လာကိုင်တယ်။ ထိုက်ယု ရင်ထဲမှာ ဖျတ်ခနဲ ဖြစ်သွားပြီး လှည့်ကြည့်လိုက်တော့ အိမ်ဖော်မိန်းကလေး တစ်ယောက်ကို တွေ့ရတယ်။

ထိုက်ယုက ပန်းကြွေကောက်တဲ့ ကိစ္စကို ရပ်နားပြီး အိမ်ဖော်မိန်းမလေးနဲ့အတူ စံအိမ်ကို ပြန်လိုက်သွားတယ်။

▮

ပေါက်ယုဟာ စံအိမ်ထဲကို ရောက်သွားတယ်။

ကြာဖြူပန်းအခန်းမှာ အိမ်ဖော်တစ်ယောက်ရောက်နေတယ်။

သူမက ကြာဖြူပန်း ဇာပန်းထိုးထားတာတွေကို ကြည့်နေရာက ပေါက်ယုကို တွေ့တော့. .

"သခင်လေးကို မယ်မယ်ကြီး ခေါ်ခိုင်းလိုက်တယ်၊ အဝတ်လဲပြီး သခင်ကြီး ကျိရှဲကို မြန်မြန်သွားကြည့်ရမယ်တဲ့" လို့ပြောလိုက်တယ်။

ပေါက်ယုက အိမ်ဖော်လေးကို လှမ်းကြည့်လိုက်တယ်။

သူမက ဦးခေါင်းငုံ့နေလို့ ပေါက်ယုလှမ်းကြည့်တာကို သတိမထားဘူး။ သူမရဲ့ လည်ကုပ်သား ဝင်းဝင်းလေးကို ပေါက်ယုက ငေးစိုက်ကြည့်နေရာက ရှေ့တိုးသွားတယ်။ ဒါကြောင့် သူမ ရှောင်ထွက်သွားတယ်။

ကြာဖြူပန်းဟာ ပေါက်ယုကို အဝတ်အစား လဲလှယ်ဝတ်ဆင်ပေးပြီး ဖိနပ်အသစ်စီးပေးတယ်။ နောက်ပြီး "သခင်လေး အဲလိုမျိုး အနေအထိုင် မဆင်ခြင်ရင်တော့ စံအိမ်မှာ ဘယ်သူမှ နေမှာမဟုတ်တော့ဘူး၊ ထွက်ပြေးကုန်ကြလိမ့်မယ် သိလား" လို့ပြောတယ်။

ပေါက်ယုက ဘာမှမပြောဘဲ အသာလေးငြိမ်နေတယ်။

▮

ထိုက်ယုဟာ အဆောင်ထဲမှာ နေရတာ ပျင်းလို့ ဥယျာဉ်ထဲကို ဆင်းလာခဲ့တယ်။ ငှက်ကလေးတွေ အော်မြည်သံနဲ့ စမ်းချောင်းက ရေစီးသံက လွဲလို့ တခြား ဘာသံကိုမျှ မကြားရဘူး။ ဒါကြောင့် ထိုက်ယုဟာ ပေါက်ယုနေထိုင်တဲ့ အဆောင်ရှိရာကို ဆက်လျှောက်ခဲ့တယ်။ အဆောင်ထဲမှာ ငှက်မိမယ်နဲ့ ပေါက်ကြည်တို့ ရယ်ရယ်မောမော စကားပြောသံကြားလို့ ဝင်သွားတယ်၊ လီဝမ်ကိုပါ အခန်းထဲမှာ တွေ့ရတယ်။

"မနေ့တုန်းက ထိုက်ယုအဆောင်ကို လက်ဖက်ရည်ကရား ပို့လိုက်တာ ရလားဟင်"

ငှက်မိမယ်က လှမ်းမေးတယ်။

"ရပါတယ်ရှင်၊ ကျေးဇူးပါပဲ မလေးငှက်မိမယ်"

"မြောက်နန်းစံမိဖုရားက ပို့လိုက်တဲ့ လက်ဖက်ခြောက် အကောင်းစားနဲ့ ကျိုထားတာလေ ကြိုက်တယ် မဟုတ်လား ထိုက်ယု၊ နောက်ပြီး အဲဒီလက်ဖက်ခြောက်လည်း ပို့လိုက်ဦးမယ်"

"ဟုတ်ကဲ့ ကြိုက်ပါတယ်၊ ကျေးဇူးတင်ပါတယ်ရှင်"

ထိုက်ယုက အလိုက်အထိုက် ပြောလိုက်တယ်။

ငှက်မိမယ်က ရယ်လိုက်ပြီး . . .

"ရပါတယ်ကွယ် . . . ထိုက်ယုဆီက အကူအညီ တစ်ခုလောက်တောင်းစရာ ရှိသေးတယ်"

"ဘာများလဲ မလေးငှက်မိမယ်၊ ထိုက်ယုကို လက်ဖက်ခြောက်နည်းနည်းပေးပြီး ဘာခိုင်းမလို့လဲ"

"ကြီးကြီးကျယ်ကျယ်တော့ မဟုတ်ပါဘူး ထိုက်ယုရယ်၊ လက်ဖက်ခြောက်လက်ဆောင်ပေး၊ ချွေးမတော်ရချေသေးဆိုတဲ့ စာချိုးလိုပေါ့"

ငှက်မိမယ်စကားကြောင့် ဝါးခနဲ ပွဲကျသွားတယ်။

ထိုက်ယုကတော့ မရယ်နိုင်ဘူး၊ ရှက်လို့ မျက်နှာလွှဲနေတယ်။

လီဝမ်က ပြုံးစစနဲ့ ပေါက်ကြည်ကို လှည့်ကြည့်ပြီး . . .

"ဒီယောင်းမက ဟာသ မပြောတတ်ဘူးထင်တယ်၊ လုပ်စမ်းပါဦး" လို့ ပြောလိုက်တယ်။

ထိုက်ယုဟာ ထောင်းခနဲ ဒေါသဖြစ်သွားတယ်။





"ဒီလို နောက်တာမျိုး ထိုက်ယု မကြိုက်ဘူး၊ မနောက်နဲ့"

ထိုက်ယုက ခပ်ပြတ်ပြတ် ပြောလိုက်တယ်။

အဲဒီအချိန်မှာ ပေါက်ယု ဝင်လာတယ်။ ငှက်မိမယ် ပြုံးနေရာက ...က်ယုဘက်ကို လက်ညှိုးထိုးပြီး . .

"မကြိုက်စရာ မရှိပါဘူးကွယ်၊ ပေါက်ယုဟာ ငှက်မိမယ်ရဲ့တူ ...ဘော့၊ ထိုက်ယုက ငှက်မိမယ်ရဲ့ တူမ ဖြစ်ရင် မကောင်းပေဘူးလား။ ...က်ယုကို ကြည့်စမ်း ရုပ်လည်းချော၊ မျိုးရိုးလည်းကောင်း၊ မနဥစ္စာနဲ့ ...ည်း ပြည့်စုံ၊ ဘာလိုသေးလို့လဲ၊ ထိုက်ယုနဲ့ဆို အရမ်းကို ရှေ့သွားနောက် ...ညီမှာပဲ"

ထိုက်ယုမျက်နှာ နီးမြန်းလာတယ်။

ထိုင်ရာက ထပြီး ပြန်ဖို့ လျှောက်သွားတယ်။

"စိတ်မဆိုးပါနဲ့၊ မလေးငှက်မိမယ်က ပျော်လို့ စတာပါ"

ပေါက်ကြည်က နောက်ကနေ လိုက်ခေါ်တယ်။

အဆောင်ပေါက်ဝနား ရောက်တော့ ချူကို့ကို တွေ့လိုက်ရတယ်။ ...မ်နဲ့ ပေါက်ကြည်တို့က ချူကို့ကို လက်ဖက်ရည်သောက်ဖို့ လှမ်းခေါ် ...ယ်၊ သခင်မကြီးဆီက အိမ်ဖော်တစ်ယောက် ရောက်လာပြီး မိန်းမပျို ...ကို ခေါ်ခိုင်းလိုက်ကြောင်း ပြောပြတယ်။

"မလေးငှက်မိမယ်နဲ့ တခြားအမျိုးသမီးတွေ လိုက်သွားကြပါ၊ ...းထိုက်ယုကိုတော့ ကျွန်တော် စကားပြောစရာရှိလို့ ခဏနေပါဦး"

ပေါက်ယုက ပြောတော့ ငှက်မိမယ်က ထိုက်ယုကို ပြုံးပြတယ်။

"မလေးထိုက်ယုကို အလိုရှိတယ်ဆိုတော့ နေခဲ့ဦးပေါ့ကွယ်"

ငှက်မိမယ်က ပြောပြောဆိုဆိုနဲ့ ထိုက်ယုကို ခန်းဆောင်ထဲ တွန်း ...ယ်။ နောက်ပြီး လီဝမ်နဲ့အတူ ငှက်မိမယ် ထွက်သွားတယ်။ ပေါက် ...့ ထိုက်ယု နှစ်ယောက်တည်း ကျန်ခဲ့ချိန်မှာ ပေါက်ယုက ထိုက်ယုရဲ့ ...လက်ဖျားကို လှမ်းကိုင်တယ်။ ဒါပေမယ့် ထိုက်ယု မျက်နှာတစ်ခုလုံး ...းရောင်သန်းသွားပြီး အကျီလက်ဖျားကို ပြန်ဆွဲလိုက်တယ်။

"ဟာ. . မောင်လေးခေါင်းထဲမှာ အရမ်းကိုက်လာပြီ၊ ဘယ်လို ...ဘာလဲ မသိဘူး၊ ဟာ. . . လုပ်ကြပါဦး အမယ်လေး"

ပေါက်ယုက အသည်းအသန် အော်လိုက်တယ်။

"မောင်လေး ဟန်ဆောင်တာ ကောင်းပါတယ်၊ ဒါပေမယ့် မလေး မယုံဘူး" ထိုက်ယုက အေးအေးပြောလိုက်တယ်။

"နောက်နေတာ မဟုတ်ဘူး တကယ်ပြောတာ၊ ဟာ ခေါင်းထဲမှာ အရမ်းနာလာပြီ သေတော့မယ် လုပ်ပါဦးဗျ လုပ်ကြပါဦး"

ပေါက်ယုဟာ ထိုင်ရာက ထပြီး ခုန်ပေါက်တယ်။ အသည်းအသန် အော်ဟစ်နေတယ်။ ဒီတော့မှ ထိုက်ယုဟာ အထိတ်တလန့်ဖြစ်သွားပြီး အိမ်ဖော်တွေနဲ့အတူ သခင်မကြီးနဲ့ မယ်မယ်ကြီးဆီကို အပြေးအလွှား သွားပြောကြတယ်။

မယ်မယ်ကြီးနဲ့ သခင်မကြီးတို့ ရောက်လာကြတယ်။

ပေါက်ယုက သူ့ကိုယ်သူ စီရင်မယ်ဆိုပြီး ခန်းဆောင်ထဲမှာ ဓား လိုက်ရှာနေတယ်။ ပေါက်ယုရဲ့ အဆောင်ဝန်းကျင် ဥယျာဉ်ထဲမှာတော့ စံအိမ်ကြီးက ဆွေမျိုးသားချင်းတွေရော၊ အိမ်ဖော်တွေပါ အကုန်ရောက် လာကြတယ်။ မယ်မယ်ကြီးနဲ့ သခင်မကြီးတို့ဟာ ပေါက်ယုရဲ့အဖြစ်ကို ကြည့်ပြီး ငိုနေကြတယ်။

အဲဒီအချိန်မှာ ငှက်မိမယ်ကလည်း ဓားရှည်ဆွဲပြီး သူ့အဆောင် ထဲက ပြေးထွက်လာတယ်။ လမ်းတစ်လျှောက် မြင်မြင်ကရာ ခွေးရော၊ ကြက်ရော လိုက်ခုတ်နေတယ်။ လူတွေပါ ခုတ်ဖို့ ကြိုးစားတော့ အိမ်ဖော် တွေက ငှက်မိမယ်ကို အတင်းဝင်ဖက်ပြီး လက်ထဲက ဓားရှည်ကို လုယူရ တယ်။ ပြီးတော့ ငှက်မိမယ်ကို သူ့အဆောင် ပြန်ပို့လိုက်ရတယ်။

နောက်နေ့မှာ ပေါက်ယုနဲ့ ငှက်မိမယ်ကို ပယောဂဆရာနဲ့ ကုဖို့ အကြံပေးကြတယ်။ တချို့က ကျောက်စိမ်းဘုရင် ဝတ်ကျောင်းက တာအို ဘုန်းကြီးခေါ်ပြီး ဂါထာ၊ မန္တန် ရွတ်သင့်တယ်လို့ ပြောတယ်။

ဒါပေမယ့် ဘာမှ အကြောင်းမထူးဘူး။

တတိယမြောက်နေ့မှာ ပေါက်ယုနဲ့ ငှက်မိမယ်ရဲ့ အခြေအနေ ဟာ အဆိုးဝါးဆုံး ဖြစ်သွားပြီ၊ လုံးဝ သတိလည်မလာတော့ဘူး။





ဒါကြောင့် မျှော်လင့်ချက်တွေကို လျှော့ပြီး အသုဘကိစ္စအတွက် ကြိုတင်စီစဉ်နေကြတယ်။ မယ်မယ်ကြီး သခင်မကြီးနဲ့ ကြာဖြူပန်းတို့ဟာ အစားပျက်၊ အအိပ်ပျက်နဲ့ ကျန်တဲ့လူတွေထက် ပိုပြီး ဒုက္ခရောက်နေ ကြပြီ။ စတုတ္ထမြောက်နေ့ကျတော့ ပေါက်ယု မျက်လုံးအစုံ ဖွင့်လာတယ်။

"ပေါက်ယုကို ခေါ်နေကြပြီ၊ မြန်မြန်လုပ်ပါ . . ပေါက်ယု သွားရ တော့မယ် မယ်မယ်" လို့ ပြောလိုက်တယ်။ မယ်မယ်ကြီးဟာ အသည်း အသန် စိတ်ထိခိုက်သွားပြီး ရှိုက်ငိုလိုက်တယ်။ အဲဒီအချိန်မှာ မြို့စားကြီးရဲ့ အမြောင်မယားဖြစ်တဲ့ ချောက ဝင်ပြောတယ်။

"မယ်မယ်ကြီး စိတ်ကို ဖြေလိုက်ပါတော့၊ သူ့လမ်း သူ သွားပါစေ တော့၊ မယ်မယ်ကြီး ငိုနေတာကို မြင်ရင် သူ အသေဖြောင့်မှာ မဟုတ်ဘူး၊ ဒါဆိုရင် သူ့အနေနဲ့ ကောင်းရာမွန်ရာ ရောက်မှာ မဟုတ်ဘူး"

မယ်မယ်ကြီးက ချောကို ဒေါသမျက်လုံးနဲ့ ကြည့်လိုက်တယ်။

"ငါ့မြေး မသေရဘူး၊ နင့်ဘာမှ ဝင်ပြောစရာ မလိုဘူး၊ အခုလို ဖြစ်ရတာ နင့်လက်ချက်ပဲ၊ ငါ့မြေးကို နင် စုန်းမတွေ၊ နတ်ကတော်တွေနဲ့ ပြုစားထားတာ၊ ငါ့မြေး သေရင် နင့်ကို ငါကိုယ်တိုင် သတ်မယ်"

မယ်မယ်ကြီးက အော်ဟစ်သတိပေးလိုက်တယ်။

မြို့စားကြီးရောက်လာပြီး ချောကို နှင်ထုတ်လိုက်တယ်။ နောက်ပြီး မိခင်ကြီးကို နှစ်သိမ့်နေတယ်။ အဲဒီအချိန် အိမ်ဖော်တစ်ယောက် ဝင်လာ တယ်၊ မှာထားတဲ့ ခေါင်းတလားနှစ်ခု ရောက်လာပြီလို့ သတင်းပေးတော့ မယ်မယ်ကြီးဟာ အကြီးအကျယ် ပေါက်ကွဲသွားတယ်။

ခေါင်းတလား ယူလာတဲ့လူတွေကို ရိုက်နှက်မောင်းထုတ်ဖို့ ပြော လိုက်တယ်။ မယ်မယ်ကြီး ဒေါသ မပြယ်ခင်မှာ ကြေးစည်ထုသံ ကြား လိုက်ရတယ်။

*"ဗုဒ္ဓမြတ်စွာဘုရားသာ ကိုးကွယ်ရာ ဖြစ်တယ်၊ ပူဆွေးသောက ရောက်သူတွေကို တရားတော်ကသာ ကယ်တင်နိုင်တယ်"* ဆိုတဲ့ အသံ ဟာ စံအိမ်ကြီးထဲမှာ ပီပီသသ ကြားလိုက်ရတော့ မြို့စားကြီးက အံ့သြ နေတယ်။ မယ်မယ်ကြီးနဲ့ သခင်မကြီးက အဲဒီ ဘုန်းတော်ကြီးကို ပင့်ခိုင်း လိုက်တဲ့အတွက် အိမ်စေက သွားပင့်တယ်။

ကိုရင်ကြီး နှစ်ပါး ဖြစ်နေတယ်။ တစ်ပါးက ခေါင်းမှာ အနာတွေနဲ့ ဖြစ်ပြီး၊ တစ်ပါးကတော့ ခြေတစ်ဖက် မသန်ရှာဘူး။ စံအိမ်ထဲ ရောက်လာတော့ မြို့စားကြီးက ကြိုဆိုပြီး ပြောပြတယ်။

"တပည့်တော်တို့အိမ်မှာ လူနာနှစ်ယောက် ရှိနေပါတယ်၊ ကိုယ်တော်တို့ဆီမှာ ဆေးစွမ်းကောင်း ရှိပါသလား"

"ကျုပ်တို့မှာ ဆေးရှိဖို့ မလိုဘူး။ ဒကာကြီးအိမ်မှာ ရောဂါတွေ ပျောက်အောင်ကုလို့ရတဲ့ ရတနာရှိတယ်"

ခြေတစ်ဖက်မသန်တဲ့ ကိုရင်ကြီးရဲ့စကားကို ကြားလိုက်တယ်။

မြို့စားကြီးဟာ ရုတ်တရက် သတိရမိတယ်။

"တပည့်တော်သားမှာ မွေးကတည်းက ကျောက်စိမ်းတစ်တုံး ပါလာပါတယ်၊ အဲဒီကျောက်စိမ်းဟာ အန္တရာယ်တွေ ကင်းစေနိုင်တယ်လို့ စာထွင်းထားပါတယ်၊ ဒါပေမယ့် အန္တရာယ်မကင်းလို့ တပည့်တော်ရဲ့သား သတိလစ်နေပါပြီ"

"အဲဒီကျောက်စိမ်းကြောင့် ဒကာကြီးရဲ့သား အန္တရာယ်မကင်းတာ မဟုတ်ဘူးဗျ၊ ကာမဂုဏ်ရမ္မက်နွံတွေ တွယ်ကပ်စွန်းပေနေလို့ ကျောက်စိမ်းမှာရှိတဲ့ တန်ခိုးတွေ ပြယ်သွားတာပါ၊ ကျုပ်ကို ပေးစမ်း၊ မူလတန်ခိုးတွေ ပြန်ဖြစ်လာရစေမယ်"

မြို့စားကြီးဟာ ပေါက်ယုရဲ့လည်ပင်းက ကျောက်စိမ်းဆွဲကြိုးကို ဖြုတ်ပေးလိုက်ပါတယ်။ ကိုရင်ကြီးတစ်ပါးက ကျောက်စိမ်းတုံးကို ရိုရို သေသေ လက်ဖဝါးပေါ်တင်ပြီး သေသေချာချာကြည့်တယ်။

သက်ပြင်းတစ်ချက် ချလိုက်အပြီးမှာ ....

"ဩော်,မဟာဂီရိတောင်ခြေမှာ ကျုပ်တို့ထားခဲ့တာ ဘာမှ မကြာလိုက်ဘူး ထင်ရတယ်၊ ဒါပေမယ့် လူတွေရဲ့ ဘဝသက်တမ်းဟာ အတော်မြန်ဆန်တာပဲ၊ သင့်မှာ လောကီစည်းစိမ်တွေ စွန်းပေနေပါလား"လို့ . .

ပြောလိုက်တယ်။

နောက်တော့ . . ကိုရင်ကြီးဟာ ကျောက်စိမ်းတုံးလေးကို လက်နဲ့ ထပ်ကာတလဲလဲ ပွတ်သုတ်နေတယ်။ ပါးစပ်ကလည်း ဆုတောင်း ရွတ်ဆိုနေတယ်၊ ပြီးတော့မှ မြို့စားကြီးရဲ့ လက်ထဲကို ပြန်ပေးလိုက်တယ်။





"ရှော့ မူလရှိရင်းစွဲ အစွမ်းသတ္တိတွေ ပြန်ရောက်လာပြီ၊ မြင့်မြတ်တဲ့ ပစ္စည်းတစ်ခုလို ရိုရိုသေသေထားပါ။ ဒီစံအိမ်မှာ ရှိတဲ့ လူနာနှစ်ယောက်ကို တစ်ခန်းတည်းမှာ ထားပြီး ဒီကျောက်စိမ်းကို အခန်းပေါက်ဝအထက်မှာ (၃၃)ရက်လုံး ချိတ်ဆွဲထားရမယ်. . .

အဲဒီရက်တွေ အတွင်းမှာ ဒကာကြီးရဲ့ မိခင်နဲ့ ဒကာကြီးရဲ့ ဇနီးကလွဲရင် တခြား ဘယ်အမျိုးသမီးမှ အဲဒီလူနာတွေထားတဲ့ အခန်းထဲကို မဝင်ပါစေနဲ့၊ ဒါဆိုရင် လူနာနှစ်ယောက်စလုံး မူလအတိုင်း ကျန်းမာချမ်းသာလာမှာပါ"

ပြောပြီးပြီးချင်း ကိုရင်ကြီးနှစ်ပါး ပြန်ကြွသွားကြတယ်။

မယ်မယ်ကြီးက လက်ဖက်ရည်တိုက်ဖို့ အိမ်ဖော်တွေနဲ့ လိုက်ခေါ်ခိုင်းတယ်။ ဒါပေမယ့် ကိုရင်ကြီးနှစ်ပါးရဲ့ အရိပ်အယောင်ကိုတောင်မှ မတွေ့ရတော့ဘူး။

ပေါက်ယုဟာ နေကောင်းလာတော့ ဝါးပင်တွေ လှုလှုပပ ပေါက်နေတဲ့ နေရာက အဆောင်ဘက်ကို လျှောက်ခဲ့တယ်။ အဲဒီအဆောင်ရဲ့ ပြတင်းပေါက်မှာ ဖက်ဖူးရောင် ဇာခန်းဆီး ကာထားတာ တွေ့ရတယ်။ ပေါက်ယုရဲ့ နှာခေါင်းထဲကို ချိုသင်းနံ့တစ်ခု တိုးဝင်လာတယ်။ ပေါက်ယုက ဇာခန်းဆီးကို မျက်လုံးနဲ့ကပ်ပြီး အခန်းထဲကို ကြည့် လိုက်တယ်။

*ညစဉ်ညတိုင်းမှာ၊ အိပ်မက်လှလှ မက်ချင်တာ၊ အိပ်မက်ထဲမှာသာ၊ ချစ်သူကို တွေ့ရသောအခါ၊ လွမ်းမောဆွတ်ပျံ့ဖွယ်ရာ . . .*

ဆိုတဲ့ကဗျာကို ဖွဖွလေးရွတ်ဆိုနေတဲ့ ထိုက်ယုကို တွေ့ရတယ်။

ပေါက်ယုက သူမ ရဲ့ အဆောင်ပေါက်ဝကို ရောက်သွားတော့ ထိုက်ယုရဲ့ အထိန်းတော် မိန်းမကြီးက "သခင်မလေး အိပ်ပျော်နေတယ်" လို့ ပြောတယ်။ ဒါပေမယ့် ပေါက်ယုက အထဲကို ဆက်ဝင်သွားတယ်။

ထိုက်ယုက "ကျွန်မ မအိပ်သေးပါဘူး". . လို့ ပြောပြီး ဆံပင်ကို ဖြီးသင်နေလိုက်တယ်၊ ထိုက်ယုရဲ့ ပါးမို့လေးဟာ နှင်းဆီနီနီရဲ့ ပွင့်ဖတ်ကလေးလို နူးညံ့နေတယ်။ မျက်လုံးအစုံက မျက်ရည်ခိုးတွေ ဝေနေတယ်။

ပေါက်ယုက ထိုက်ယုအနားမှာ သွားထိုင်တယ်။

"မလေး ကဗျာဆိုသံက အရမ်းလွမ်းမောဖို့ ကောင်းတာပဲ၊ အဲဒီ အိပ်မက်ထဲကချစ်သူဟာ ဘယ်သူလဲ မလေး"

ပေါက်ယုက ရယ်သံနဲ့ မေးလိုက်တယ်။

ထိုက်ယုဟာ ရှက်ကိုးရှက်ကန်း ဖြစ်သွားတယ်။

"ဒါ သက်သက်လျှောက်တာမဟုတ်လား မောင်လေး၊ ဒီက အသံ မကောင်းလို့ တိုးတိုးလေးဆိုနေတာကို တမင်ချောင်းမြောင်းနားထောင်ပြီး ရယ်စရာ လုပ်တာပေါ့ ဟုတ်လား၊ ဒါပေါ့လေ. . . တို့က ဇနပုဒ်က လာတဲ့ သူဆိုတော့ မောင်လေးတို့ ရွှေမြို့တော်သူ ရွှေမြို့တော်သားတွေက အထင် သေးကြတာပေါ့နော်"

ထိုက်ယုက ဝန်းနည်းသံလေးနဲ့ ကြေကြေကွဲကွဲ ပြောနေတယ်။

သူမရဲ့ မျက်လုံးအိမ်ထဲမှာ မျက်ရည်တွေ ပြည့်လျှံလာတယ်။

"မောင်လေး အဲလို အဓိပ္ပာယ်မျိုးနဲ့ ပြောတာမဟုတ်ပါဘူး မလေး ရယ် . . တကယ်ပါ"

ပေါက်ယုက ကြင်ကြင်နာနာ ယုယုယယနဲ့ ချော့နေချိန်မှာ ကြာဖြူပန်း ရောက်လာတယ်။

"မြို့စားကြီး ခေါ်ခိုင်းလိုက်တာ၊ မြန်မြန်လာ"လို့ ပြောတယ်။

ဒါနဲ့ ပေါက်ယုက အလောတကြီး လိုက်သွားတယ်။

အပြင်ဘက်ရောက်တော့ မြို့စားကြီးရဲ့ အိမ်ဖော်နဲ့ တွေ့တယ်။ ကြာဖြူပန်းက ပေါက်ယုကို ထားရစ်ခဲ့ပြီး ပြန်သွားတယ်။ အိမ်ဖော်က ပေါက်ယုကို ပေါက်ကြည်ဆီကို လိုက်ပို့တယ်။ ဒီတော့မှ သူ့ကို ညာခေါ် တာမှန်း သိလိုက်ရတယ်။ ပေါက်ယု ဒေါသဖြစ်သွားတယ်။

"မင်းကို ငါက ညာခေါ်ခိုင်းလိုက်တာပါ။ သူတို့က ငါညာတာကို တကယ်ထင်ပြီး အသည်းအသန် သွားခေါ်ကြတာ"

ပေါက်ကြည်က ရှင်းပြတယ်။ နောက်ပြီး သူ့မွေးနေ့ အကြိုစား သောက်ပွဲ သဘောမျိုးနဲ့ ပေါက်ယုကို စပါယ်ရှယ် စီစဉ်ထားတဲ့ ကြာရိုးနဲ့ ဖရဲသီးတွေ ကျွေးတယ်။ အချိန်က ညဉ့်နက်နေပြီ။

ထိုက်ယုဟာ ပေါက်ယု ပြန်မလာလို့ စိတ်ပူနေတယ်။





နောက်တော့ ပေါက်ယုအဆောင်ကို လိုက်သွားတယ်။

ပေါက်ယုဟာ ပေါက်ကြည်နဲ့ ရယ်ရယ်မောမောစကားပြောနေသံ ကြားရလို့ ထိုက်ယု ခြေလှမ်းတုံ့သွားတယ်။

ထိုက်ယုက ငြိမ်ငြိမ်ကလေးရပ်ပြီး . . .

"တကယ်တော့ ဒီစံအိမ်ကြီးဟာ ငါ့အိမ်မှ မဟုတ်ဘဲ၊ ငါ့မိဘနှစ် ယောက်စလုံး ဆုံးသွားကြပြီ၊ ငါဟာ ဒီစံအိမ်မှာ အပြင်လူတစ်ယောက် ဖြစ်နေပြီ၊ ဒါကြောင့် သူတို့အားလုံးနဲ့ အဆင်ပြေအောင် နေမှဖြစ်မယ်၊ ဒီမှာ တခြားသွားစရာနေရာလည်း မရှိတော့ပါလား"လို့. . .

တွေးမိပြီး ရင်ထဲမှာ တဖိုဖို တလှိုက်လှိုက် ဖြစ်လာတယ်။

နောက်တော့ ပန်းချုံတွေနားမှာ ရှိနေတဲ့ သစ်ပင်ကြီးတစ်ပင် အောက်မှာ သွားထိုင်ပြီး ငိုနေလိုက်တော့တာပါပဲ။

နောက်တစ်နေ့ကျတော့ ရွှေနန်းတော်ကြီးမှာရှိတဲ့ မြောက်နန်းစံ မိဖုရားက ခန်းဆောင်နီစံအိမ်ကြီးထဲမှာ ရှိနေကြတဲ့ သူ့ရဲ့ဆွေမျိုးတွေဆီကို လက်ဆောင်ပစ္စည်းတွေ ပို့လိုက်တယ်။ ပေါက်ယုနဲ့ ပေါက်ကြည်အတွက် အဖိုးတန် လက်ဆောင်တွေပါပြီး ထိုက်ယုအတွက် ယပ်တောင်နဲ့ ပုတီးပဲ ပို့လိုက်တယ်။ ဒါကြောင့် ပေါက်ယုဟာ စိတ်မကောင်းဖြစ်ပြီး သူ ရတဲ့ လက်ဆောင်တွေကို ထိုက်ယုအတွက်ဆိုပြီး အိမ်ဖော်နဲ့ ပို့ခိုင်းလိုက်တယ်။

ဒါပေမယ့် ထိုက်ယုက လက်မခံဘဲ ပြန်ပေးတယ်။

"အဲလိုမျိုး အဖိုးတန်လက်ဆောင်တွေကို မရထိုက်ပါဘူး၊ မလေး ဘဝက ပေါက်ကြည်နဲ့ နှိုင်းယှဉ်လို့ မရပါဘူး၊ ကျွန်မ ထိုက်ယုဟာ တော ထဲမှာ အလေ့ကျပေါက်တဲ့ ပန်းတစ်ပွင့်ပါလို့" နာနာကြည်းကြည်းနဲ့ ပြော လိုက်တယ်။

ပေါက်ယုကို ပေါက်ကြည်နဲ့ သဘောတူနေကြတဲ့ အခြေအနေမျိုး ဖြစ်နေတာကို စံအိမ်ထဲမှာ တီးတိုးသတင်းပြန့်နေတယ်။

ဒါကြောင့် အဲဒီအကြောင်းနဲ့ ပတ်သက်ပြီး ပေါက်ယုက . . .

"ဘယ်သူဘာပဲပြောပြော မိဘကလွဲရင် မလေးဟာ မောင်လေး သံယောဇဉ်အရှိဆုံးပါ၊ မောင်လေး ကျိန်ပြောမှ ယုံမယ်ဆိုရင် . . ."

ပေါက်ယု စကားမဆုံးခင် ထိုက်ယုက ဖြတ်ပြောတယ်။

"ကျိန်မနေပါနဲ့ မောင်လေးရယ်၊ မလေးက မောင့်နှလုံးသားထဲမှာ ရှိနေပေမယ့် ပေါက်ကြည်နဲ့ တွေ့လိုက်တဲ့အခါလည်းကျရော မလေးဟာ မောင့်နှလုံးသားထဲက ပျောက်ကွယ်သွားရမယ့် ဘဝမျိုးပါ"

ပေါက်ယုက ထိုက်ယုကို ငေးကြည့်နေတယ်။

ထိုက်ယုက ဆွေးဆွေးမြည့်မြည့် ပြောနေတယ်။

"မလေးဟာ မောင်နဲ့လိုက်မယ့် မိန်းကလေးမျိုး မဟုတ်ပါဘူး၊ မလေးမှာ ခနဥစ္စာလည်း မကြွယ်ဝဘူး၊ သာမန် မိန်းကလေးတစ်ယောက် ဖြစ်နေတယ်လေ၊ ဒါကြောင့် မယ်မယ်ကြီးက မောင်လေးကို သင့်တော်တဲ့ မိန်းကလေးနဲ့ ရွေးချယ်လက်ဆက်ပေးပါလိမ့်မယ်"

ပေါက်ယုဟာ ဘာတစ်ခွန်းမှ ပြန်မပြောနိုင်ဘူး။

သူ့ရင်ထဲမှာ မွန်းကျပ်ဆို့နင့်နေတယ်။ တကယ်တော့ သူနဲ့ထိုက်ယုဟာ ငယ်ငယ်ကတည်းက စိတ်တူကိုယ်တူ ကြီးပြင်းလာခဲ့ကြတာပါ။ ဒါကြောင့် ထိုက်ယုရဲ့တန်ဖိုးကို ပေါက်ယုက အသေးစိတ်သိထားတယ်။ စံအိမ်မှာ ရှိနေကြတဲ့ဆွေမျိုးသားချင်းတွေ၊ ပြင်ပက မိတ်ဆွေသူငယ်ချင်း အပေါင်းအသင်းတွေ၊ အဲဒီအားလုံးထဲမှာ ထိုက်ယုလောက် အရည်အချင်း ပြည့်မီတာ တစ်ယောက်မှ မရှိဘူး။

ဒါကြောင့် ထိုက်ယုကို ချစ်သူအဖြစ် လျာထားခဲ့တယ်။

ဒါပေမယ့် ဖွင့်မပြောရဲဘူး။

"မလေး စိတ်ချမ်းသာဖို့အတွက် မောင်လေး သေပေးရမယ်ဆိုရင်တောင် . . . မောင်လေး ပျော်ပျော်ကြီး သေဝံ့ပါတယ်"

အဲဒီ စကားကို ပေါက်ယုက ရင်ထဲမှာ ထပ်ကာတလဲလဲ ပြောနေမိတယ်။

"မလေးကြောင့် . . . ဘယ်တော့မှ မောင်လေး စိတ်မထိခိုက်စေချင်တာ အမှန်ပါ"

ထိုက်ယုရဲ့ရင်ထဲမှာ အဲဒီစကားသံဟာ ပဲ့တင်ထပ်နေတယ်၊

ဒါပေမယ့် ထိုက်ယုက ခနဲ့လိုက်တယ်။

"ဘာလဲ လူကြီးတွေ သဘောတူတဲ့ မိန်းမနဲ့ အမြန်ဆုံး လက်ထပ်ချင်နေပြီလား"





ထိုက်ယုစကားကြောင့် ပေါက်ယုဟာ လည်ပင်းမှာ ဆွဲထားတဲ့ ကျောက်စိမ်းတုံးကို အမှုန့်ဖြစ်သွားအောင် ထုခွဲချေပစ်မယ် ဆိုပြီး . . . သတကြီးနဲ့ ကျောက်စိမ်းတုံးခွဲဖို့ လက်နက်ကိရိယာ လိုက်ရှာနေတယ်။

ထိုက်ယုက ငိုပြီး . . .

"အသက်မရှိတဲ့ ပစ္စည်းကို ဖျက်ဆီးပစ်မယ့်အစား ထိုက်ယုကိုသာ အောင်သတ်ပြီး ဖျက်ဆီးလိုက်ပါလားဟင်" လို့ ပြောလိုက်တယ်။

အိမ်ဖော် ဇူချွန်းနဲ့ စွေ့ယင်က ပေါက်ယု ရိုက်ခွဲနေတဲ့ ကျောက်စိမ်းတုံးကို ဝင်လုဖို့ ကြိုးစားပေမယ့် မလွယ်ဘူး။ ထိုက်ယုနဲ့ ပေါက်ယု အကြီးအကျယ် စကားများနေကြတယ်လို့ ကြားလိုက်တဲ့အတွက် ကြာဖြူပန်းက ပြေးလာတယ်။ ကျောက်စိမ်းတုံးကို ကောက်ယူလိုက်တယ်။ ပေါက်ယုက ကြာဖြူပန်းလက်ထဲက ကျောက်စိမ်းတုံးကို ပြန်တောင်းတယ်။

အဲဒီအချိန်မှာ မယ်မယ်ကြီးနဲ့ သခင်မကြီးတို့ ရောက်လာတယ်။

ဒါကြောင့် ပေါက်ယုရော ထိုက်ယုပါ ငြိမ်နေကြတယ်။

"ဒီလောက် စိတ်ကြီးတဲ့ ကလေးနှစ်ယောက်ကို သံယောဇဉ်ဖြစ်မိတာ ငါ့အမှားပဲ၊ သူတို့နှစ်ယောက်အတွက် နေ့တိုင်း ငါ့မှာ စိတ်ဆင်းရဲနေတယ်၊ ဒါဟာ ဝဋ်ကြွေးပဲ"

မယ်မယ်ကြီးက ညည်းတွားပြီး ပြန်ထွက်သွားတယ်။

ထိုက်ယုဟာ မျက်ရည်တွေနဲ့ ထွက်ခွာသွားတယ်။

ပေါက်ယုအနားမှာ ကြာဖြူပန်းပဲ ကျန်ရစ်ခဲ့တယ်။

"ဒါ သခင်လေးရဲ့ အမှားပဲ၊ အခု ကြည့်လေ . . မယ်မယ်ကြီးလည်း စိတ်ဆင်းရဲသွားပြီ၊ မလေးလည်း အရမ်းစိတ်ထိခိုက်နေပြီ၊ ကြာဖြူပန်းတို့လည်း စိတ်မကောင်းဖြစ်ကြတယ်၊ သန်ဘက်ခါ နဂါးလှေတော်ပွဲနေ့ပဲ၊ အဲဒီပွဲတော်နေ့မတိုင်ခင် မလေးကို သခင်လေးကိုယ်တိုင်ပဲသွားပြီးတော့ တောင်းပန်လိုက်ပါနော်၊ ဒါဆိုရင် သခင်လေးတို့နှစ်ယောက်စလုံးရော အားလုံးအတွက်ပါ အဆင်ပြေသွားပါလိမ့်မယ်"

ကြာဖြူပန်းက ချိုချိုသာသာနဲ့ ပေါက်ယုကို ဖျောင်းဖျလိုက်တယ်။

## ၉

ပေါက်ယုက ထိုက်ယုကို တောင်းပန်ဖို့ သွားတယ်။

ထိုက်ယုက သူ့ကိုမြင်တော့ မျက်ရည်တွေ စီးကျလာတယ်။

"မလေး မောင့်ကို စိတ်ဆိုးနေတုန်းပဲလားဟင်၊ မောင်လေးကို ကြိုက်သလို ထုပါ၊ ရေနွေးပူနဲ့ လောင်းရင်လည်း မောင်လေး ခံပါ့မယ်၊ ဒါပေမယ့် အခုလို မခေါ်မပြောဘဲနဲ့တော့ မနေပါနဲ့နော်"

ထိုက်ယုက မျက်ရည်သုတ်လိုက်တယ်။

တကယ်တော့ သူ့အချစ်ဆုံးဟာ ပေါက်ယုပါ။

ဒါကြောင့် စိတ်ပြေသွားတယ်။ ဒါပေမယ့် အဲဒီလို စိတ်ပြေတာကို အသိမခံဘူး၊ ထိုက်ယုက ရှိုက်သံနဲ့ ပြောလိုက်သေးတယ်။

"သွားစမ်းပါ. . . ခုမှ လာချော့မနေပါနဲ့တော့၊ နောက်ဆို မောင်လေးနဲ့ အပေါင်းအသင်း မဖြစ်ချင်တော့ဘူး၊ အရမ်းကြောက်စရာကောင်းတယ်၊ ဟောဒီ လောကကြီးမှာ မလေး မရှိတော့ဘူးလို့ဘဲ သဘောထားလိုက်ပါတော့ . . ."

"မလေးက ဘယ်သွားမှာမို့လဲ"

ပေါက်ယုက ဟျာဟျာသလဲ မေးတယ်။

"ဘယ်သွားသွားပေါ့"

"မလေး သွားတဲ့နေရာကို မောင်လေး လိုက်မှာပဲ"

ပေါက်ယုက နွဲ့ဆိုးအမူအရာနဲ့ ပြောလိုက်တယ်။

"ဒါဆို မလေး သေရင်ကော"

"မလေး သေရင်တော့ မောင်လေး ဘုန်းကြီးဝတ်မှာပေါ့"

"အပိုတွေ လာပြောမနေပါနဲ့ သွားစမ်းပါ"

ထိုက်ယုက ပေါက်ယု ရင်ဘတ်ကို လက်ဖဝါးနဲ့ တွန်းလွှတ်တယ်။

ပေါက်ယုက အဲဒီလက်ဖဝါးကို ဆွဲထားတယ်။





ထိုက်ယုက ပြန်ရုန်းလိုက်ပြီး . . .

"လွှတ်စမ်းပါ၊ မောင်လေးဟာ ကလေးလေးလို နေလို့မရတော့ဘူး၊ အနေအထိုင် ဆင်ခြင်မှဖြစ်မယ်"

ထိုက်ယုက တည်တည်ကြည်ကြည်နဲ့ သတိပေးလိုက်တယ်။ အဲဒီအချိန်မှာ ငှက်မိမယ်ဟာ ပြုံးပြုံးရွှင်ရွှင်နဲ့ အခန်းထဲကို ဝင်လာတယ်။

"မယ်မယ်ကြီးက မင်းတို့နှစ်ယောက် အခြေအနေကို ကြည့်ခိုင်းလိုက်လို့ လာကြည့်တာ၊ မင်းတို့ နှစ်ယောက်လည်း ရန်ဖြစ်လိုက်၊ ပြန်ခေါ်လိုက်နဲ့ မယ်မယ်ကြီး စိတ်ဆင်းရဲနေတယ်၊ လာ. . . လိုက်ခဲ့"

ငှက်မိမယ်က ထိုက်ယုကို လက်ဆွဲခေါ်တယ်။

ပေါက်ယုက သူတို့နောက်က လိုက်လာတယ်။

မယ်မယ်ကြီးရဲ့အဆောင်ထဲ ရောက်သွားကြတယ်။ ပေါက်ကြည်လည်း အဆောင်ထဲမှာ ရှိနေတယ်။ ပေါက်ယုနဲ့ ထိုက်ယုတို့ အဆင်ပြေသွားကြလို့ အားလုံးက ဝမ်းသာနေကြတယ်။ ဒါပေမယ့် ပေါက်ကြည်က ဒီတိ စကားမျိုး ပြောလိုက်သေးတယ်။ ထိုက်ယုက မယ်မယ်ကြီးရှိနေတဲ့အတွက် သူမ စိတ်ကို ထိန်းချုပ်ထားလိုက်ရတယ်။ ပေါက်ယုကတော့ အသိမသာ အဆောင်ထဲက ပြန်ထွက်သွားတယ်။

▮

နဂါးလှေတော်ပွဲနေ့ ရောက်တော့ စံအိမ်တံခါးပေါက်တွေမှာ ဒေါ်နန်းခက်ကလေးတွေ ချိတ်ထားကြတယ်။ အိမ်သူအိမ်သားတွေအားလုံး အဆောင်အယောင်တွေ ဝတ်ထားရတယ်။ သခင်မကြီးက နေ့လယ်ပိုင်းမှာ ကျွေးမွေးပွဲလုပ်တယ်။ ဒါကြောင့် ဒေါ်လေးဆွေနဲ့ သမီးဖြစ်သူပေါက်ကြည်တို့လည်း ရောက်လာကြတယ်။

စားသောက်ပွဲမှာ ပေါက်ကြည်နဲ့ ပေါက်ယု ခပ်တန်းတန်း ဖြစ်နေကြတယ်။ ဒါကို ထိုက်ယုက မြင်တော့ ပေါက်ယုကို အကဲခတ်နေတယ်။

ပေါက်ကြည်က စကားမပြောလို့ ပေါက်ယု စိတ်မကောင်း ဖြစ်နေတယ်ထင်ပြီး ထွက်လာခဲ့တယ်။

ပေါက်ယုလည်း သူ့အဆောင်ကို သူ ပြန်သွားတယ်။

ပေါက်ယုက အဆောင်ရောက်တော့ အိမ်ဖော်မလေးကြောင့် ယပ်တောင်ကျိုးသွားတယ်။

ပေါက်ယုက ဆူပူကြိမ်းမောင်းနေတုန်း ကြာဖြူပန်း ရောက်လာတယ်။ ပေါက်ယုကို ချော့မော့ဖျောင်းဖျတယ်။ အဲဒီအချိန်မှာ အိမ်ဖော်မလေးက ကြာဖြူပန်းကို စောင်းပြီး အပုပ်ချတယ်။

ပေါက်ယုက အိမ်ဖော်မလေးကို အလုပ်က ထုတ်ပစ်ဖို့ မယ်မယ်ကြီးဆီ သွားပြောမလို့လုပ်တုန်း ကြာဖြူပန်းက ဒူးထောက်ပြီး တောင်းပန်တယ်။ ထိုက်ယု ဝင်လာတော့ အိမ်ဖော်မလေး ထွက်သွားတယ်။

ထိုက်ယုက ပေါက်ယု မျက်နှာတင်းနေတာကို သတိပြုမိလိုက်တယ်၊ ကြာဖြူပန်းရဲ့ မျက်နှာညှိုးငယ်နေတာလည်း တွေ့လိုက်ရတယ်။

"ဘာဖြစ်နေကြတာလဲ၊မောင်လေးနဲ့ကြာဖြူပန်း ရန်ဖြစ်ကြပြီလား၊ ဒါဆိုရင် ထိုက်ယု ဖျန်ဖြေပေးမယ် ဟုတ်လား"

"ကျွန်မ အရမ်းစိတ်ညစ်တယ် သခင်မလေးရယ်၊ ကျွန်မက သခင်လေးအပေါ် စေတနာအပြည့်ထားပြီး ဆက်ဆံခဲ့တယ်၊ ဒါကို တခြားအိမ်ဖော်တွေက သားပုပ်လေလွင့် ပြောကြတယ်၊ ကျွန်မ သေသွားရင် ကောင်းမှာပဲ" လို့ ညည်းတွားလိုက်တယ်။

*"ကြာဖြူပန်းသေရင် ကျွန်တော် ဘုန်းကြီးဝတ်လိုက်မယ်လေ"*

ပေါက်ယုက ပြုံးပြီးပြောလိုက်တယ်။

ထိုက်ယုကလည်း ပြုံးလိုက်တယ်။

*"မောင်လေး ဘုန်းကြီးဝတ်မယ် ပြောတာ နှစ်ခါရှိပြီနော်"*

ထိုက်ယုက မှတ်မှတ်ရရ ပြောဆိုလိုက်တဲ့အတွက် ပေါက်ယု ငြိမ်သွားတယ်။

▮

ပေကျင့်မင်းသားက မြို့စားကြီးအတွက် လက်ဆောင်ပန်းချီကားတွေနဲ့ နံ့သာအိတ်တွေ ပို့ခိုင်းလိုက်တယ်။ ဒသမလ လကွယ်နေ့ မတိုင်မီမှာ နှစ်သစ်ကူးပွဲတော်အတွက် ပြင်ဆင်ပြီးနေပြီ။ ခန်းဆောင်နီစံအိမ်နဲ့ နိုန်စံအိမ်ကြီး နှစ်ခုစလုံးရဲ့ တံခါးဝမှာ တံခါးစောင့်နတ်ရုပ်တွေ ရှိပြီး၊ ဂါထာတွေ၊ နှစ်သစ်ကူး ဆုတောင်းစာတွေကိုလည်း ပြည့်စုံစွာ စီစဉ်ထားတယ်။





နိုန်စံအိမ် ပင်မတံခါး၊ ပွဲတက်တံခါး၊ ဗဟိုခန်းဆောင်၊ ညှိခန်း [illegible] အတွင်းဆောင်၊ ဝင်းတံခါးတွေအားလုံး အပြည့်အဝ ဖွင့်ထား[illegible]ကြတယ်။

လှေကားထစ်တွေရဲ့ ဘေးတစ်ဖက်တစ်ချက်မှာ ဖယောင်းတိုင် [illegible]တွေကို ထွန်းညှိထားတယ်။ ဖယောင်းတိုင်ထိပ်က မီးညွန့်မီးစွယ် [illegible] ရွှေဝါရောင်နဂါးကြီးတွေ ပါးပျဉ်းထောင်ပြီး ယိမ်းထိုးလှုပ်ရှားလွန့်[illegible]တာနဲ့ တူနေတယ်။

နောက်တစ်နေ့ကျတော့ မယ်မယ်ကြီးနဲ့အတူ စံအိမ်တော်ကြီးရဲ့ [illegible]တ်ထားရှိတဲ့အဆင့်အတန်းအတိုင်း၊ အဝတ်အထည်တွေ ဝတ်ဆင် [illegible]နန်းတော်ကြီးဆီကို သွားရောက်ကြတယ်။ ဖူးမြော်ခစားဖို့နဲ့ ဘုရင်[illegible]ကြီး ကျွေးမွေးတဲ့ ထမင်းစားပွဲကို တက်ရောက်ဖို့ပဲ။

နောက်ပြီးတော့ ဘိုးဘွားသချိုင်းကိုလည်း သွားကြတယ်။

## ၁၀

ပေါက်ယုဟာ သူ့အမေ ခေါ်လို့ သွားတွေ့တယ်။

သခင်မကြီးက သူ့သားပေါက်ယုကို သခင်မချန်ကို့ဆီ အလည်သွားဖို့ ခေါ်တာပါ။ ပေါက်ယုဟာ ဝမ်းသာအားရနဲ့ အဝတ်သစ်တွေ ဝတ်ဆင်ပြီးတော့ အမေနဲ့အတူ လိုက်သွားတယ်။ သခင်မချန်ကို့ရဲ့ စံအိမ်ဟာ ခန်းဆောင်နီစံအိမ်နဲ့ နီနီစံအိမ်လိုပါပဲ ကြီးကျယ်ခမ်းနားတယ်။

အဲဒီစံအိမ်ကိုရောက်တော့ သခင်မချန်က သခင်မကြီးနဲ့ ပေါက်ယုတို့ သားအမိကို ထမင်းကျွေးတယ်။ အဲဒီ စံအိမ်မှာ ပေါက်ယုဟာ တစ်နေကုန်နေခဲ့ရတယ်။

ပေါက်ယုစံအိမ်တော်ကို ပြန်ရောက်တော့ ထိုက်ယုအဆောင်ကို သွားခဲ့တယ်။ ဒါပေမယ့် ထိုက်ယုအိပ်ပျော်နေကြောင်း သိရတယ်။ သူက အနှောင့်အယှက် မပေးတော့ဘဲ ဝရန်တာမှာ အဝတ်အထည်ချုပ်နေတဲ့ ဇူချွန်းအနားမှာ သွားထိုင်တယ်။ ဇူချွန်းဟာ ဂွမ်းအကျႌပါးပါးလေးဝတ်ထားတယ်။

ပေါက်ယုက ဇူချွန်းရဲ့ အကျႌလက်ဖျားကို လှမ်းကိုင်ကြည့်ပြီး . . .

"အကျႌပါးပါးနဲ့ လေတိုက်ထဲမှာ ထိုင်နေရင် အအေးမိလိမ့်မယ်"

လို့ ပြောလိုက်တယ်။

ဇူချွန်းက မျက်နှာတင်းတင်းနဲ့ ပေါက်ယုကို ကြည့်လိုက်တယ်။

"သခင်လေး ကျွန်မကို စကားပြောရင် အကျႌစကို ကိုင်ဖို့ မလိုပါဘူး၊ သခင်လေးက ကလေးမဟုတ်တော့ဘူး၊ အရွယ်ရောက်နေပြီဆိုတော့ လူတွေ လေးစားအောင် နေမှဖြစ်မယ်. . .





စံအိမ်ရဲ့အိမ်ဖော်တွေက ကွယ်ရာမှာ သားပုပ်လေလွင့် ပြောတတ်ကြတယ်၊ ဒါကြောင့်မို့လို့ သခင်မလေးထိုက်ယုတောင် သခင်လေးကို လက်ပွန်းတတီးမနေတာ သခင်လေး မရိပ်မိဘူးလား"

ဇူချွန်းက ပြောပြီးတာနဲ့ အပ်၊ အပ်ချည်နဲ့ အထည်စကို ယူပြီး အဆောင်ထဲ ဝင်သွားတယ်။ ပေါက်ယုဟာ တစ်ကိုယ်လုံး အေးစက်သွားတယ်။ တစ်ယောက်တည်း ယောင်တောင်တောင် ထိုင်နေရာက မျက်ရည်တွေ စီးကျပြီး ခြေဦးတည့်ရာ လျှောက်သွားတယ်။ အိမ်ဖော် စုယင်က ပြတ်သွားရင်း ပေါက်ယုကို တစ်ချက်လှမ်းကြည့်လိုက်တယ်။ စုယင်ဟာ သခင်မကြီးရဲ့ အဆောင်က ဆေးမြစ်တွေ ယူပြီး ပြန်လာတာ။

ပေါက်ယုက ကျောက်တုံးကြီးတစ်တုံးပေါ်မှာ ထိုင်လိုက်တယ်။ စုယင်က ပေါက်ယုအနားကို လျှောက်သွားတယ်။

"သခင်လေး ဘာထိုင်လုပ်နေတာလဲ"

"ဘာလုပ်လုပ်ပေါ့၊ နင်တို့ သခင်မလေးက ငါနဲ့ အရောမဝင်ဖို့ ပြောသွားတယ် မဟုတ်လား၊ ငါနဲ့ စကားပြောနေတာတွေ့ရင် နင့်ကို ဆူနေလိမ့်မယ်၊ သွား. . . သွား"

ပေါက်ယုနားက စုယင် ထွက်သွားတယ်။

အဆောင်ကိုရောက်တော့ ပေါက်ယု မျက်ရည်ကျနေတာတွေ့ကြောင်း ဇူချွန်းကို ပြောပြလိုက်တယ်။

"ဒါဆို သခင်မလေး နိုးလာရင် ငါအခုပဲ ပြန်လာခဲ့မယ်လို့ ပြောသွားနော်"

ဇူချွန်းဟာ ပြောပြောဆိုဆိုနဲ့ ပေါက်ယုထိုင်နေတဲ့ နေရာကို ခပ်သုတ်သုတ်လျှောက်သွားတယ်။

"လေတိုက်တဲ့ နေရာမှာ ထိုင်မနေပါနဲ့ သခင်လေးရယ်၊ ကျွန်မပြောတဲ့ အဓိပ္ပာယ်က သခင်လေးကို သူများတကာက ကဲ့ရဲ့မှာစိုးလို့ပါ။ ကျွန်မကို စိတ်ဆိုးလို့လား"

"နင်ပြောတာ စိတ်ဆိုးစရာ မဟုတ်ပါဘူး၊ ဒါပေမယ့် ဒီမှာရှိသမျှ မိန်းကလေးတွေ အကုန်လုံး အဲလိုမျိုး ဆင်ခြင်ကုန်ကြရင် ငါ့မှာ စကားပြောစရာ ကျန်တော့မှာ မဟုတ်ဘူး၊ အဲဒါကို တွေးပြီး ဝမ်းနည်းမိတာပါ"

ဧရာမြေစာပေတိုက်

ဇူချွန်းဟာ အပြုံးသဲ့သဲ့နဲ့ ပေါက်ယုဘေးမှာ ဝင်ထိုင်တယ်။

သခင်မလေး ထိုက်ယုဟာ ရှေ့နှစ်မှာ ဆူချောင်ကို ပြန်တော့မယ့်အကြောင်း ဇူချွန်းက သတင်းပေးတယ်။

"ဟိုမှာ ထိုက်ယုရဲ့ မိဘနှစ်ပါးစလုံးမှ မရှိတော့ဘဲ၊ ဆူချောင်မှာ ဘယ်သူနဲ့ သွားနေမှာလဲ"

ပေါက်ယုက ဇူချွန်းကို မေးတယ်။

"မမလေးထိုက်ယုရဲ့ ဆွေမျိုးတွေ ရှိနေကြတာပဲ၊ သခင်လေးတို့လောက် မချမ်းသာပေမယ့် မမလေးတို့ ဆွေမျိုးထဲမှာ ပညာတတ်တွေ၊ အရာရှိတွေ ရှိနေတယ်လေ၊ မယ်မယ်ကြီးစံအိမ်မှာ ကြာရှည်နေလို့ ဘယ်ဖြစ်ပါ့မလဲ၊ အိမ်ထောင်ပြုနိုင်တဲ့အရွယ် ရောက်လာတော့ သူ့မိဘဆွေမျိုးတွေက လာခေါ်မှာပေါ့"

ပေါက်ယုဟာ တွေဝေစဉ်းစားနေတယ်။

"မနေ့ညကတောင် မလေးထိုက်ယုက သခင်လေးကို ငယ်ငယ်တုန်းက ပေးထားခဲ့တဲ့ အမှတ်တရ လက်ဆောင်ပစ္စည်းလေးတွေကို ပြန်တောင်းဖို့ ကျွန်မကို ခိုင်းနေတယ်။ သခင်လေး သူ့ကို ပေးထားခဲ့တဲ့ လက်ဆောင်ပစ္စည်းတွေလည်း ပြန်ပေးတော့မလို့တဲ့"

ပေါက်ယုဟာ ရုတ်တရက် ဘာပြန်ပြောရမှန်းကို မသိတော့ဘူး။ ထိုက်ယု အဲဒီလောက်တောင် ပြောင်းလဲသွားတာကို အံ့ဩနေမိတယ်။ သူတို့အနားကို အိမ်ဖော်ချင်ဝမ်းရောက်လာတယ်။

"သခင်လေး ဒီမှာ ရောက်နေတာ ကြာနေပြီလား၊ မယ်မယ်ကြီးက ခေါ်ခိုင်းလိုက်တယ်"

ချင်ဝမ်းက ပြောပြတယ်။

"သခင်မလေး ထိုက်ယုရဲ့ ကျန်းမာရေးအခြေအနေကို သခင်လေးလာမေးလို့ ငါက ရှင်းပြနေတာ၊ ကဲ သွားမယ်"

ပြောပြောဆိုဆိုနဲ့ ဇူချွန်းဟာ ထိုက်ယုရဲ့အဆောင်ဘက် ပြန်လှည့်လျှောက်သွားလိုက်တယ်။ ချင်ဝမ်းက ပေါက်ယုကို အကဲခတ်လိုက်တယ်။ ပေါက်ယုမျက်နှာကြီးဟာ နီအန်းနေတယ်။ နဖူးပြင်မှာလည်း ချွေးတွေ စိမ့်ထွက်နေတယ်။





ဒါကြောင့် အအေးမိတယ်လို့ ထင်လိုက်တယ်။

ချင်ဝမ်းက ပေါက်ယုကို အဆောင်ခေါ် လာခဲ့တယ်။

ပေါက်ယုကို အိပ်ရာပေါ် လဲလျောင်းခိုင်းလိုက်တယ်။ ပေါက်ယုကို လက်ဖက်ရည်တိုက်တော့လည်း ထိုင်ပြီးသောက်တယ်။ ဒါပေမယ့် သူ့ကို ကြည့်ရတာ ပြူးကြောင်ကြောင်ကြီး ဖြစ်နေတယ်။

နှုတ်ခမ်းထောင့်က သွားရည်တွေ စီးကျလာတယ်။ အထိန်းတော်ကြီးလီ ရောက်လာတယ်။ လီဟာ ပေါက်ယု ကလေးဘဝကတည်းက ထိန်းလာခဲ့တာ။ အခုတော့ ပေါက်ယုအဖြစ်ကို ကြည့်ပြီး စိုးရိမ်လို့ ငိုနေတော့တယ်။

မျှော်လင့်ချက် ရှိမှာ မဟုတ်တော့ပါဘူးလို့ တဖွဖွ ပြောနေတယ်။

နောက်တော့ ကြာဖြူပန်း ရောက်လာတယ်။

ချင်ဝမ်းက အကျိုးအကြောင်း ရှင်းပြတယ်။

ဇူချွန်းရှိနေတဲ့ ထိုက်ယုရဲ့အဆောင်ကို ကြာဖြူပန်း ပြေးသွားတယ်။ ဇူချွန်းက ထိုက်ယုကို ဆေးတိုက်နေတာ တွေ့ရတယ်။ ကြာဖြူပန်းဟာ ဇူချွန်းကို တွေ့တွေ့ချင်း ဒေါသတကြီးနဲ့ ဆူပူကြိမ်းမောင်းလိုက်တယ်။

"သခင်လေးကို နင် ဘာတွေပြောလိုက်လဲ ဇူချွန်း၊ အခု သခင်လေး ဘာဖြစ်နေလဲ သိလား၊ နင်တော့ မလွယ်ဘူး ဇူချွန်း၊ သခင်လေး တစ်ခုခု ဖြစ်လို့ကတော့ မယ်မယ်ကြီးက နင့်ကို သတ်မှာသေချာတယ်"

ကြာဖြူပန်းဟာ ပြောရင်း မျက်ရည်တွေ စီးကျနေတယ်။

ထိုက်ယုက အကြီးအကျယ် အံ့အားသင့်နေတယ်။

"ဘာဖြစ်လို့လဲ ကြာဖြူပန်း"

"ဇူချွန်း ဘာပြောလိုက်လို့လဲ မသိဘူး၊ အခုဆိုရင် သခင်လေးဟာ မျက်လုံးကြီးပြူးကြောင်ပြီး တစ်ကိုယ်လုံး အေးစက်နေတာပဲ၊ စကားလည်း မပြောဘူး၊ အထိန်းတော်ကြီးလီကတော့ မျှော်လင့်ချက် မရှိတော့ဘူးဆိုပြီး ငိုနေတယ်၊ အခုအချိန်ဆိုရင် အသက်တောင် ရှင်ပါ့မလား မပြောတတ်တော့ဘူး"

ကြာဖြူပန်းစကားကြောင့် ထိုက်ယုက ငိုချလိုက်တယ်။

စောစောက သောက်ထားတဲ့ ဆေးတွေ အန်ထွက်လာတယ်။

ထိုက်ယုမျက်နှာကြီးက နီရဲကြွတက်လာပြီး အရုပ်ကြိုးပြတ်သလို အိပ်ရာပေါ်ကို ပုံလျက်သား ပစ်ကျသွားတယ်။ နောက်ပြီး ပင်ပန်းကြီးစွာနဲ့ အသက်ကို ကြိုးစားပမ်းစား ရှူနေတော့တာပါပဲ။ ဇူချွန်းက ထိုက်ယုရဲ့ ကျောကို သွားနှိပ်ရင်း လေသံသဲ့သဲ့နဲ့ ပြောလိုက်တယ်။

"ကျွန်မ သခင်လေးကို စိတ်စမ်းတဲ့ သဘောမျိုး အတည်ပေါက်နဲ့ နောက်လိုက်တာပါ မမလေးရယ်၊ သခင်လေး ဒီလောက်တောင် ဖြစ်သွားလိမ့်မယ်လို့ မထင်မိဘူး၊ ကျွန်မ သွားရှင်းပါ့မယ်"

ပြောပြောဆိုဆိုနဲ့ ဇူချွန်းဟာ ပေါက်ယုနေတဲ့ အဆောင်ကို ပြေးသွားတယ်။ မယ်မယ်ကြီးနဲ့ သခင်မကြီးတို့က ဇူချွန်းကို ဒေါသနဲ့ ကြည့်လိုက်ကြတယ်။

"မြန်မြန်လာစမ်း၊ ပေါက်ယုကို နင်ဘာတွေ သွားပြောလဲ"

မယ်မယ်ကြီးက မေးတယ်။ ဇူချွန်းက သခင်မလေး ထိုက်ယုနဲ့ မိမိတို့ ဆူချောင်ကို ပြန်တော့မယ်လို့ နောက်ပြောင်ပြီး ပြောဆိုလိုက်ခြင်းမျှသာ ဖြစ်ကြောင်း ရှင်းပြလိုက်တယ်။ အဲဒီလို ရှင်းပြနေချိန်မှာ ပေါက်ယုဟာ ဇူချွန်းလက်မောင်းကို လှမ်းဆွဲပြီး . . .

"နင်တို့ မသွားနဲ့၊ မလေးထိုက်ယုလည်း မသွားရဘူး၊ နင်တို့သွားရင် ငါလည်း လိုက်မယ်" လို့ တဖွဖွ ပြောနေတယ်။

ဒီတော့မှ မယ်မယ်ကြီးတို့က အဖြစ်မှန် သိရတော့တယ်။

"ပေါက်ယုဟာ လူတကာပြောတာကို ယုံတတ်မှန်း နင်မသိဘူးလား၊ အစက နင် စဉ်းစားဉာဏ်ရှိသားပဲ၊ အခုဘယ်လို ဖြစ်ပြီး လျှောက်ပြောတာလဲ"

မယ်မယ်ကြီးက ဇူချွန်းကို အပြစ်တင်နေတယ်။

ဒေါ်လေးဆွေက ကြားဖြတ်ပြီး ဖျောင်းဖျတယ်။

"ထိုက်ယုက စံအိမ်ကြီးကို ငယ်ငယ်ကတည်းက ရောက်လာတယ်ဆိုတော့ ပေါက်ယုနဲ့ အတူ နေလာကြရင်း သံယောဇဉ်ဖြစ်ခဲ့ကြမှာပေါ့။ အခုတော့ ရုတ်တရက် ထိုက်ယု အပြီးပြန်တော့မယ်ဆိုတာ ကြားပြီး စိတ်ထိခိုက်နိုင်တာပဲ၊ သူ့လို အရွယ်မပြောနဲ့၊ လူကြီးတွေတောင် ခင်မင်ရင်းနှီးတဲ့ လူချင်းခွဲခွာရတော့မယ်ဆိုရင် ခံစားရတာပါပဲ. . .





. . ဒါဆို စိတ်ပူစရာ မဟုတ်ပါဘူး။ ပေါက်ယုကို သင့်တော်မယ့် ဆေးတိုက်လိုက်ရင် နေကောင်းသွားမှာပါ"

မကြာခင် သမားတော်ကြီး ရောက်လာတယ်။ သမားတော်ကြီးက မယ်မယ်ကြီးကို အရိုအသေပြုတယ်။ နောက်ပြီး ပေါက်ယုလက်ကို သွေးစမ်းကြည့်လိုက်တယ်။

"သခင်လေးရဲ့ ဝေဒနာက စိုးရိမ်သောကကြောင့် စိတ်နှလုံးလှုပ်ရှားမှု ပြင်းထန်ပြီး ဖြစ်သွားတာပါ၊ ဒေါသ ပြင်းထန်ရင်လည်း အကြီးအကျယ် စိတ်လှုပ်ရှားတတ်တယ်၊ သောကကြောင့်လည်း သွေး၊ လေ အသွားအလာ ဖောက်ပြန်ပြီး ရပ်ဆိုင်းသွားတတ်တယ်၊ ဒါပေမယ့် သခင်လေးရဲ့ ဝေဒနာဟာ မစိုးရိမ်ရပါဘူး"

သမားတော်ကြီးက ဆေးညွှန်းအတိုင်း ဖော်စပ်တိုက်ကျွေးလိုက်တော့ ပေါက်ယု စိတ်ငြိမ်သွားတယ်။ ဒါပေမယ့် ထိုက်ယုဟာ သူ့အိမ်ဖော်ဇယင်ကို လွှတ်ပြီး ပေါက်ယု ဘယ်လိုနေသေးသလဲလို့ မကြာခဏ စုံစမ်းခိုင်းတယ်။ ပေါက်ယုဟာ အိပ်ပျော်သွားတဲ့အချိန်မှာတောင် "ထိုက်ယုကို ခေါ်သွားကြပြီ၊ ပြန်လာခဲ့ . . . ထိုက်ယုကို ခေါ်မသွားနဲ့"လို့ အော်ဟစ်ယောင်ယမ်းလေ့ရှိတယ်။

အဲဒီအကြောင်းတွေကို ထိုက်ယုံ ပြန်ပြီး ကြားရတော့ ပိုပြီး စိတ်ထိခိုက်နေမိတယ်။ ဇူချွန်းကိုလည်း ပေါက်ယုအနားမှာ ပြုစုဖို့ မယ်မယ်ကြီးက တာဝန်ပေးထားတယ်။

ကြာဖြူပန်းက. . .

"နင့်ကြောင့် ဖြစ်ရတဲ့ကိစ္စ သခင်လေးနေကောင်းတဲ့အထိ နင်ပဲ တာဝန်ယူပေတော့" လို့ ပြောလိုက်တယ်။

■

ပေါက်ယုဟာ တစ်ရက်နှစ်ရက်အတွင်း အခြေအနေကောင်းလာတယ်။ သူ ဘာကြောင့် ဘယ်လိုဖြစ်သွားတယ်ဆိုတာ မမှတ်မိဘူး။ ဒါပေမယ့် ဇူချွန်းပြန်ပြောပြမှ သိရတာ။ "ဘာကြောင့် အဲလိုမျိုး ပြောရတာလဲ" လို့ ပေါက်ယုက ဇူချွန်းကို မေးကြည့်တယ်။

"တစ်နေ့နေ့ တစ်ချိန်ချိန်မှာ သခင်လေးနဲ့ မလေးထိုက်ယုတို့ ခွဲခွာရတော့မှာ မဟုတ်လား၊ ဒါကြောင့် အဲဒီ အချိန်မတိုင်မီ စိတ်ကို ကြိုတင်ကျင့်သားရထားအောင် ကျွန်မက အပျော်သဘောမျိုး အတည်ပေါက်နဲ့ စလိုက်တာပါ" ဂူချွန်းက ရှင်းပြတယ်။

"ငါက ဘာကြောင့် ထိုက်ယုနဲ့ ခွဲခွာရမှာလဲ၊ ခွဲစရာ ဘာအကြောင်းရှိလို့လဲ"

"သခင်လေး တကယ်ပဲ မသိဘူးလား"

ပေါက်ယုက ခေါင်းခါပြတယ်။

"သခင်လေး အရွယ်ရောက်လာတဲ့အတွက် လူကြီးချင်းစေ့စပ်ထားပြီးပြီလေ၊ နောက်တစ်နှစ်လောက်ကြာရင် လက်ထပ်ရတော့မှာ မဟုတ်လား၊ အဲဒီအခါကျရင် သခင်လေးက သခင်မလေး ထိုက်ယုကို သတိရတော့မှာ မဟုတ်ပါဘူး"

"ငါ့ကို ဘယ်သူနဲ့ စေ့စပ်ထားလို့လဲ"

"နှစ်သစ်ကူး မတိုင်ခင်က မယ်မယ်ကြီးတို့ ပြောသံကြားဖူးတယ်၊ မလေးပေါက်ကြည်နဲ့ သခင်လေးကို စေ့စပ်တော့မယ်တဲ့၊ ဒါကြောင့် မယ်မယ်ကြီးက မလေးပေါက်ကြည်ကို အရမ်းအရေးပေးနေတာ မဟုတ်လား"

"မဟုတ်ပါဘူးဟာ၊ မလေးပေါက်ကြည်ကို သုခမိန်မေရဲ့သားနဲ့ စေ့စပ်ပြီးသားပါ။ နင်ငါ့ကို စ,နေပြန်ပြီ။ အခုမှ နေကောင်းခါစ ရှိသေးတယ်၊ စကားကုန်ပြောမယ်၊ မလေးထိုက်ယုနဲ့ ငါနဲ့ ဘယ်တော့မှ မခွဲဘူး၊ သေရင်လည်း အတူတူသေမယ် ရှင်းလား"

ပေါက်ယုက ပြတ်ပြတ်သားသား ပြောလိုက်တယ်။

ပေါက်ယုဟာ နေကောင်းသွားတဲ့အတွက် ဂူချွန်းဟာ ထိုက်ယုအဆောင်ကို ပြန်ရောက်သွားတယ်။ ထိုက်ယုဟာလည်း အခုတစ်လောတရှောင်ရှောင် ဖြစ်နေတယ်။ ချောင်းဆိုးရောဂါကတော့ နည်းနည်းပါးပါး သက်သာနေပါပြီ။ ဂူချွန်းဟာ ထိုက်ယုရဲ့အဆောင်ကို ပြန်ရောက်တဲ့ညမှာပဲ ပေါက်ယုအကြောင်းကို ပြောပြလိုက်တယ်။





အချိန်က ညဉ့်နက်နေပြီ။ ပတ်ဝန်းကျင်က တိတ်ဆိတ်နေတယ်။ အိပ်ရာဝင်ခါနီးအချိန်မှာ ပြောပြတာ။

"သခင်လေးဟာ မမလေးကို အရမ်းသံယောဇဉ်ကြီးတာပဲနော်၊ မမလေး ပြန်မယ်ဆိုတာ ကြားရုံနဲ့ အကြီးအကျယ် စိတ်ထိခိုက်ပြီး သတိလက်လွှတ် ဖြစ်သွားတယ်"

ထိုက်ယုက ပေါက်ယုအကြောင်းကို တစ်ယောက်တည်း ကျိတ်ပြီး ငြိုးစားနေလိုက်တယ်။ နောက်တစ်နေ့ကျတော့ ပေါက်ကြည်ဟာ ထိုက်ယုနေတဲ့အဆောင်ကို ရောက်သွားတယ်။ ဒေါ်လေးဆွေ ရောက်နေတာကို တွေ့ရတော့ ပေါက်ကြည်က ဖွံ့အားသင့်သွားတယ်။ ဒေါ်လေးဆွေက-

"ပေါက်ယုနဲ့ ထိုက်ယုတို့ နေမကောင်းတာ ဘယ်လိုနေသလဲဆိုပြီး မရောက်တာကြာလို့ လာမေးရတာ"လို့ပြောတယ်။ နောက်တော့ ဒေါ်လေးဆွေက အနားမှာရှိတဲ့ သူ့သမီးပေါက်ကြည်ကို ဖက်လိုက်တယ်။

"ဟောဒီ သမီးလေးဟာ မေမေ့အတွက် တိုင်ပင်ဖော်တိုင်ပင်ဖက်ဖြစ်နေတယ်လေ၊ သမီး မရှိရင် မဖြစ်ဘူး"

သမီးနဲ့အမေ ကြည်ကြည်နူးနူး ဖြစ်နေတာကြည့်ပြီး ထိုက်ယုမျက်ခန်းထဲမှာ မျက်ရည်ဥိုးတွေ ဝေ့တက်လာတယ်။ သူ့မအေနဲ့ မိဘနှစ်ယောက်စလုံး မရှိတာကို တွေးမိပြီး ဝမ်းနည်းလာတယ်။

"ကြည့်ပါဦး မေမေရယ်၊ ထိုက်ယု မျက်ရည်တွေ ကျတော့မယ်"

ပေါက်ကြည်က လှမ်းပြောလိုက်တယ်။

"ဒေါ်လေးက သမီးပေါက်ကြည်ကို ယုယတာမြင်လို့ ဝမ်းနည်းသွားတာပေါ့နော်၊ ပေါက်ကြည်မှာ အဖေမရှိပေမယ့် အမေနဲ့အစ်ကို ရှိလို့တော်သေးတာပေါ့။ ဒါပေမယ့် မလေးထိုက်ယုကိုလည်း ဒေါ်လေးဆွေက ချစ်ပါတယ်၊ နောက်ပြီး မယ်မယ်ကြီးကလည်း ထိုက်ယုကို အချစ်ဆုံးပါ"

လို့ပြောပြီး ဒေါ်လေးဆွေက ထိုက်ယုပခုံးကို ဖက်လိုက်တယ်။

အဲဒီအချိန်မှာ တန်ချွန်းနဲ့ ဆီချွန်းရောက်လာလို့ စကားစ ပြတ်သွားတယ်။

## ၁၁

တန်ချွန်းနဲ့ ဆီချွန်းတို့က ဘုရင်မင်းကြီးရဲ့ မြောက်နန်းမိဖုရား ကွယ်လွန်သွားတဲ့ သတင်းကို ပြောပြကြတယ်။ မှူးမတ်ကတော်တွေဟာ ရွှေနန်းတော်က ဈာပနကို အလှည့်ကျ သွားကြရတယ်။ တစ်နိုင်ငံလုံးမှာ ရှိတဲ့ မှူးမတ်တွေအကုန်လုံးဟာ စားသောက်ပွဲ ဂီတသဘင်ပွဲကို တစ်နှစ်လုံးလုံး မပြုလုပ်ဖို့ အမိန့်ထုတ်ထားတယ်။ သာမန်အရပ်သားတွေအတွက် သုံးလတိုင်တိုင် လက်ထပ်ထိမ်းမြားပွဲ မလုပ်ဖို့ တားမြစ်ထားတယ်။

ခန်းဆောင်နီစံအိမ်ကြီးနဲ့ နီနီစံအိမ်တော်ကြီးက မယ်မယ်ကြီးနဲ့ အိမ်သူအိမ်သားတွေအားလုံး ရွှေနန်းတော်ကြီးကို နေ့စဉ်နေ့တိုင်း သွားကြရတယ်။ ရွှေနန်းတော်ရဲ့ အရန်နန်းဆောင်ထဲမှာ အသုဘကို (၂၁)ရက်ထားပြီးမှ ရှောင်ဇူရှီဘုရင်မင်းဆက်တွေရဲ့ သင်္ချိုင်းကို ပို့ရမယ်။ အဲဒီ သင်္ချိုင်းကို သွားရတဲ့ခရီးက ဆယ်ရက်ကြာတယ်။ အဲဒီနေရာကို ရောက်တော့လည်း မြေအောက်သင်္ချိုင်းဂူထဲကို ထည့်သွင်းပြီး သင်္ဂြိုဟ်ရမှာ ဖြစ်လို့ စုစုပေါင်း တစ်လလောက်ကြာမှာပါပဲ။ အဲဒီအချိန်ကာလ အတောအတွင်း စံအိမ်ကြီးမှာ ဒေါ်လေးဆွေက တာဝန်ယူပြီး ထိန်းသိမ်းစောင့်ရှောက်နေကြရတယ်။

စံအိမ်ကြီးမှာ ရှိနေကြတဲ့ အိမ်သူအိမ်သား တချို့ဟာ ရှောင်ဇူရှီဘုရင်မင်းဆက်တွေရဲ့ သင်္ချိုင်းတော်ကို ခရီးထွက်ဖို့ သွားကြတဲ့အခါမှာ ဒေါ်လေးနဲ့ စံအိမ်တော်ကြီးက အိမ်ဖော်တွေ၊ အထိန်းတော်တွေနဲ့ အတူ ဝင်းခြံအဝက နှုတ်ဆက်ကြတယ်။ နောက်တော့ လိုင်တာဟာ ယွန်းစံအိမ်ကြီးကို လုံခြုံရေးအစောင့်တွေချပြီး ဝင်းတံခါးတွေနဲ့ မလွယ်ပေါက်တံခါးတွေအားလုံး သော့ခတ်လိုက်တယ်။ စံအိမ်နောက်ဘက် မလွယ်ပေါက်တံခါးတစ်ပေါက်ကိုသာ အဝင်အထွက်လုပ်ဖို့ ဖွင့်ထားတယ်။





သခင်မကြီးရဲ့ အဆောင်ဝင်တဲ့ တံခါးပေါက်နဲ့ ဒေါ်လေးဆွေရဲ့ အဆောင်ကို အိမ်ဖော်မိန်းကလေးတွေ အဝင်အထွက်လုပ်နိုင်ဖို့ အိမ်ဖော်တွေထားတဲ့ အဆောင်ထဲကို ပြောင်းခိုင်းလိုက်တယ်။ အထိန်းတော်ကြီး ဆယ်ယောက်ကိုတော့ ညစောင့်တာဝန်ပေးလိုက်တယ်။ ခြံဝင်းပတ်ပတ်လည်ကို လူငယ်လက်စွဲတော်တွေနဲ့ လှည့်ပတ်ကြည့်ရှုခိုင်းထားပြီး စံအိမ်တော်ကြီးကို စနစ်တကျ ထိန်းသိမ်းထားလိုက်တယ်။

မယ်မယ်ကြီးတို့ ခရီးထွက်သွားကြတဲ့ သုံးလေးရက်အတွင်းမှာ အိမ်ဖော်အချင်းချင်း၊ အထိန်းတော်နဲ့ အိမ်ဖော်၊ အမြောင်မယားနဲ့ အထိန်းမိန်းမကြီးတွေ မကြာခဏ ရန်ပွဲတွေ ဖြစ်ကြတယ်။ စားစရာပစ္စည်းတွေလည်း မကြာခဏ ပျောက်တတ်တယ်။ အဲဒီကိစ္စတွေကို အိမ်ဖော်အချင်းချင်း တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန် စွပ်စွဲကြတယ်။ ဒါပေမယ့် အသေးအမွှားကိစ္စလေးတွေ ဖြစ်တဲ့အတွက် ကြီးကြီးကျယ်ကျယ် ပြဿနာ ဖြစ်မလာသေးပါဘူး။

▮

ပေါက်ယုရဲ့မွေးနေ့ ရောက်ရှိလာတယ်။

ဒါပေမယ့် သူ့အမေဖြစ်တဲ့ သခင်မကြီးဝမ် မရှိတဲ့အတွက် ခမ်းခမ်းနားနား မကျင်းပဖြစ်ခဲ့ပါဘူး။ ဒါပေမယ့် တာအိုကျောင်းထိုင်ဆရာတော်ကြီးက အဆောင်လက်ဖွဲ့တစ်ခု ပေးပို့လိုက်တယ်။ အဲဒီလက်ဖွဲ့မှာ ပေါက်ယုရဲ့ နာမည်စာတန်းရေးထိုးထားတယ်။

မယ်မယ်ကြီးနဲ့ သခင်မကြီးတို့ လှူဒါန်းထားတဲ့ ဘုန်းတော်ကြီးကျောင်းနဲ့သီလရှင်ကျောင်းတွေကလည်း ပေါက်ယုအတွက် သက်စောင့်နတ်မင်းပုံတွေ၊ ထွန်းညှိပူဇော်ဖို့ အတွက် ပန်းစက္ကူတွေ၊ အဲဒီတစ်နှစ်လုံး ပေါက်ယုအတွက် အန္တရာယ်ကင်းစေဖို့ ဂြိုဟ်မင်းအမည်နဲ့ ဝတ်ဆင်ရမယ့် လက်ဖွဲ့တွေကို ပို့ပေးကြတယ်။ ပေါက်ယုရဲ့နက္ခတ်ကို စောင့်တဲ့ နတ်မင်းပုံတော်တွေလည်း ပို့လိုက်တယ်။

စံအိမ်တော်ဝင်းထဲမှာတော့ အမျိုးသား၊ အမျိုးသမီးတွေ ကွက်စိပ်ပညာသည်တွေကို ဖိတ်ပြီး ကွက်စိပ်ပေါ်ခဲ့ကြတယ်။

ကိုးပြည်နယ်စစ် ဘုရင်ခံချုပ် ဝမ်ဇူဟိန်ကလည်း သူ့တူပေါက်ယုအတွက် ခြေနင်းဖိနပ်၊ ခြေအိတ်၊ ဝတ်စုံ၊ မက်မုံသီးပုံသဏ္ဍာန်လုပ်ထားတဲ့ အသက်ရှည်မုန့်တွေ၊ ရွှေနန်းတော်မှာ သုံးတဲ့ ခေါက်ဆွဲထုပ်တွေလည်း ပို့လိုက်တယ်။

ဒေါ်လေးဆွေကလည်း ပေါက်ယုအတွက် နှစ်စဉ်ပေးနေကျလက်ဆောင်တွေပေးတယ်။ ငှက်မိမယ်က သက်စောင့်နတ်မင်းပုံ ထိုးထားတဲ့ လက်ဆွဲအိတ်တစ်လုံးရယ်၊ ပါရှင်းပြည်ဖြစ် ကစားစရာအရုပ် တစ်ရုပ်ရယ် မွေးနေ့လက်ဆောင်ပေးခဲ့တယ်။ ဥယျာဉ်တော်ထဲက အဆောင်တွေမှာ နေကြတဲ့ သခင်မလေးတွေကတော့ ယပ်တောင်၊ ပန်းချီကားနဲ့ ကဗျာလေးတွေကို စိတ်ကူးရသလို ရေးဆွဲပေးပို့ကြတယ်။

မွေးနေ့ မနက်ဘက်မှာ ပေါက်ယုဟာ သန့်သန့်ပြန့်ပြန့် ဝတ်စားဆင်ယင်ပြီး အိမ်ရှေ့ဝင်းဘက်ကို လျှောက်ခဲ့တယ်။ ဝင်းထဲမှာ ပစ္စည်းထိန်းလေးယောက်က အမွှေးတိုင်နဲ့ ဖယောင်းတိုင်တွေ ထွန်းညှိပေးဖို့ အသင့်စောင့်နေကြတယ်။ နောက်တော့ ပေါက်ယုက ဆွေမျိုးစု ဝတ်ကျောင်းနဲ့ မိဘဘိုးဘွား ပူဇော်တဲ့ ခန်းမကို သွားတယ်။ ခန်းမဆောင်ရဲ့ ရှေ့ဘက်စင်္ကြံကနေပြီး မယ်မယ်ကြီးနဲ့ သူ့မိဘရှိရာအရပ်ကို ရည်မှန်းဝတ်ပြုလိုက်တယ်။

နောက်ပြီး ဒေါ်လေးဆွေကို ခန်းဆောင်နီစံအိမ်မှာ သွားနှုတ်ဆက်တယ်၊ ပေါက်ယုက ဒူးထောက်ဝတ်ပြုဖို့ မလုပ်ခင်မှာဒေါ်လေးဆွေက ပေါက်ယုကို ဖက်ထားလိုက်တယ်။ ခဏလောက် စကားပြောပြီး ဥယျာဉ်တော်ထဲ ထွက်လာခဲ့တယ်။ ထိုင်စရာဖုံလေးကိုင်ထားတဲ့ မိန်းကလေးတစ်ယောက်က ကြိုဆိုတယ်။

ပြီးတော့မှ လီဝမ်နဲ့ အသက်ကြီးသူတွေ၊ သူ ငယ်စဉ်က ထိန်းခဲ့တဲ့ အထိန်းတော်ကြီးတွေကို နှုတ်ဆက်စကားပြောဆိုပြီး ပေါက်ယုဟာ သူ့အဆောင်ကို ပြန်ရောက်လာတယ်။ကြာဖြူပန်းနဲ့ တခြားမိန်းကလေးတွေဟာ ပေါက်ယုကို ပါးစပ်နဲ့သာ ဆုတောင်းနှုတ်ဆက်ကြတယ်။ သခင်လေး၊ သခင်မလေးတွေကို အိမ်ဖော်တွေက ဦးညွှတ်ဂါရဝ မပြုဖို့ သခင်မကြီးက ကြာဖြူပန်းနဲ့ ကြိုတင်မှာကြားထားတယ်။





အဲလိုမျိုး ဂါရဝပြုရင် သခင်လေး၊ သခင်မလေးတွေမှာ လာဘ်ဖိတ်မယ်၊ ကံဇာတာ ညံ့မယ်လို့ ပြောထားတယ်။ ဒါကြောင့် နှုတ်နဲ့ပဲ နှုတ်ဆက်ကြတာပါ။ သူတို့အားလုံး အဲလိုပဲ နှုတ်ဆက်ဖို့ ကြာဖြူပန်းက ကြိုတင်သတိပေးထားတယ်။

ပေါက်ယုဟာ အိပ်ရာက နိုးကတည်းက လမ်းလျှောက်သွားလာနေရတဲ့အတွက် ညောင်းနေတယ်။ ဒါကြောင့် အိပ်ရာပေါ်မှာ လဲလျောင်းလိုက်တယ်။ အဲဒီအချိန်မှာ ငှက်မိမယ်ရဲ့ကလေး ချီလာတဲ့ အထိန်းတော်တစ်ယောက်နဲ့ အိမ်ဖော်တွေ ဆယ်ယောက်လောက် ကော်ဇောနီလေးတစ်ချပ်စီကိုင်ပြီး လာပြီးနှုတ်ဆက်ကြတယ်။ သူတို့ပြန်သွားတဲ့အခါကျမှပဲ ပေါက်ယုဟာ အနားရတော့တယ်။

■ ■ ■

ဒီနေ့ မနက်ပိုင်းမှာ မြောက်နန်းမိဖုရားကြီးရဲ့ အသုဘပူဇော်ပွဲပြီးသွားတယ်။ ကျိချန်ဟာ အသုဘစောင့်ရင်း အိပ်ငိုက်နေတယ်။

ပေါက်ယုကတော့ ဧည့်သည်တွေ ရောက်မလာသေးဘဲ အချိန်တာနေတဲ့အတွက် ထိုက်ယုကို သွားခေါ်ဖို့ ဥယျာဉ်ထဲ ထွက်လာခဲ့တယ်။ ကြာဖြူပန်းနဲ့တွေ့တော့ ပေါက်ယုက . . .

"အရေးကြီးတဲ့ ဧည့်သည်တွေလာရင် သူ့ကို အကြောင်းကြားဖို့နဲ့ ကလေးထိုက်ယုရဲ့ အဆောင်ကို သွားမယ့်အကြောင်း" မှာခဲ့တယ်။

ပေါက်ယုဟာ ငှက်မိမယ်နဲ့ ခဏလောက် စကားပြောပြီးခါမှ ထိုက်ယုရဲ့ အဆောင်ထဲကို ဝင်သွားခဲ့တယ်။ ထိုက်ယုဟာ ထိုင်ဖုံပေါ်မှာ လဲလျောင်းနေတယ်။ သူမဟာ ပင်ပန်းနွမ်းနယ်နေတယ်။

"သခင်လေး ပေါက်ယု ရောက်လာပါပြီ"

ဇူချွန်းက ထိုက်ယုကို လှမ်းပြောလိုက်တယ်။ ဒီတော့မှ ထိုက်ယုဟာ လဲလျောင်းနေရာက ခပ်မြန်မြန်ထပြီး ပေါက်ယုကို အပြုံးသဲ့သဲ့နဲ့ ကြိုဆိုလိုက်တယ်။

"မလေးကို ကြည့်ရတာ ကျန်းမာရေးတော့ ကောင်းလာပုံရတယ်၊ ဒါပေမယ့် တစ်ခုခုကြောင့် စိတ်ညစ်နေပုံရတယ်၊ ဘာဖြစ်နေလဲဟင်"

ပေါက်ယုက ကြင်နာစွာ မေးလိုက်တယ်။

"ဘာမှ မဖြစ်ပါဘူး၊ ဘာစိတ်ညစ်စရာမှ မရှိပါဘူး"

"မလေးမျက်ဝန်းထဲမှာ မျက်ရည်ခိုးတွေ ဝေ့နေတာတွေ့ရတယ်၊ တကယ်လို့ စိတ်ညစ်စရာ ရှိရင်တောင်မှ မေ့မေ့ပျောက်ပျောက်နေလိုက်ပါ မလေးရယ်၊ မလေး ကျန်းမာရေး မကောင်းရင် မောင်လေးတော့. . "

ပေါက်ယုက စကားမဆုံးခင် ရပ်လိုက်တယ်။

သူ့ရင်ထဲမှာ ဘာတွေရှိတယ်ဆိုတာ ထိုက်ယု သိပြီးသားပါ။

ထိုက်ယုရင်ထဲမှာ ဘယ်လိုခံစားနေရတယ်ဆိုတာကိုလဲ ပေါက်ယု သိနေတယ်။ ဒါပေမယ့် ဖွင့်မပြောကြဘဲထိန်းသိမ်းနေကြတယ်၊ နောက်ပြီး ထိုက်ယုဟာ အလိုလိုနေရင်း မိဘမရှိ၊ မောင်နှမအရင်းအချာ မရှိလို့ စိတ်အားငယ်တတ်သူဖြစ်လို့ တစ်ယောက်တည်း ကြေကွဲစရာတွေပဲ တွေးတွေးပြီး ဆွေးနေတတ်တယ်။

ဒါကို နှစ်သိမ့်ဖို့ လာခဲ့တဲ့ ပေါက်ယုဟာ ထိုက်ယုကို နှစ်သိမ့်စကား ပြောရင်းနဲ့ သူကိုယ်တိုင် မျက်ရည်လည်လာတယ်။

ဇွန်ချွန်းက လက်ဖက်ရည် လာပို့ရင်း အကဲခတ်လိုက်တယ်။

"သခင်လေးတို့နှစ်ယောက် ရန်ဖြစ်ကြပြန်ပြီထင်တယ်"

ထိုက်ယုက မျက်ရည်သုတ်လိုက်တယ်။

"မဖြစ်ပါဘူးကွယ်၊ တို့ ရန်မဖြစ်ကြပါဘူး"

ထိုက်ယုဟာ ပြောပြောဆိုဆိုနဲ့ ထိုင်ရာက ထလိုက်တယ်။ စားပွဲပေါ်က စာရွက်တစ်ရွက်ကို ပေါက်ယုက လှမ်းမြင်လိုက်တယ်။ စာရွက်ကို လှမ်းယူဆွဲကြည့်မလို့ လက်လှမ်းလိုက်တော့ ထိုက်ယုက အလျင်အမြန် ကောက်ယူဖို့ ကြိုးစားတယ်။ ဒါပေမယ့် ပေါက်ယုက ပိုပြီးမြန်သွားတယ်။

စာရွက်ကို ဖတ်ကြည့်မလို့ လုပ်နေတုန်းမှာ ပေါက်ကြည်ရောက်လာတယ်။ ထိုက်ယုက ပေါက်ကြည်ကို ထိုင်ဖို့နေရာပေးတယ်။ ပေါက်ကြည်က စာရွက်ထဲမှာ ဘာတွေများ ရေးထားလဲလို့ လှမ်းမေးလိုက်တယ်။ ပေါက်ယုက မဖတ်ရသေးလို့ ဘာတွေရေးထားမှန်း မသိရသေးဘူး၊ထိုက်ယု ကြိုက်, မကြိုက် မသိရသေးလို့ ဖတ်မကြည့်ဖြစ်ဘူးလို့ ပြောတယ်။

ဒါပေမယ့် ထိုက်ယုက . . .





"သမိုင်းကြောင်း တစ်လျှောက်လုံးက မိန်းမချောတွေရဲ့အကြောင်းတွေကို မလေး ဖတ်ကြည့်ပြီး ခံစားမိတယ်၊ တချို့ကျတော့ အားကျစရာ၊ တချို့ကျတော့ သနားစရာတွေ ဖြစ်နေတယ်၊ ဒါကြောင့် ပျင်းနေတာနဲ့ အဲဒီမိန်းမချောတွေအကြောင်း ကဗျာစပ်နေတုန်း မောင်လေးပေါက်ယု ရောက်လာပြီး ဆွဲယူလိုက်တာပါ၊ အချင်းချင်းတွေ ဖတ်ကြတာ ဘာမှ မဖြစ်ပါဘူး၊ တခြားလူ တွေ့သွားရင် အပြစ်တင်နေကြမှာ"

"ဟုတ်တယ် မောင်လေးရဲ့၊ မလေးထိုက်ယု ပြောတာမှန်တယ်၊ တခြားလူတွေကို လျှောက်ပြလို့ ဘယ်ကောင်းမလဲ၊ မလေးပေါက်ကြည်ကိုတော့ အချင်းချင်းမို့ ကြည့်ခွင့်ပြုနော်"

ပေါက်ကြည်က ပြုံးပြီး ထိုက်ယုကို လှမ်းကြည့်တယ်။

"မလေးပေါက်ကြည် ကြည့်လို့ မရတော့ဘူး၊ မောင်လေးလက်ထဲ ရောက်နေပြီဗျ"

ပေါက်ယုက ကဗျာကို ဖြန့်ဖတ်တယ်။

ပေါက်ကြည်က သူ့အနား တိုးသွားတယ်။

ကဗျာကတော့ (၇၇၀-၇၄၆)ဘီစီ၊ နွေဦးနဲ့ ဆောင်းဦးကာလမှာ ဝူဘုရင်ဖူကျဲ့ထံ ယွေ့ဘုရင်ကောက်ကျန်းက အလှမယ်ဆီရှိကို ဆက်သတယ်။ ဆီရှိနဲ့ ဖြားယောင်းတဲ့အခါမှာ ဝူဘုရင်ဟာ စစ်ရှုံးသွားခဲ့တယ်။ ဒါကြောင့် ဝူနယ်သူနယ်သားတွေက အလှမယ်ဆီရှိကို ရေထဲနှစ်ပြီး စီရင်ခဲ့ကြတဲ့အကြောင်းကို ရေးဖွဲ့ထားတာပါ။

နောက်တစ်ပုဒ်က အလှသခင်မယုဟာ ချူဘုရင်ဆိုင်ယုရဲ့မိဖုရားဖြစ်တယ်။ ရန်သူဘုရင်လျူပန်းက တပ်စခန်းကို ဝိုင်းဝန်းပိတ်ဆို့ထားချိန်မှာ ချူဘုရင်လွတ်မြောက်ရေးအတွက် အလှမယ်ယုက သူ့ကိုယ်သူ စီရင်သွားတယ်။

(၄၈-၃၃) ဘီစီ၊ အလှမယ်ဝမ်ချောချွန်ကတော့ နန်းတွင်းပန်းချီဆရာကို လာဘ်မထိုးတဲ့အတွက် ပန်းချီဆရာက အလှမယ်ကို အရုပ်ဆိုးနေအောင် ဆွဲလိုက်တယ်။ ဒါကြောင့် ဟန်ဘုရင်က မိဖုရားအဖြစ် မပေါင်းသင်းဘဲ သူ့ရဲ့အကြီးအကဲတစ်ယောက်နဲ့ ပေးစားလိုက်တယ်။ နောက်တော့မှ အလှမယ်ကိုတွေ့ပြီး ဟန်ဘုရင်က မှားမှန်းသိသွားတော့တယ်။

ဒီတော့ ပန်းချီဆရာမော်ယန်ရှူကို စီရင်ခဲ့တယ်။

သက္ကရာဇ် (၂၄၉-၃၀၀)၊ ရှိကျုံအမတ်ဟာ အလှမယ်တစ်ယောက် ဝယ်ခဲ့တယ်။ ရှိကျုံ အမတ်ရာထူးကျပြီး ဆွန်ဆုတက်လာတော့ အလှမယ်ကို သိမ်းပိုက်လိုက်တယ်။ ဒါပေမယ့် အလှမယ်ပုလဲစိမ်းဟာ မျှော်စင်ပေါ်က ခုန်ချပြီး သူ့ကိုယ်သူ စီရင်သွားတယ်။

တန်မင်းဝတ္ထုဇာတ်လမ်းထဲမှာ လီကျင်းဆိုတဲ့ မထင်မရှား အမျိုးသားဟာ ယွေ့အမတ်ကြီးထံမှာ ခစားတယ်။ ယပ်တောင်နီကိုင်ထားတဲ့ ရံရွေတစ်ယောက်နဲ့ ချစ်ကြိုက်သွားပြီး လီကျင်းနဲ့ အဲဒီ ရံရွေတော်တို့ ထွက်ပြေးကြတယ်။ နောက်ဆုံးကျတော့ လီကျင်းဟာ အမတ်ကြီးဘဝကို ရောက်ရှိသွားခဲ့တယ်။

အဲဒီကဗျာငါးပုဒ်ကို ဖတ်ပြီးတော့ ပေါက်ယုက . . .

**"အလှမယ်ငါးဦးသို့ ဦးညွှတ်ခြင်း"** လို့ . . .

ခေါင်းစဉ်ပေးလိုက်တယ်။

နောက်တော့ . . .

ပေါက်ယု၊ ထိုက်ယုနဲ့ ပေါက်ကြည်တို့ဟာ ကဗျာနဲ့ ပတ်သက်တဲ့ အကြောင်းအရာတွေကို ဆွေးနွေးကြတယ်။

ပေါက်ကြည်က. . .

"မလေးထိုက်ယုရဲ့ ကဗျာငါးပုဒ်ဟာ တကယ့်ကို ဆန်းသစ်တဲ့ ကိုယ်ပိုင်စိတ်ကူး အမြင်သစ်နဲ့ ရေးစပ်ခဲ့တဲ့ကဗျာတွေပါပဲ" လို့. . .

ချီးကျူးလိုက်တယ်။

ဒါကြောင့် ထိုက်ယုက ရွှင်ရွှင်လန်းလန်း ဖြစ်သွားတော့တာပါပဲ။

# ၁၂

နောက်တစ်နေ့ကျတော့ မယ်မယ်ကြီး၊ သခင်မကြီးနဲ့ ရွှေနန်းတော် သွားကြသူတွေ ပြန်လာကြတယ်။ မယ်မယ်ကြီးဟာ အသက်အရွယ်ကြီး ရင့်နေပြီ။ ခရီးပန်းလာပြီးတော့ သောကဝေဒနာကို ခံစားနေရတယ်။ အသက်ရှူရတာ ရင်ဘတ်တွေပါ အောင့်လာတယ်။

ဒါကြောင့် သမားတော်ကြီး အမြန်ပင့်ပြီး ဆေးကုခဲ့ရသေးတယ်။

နောက်တော့ ကျန်းမာရေးအခြေအနေဟာ ပုံမှန်ဖြစ်သွားတယ်။ ဒါကြောင့်မို့လို့ အနားယူလိုက်တယ်။ ငှက်မိမယ်ကတော့ ကျန်းမာရေး ကောင်းသေးတဲ့အတွက် စံအိမ်မှာပဲ နေခဲ့တယ်။

ပေါက်ကြည်က သူ့အစ်ကိုဆွေပန် ယူလာတဲ့ ပစ္စည်းတွေထဲက အချို့ကို သူမအတွက်ချန်ထားပြီး ကျန်တဲ့ပစ္စည်းတွေကို ပေးရမယ့်သူတွေ အတွက် အညီအမျှ ခွဲလိုက်တယ်။ ဒါပေမယ့် ထိုက်ယုအတွက်ကျတော့ တခြားလူတွေထက် နှစ်ဆတိုးထားတယ်။ နောက်တော့ အထိန်းတော်ကြီး တစ်ယောက်နဲ့အတူ သွားပေးဖို့ ခိုင်းလိုက်တယ်။ တခြားသူတွေက လက် ဆောင်တွေရလို့ ပေါက်ကြည်ကို ကျေးဇူးတင်ကြတယ်။ ထိုက်ယုကတော့ သူ့ဇာတိရပ်ရွာ တောင်ပိုင်းက ပစ္စည်းတွေကို ကြည့်ပြီး မျက်ရည်ကျလာ တယ်။ ကွယ်လွန်သွားတဲ့ မိဘနှစ်ပါးကိုလည်း လွမ်းဆွတ်သတိရနေရှာ တယ်။

ဒါကို ဇူချွန်းက လှမ်းကြည့်ပြီး စိတ်မကောင်း ဖြစ်နေတယ်။ ဇူချွန်း ဟာ ထိုက်ယုရဲ့အိမ်ဖော်အဖြစ် ငယ်ငယ်လေးကတည်းက အတူနေလာကြ တာ။ ဒါကြောင့် ထိုက်ယုကို စိတ်သက်သာရာရအောင် ပြောလိုက်တယ်။

"သခင်မလေးက ခုတစ်လော ကျန်းမာရေး မကောင်းလို့ နေ့တိုင်း ဆေးသောက်နေရတယ် မဟုတ်လား၊ မမလေးပေါက်ကြည်က အမှတ်တရ လက်ဆောင်လေးတွေ ပို့လိုက်တာ ဝမ်းနည်းစရာမှ မဟုတ်ဘဲ၊ အခု သခင်မလေးက လက်ဆောင်တွေ ကြည့်ပြီး စိတ်မကောင်းဖြစ်နေတော့ မမလေးပေါက်ကြည်က သခင်မလေး စိတ်မကောင်းဖြစ်အောင် လုပ်လိုက်သလို ဖြစ်နေတာပေါ့"

ဇူချွန်းက ချော့ချော့မော့မော့နဲ့ သွယ်ဝိုက်ပြီး ပြောလိုက်တယ်။ အိမ်ဖော်တစ်ယောက်က "သခင်လေး ပေါက်ယုလာတယ်"လို့ သတင်းပေးတယ်။ "အဆောင်ထဲကို ကြွပါလို့ပြောလိုက်" ဇူချွန်းက လှမ်းပြောလိုက်တယ်။ ပေါက်ယု ဝင်လာတော့ ထိုက်ယုမျက်ရည်တွေ ကျနေတာ မြင်လိုက်ရတယ်။

"မလေး ဘာဖြစ်လို့လဲဟင် နေမကောင်းလို့လား"

ပေါက်ယုက သူမအနားမှာ ဝင်ထိုင်တယ်။ ဇူချွန်းက ပေါက်ယုကို ထိုက်ယုရဲ့ အိပ်ရာပေါ်ကို မေးငေါ့ပြတယ်။ ပေါက်ယုက အိပ်ရာပေါ် လှမ်းကြည့်လိုက်တော့ ပေါက်ကြည်ဆီက ပို့လိုက်တဲ့ လက်ဆောင်ပစ္စည်းတွေကို တွေ့ရတယ်။

"လက်ဆောင်ပစ္စည်းလေးတွေက လှတယ်နော်"

ပေါက်ယုက အမှတ်မထင် ပြောလိုက်တယ်။

ထိုက်ယုက ဘာမျှ ပြန်မပြောဘူး။ ဇူချွန်းက . . .

"အဲဒီလက်ဆောင်တွေက ယန်စီမြစ်ရဲ့ တောင်ဘက်က ပစ္စည်းတွေလေ၊ ဒါကြောင့် မလေးက အိမ်ကိုလွမ်းပြီး မျက်ရည်တွေကျနေတာ၊ အခုလို ကြေကွဲဝမ်းနည်းနေရင် ပိုပြီး နေမကောင်းဖြစ်လာဦးမယ်။ ဒါဆို ကျွန်မ ဂရုတစိုက်မပြုစုလို့ဆိုပြီး မယ်မယ်ကြီးက ကျွန်မကို ဆူတော့မှာပဲ၊ သခင်လေး ကြည့်ပြီး ပြောပြပါဦး" လို့ ပေါက်ယုကို စစ်ကူတောင်းလိုက်တယ်။ ပေါက်ယုက ထိုက်ယုအကြောင်းကို သေချာသိတယ်။ ထိုက်ယု ဝမ်းနည်းတတ်တယ်၊ ဘာကြောင့် ဝမ်းနည်းတယ်ဆိုတာ သိရတော့ တခြားအကြောင်းအရာတွေကို စိတ်ပြောင်းသွားအောင် ပြောဖို့ ကြိုးစားတယ်။ ဒါကြောင့် ပေါက်ယုက ပြုံးပြီးပြောတယ်။





"မမလေးပေါက်ကြည် ပေးလိုက်တဲ့ လက်ဆောင်နည်းနေလို့ ငိုနေတာပါ၊ နောင်လာမယ့် နှစ်ကူးကျရင် မောင်လေး တောင်ပိုင်းကိုသွားမယ်၊ အပြန်ကျရင် မလေးထိုက်ယုအတွက် လက်ဆောင်တွေ လှေနှစ်စင်းနဲ့ အပြည့်ဝယ်လာခဲ့မယ် စိတ်ချ"

"အောင်မယ် လက်ဆောင်ရတာနည်းလို့ ငိုတာမဟုတ်ဘူးသိရဲ့လား၊ ထိုက်ယုကို မောင်လေးက အရမ်းအထင်သေးတာပဲ၊ ထိုက်ယုငိုတာ ကိုယ့်အကြောင်းနဲ့ ကိုယ်ပါ။ မောင်လေး ဘာမှ မသိဘဲ လျှောက်ပြောမနေပါနဲ့"

ပေါက်ယုက အိပ်ရာပေါ်က လက်ဆောင်လေးတွေကို တစ်ခုချင်းကိုင်ကြည့်တယ်။

"ဒါလေးက လှတယ်နော်၊ ဘာသားနဲ့ လုပ်ထားတယ် မသိဘူး၊ ဒီအရုပ်ကလေးတွေကို ဗီရိုပေါ်မှာ အလှတင်ထားလို့ ရမယ်ထင်တယ်"

ပေါက်ယုက အရေးမကြီးတာတွေ လျှောက်မေးနေတယ်။

ဒါကြောင့် ထိုက်ယု ဝမ်းနည်းစိတ် ပြေသွားတယ်။

နောက်တော့ ပေါက်ယုက . . .

"မမလေးပေါက်ကြည်က မောင်လေးဆီလည်း လက်ဆောင်တချို့ ပို့လိုက်သေးတယ်။ ဒါကြောင့် မမလေးပေါက်ကြည်ဆီကို မောင်နဲ့အတူလိုက်ပြီး ကျေးဇူးတင်စကား ပြောရအောင်နော် . . . မလေး"

တကယ်တော့ ထိုက်ယုဟာ ဘယ်မှ သွားချင်စိတ် မရှိဘူး။

ဒါပေမယ့် ပေါက်ယုနဲ့ အဖော်ရတော့ လိုက်သွားခဲ့တယ်။

▮

ပေါက်ကြည်က ထိုက်ယုနဲ့ ပေါက်ယုကို ကြိုဆိုတယ်။

ပေါက်ကြည်ရဲ့အဆောင်မှာ အတူတူ ထိုင်ကြတယ်။

"မမလေးပေါက်ကြည်က မလေးထိုက်ယုကို ပေးလိုက်တဲ့ လက်ဆောင်တွေက မောင်လေးရတာထက် ပိုပြီး များနေတယ်၊ နောက်တစ်ခါကျရင် မောင်လေးကို ပိုပေးရမယ်နော်"

ပေါက်ယုက ကလေးဆိုးကြီးလို ပြောလိုက်တယ်။

"အလကား မလေးပေါက်ကြည်၊ သူ ကျွန်မကို ဘဖော်ခေါ်လာတုန်းက ကျေးဇူးတင်စကား ပြောဖို့တဲ့၊ အခုတော့ သူက လက်ဆောင်ပစ္စည်း ထပ်လိုချင်လို့ပဲ" ထိုက်ယုက ဝင်ပြောတယ်။

"နောက်တစ်ခါ အစ်ကိုဆွေပန် ခရီးထွက်ရင် ထပ်မှာလိုက်ပါ့မယ် မောင်လေးရယ်" ပေါက်ကြည်က ပြုံးပြီးပြောတယ်။

"ဒါဆိုရင် မောင်လေးရတဲ့အထဲက မလေးထိုက်ယုကိုလည်း ခွဲပေးပါ့မယ်နော်၊ မောင်လေးဘက်က ထောက်ခံပေးပေါ့၊ ဟုတ်လား မလေး"

ပေါက်ယုက ထပ်ပြီးနောက်နေတယ်။

"မလေးထိုက်ယု နေမကောင်းတာ သက်သာရဲ့လား"

ပေါက်ကြည်က မေးလိုက်တယ်။

"ဒီလိုပါပဲ မလေးပေါက်ကြည်ရယ်၊သက်သာလိုက် ပြန်ဖြစ်လိုက်နဲ့၊ တစ်နေ့တစ်နေ့ ဆေးတွေ သောက်နေရတာတောင် ငြီးငွေ့လာပြီ၊ ဆေးကိုမြင်လိုက်တာနဲ့ အံချင်စိတ်ပေါက်လာမိတယ်"

"အရေးကြီးတာက စိတ်ကိုချမ်းသာအောင် နေတတ်ဖို့ပါပဲ မလေးထိုက်ယုရယ်။ စိတ်ညစ်စရာတွေကို ဘာမှ မတွေးပါနဲ့နော်၊ သောကဟာ စိတ်ကိုညှိုးနွမ်းစေတယ်။ ခွန်အားကို ယုတ်လျော့စေတယ်လို့ ရှေးလူကြီးဝေစဉ်အဆက်က ပြောခဲ့ကြတယ် မဟုတ်လား။ ကျွန်မလည်း အစက အဲလိုမျိုး ဖြစ်ခဲ့ဖူးတယ်၊ ဒါပေမယ့် တစ်ချိန်လုံး အိပ်ရာထဲ ခွေနေမယ့်အစား လမ်းထလျှောက်ပစ်လိုက်တယ်၊ နေထိုင်ပကောင်းဖြစ်တော့မယ် ထင်လာရင် စိတ်ဝင်စားစရာ တစ်ခုခုကို လုပ်လိုက်တာပဲ၊ အဲဒီတော့မှ နေမကောင်းချင်စိတ် ပျောက်သွားတော့တယ်၊ အရေးကြီးတာက စိတ်ပါပဲ၊ စိတ်ကိုနိုင်ဖို့ အရေးကြီးတယ်"

ပေါက်ကြည်က ရှင်းပြလိုက်တယ်။ ဒီနောက်မှာတော့ သူတို့သုံးယောက် စကားဦးတည့်ရာ ပြောဆိုကြတယ်။ ပြီးတော့ ပေါက်ကြည်ကို နှုတ်ဆက်ပြီး ပြန်ခဲ့ကြတယ်။ ပေါက်ယုက ထိုက်ယုရဲ့ အဆောင်ကို လိုက်ပို့ပေးပြီးမှ သူ့အဆောင်ကို သူဟာသူ ပြန်ခဲ့တယ်။





"သခင်လေး ဘယ်ကပြန်လာတာလဲဟင်"

ကြာဖြူပန်းက မေးလိုက်တယ်။

"မလေးကို ခေါ်ပြီး မမလေးပေါက်ကြည်ကို ကျေးဇူးတင်စကား သွားပြောပြီး ပြန်လာခဲ့တယ်လေ၊ ဘာဖြစ်လို့လဲ"

"မမလေးထိုက်ယုကို မမလေးပေါက်ကြည်က သူများတွေထက် ပိုပြီး လက်ဆောင်တွေပေးတယ်လို့ ကျွန်မ ကြားခဲ့လို့"

"မောင်တို့ထက် နှစ်ဆလောက် ပိုများတာ ပြောစရာလား"

"ဒါကြောင့်ပဲ သခင်လေးရယ်၊ လူတွေဟာ မရပြန်တော့လည်း တစ်မျိုး၊ ရပြန်တော့လည်း ဘယ်သူတော့ ပိုရတယ်၊ နည်းတယ်၊ စကားတွေ ရှုပ်တယ်၊ ကွယ်ရာမှာ အတင်းပြောတတ်ကြတယ်။ တကယ်တော့ မမလေးပေါက်ကြည်နဲ့ မမလေးထိုက်ယုတို့ဟာ ညီအစ်မဝမ်းကွဲတွေပဲ မဟုတ်လား၊ ညီအစ်မအရင်းလို့ ပြောရင်လည်းရတာပဲ၊ ခေါ်လေးဒွေက မနှစ်တုန်းက မလေးထိုက်ယုကို မွေးစားသမီးအဖြစ် သတ်မှတ်လိုက်တယ်လေ၊ ဒါကြောင့် ညီအစ်မချင်း ပိုပေးတာဟာ ပေးသင့်တာပေါ့"

ပေါက်ယုက ကြာဖြူပန်းစကားကို ထောက်ခံလိုက်တယ်။

"သခင်မလေးငှက်မိမယ်ဆီကို ကြာဖြူပန်းသွားကြည့်လိုက်ဦးမယ်၊ နေမကောင်းရာက နာလန်ထစ ဆိုတော့ သွားမမေးလို့ မကောင်းဘူး၊ သခင်မလေးငှက်မိမယ်ဟာ ကျွန်မအပေါ်မှာ အရမ်းကောင်းတာ"

"သွားလေ. . သွားပေါ့ ရပါတယ်"

ပေါက်ယုက ပေါ့ပေါ့ပြောလိုက်တယ်။

"ဒါဆိုရင် သွားမယ်နော်၊ သခင်လေး လိုအပ်တာရှိရင် ချင်ဝမ်းကို နိုင်းပေါ့၊ နောက်ပြီး အိပ်လည်း မနေနဲ့ဦး၊ ဒီရာသီမှာ နေ့ဘက်အိပ်ရင် သွေးလေးပြီး ဖျားလိမ့်မယ်၊ သခင်လေး ဖျားရင် ကျွန်မတာဝန်ပဲ ဆိုပြီး အပြစ်တင်ခံရဦးမယ်"

ကြာဖြူပန်းက စကားဆုံးတာနဲ့ အဆောင်ထဲက ထွက်သွားတယ်။

ငှက်မိမယ်နဲ့ ပင်အဲတို့ဟာ ကျိုလျံ့အကြောင်း ပြောနေကြတယ်။ ကျိုလျှံက အိမ်ဖော်တစ်ယောက်ကို တိတ်တဆိတ် လက်ထပ်ထားတဲ့ အကြောင်းပါပဲ။

ဒါပေမယ့် ကြာဖြူပန်း လာနေတာကို တွေ့လိုက်ရတော့ သူတို့နှစ်ယောက် စကားစပြတ်သွားကြတယ်။

"ဟော . . ကြာဖြူပန်းကို တွေ့လိုက်ရပြီ၊ ဒီနေ့ ရာသီဥတုကောင်းတော့မှာပဲ"

ငှက်မိမယ်က ရယ်ရယ်မောမောနဲ့ နှုတ်ဆက်တယ်။

"ကျွန်မ ဘာကြောင့် ခဏခဏမလာဖြစ်တာကို သခင်မ သိမှာပါ၊ သခင်လေးရဲ့ကျန်းမာရေးကလည်း တစ်နေ့ရွှေ တစ်နေ့ငွေ မဟုတ်လား၊ ခုကောင်းနေပေမယ့် ချက်ချင်းတစ်ခုခုကောက်ဖြစ်ရင် ဖြစ်တာမျိုး၊ အဲလိုမျိုး သခင်လေး မကျန်းမမာ ဖြစ်လိုက်တာနဲ့တစ်ပြိုင်နက် မယ်မယ်ကြီးက သူ့မြေးကို ကျွန်မ ပြုစုစောင့်ရှောက်တာ အသုံးမကျလို့ဘဲလို့ တစ်ထစ်ချ သတ်မှတ်လိုက်တယ်လေ၊ ဒါကြောင့် ကျွန်မ ဘယ်မှ မသွားဖြစ်တာများပါတယ်၊ ဒါပေမယ့် သခင်မငှက်မိမယ်ကတော့ ကျွန်မကို ခွင့်လွှတ်ပြီးသားပဲ မဟုတ်လား"

ကြာဖြူပန်းက ရှင်းပြလိုက်တယ်။

"မလေးငှက်မိမယ် ဒါကိုသိထားပါတယ်၊ ကြာဖြူပန်းရဲ့မောင်လေး ပေါက်ယူမှာ အိမ်ဖော်တွေ ဘယ်လောက်ပဲများများ၊ တစ်ယောက်မှ ကြာဖြူပန်းလောက် အားမကိုးရဘူးလေ၊ ကြာဖြူပန်းက တာဝန်အရှိဆုံး ဖြစ်နေတော့ ဘယ်မှကို မရောက်ဖြစ်ဘူးပေါ့။ ကြာဖြူပန်းကိုယ်တိုင် အခုလို ကြိုးကြိုးစားစား ရောက်လာတဲ့အတွက် မလေးငှက်မိမယ်က ကျေးဇူးတင်ပါတယ်"

ငှက်မိမယ်က ကြာဖြူပန်းကို ထိုင်ဖို့ နေရာပေးလိုက်တယ်။

ပင်အဲက လက်ဖက်ရည် သွားယူတယ်။

"လက်ဖက်ရည်ယူဖို့ တခြားအိမ်စေတွေ ခိုင်းလိုက်ပေါ့၊ ပင်အဲကိုယ်တိုင် ထယူတာ မကောင်းပါဘူး"

ကြာဖြူပန်းက အားတုံ့အားနာနဲ့ ပြောတယ်။ ငှက်မိမယ် ချုပ်နေတဲ့ အနီရဲရဲ အထည်စကို ကြည့်ပြီး ကြာဖြူပန်းက ပြောလိုက်သေးတယ်။

"ဒီလောက် နေထိုင်မကောင်း အလုပ်များနေတဲ့ကြားက အထည်ချုပ်ဖြစ်တာ အံ့ပါ့ရှင်"





"သမီးလေး ချောချီအတွက်ဆိုတော့ ချုပ်ရတာပေါ့၊ အထည်ကလည်း တခြားတိုင်းပြည်က လာတာလေ၊ ဒါကြောင့် လက်ရာမကောင်းတဲ့လူကို အပ်လို့ ဘယ်ဖြစ်ပါ့မလဲ အထည်ပျက်စီးသွားနိုင်တယ်"

ငှက်မိမယ်ရဲ့ သမီးလေး ချောချီဟာ ကစားစရာလေးတွေနဲ့ ဆော့နေတယ်။

"ချောချီလေးက အရမ်းကိုချစ်ဖို့ ကောင်းတယ်နော်၊ သခင်မလေး ငှက်မိမယ်လည်း ဒီကလေးကြောင့် စိတ်ချမ်းသာနေရပြီပေါ့၊ မျက်နှာက ပြည့်ပြည့်လေးနဲ့ ပြုံးချိုနေတာပဲနော်"

"ခါတိုင်း ဒီအချိန်ဆို အိပ်ပြီ ကြာဖြူပန်းရဲ့၊ အခုတော့ မလေး ပေါက်ကြည် ပို့လိုက်တဲ့ ကစားစရာ အသစ်နဲ့ ဆော့ရတာ စိတ်ဝင်စားနေတယ်လေ" ငှက်မိမယ်က ကျေကျေနပ်နပ် ပြောလိုက်တယ်။

ခဏလောက် ကြာတော့ ကြာဖြူပန်း ထိုင်ရာက ထတယ်။

"ကဲ . . ဘာလိုလိုနဲ့ စကားကောင်းနေလိုက်ကြတာ အချိန်ကုန်လို့ ကုန်မှန်း မသိလိုက်ဘူး၊ သခင်လေးကို ချင်ဝမ်းတို့နဲ့ မျက်နှာလွှဲထားခဲ့တာ စိတ်ချရမှာ မဟုတ်ဘူး၊ ကျွန်မ ပြန်တော့မယ်နော်"

ကြာဖြူပန်းက ငှက်မိမယ်ကို နှုတ်ဆက်ပြီး ပြန်ခဲ့တယ်။

■

ပေါက်ယူဟာ ထိုက်ယူ၊ ပေါက်ကြည်တို့နဲ့ ဆောင်းဦးကာလမှာ ကဗျာစာပေ ဆွေးနွေးဖို့ စီစဉ်ခဲ့ကြတယ်။ အဲဒီနောက်ပိုင်းမှာ ရေရေရာရာ အကောင်အထည် မဖော်နိုင်ခဲ့ကြဘူး။ ဒါကြောင့် ဒီတစ်ခါမှာ မက်မုံပွင့် ကဗျာအဖွဲ့လေးတစ်ခု ဖွဲ့စည်းဖို့ တိုင်ပင်ကြတယ်။

ဒီအဖွဲ့ထဲမှာ ပေါက်ချင်း၊ လီဝမ်နဲ့ စန်းယင်တို့လည်း ပါတယ်။

နောက်တစ်နေ့ မနက်စာ စားပြီးချိန်မှာ ထိုက်ယုရဲ့ အဆောင်ကို စုသွားကြတယ်။ အဲဒီကဗျာအဖွဲ့မှာ ထိုက်ယုကို ဥက္ကဋ္ဌအဖြစ် တင်ဖို့ ဆုံးဖြတ်ကြတယ်။

သူတို့ စပ်ကြရမယ့် ကဗျာအကြောင်းနဲ့ ပတ်သက်ပြီး ခေါင်းစဉ် တပ်ဖို့အတွက် ထိုက်ယုက အကြံပေးတယ်။

"မက်မုံပွင့် ဆိုတဲ့ ခေါင်းစဉ်နဲ့ မက်မုံပွင့်အကြောင်းကို ပထမဆုံး စပ်ကြတယ်။ အဲဒီလို စပ်ကြတဲ့အခါမှာ ကာရန်ပေါင်းတစ်ရာ ပါရမယ်၊ အဲဒါ ဘယ်လိုသဘောရသလဲ ဆွေးနွေးကြပါ၊ မက်မုံပွင့်အကြောင်းနဲ့ ပတ်သက်လို့ ရှေးက ကဗျာစာဆိုတွေ စပ်ခဲ့ကြပေါင်းများပြီ၊ ဒါကြောင့် အဲဒီစာဆိုတွေ လွှမ်းမိုးမှု ခံနေရမှာစိုးတယ်၊ ဒါကြောင့် တခြားအကြောင်း အရာတစ်ခုကို ရွေးရင်ကောင်းမယ်"

ပေါက်ကြည်က အကြံပြုတယ်။

ဒါပေမယ့် သခင်မကြီးရဲ့ယောက်မရောက်လာတဲ့အတွက် ကဗျာ အဖွဲ့ ဖွဲ့ဖို့ကိစ္စကို ခဏမေ့ထားကြပြီး သွားရောက်နှုတ်ဆက်ကြရတယ်။ နောက်တစ်နေ့ တန်ချွန်းရဲ့ မွေးနေ့ဖြစ်တဲ့အတွက် သူတို့အုပ်စုလေးဟာ ပွဲတက်ဝတ်စုံတွေ ဝတ်ပြီး တန်ချွန်းကို သွားတွေ့ပြီး နှုတ်ဆက်ကြရတယ်။

"မလေးတို့ ကဗျာအဖွဲ့ ဖွဲ့ဖို့ ရက်ရွေးတာ မဆင်မပြေဘူးနော်၊ တန်ချွန်းမွေးနေ့ဟာ ဒီနေ့ကစပြီး နောက်နှစ်ရက်လောက် ဆက်ပြီး ကျင်းပမှာ၊ ဒါကြောင့် မယ်မယ်ကြီးတို့နဲ့အတူ မလေးတို့ တစ်အုပ်စုလုံး သူ့မွေးနေ့မှာ ရှိနေရမှာ"

ထိုက်ယုက တင်ပြလိုက်တယ်။

ဒါကြောင့် သူတို့အချင်းချင်း တိုင်ပင်ပြီး လဆန်း (၅)ရက်နေ့ကို ရွှေ့ဆိုင်းလိုက်တယ်။ နောက်တော့ ဒေါ်လေးဝမ်ရဲ့မောင် ဝမ်ဇုတုန်ဟာ သူ့သမီးကို အမတ်ကြီးရဲ့သားနဲ့ ပဥ္စမလဆန်း (၁၀)ရက်နေ့မှာ လက်ထပ်ပေးတယ်။ အဲဒီ လက်ထပ်ပွဲကို ငှက်မိမယ်နဲ့အတူ ပေါက်ယု၊ ပေါက်ကြည်နဲ့ ထိုက်ယုတို့ လိုက်သွားကြတာ ညနေစောင်းမှပဲ အိမ်ပြန်ရောက်တယ်။ ပေါက်ယုက သူ့အဆောင်ရောက်တော့ နားနေတယ်။

ကြာဖြူပန်းက . . .

"မြို့စားကြီးဟာ ဆဋ္ဌမလမှာ စံအိမ်ကို ပြန်ရောက်တော့မယ်၊ ဒါကြောင့် မြို့စားကြီး မရောက်ခင် သခင်လေးအနေနဲ့ သင်ခန်းစာတွေကို သေသေချာချာ ပြန်ကျက်ထားမှ ဖြစ်တော့မယ်" လို့သတိပေးတယ်။

"ဆဋ္ဌမလဆိုတော့ အချိန်တွေ အများကြီးရှိပါသေးတယ်"

ပေါက်ယုက ပြီးစလွယ် ပြောလိုက်တယ်။





"အချိန်တွေ များပေမယ့် ဖတ်စရာတွေကလည်း မနည်းဘူး၊ လက်ရေးလေ့ကျင့်ဖို့လည်း ရှိသေးတယ်"

"ဒါဆို အရင် အရေးကျင့်ထားတဲ့ လက်ရေးပန်းချီစာလုံးတွေ ကြာဖြူပန်း သိမ်းထားတယ် မဟုတ်လား"

ပေါက်ယုက ပြန်မေးတယ်။

"သိမ်းထားပါတယ်၊ ဒါပေမယ့် အရွက်ပေါင်း (၆၀)လောက်ပဲ ရှိလိမ့်မယ်၊ လက်ရေးပန်းချီကျင့်တာ လေးနှစ်လောက်ရှိပြီလေ၊ ဒါထက် ပိုပြီး ရေးပြီးသားရှိနေရမှာပေါ့၊ ဒါကြောင့် ဒီပြင်ကိစ္စတွေလျှော့ပြီး နေ့တိုင်း လက်ရေးစာလုံးပန်းချီအချပ်များများ ပြီးအောင်လုပ်မှ ဖြစ်တော့မယ်"

ကြာဖြူပန်းက အကြံပေးတယ်။

"ကောင်းပြီလေ၊ ဒါဆိုရင် လက်ရေးစာလုံးပန်းချီကို တစ်နေ့အချပ် တစ်ရာပြီးအောင် နေ့တိုင်းရေးတော့မယ်"

ပေါက်ယုက ပြောပြလိုက်တယ်။

နောက်နေ့ကစပြီး ပေါက်ယုဟာ ပြတင်းပေါက်နားမှာ နေရာယူတယ်။ မင်ခုံမှာ မင်သွေးပြီး ရေးဖို့ကြိုးစားတယ်။

မယ်မယ်ကြီးအနေနဲ့ ပေါက်ယုကို မတွေ့ရတော့တဲ့အတွက် နေမကောင်းဖြစ်နေတယ်ထင်ပြီး လူယုံတော်တွေနဲ့ စုံစမ်းခိုင်းလိုက်တယ်။

ပေါက်ယုကိုယ်တိုင် မယ်မယ်ကြီးနဲ့ သွားတွေ့ပြီး ကန်တော့တယ်။ သူ မလာဖြစ်တာဟာ သင်ခန်းစာတွေ ကျက်ပြီး လက်ရေးပန်းချီစာလုံး ရေးနေလို့ ဖြစ်ကြောင်း သေချာရှင်းပြလိုက်တယ်။ မယ်မယ်ကြီးအနားမှာ ပေါက်ကြည်တို့လည်း ရောက်နေကြတယ်။

မယ်မယ်ကြီးက ကျေနပ်သွားတယ်။

"သိပ်ကြိုးစားလွန်းရင် မကျန်းမမာ ဖြစ်နေမယ်၊ အလွန်အကျွံ မလုပ်နဲ့"

မယ်မယ်ကြီးက သတိပေးတယ်။

ပေါက်ကြည်က . . .

"မစိုးရိမ်ပါနဲ့ မယ်မယ်ကြီးရယ် . . သူ့ဟာသူ သင်ခန်းစာတွေ ကြိုးစားတာ ပိုကောင်းပါတယ်၊ လက်ရေးပန်းချီ လေ့ကျင့်တဲ့ကိစ္စကတော့

ပေါက်ကြည်တို့ တစ်နေ့တစ်ချပ် ကူးရေးပေးလို့ ရပါတယ်၊ အဲဒီ လက်ရေး ပန်းချီကားတွေ များများစားစား တွေ့သွားရင် ဦးကြီးကျိချိန် ကျေနပ်သွားမှာပါ" လို့ ပြောလိုက်တယ်။

ဒီနောက် ပေါက်ယုဟာ တတိယလကုန်တဲ့အခါမှာ သင်ခန်းစာ စာအုပ်တွေ စုဆောင်းမိသွားတယ်။ ဒါကြောင့် သူက စာကိုဖိပြီးတော့ ကျက်မှတ်တယ်။ ပေါက်ကြည်နဲ့ တန်ချွန်းက နေ့စဉ် စက္ကူတစ်ချပ်ပေါ်မှာ အက္ခရာအလုံးတစ်ရာလောက် မှန်မှန်အရေးကျင့်တယ်။

တစ်နေ့မှာ တန်ချွန်းရောက်လာပြီး ပေါက်ယုကို စက္ကူလိပ်တစ်ခု ပေးတယ်။ ဖွင့်ကြည့်လိုက်တော့ ဝါးနဲ့လုပ်ထားတဲ့ စာရွက်တွေပေါ်မှာ သူ့လက်ရေးနဲ့ ထပ်တူထပ်မျှ တူညီနေတဲ့ ပန်းချီလက်ရေးစာလုံးတွေ တွေ့ရတယ်။

ဒါဆိုရင် လိုအပ်တာထက် ပိုနေပြီ။

ဒါကြောင့် ပေါက်ယုက ထိုက်ယု၊ ပေါက်ကြည်၊ ပေါက်ချင်းနဲ့ စန်းယင်တို့ကို ကျေးဇူးတင်ကြောင်း ပြောလိုက်တယ်။

နောက်တော့ သူ ဖတ်ဖို့ ကျန်နေသေးတဲ့ ရှေးဟောင်းစာပေ ကျမ်းဂန်တွေကို စိတ်အေးလက်အေး ဖတ်မှတ်နေတော့တယ်။

# ၁၃

အဲဒီ အချိန်ကာလ အတောအတွင်းမှာ ပင်လယ်ကမ်းနားဒေသ တွေဟာ ဒီရေ အကြီးအကျယ် တက်ခဲ့တယ်။ ဒါကြောင့် များများစားစား ပျက်စီးဆုံးရှုံးခဲ့ကြတယ်။ အဲဒီအကြောင်းကို သက်ဆိုင်ရာ ဒေသတာဝန် ခံတွေက ရွှေနန်းတော်ကြီးကို အစီရင်ခံစာ တင်သွင်းကြတယ်။

မြို့စားကြီးဟာ တခြားနယ်မြေတွေကို လှည့်လည်စစ်ဆေးရာက ရွှေနန်းတော်ကြီးကို ပြန်လည်ရောက်ရှိလာတယ်။ ရွှေနန်းတော်ကြီးက မြို့စားကြီးကို အဲဒီရေလွှမ်းမိုးခံနေကြရတဲ့ ဒေသတွေကို သွားရောက်စစ်ဆေးဖို့ အမိန့်ချမှတ်လိုက်တယ်။ လိုအပ်တဲ့ ကယ်ဆယ်ရေးကိစ္စတွေကို လည်း ဆောင်ရွက်ဖို့ တာဝန်ပေးလိုက်တယ်။

ဒါကြောင့် မြို့စားကြီးဟာ ဆောင်းရာသီအထိ စံအိမ်တော် ပြန်မရောက်နိုင်တော့ဘူး။ အဲဒီအကြောင်းကို ကြားလိုက်တဲ့ ပေါက်ယုဟာ စာအုပ်တွေ ဘေးချပြီး ပျော်ပျော်ပါးပါး နေဖို့ ဖြစ်သွားရတယ်။

နွေဦးကာလကို လွန်မြောက်နေပြီ။

ပေါက်ယုရဲ့အစ်မဝမ်းကွဲစန်းယင်ဟာ မိုးမခပန်းတွေ ကြည့်ပြီး ကဗျာစပ်ချင်စိတ် ပေါ်လာတယ်။ ဒါကြောင့် ကဗျာတစ်ပုဒ် ရေးစပ်လိုက်တယ်။ သူ့ကဗျာကို သူ သဘောကျသွားပြီး ပေါက်ကြည်နဲ့ ထိုက်ယုကို သွားပြတယ်။

ပေါက်ကြည်နဲ့ ထိုက်ယုက ချီးကျူးကြတယ်။

နောက်တော့ စန်းယင်က တိုက်တွန်းတဲ့အတွက် ထိုက်ယုဟာ သူတို့ ကဗျာအဖွဲ့ကို ဖိတ်ခေါ်တဲ့စာတွေ ပို့လိုက်တယ်။ ကဗျာအဖွဲ့လာရင် စားသောက်ဖို့ အိမ်ဖော်တွေကို ကြိုတင်ပြင်ဆင်နိုင်းထားတယ်။

နောက်ပြီး ကဗျာစပ်ရမယ့် ခေါင်းစဉ်ကို မိုးမခပန်းလို့ အမည်ပေးပြီး ကာရန်ကို တစ်ယောက်တစ်မျိုး စပ်ကြဖို့ ကြေညာစာကို အဆောင်နံရံမှာ ကပ်ထားလိုက်တယ်။

မကြာခင် အချိန်အတွင်းမှာ သူတို့ ရောက်လာကြတယ်။

စန်းယင်ရဲ့ ကဗျာကို ဖတ်ပြီးတော့ အားလုံးက ချီးကျူးကြတယ်။ ပြီးတော့ ဘယ်သူက ဘယ်လိုကာ ရန်နဲ့ စပ်ရမလဲဆိုတာကို မဲချကြတယ်။ ဇူချွန်းက အမွှေးတိုင်ထွန်းညှိလိုက်တဲ့အချိန်ကစပြီး ကိုယ့်အတွက် သတ်မှတ်ထားတဲ့ ကာရန်အလိုက် ကဗျာစပ်ကြတယ်။

ပထမဆုံး စပ်ပြီးသွားတာက ထိုက်ယု။ နောက်တော့ ပေါက်ချင်း၊ ပြီးတော့ ပေါက်ကြည်၊ အစဉ်လိုက် ပြီးသွားကြတယ်။

ဇူချွန်းက . . .

"ဟာ ဒီနေ့ အမွှေးတိုင်ထွန်းရတာ ကုန်လွယ်လိုက်တာ၊ ကြည့်လေ အခုဆို သုံးပုံတစ်ပုံပဲ ကျန်တော့တယ်၊ သခင်လေး ကဗျာစပ်လို့ ပြီးပြီလား" လို့ မေးလိုက်တယ်။

ပေါက်ယုက သူ့ကဗျာကို သူ့ဟာသူ ဖတ်ကြည့်တယ်။ ပြီးတော့ မကြိုက်လို့ ကြက်ခြေခတ်လိုက်တယ်။ နောက်တစ်ပုဒ် စပ်ဖို့ စဉ်းစားနေတယ်။ အဲဒီအချိန်မှာ အမွှေးတိုင်က ပြီးဆုံးကာနီးနေပြီ။ ပေါက်ယုက ထပ်ပြီးရေးနေတုန်းမှာ အားလုံးက ရယ်ကြတယ်။

"ဒီတစ်ခါတော့ မောင်လေးပေါက်ယု ပြီးဖို့ မလွယ်ဘူး၊ တန်ချွန်းပဲ ဆက်ပြီး စပ်ပေးလိုက်ပါ" လီဝမ်းက လှမ်းပြောလိုက်တယ်။ တန်ချွန်းက တစ်ဝက်လောက် စပ်ပေးတယ်။ ကဗျာမပြီးခင် အမွှေးတိုင်တစ်တိုင်ကုန်သွားပြီ။ ဒါကြောင့် ပေါက်ယုက အရှုံးပေးလိုက်ရတယ်။ နောက်ပြီး မကျေမနပ်နဲ့ တန်ချွန်းစပ်ထားတဲ့ ကဗျာတစ်ဝက်တစ်ပျက်ကို ပေါက်ယုက ပြန်ဖတ်ကြည့်တယ်။ စိတ်ကူးရလာတာနဲ့ ဆက်စပ်လိုက်တယ်။ ဒါပေမယ့် အမွှေးတိုင် တစ်တိုင်ကုန်တဲ့အချိန်ကို ကျော်လွန်သွားလို့ လက်မခံတော့ဘူး။ ထိုက်ယုရဲ့ကဗျာကို သူတို့အားလုံး ဖတ်ကြည့်ကြတယ်။

"မလေး ထိုက်ယုရဲ့ ကဗျာက ကောင်းပါတယ်၊ အဆွေးကဗျာတစ်ပုဒ်ပါပဲ"





နောက်တော့ ပေါက်ချင်းရဲ့ ကဗျာကို ဖတ်ကြတယ်။ အဲဒီကဗျာကိုလည်း အဆွေးကဗျာလို့ ဝေဖန်ကြတယ်။ ပေါက်ကြည်ရဲ့ ကဗျာကိုတော့ ချီးကျူးကြတယ်။ ထိုက်ယုရဲ့ ကဗျာက စကားလုံးရွေးချယ်တာ နူးညံ့သိမ်မွေ့ကြောင်း ပြောကြတယ်။

အဲဒီအချိန်မှာ အဆောင်အပြင်ဘက် ဝါးတောထဲကို လိပ်ပြာပုံစွန်ကြီးတစ်ခု ကြိုးပြတ်ပြီး ကျလာသံကြားရတယ်။ သူတို့ ထွက်ကြည့်ကြတယ်။ စွန်က တော်တော်ကြီးပြီး လှလည်းလှတယ်၊ လက်ရာကလည်း သေသပ်တယ်။

ဇူချွန်းက အဲဒီစွန်ကို ယူထားမယ် ပြောတော့ ထိုက်ယုက . .

"တစ်ယောက်ယောက်ရဲ့ အကုသိုလ်ကို ချေဖို့ စွန်လွှတ်တာ ဖြစ်နေရင် အဲဒီ စွန်ကို ယူထားတဲ့လူအတွက် အကုသိုလ်ဖြစ်တတ်တယ်"လို့ သတိပေးတယ်။

ဒါနဲ့ပဲ အကုသိုလ်ချေဖို့ စွန်လွှတ်ကြတယ်။

မိန်းမရုပ်ပုံ၊ နတ်ငှက်ရုပ်ပုံ၊ ငါးရုပ်ပုံ၊ ကဏန်းရုပ်ပုံ ချိုးထားတဲ့ စွန်တွေကို ကုန်းမြင့်ဆင်ခြေလျှော တစ်နေရာကနေ လွှတ်ကြတာပါ။ ပေါက်ချင်းက လင်းနို့ပုံစွန်၊ ပေါက်ကြည်က ငန်းရိုင်းပုံစွန်ကို လွှတ်ကြတယ်။ ထိုက်ယုကလည်း ရစ်လုံးကို ကြိုးတွေကုန်တဲ့အထိ ကောင်းကင်ကို လွှတ်တင်လိုက်တယ်။ နောက်တော့ စွန်ကြိုးကို ဖြတ်ဖို့ လီဝမ်က ပြောလိုက်တယ်။

"စွန်ကို ဖြတ်ချလိုက်ရတာ ကြည့်လို့တော့ အကောင်းသား၊ ဒါပေမယ့် နှမြောစရာကြီး" ထိုက်ယုက ပြုံးပြုံးရွှင်ရွှင်နဲ့ ပြောတယ်။

"စွန်လွှတ်တာ အပျော်ကစားနည်းတစ်ခုပါ၊ တချို့က အကုသိုလ်တွေ အဝေးကို လွင့်ပစ်တာလို့ ပြောကြတယ်၊ မလေးထိုက်ယုအနေနဲ့ မကြာခဏ စွန်လွှတ်သင့်တယ်၊ ဒါဆိုရင် မလေး မကြာခဏ နေမကောင်းတာတွေ ပျောက်သွားမယ်"

လီဝမ်က ပြောလိုက်တယ်။

"မလေး ထိုက်ယုက နှမြောတတ်တယ်၊ မလေး မဖြတ်ရက်ရင် ဇူချွန်း ဖြတ်ပေးမယ်နော်"

ပြောပြောဆိုဆိုနဲ့ ဇူချန်းက ရှေ့ယွေ့လက်ထဲက ငွေရောင်ကတ်ကြေးကို လှမ်းယူပြီး ထိုက်ယုရဲ့ ရစ်လုံးမှာ ပတ်ထားတဲ့ စွန်ကြိုးကို ဖြတ်တယ်။ "မကောင်းတဲ့ အကုသိုလ်ကံတွေ သွားပေတော့"လို့ ပြောလိုက်တယ်။ အဲဒီအချိန်မှာ နောက်ထပ် စွန်ကြီးတစ်ခု ကောင်းကင်ပေါ်မှာ ပေါ်လာတယ်။

စွန်ကြီးရဲ့အရွယ်အစားက တံခါးရွက်တစ်ချပ်စာလောက် ကြီးမားတယ်။ စွန်ကြီးမှာ *"ကံကောင်းပါစေ"* ဆိုတဲ့ စာလုံးကို ထင်ထင်ရှားရှား ရေးထားတယ်။ အဲဒီ စွန်ကြီးကို ခြူတွေ တပ်ဆင်ထားတဲ့အတွက် ခြူသံတလွင်လွင် ကြားနေရတယ်။

နတ်ငှက်ရုပ်စွန်နှစ်ခု ငြိနေတဲ့အချိန်မှာ စွန်ကြီးနဲ့ ထပ်ငြိပြီး သုံးခုစလုံး ပြတ်လွင့်သွားကြတယ်။

လဆုတ် (၁၃)ရက်နေ့မှာ မယ်မယ်ကြီးမွေးနေ့ ကျင်းပတယ်။

စံအိမ်နှစ်ခုစလုံး မီးပုံးတွေ၊ မီးအိမ်တွေနဲ့ ထိန်ထိန်လင်းနေတယ်။ စံအိမ်ကြီးတွေထဲမှာ ပန်းခက်တွေ၊ ပန်းပွားတွေ၊ ငှက်ရုပ်တွေနဲ့ ခန်းဆီးတွေ၊ ကြာပန်းပွင့်ကြီးတွေ ခြယ်သထားတဲ့ ကော်ဇောကြီးတွေကို ခန်းလုံးပြည့် ခင်းထားတယ်။ စံအိမ်ကြီးရဲ့ ဝန်းကျင်မှာ ပုလွေသံ၊ ဗုံသံ၊ လင်ကွင်းသံတွေနဲ့ သာယာစည်ပင်နေတယ်။

အဲဒီညမှာ ရွှေနန်းတော်ကြီးက အထူးဧည့်သည်တွေ လာကြတယ်။ ပေ့ကျင်းမင်းသား၊ နာနန်းမင်းသားတွေနဲ့ သူတို့ရဲ့ ကြင်ယာတော် သမီးတော်၊ ယုန်လျှမ်းမင်းသားနဲ့ လိုရှန်းမင်းသား၊ နာနန်းမင်းသမီးကြီးနဲ့ တခြားမင်းသမီးကြီးတွေ လာကြတယ်။

မယ်မယ်ကြီးနဲ့ အိမ်သူအိမ်သားတွေက နန်းတက်ဝတ်စုံတွေ ဝတ်ထားပြီး ကြိုဆိုဧည့်ခံကြရတယ်။ ကျက်သရေခန်းမဆောင်မှာ အဆင့်အလိုက် နေရာချပြီး ကျွေးမွေးကြရတယ်။

နောက်တစ်နေ့ မနက်ကျတော့ မိသားစုအားလုံး ကျွေးမွေးပွဲကို တက်ရောက်ကြတယ်။ ပြဇာတ် က,ပြတာကို ကြည့်ကြတယ်။





အဲဒီနေ့မှာ ဆွေမျိုးအရင်းအချာတွေကိုပဲ သီးခြားဖိတ်ထားတယ်။ မယ်မယ်ကြီးဟာ စိတ်ကြည်လင်ရွှင်ပျနေတယ်။ ခန်းဆောင်ရဲ့အလယ်မှာ ထိုင်ဖုံကြီး ချထားတယ်။ မယ်မယ်ကြီးက ထိုင်ဖုံကြီးပေါ်မှာ ထိုင်ပြီး မှီအုံးပေါ်မှာ ကျောမှီထားတယ်။ ခြေနှစ်ဖက်ကို ခြေတင်ခုံပေါ်မှာ တင်ပြီး ဆွေမျိုးသားချင်းတွေ ကန်တော့တာတွေကို ပြုံးပြီးကြည့်နေတယ်။

မယ်မယ်ကြီးရဲ့ဘေးဘက်အနီးအနားက ခွေးခြေပုကလေးတွေပေါ်မှာ ပေါက်ယု၊ ပေါက်ကြည်၊ ပေါက်ချင်း၊ ထိုက်ယု၊ စန်းယင်၊ ယင်ချွန်း၊ ဆီချွန်းတို့ ထိုင်နေကြတယ်။ တခြား မြေးတွေ၊ တူ၊ တူမတွေကလည်း လာကန်တော့ကြတယ်။ မြေးမတွေထဲက ဆီလွမ်နဲ့ စုချီဟာ ရုပ်ချောပြီး အပြောအဆို ယဉ်ကျေးကြတယ်။ အနေအထိုင်လည်း သိမ်သိမ်မွေ့မွေ့ ရှိကြတယ်။

ဒါကြောင့် မယ်မယ်ကြီးက သူတို့နှစ်ယောက်ကို သူ့ရှေ့မှာထိုင်ခိုင်းလိုက်တယ်၊ ပေါက်ယုက မယ်မယ်ကြီးရဲ့ ခြေထောက်တွေကို နှိပ်ပေးနေတယ်။

ဆွေမျိုးတွေဟာ ကြီးစဉ်ငယ်လိုက်ဘေးမှာ တန်းစီထိုင်နေတယ်။ ပထမအမျိုးသမီးတွေက ကန်တော့ကြတယ်။ နောက်ပြီးတော့မှ အမျိုးသားတွေက ကန်တော့ကြတယ်။ စံအိမ်ရဲ့ လုံခြုံရေးတာဝန်ခံ လိုင်တ,က ဦးဆောင်ပြီး တခြားဝင်းမှူးတွေနဲ့ အိမ်ဖော်တွေကိုပါ ခေါ်လာခဲ့တယ်။ မယ်မယ်ကြီးကို ကန်တော့ကြတယ်။ သည့်နောက်တော့ သူတို့ဇနီးတွေ၊ အဆောင်တွေမှာ အလုပ်လုပ်နေကြတဲ့အိမ်ဖော်တွေပါ ကန်တော့ကြတယ်။

မယ်မယ်ကြီး အသက်ရှည်စေဖို့အတွက် မွေးနေ့မှာ ငှက်တွေလွှတ်ဖို့ ငှက်လှောင်အိမ်တွေ ယူဆောင်လာကြတယ်။ နောက်ပြီး အသက်ရှည်နတ်မင်းနဲ့ တခြားနတ်တွေကို အမွှေးတိုင်၊ ငွေပြားစက္ကူတွေနဲ့ မီးရှို့ပူဇော်ကြတယ်။ ပြီးတော့ မယ်မယ်ကြီးဟာ ပြဇာတ်ကို ခဏလောက်ကြည့်ပြီးမှ အနားယူတယ်။

ပေါက်ယုဟာ သူ့အဆောင်မှာ အိပ်ရာဝင်တော့မယ်။

အဲဒီအချိန်မှာ တံခါးခေါက်သံ ကြားလိုက်ရတယ်။

အိမ်ဖော်တချို့က သူဖွင့်မလို ငါ ဖွင့်မလိုနဲ့ ဖြစ်နေတုန်း အထိန်းတော်ကြီးက သွားဖွင့်လိုက်တယ်။ အမြောင်မယားချောရဲ့ အဆောင်မှာ အလုပ်လုပ်နေတဲ့ အိမ်ဖော်မကလေး ဝင်လာပြီး . . .

"သခင်လေးကို ပြောစရာရှိတယ်လို့" ပြောတယ်။

ပေါက်ယုအနားမှာ ကြာဖြူပန်း၊ ချင်ဝမ်းနဲ့ အိမ်ဖော်တချို့ ရှိတယ်။

"ဘာကိစ္စလဲ"

"မြို့စားကြီးနဲ့ သခင်မချောတို့ စကားပြောနေကြတဲ့အထဲမှာ သခင်လေး နာမည် ထည့်ပြောနေသံ ကြားရတယ်၊ ဒါကြောင့် မြို့စားကြီး မနက်ဖြန်ကျရင် သခင်လေးဆီကို လာပါလိမ့်မယ်၊ သခင်လေးကို ကျွန်မ ကြိုတင်သတိပေးထားတာပါရှင့်"

အိမ်ဖော်မလေးက ခပ်သွက်သွက် ပြောတယ်။

ကြာဖြူပန်းက လက်ဖက်ရည်သောက်ဖို့ ဖိတ်သေးတယ်။

ဒါပေမယ့် အိမ်ဖော်မလေးက "မသောက်တော့ဘူး၊ စံအိမ်ကြီးရဲ့ ဝင်းတံခါးမပိတ်ခင် အမီပြန်ရမယ်" ဆိုပြီး ပြန်သွားတယ်။

ပေါက်ယုက အကြီးအကျယ် ထိတ်လန့်သွားတယ်။

မနက်ဖြန် သူ့အဖေ မေးရင် ဖြေနိုင်ဖို့ စာကြည့်တယ်။

အဖေမေးတဲ့ စာကို ဖြေနိုင်ရင် ဘာမဆို ခွင့်လွှတ်မှာပါ။ စာမဖြေနိုင်ရင်တော့ သူ့အဖေက ထုံးစံအတိုင်း တခြားအပြစ်တစ်ခုမဟုတ် တစ်ခု ရှာကြံပြီး အပြစ်ပေးမှာ သေချာတယ်။ ဒါကြောင့် ပေါက်ယုဟာ နေ့စဉ် စာမှန်မှန် မကျက်မိတာကို နောင်တရနေတယ်။ ဖခင်ကြီးဟာ မျှော်မှန်းထားတဲ့ အချိန်ထက်စောပြီး စံအိမ်ကို ပြန်ရောက်လာတယ်။ ဒါကြောင့် ပေါက်ယုဟာ စာကို အသည်းအသန် ညလုံးပေါက် ကျက်ရတော့မလို ဖြစ်သွားတယ်။ ဒါပေမယ့် မရမှာ သေချာတယ်။

မဟာပညာကျမ်း၊ အနုပညာကျမ်း၊ ကွန်ဖြူးဇီကျမ်းတွေကိုတော့ နည်းနည်းပါးပါး ရတယ်။ ဒါပေမယ့် မုန်စီကျမ်းကို ကောင်းကောင်းမရဘူး။ ပေါက်ယု ရတာက ဂီတပေါင်းချုပ်ကျမ်းပဲ ဖြစ်ပါတယ်။





ဒါကလည်း ကဗျာစပ်ဖို့ မကြာခဏ လှန်ကြည့်မိလို့ပါ။

စကားပြေနဲ့ ပတ်သက်ပြီး ချူခေတ်ရာဇဝင်ကျမ်း၊ စစ်ဘုရင်များ ခေတ်ပုံပြင်များ၊ ရာဇဝင်ဒီပနီ၊ ဋီကာကျမ်း . . . ဆိုတဲ့ ကျမ်းတွေကို သဘောလောက်သာ ဖတ်ထားတာဖြစ်လို့ ဘာမှ မမှတ်မိတော့ဘူး။

အဲဒီ ကျမ်းတွေထဲက ဖြစ်ရပ်တွေကိုသာ မေးရင် ပေါက်ယု ဘာမှ မဖြေနိုင်တော့ဘူး။ ပေါက်ယုရဲ့ဖခင် မြို့စားကြီးဟာ ခရီးမထွက်ခင်က အင်္ဂါရှစ်ပါးပါတဲ့ ဆောင်းပါးမျိုး တစ်ရာကျော်ကို လေ့လာထားဖို့ မှာသွားတယ်။ ဒါပေမယ့် ပေါက်ယုက သူစိတ်ဝင်စားတဲ့ စာပိုဒ်လောက်က လွဲရင် ဆောင်းပါးတစ်ပုဒ်လုံး အစအဆုံး မဖတ်ခဲ့မိဘူး။

ပေါက်ယုဟာ ဟိုစာလိုလို ဒီစာလိုလို ဘယ်ဟာမှ မကျက်ဖြစ်ဘဲ စိတ်တွေ ကယောင်ချောက်ချား ဖြစ်နေတယ်။ သူ့အဆောင်မှာ ရှိနေကြတဲ့ အိမ်ဖော်တွေဟာ တစ်ယောက်မှ မအိပ်ရတော့ဘူး။

ကြာဖြူပန်း၊ ရွှေယွေ့နဲ့ ချင်ဝမ်းတို့က ဖယောင်းတိုင်တွေ ထွန်းပေးကြတယ်။ လက်ဖက်ရည် ဖြည့်ပေးရတယ်။ အသက်ငယ်ငယ် အိမ်ဖော်မိန်းကလေးတချို့ဟာ ဟန်မဆောင်နိုင်တော့ဘူး။ အိပ်ငိုက်နေကြပြီ။

"ဒီကောင်မလေးတွေ တစ်နေ့လုံး အိပ်လို့ မဝနိုင်ဘူးလား၊ နင်တို့ ခါးကို မတ်မတ်တောင် မထိုင်နိုင်ကြတော့ဘူးလား၊ ဘယ်နှစ်ရက်များ အိပ်ရေးပျက်ခဲ့ဖူးလို့လဲ၊ ဒီတစ်ရက်လောက် အိပ်ပျက်တာမှ မခံနိုင်ရင်တော့ နင်တို့အသားကို အပ်နဲ့ဆွမယ်" ချင်ဝမ်းက ခြောက်လှန့်လိုက်တယ်။

အိမ်ဖော်မိန်းကလေးတစ်ယောက်ဟာ အပြင်ဆောင်မှာရှိတဲ့ ကုလားထိုင်တစ်လုံးပေါ်မှာ ငိုက်ရင်း သူ့ဟာသူ နဖူးနဲ့ နံရံဆောင့်မိသွားတယ်၊ အဲဒါကို လန့်နိုးသွားပြီး ချင်ဝမ်းက သူ့ခေါင်းနဲ့ နံရံကို ဆောင့်တိုက်တယ်လို့ ထင်လိုက်တယ်။ ဒါကြောင့် ယောင်ယမ်းပြီး ထအော်လိုက်တယ်။

"ကြောက်ပါပြီ၊ ကျွန်မ နောက်တစ်ခါ မငိုက်တော့ပါဘူးရှင့်"

ကျန်တဲ့လူတွေက သူ့ကိုကြည့်ပြီး ဝိုင်းရယ်ကြတယ်။ ဒါနဲ့ ပေါက်ယုက "သူတို့တွေကို ခွင့်လွှတ်လိုက်ပါ ချင်ဝမ်း၊ အိပ်ချင်တဲ့သူ အိပ်ပါစေ၊ ချင်ဝမ်းတို့လည်း ပင်ပန်းနေပြီ၊ တစ်ယောက်တစ်လှည့်စီ အိပ်ကြပါတော့"

. . လို့ ပြောလိုက်တယ်။

ကြာဖြူပန်းက . . .

"သခင်လေး စာကိုသာ ရအောင်ကျက်ပါ၊ ဒီတစ်ညပဲ ကျက်ချိန်ရှိတာ မဟုတ်လား။ တခြားသူတွေအတွက် တွေးပူမနေပါနဲ့၊ ကိုယ့်စာပဲ ကိုယ် စိတ်ဝင်စားထားလိုက်ပါ။ စာတွေ ရပြီးတော့မှ တခြားကိစ္စတွေ စဉ်းစားလိုက်ပေါ့နော်" လို့ သတိပေးလိုက်တယ်။

ကြာဖြူပန်းက သူ့အပေါ် မှာစေတနာထားတာ ပေါက်ယုသိတယ်။ ဒါကြောင့် စာကို ဆက်ဖတ်လိုက်တယ်။ ရွှေယွှေ့က ပေါက်ယုအတွက် လက်ဖက်ရည် ငှဲ့ပေးတယ်။ ရွှေယွှေ့က အတွင်းခံအင်္ကျီခါးတို ဝတ်ထားတာတွေ့ရတယ်။ အပေါ် ဝတ်အင်္ကျီ မဝတ်ထားဘူး။ အဲဒါကြောင့် ရွှေယွှေ့ရဲ့ ဆင်စွယ်ရောင်လက်မောင်းသားလေးဟာ ပေါက်ယုရဲ့ မျက်စိထဲမှာ လွှဲဖယ်မရအောင် ဖြစ်နေတယ်။ ပေါက်ယုဟာ ကြည့်လည်းကြည့်ချင်တယ်။ ကြာကြာလည်း မကြည့်ရဲအောင် ဖြစ်နေတယ်။ အဲဒီတော့ ပေါက်ယုက မိမိအာရုံထဲမှ ဝင်လာတဲ့စိတ်အာရုံကို လွှဲဖယ်တဲ့အနေနဲ့ စကားတစ်ခွန်းကို ပြောလိုက်တယ်။

"သန်းခေါင်ကျော်ရင် အဲအေးပိုကဲလာလိမ့်မယ်၊ နွေးနွေးထွေးထွေး ဝတ်ထားလေ"

ရွှေယွှေ့က ပြုံးပြီး စာအုပ်တွေကို ညွှန်ပြတယ်။

"သခင်လေးရဲ့ စိတ်အာရုံကို စာအုပ်တွေထဲမှာပဲ ထည့်ထားရင် ကောင်းမယ်"

ရွှေယွှေ့က ပြောလိုက်တယ်။

အဲဒါနဲ့ ပေါက်ယုမျက်နှာဟာ စာအုပ်ပေါ် ပြန်ရောက်သွားတော့တယ်။

## ၁၄

သခင်မကြီးဟာ ပေါက်ယုရဲ့ အဆောင်ကို ရောက်လာတယ်။

ပေါက်ယုရဲ့ အဆောင်မှာ မိန်းကလေးတွေ များနေတယ်။ အဲဒီမိန်းကလေးတွေထဲမှာ အကျင့်ပျက်တဲ့ မိန်းကလေးတွေ ပါနေသလားလို့ စစ်ဆေးဖို့ လာတာပါ။ အဲဒီမိန်းကလေးတွေဟာ ပေါက်ယုကို အကျင့်ဆိုးတွေ သင်ပေးနေတယ်လို့ သတင်းကြားထားတယ်။

တကယ်လို့ သခင်မကြီး ကြားတဲ့ သတင်းမှန်ရင်တော့ အလုပ်ထုတ်ပစ်မှာ သေချာတယ်။ သခင်မကြီးဟာ အလုပ်ကြမ်းလုပ်တဲ့ အမျိုးသမီးတွေရော၊ အိမ်ဖော်မိန်းကလေးတွေကိုသာမက ကြာဖြူပန်းကိုပါ အားလုံးခေါ်ပြီး လူစုခိုင်းလိုက်တယ်။

အဲဒီအချိန်မှာ အထိန်းတော်ကြီးတစ်ယောက်က မိန်းကလေးအုပ်စုထဲက တစ်ယောက်ကို လက်ညှိုးထိုးပြီး ဆွဲထုတ်ခေါ် ယူလိုက်တယ်။

"အဲဒီ မိန်းကလေးပါ သခင်မကြီး"

"သူ့နာမည် ဘယ်သူလဲ"

"ဟွီဆိုင်းတဲ့ . . . နောက်ပြီး စုအဲလို့လည်း ခေါ်ပါတယ်"

သခင်မကြီးက မိန်းကလေးရဲ့ တစ်ကိုယ်လုံးကို ခြေဆုံးခေါင်းဆုံး အကဲခတ်လိုက်တယ်။ အဲဒီမိန်းကလေးဟာ ကျင်ဝမ်းလောက် မလှဘူး။ ဒါပေမယ့် ရုပ်ရည်ကတော့ ရွှက်ကြမ်းရေချိုရှိပြီး ပါးပါးနပ်နပ် ဖြစ်ပုံလည်းရတယ်။ အဝတ်အစားကို တောက်တောက်ပြောင်ပြောင် ဝတ်ဆင်ထားတယ်။ သခင်မကြီးက သရော်ပြုံး ပြုံးလိုက်တယ်။

"နင့်အကြောင်း နင်သိမှာပေါ့နော်"

မိန်းကလေးက အပြစ်ကင်းတဲ့ အမူအရာနဲ့ . . .

"ကျွန်မမှာ ဘာအပြစ်ရှိလို့လဲသခင်မကြီး" လို့ ပြန်မေးတယ်။

"ငါက ဥယျာဉ်ထဲကို နေ့တိုင်းမရောက်ပေမယ့် နင် ဘာတွေလုပ်တယ်၊ ဘာတွေ ပြောတယ်ဆိုတာ ငါ အကုန်သိတယ် နားလည်လား။ ငါ့မှာ သားဆိုလို့ ဟောဒီပေါက်ယုတစ်ယောက်ပဲ ရှိတာ၊ သူ့ကို ဒီအတိုင်း လွှတ်ပေးထားတယ်လို့ နင် ထင်သလား"

ဟွိဆိုင်းဟာ မျက်နှာတစ်ခုလုံး နီရဲသွားတယ်။

နောက်ပြီးတော့ ရှိုက်ကြီးတစ်ငင် ငိုကြွေးနေတယ်။ သခင်မကြီးက အဲဒီမိန်းကလေးရဲ့ အမေကို ခေါ်ခိုင်းလိုက်ပြီး သူ့သမီးကို အပြီးခေါ် ထုတ်သွားခိုင်းလိုက်တယ်။

"ယာလီဆိုတဲ့ မိန်းကလေးက ဘယ်သူလဲ"

သခင်မကြီးက နောက်ထပ်မေးခွန်း ထုတ်လိုက်တယ်။

အထိန်းတော်တချို့က ဖန်ကွမ်းကို လက်ညှိုးညွှန်ကြတယ်။

"လက်စသတ်တော့ နင်လည်း ကချေသည်ပဲ မဟုတ်လား"

သခင်မကြီးက မေးလိုက်တယ်။

ဖန်ကွမ်းက မျက်နှာငယ်ငယ်နဲ့ ခေါင်းညိတ်တယ်။

"အင်း, ဇာတ်အဖွဲ့တွေကို ဖျက်လိုက်တော့၊ ငါက ကချေသည်တွေကို သနားပြီးတော့ ဥယျာဉ်ထဲက အဆောင်တွေမှာ ခွဲပို့ထားခဲ့တယ်၊ ပြဿနာ တစ်ခုခုဖြစ်တိုင်း နင်တို့ ကချေသည်တွေ ပါပါနေတယ်၊ အရင် တစ်ခါတုန်းက နင့်ကိုပါ ပြန်ခိုင်းခဲ့သေးတယ်နော်"

"ဟုတ်ပါတယ်"

သူမက အသံတိမ်တိမ်နဲ့ ဖြေတယ်။

"ဒီတစ်ခါတော့ နောက်ဆုံးသတိပေးခြင်းပဲ၊ နင့်ကိုယ်နင် အနေအထိုင် အပြောအဆို ဆင်ခြင်ပေတော့၊ အရေးအကြီးဆုံးက ငါ့သား ပေါက်ယုကို ရိသဲ့သဲ့ မလုပ်ဖို့ဘဲ"

"ကျွန်မ မလုပ်ဝံ့ပါဘူး သခင်မကြီး၊ သူများတွေက ကျွန်မကို သက်သက်မဲ့ ချောက်တွန်းကြတာပါ"

ဖန်ကွမ်းက ရှင်းပြတယ်။

"ဟဲ့. . . နင်လုပ်တာ မှန်နေရင် နင့်ကို ဘယ်သူမှ ချောက်တွန်းလို့ မရဘူး၊ သူများ ချောက်တွန်းတိုင်းလည်း ငါ မယုံဘူး၊ ကောင်းပြီ ဒါဆို





ငါ နင့်ကို မေးမယ်၊ မနှစ်တုန်းက ဆွေတော်မျိုးတော်တွေရဲ့ သချိုင်းဂူတွေ သွားတော့ စုအဲကို ခေါ်လာဖို့ ပေါက်ယုကို သွေးဆောင်တာ ဘယ်သူလဲ ပြောစမ်း၊ နင် မဟုတ်ပါဘူးလို့ ငြင်းရဲသလား။ ငါ့မှာ သက်သေအခိုင်အမာ ရှိတယ် နားလည်လား"

သခင်မကြီးဟာ ပြောရင်းနဲ့ ဒေါသထွက်လာတယ်။

မွေးစားအမေကို ခေါ် လိုက်တယ်။ မွေးစားအမေ ရောက်လာတော့ ဖန်ကွမ်းကို ဒီမှာ ဆက်မထားတော့ဘဲ အပြင်ကို ခေါ် သွားပြီး ယောကျ်ား ပေးစားဖို့ အမိန့်ပေးတယ်။ ဒါတင်မကဘူး မိန်းကလေးအဆောင်တွေကို ခွဲပြီး ပို့ထားတဲ့ ကချေသည်အားလုံးကိုလည်း အပြင်ထုတ်ပြီး ယောကျ်ား ပေးစားလိုက်ဖို့ ဆက်ပြောလိုက်တယ်။

"တကယ်လို့ ယောကျ်ားပေးစားတာကို မယူနိုင်ဘူး၊ ငြင်းတဲ့ကချေသည်ရှိရင် သူ့သဘောနဲ့သူ သွားချင်ရာသွားပစေတော့၊ လုံးဝ တာဝန်မယူနဲ့တော့၊ ဒီစံအိမ်ဝင်းထဲကို လုံးဝ ခြေချခွင့် မပြုဘူးလို့ အပြတ်ပြောလိုက်"

သခင်မကြီးက ပြတ်ပြတ်သားသား အမိန့်ချလိုက်တယ်။

နောက်ပြီးတော့ . . .

သခင်မကြီးဟာ ပြက္ခဒိန်ကို သွားကြည့်တယ်။

"ငါက ငါ့သားပေါက်ယုကို ငါ့အဆောင်မှာ ပြောင်းနေခိုင်းမလို့ စိတ်ကူးထားတယ်၊ ဒါပေမယ့် ဒီနှစ်ထဲမှာ နေရာအပြောင်းအရွှေ့ မလုပ်ကောင်းဘူးလို့ ပြက္ခဒိန်ထဲမှာ ဖော်ပြထားတယ်၊ ဒါကြောင့် သူ့ကို နောက်နှစ်ကျမှ ငါ့အဆောင်မှာ ခေါ် ထားတော့မယ်၊ ဒီအတောအတွင်း ကြာဖြူပန်းရော၊ ရွှေ့ယွေ့ဆိုတဲ့ ကောင်မရော သတိထားပြီးတော့နေပါ၊ ညည်းတို့ အကြောင်းတစ်ခုခုကြားရင် အဲဒီ ကချေသည်မတွေလိုပဲ နှင်ထုတ်ခံရမယ် နားလည်လား"

စကားဆုံးတာနဲ့ သခင်မကြီး ထွက်သွားတော့တာပဲ။ ပေါက်ယုဟာ သူ့အမေရဲ့ဒေါသကို သိနေတယ်။ ဒါကြောင့် အဆောင်ထဲမှာ တခြားမိန်းကလေးတွေ ရှိနေလို့ ဘာမှ မပြောခဲ့ဘူး။

သူ့အမေ ထွက်သွားတော့ နောက်က လိုက်သွားတယ်။

သခင်မကြီးက သူ့သားပေါက်ယုကို လှည့်ကြည့်တယ်။

"မင်း ဘာလိုက်လုပ်မလို့လဲ၊ အချိန်ရှိတုန်း ကျက်စရာရှိတာတွေ သွားကျက်ချေ၊ စာမရလို့ကတော့ မင်းအဖေနဲ့ တွေ့ရင် မလွယ်ဘူး"

သခင်မကြီးရဲ့ သတိပေးချက်ကြောင့် ပေါက်ယု ပြန်လှည့်လာခဲ့ရတယ်။ ပေါက်ယုဟာ သူ့အဆောင်ထဲကို ပြန်ဝင်လာတယ်။

ကြာဖြူပန်း ရှိုက်ကြီးတစ်ငင် ငိုနေတာ တွေ့ရတယ်။

"မငိုပါနဲ့ ကြာဖြူပန်းရယ် . . ကြာဖြူပန်း ငိုတာတွေ့ရရင် တို့ရင်ထဲမှာ အရမ်းခံစားရတယ်"

ပေါက်ယုက ယုယုယယ မျက်ရည်သုတ်ပေးတယ်။

"ကြာဖြူပန်းအလှည့်လည်း ဘယ်တော့ရောက်မလဲ မသိဘူးနော်၊ ဘယ်သူတွေက သခင်မကြီးကို ကုန်းချောနေသလဲ မသိဘူး၊ တကယ်လို့ ကြာဖြူပန်းအကြောင်း မကောင်းပြောခံရရင် နှင်ထုတ်ခံရမှာ သေချာတယ်"

ကြာဖြူပန်းက အငိုတိတ်သွားပေမယ့် ရှိုက်နေတုန်းပဲ။

သူမရဲ့ ကျောပြင်လေးဟာ . . .

တသိမ့်သိမ့်တုန်ယင်နေတယ်။

"ကြာဖြူပန်း စိတ်သဘောထား ဘယ်လောက်ကောင်းတယ်ဆိုတာ အမေ သိပါတယ်၊ တခြားမိန်းကလေးတွေကိုချည်း အပြစ်ပြော ဆူပူကြိမ်းမောင်းပြီး ကြာဖြူပန်းကို ကွက်ချန်ထားသလိုဖြစ်မှာစိုးလို့ အမေက သိမ်းကျုံးပြီးတော့ သတိပေးလိုက်တာဖြစ်မှာပါ၊ ဒေါသပြေသွားရင် မောင်လေး ပြောပြပါ့မယ်"

ပေါက်ယုက နှစ်သိမ့်လိုက်ပြီး ဆက်ပြောတယ်။

"ဒါကြောင့်မို့ ဒီနှစ်နွေဦးတုန်းက မောင်လေး နိမိတ်မကောင်းတာတွေ သတိထားမိသေးတယ်၊ ဒါပေမယ့် မဖြစ်နိုင်ဘူးလို့ ထင်ခဲ့တာ၊ အခုတော့ အဲဒီနိမိတ်တွေ မှန်နေပြီ"

"ဘယ်လို နိမိတ်မျိုးလဲ သခင်လေး"

ကြာဖြူပန်းက စိတ်ဝင်စားစွာ မေးလိုက်တယ်။

"တခြား မဟုတ်ပါဘူး၊ မောင်လေးနေတဲ့ အဆောင်ရှေ့ လှေကားရင်းက ဂမုန်းပင်တွေကို သတိထားမိလား"





"ဟင့်အင်း ရောက်ခါစတုန်းက အရမ်းပွင့်နေတာကိုတော့ မြင်မိတယ်၊ ဒါပေမယ့် နောက်တော့ အမှုမဲ့ အမှတ်မဲ့ သတိမထားမိတော့ဘူး၊ အဲဒီဂမုန်းပင်တွေက ဘာနိမိတ်ပြလို့လဲ သခင်လေး"

"အဲဒီ ဂမုန်းပင်တွေ ညှိုးပြီးခြောက်နေပြီလေ၊ အဲဒါတွေ့လိုက်ရကတည်းက နိမိတ်မကောင်းဘူးလို့ ထင်ခဲ့မိတယ်၊ ခုတော့ မောင်လေး ထင်တဲ့အတိုင်း ဖြစ်နေပြီ"

ပေါက်ယုစကားကြောင့် ကြာဖြူပန်းက ရယ်တယ်။

"သခင်လေးကတော့ ရှေးအဘွားကြီး ကျနေတာပဲ၊ တကယ်ရယ်ရတယ်၊ သခင်လေးလို ပညာတွေတတ်နေတဲ့ လူငယ်တစ်ယောက်က ဒီလို အယူအဆရှိတာ ရယ်စရာ ဖြစ်မနေဘူးလား၊ စဉ်းစားကြည့်လေ၊ ဂမုန်းပင်ညှိုးတာနဲ့ သခင်မကြီးက ကချေသည်တွေ နှင်ထုတ်ပစ်တာတွေဟာ ဘာဆိုင်လို့လဲ"

ပေါက်ယုက ကြာဖြူပန်းကို စူးစူးရဲရဲ ကြည့်တယ်။

"သစ်ပင်တွေ ပန်းပင်တွေသာမကဘူး၊ လောကကြီးထဲက အရာဝတ္ထုတိုင်းဟာ လူတွေအတွက် တွေးတောဆင်ခြင်နိုင်တဲ့ အသိတရားတွေ ပေးနိုင်စွမ်းရှိတယ်၊ အဲဒါကို နားလည်ဖို့ မလွယ်ဘူး၊ အပင်တွေက နိမိတ်ပြတာဟာ အမှန်တကယ်ရှိတယ်၊ ဥပမာ ကွန်ဖြူဇီဝတ်ကျောင်းရှေ့က ကျောက်ထင်းရှူးပင်ကြီးကို ကြာဖြူပန်း တွေ့ဖူးလား"

ကြာဖြူပန်းက ခေါင်းညိတ်ပြတယ်။

ပေါက်ယုက ဆက်ပြောတယ်။

"နောက်ပြီး ကွန်ဖြူဇီရဲ့ သင်္ချိုင်းရှေ့က ကသစ်ပင်ကြီးရယ်၊ အမတ်ကြီးချူကိုလျံ့ ဝတ်ကျောင်းရှေ့မှာ ရှိနေတဲ့ ထင်းရှူးပင်၊ ဆွန်မင်းဆက်က စစ်သူကြီးယွေ့ဖီရဲ့ သင်္ချိုင်းနားက မိုးမခပင်ကြီးရယ်၊ အဲဒီသစ်ပင်တွေဟာ သူတို့တစ်တွေနဲ့ ခေတ်ချင်းတူလို့ နှစ်ပေါင်းများစွာ ရှင်သန်ကြံ့ခိုင်ခဲ့ကြဘယ်။ ဒါပေမယ့် တိုင်းပြည် မငြိမ်မသက်ဖြစ်လာတော့မယ်ဆိုရင် အဲဒီ အပင်ကြီးတွေက ညှိုးနွမ်းသွားလေ့ရှိတယ်၊ တိုင်းပြည်အေးချမ်းသာယာလာတဲ့အခါကျရင် သူ့ဟာသူ အလိုလို လန်းလန်းဆန်းဆန်း ပြန်ဖြစ်လာဘယ် . . . .

အဲဒီလိုနဲ့ ခေတ်အဆက်ဆက်မှာ ဒီသစ်ပင်ကြီးတွေဟာ ညှိုးသွားလိုက် လန်းဆန်းလာလိုက်နဲ့ ဖြစ်နေတာ နှစ်ပေါင်းရာထောင်မက တော့ဘူး၊ အဲဒါ သစ်ပင်တွေက နိမိတ်ပြတာပဲပေ့ါ၊ မောင်လေး ပြောတာ သဘောပေါက်ရဲ့လား"

ကြာဖြူပန်းက ရုတ်တရက် ပြောဖို့ စဉ်းစားနေတယ်။

"ဒါဆို အဲဒီ ဂမုန်းပင်ကို ကြာဖြူပန်းနဲ့ နှိုင်းမယ်ဆိုရင် ဂမုန်းပင် လန်းဆန်းရင် ကြာဖြူပန်းလည်း လန်းဆန်းမယ်၊ ဂမုန်းပင်သေရင် ကြာဖြူပန်းလည်း သေမယ်၊ သခင်လေး ပြောတာ အဲလိုမျိုး အဓိပ္ပာယ်လား"

ပေါက်ယုက ထိတ်ထိတ်ပျာပျာနဲ့ ကြာဖြူပန်းပါးစပ်ကို လက်ဝါးနဲ့ ပိတ်လိုက်တယ်။

"မင်္ဂလာမရှိတဲ့ စကားတွေမကြားချင်ဘူး ကြာဖြူပန်း၊ ဒီအကြောင်းတွေ ထပ်မပြောနဲ့တော့၊ အခုဆိုရင် ကချေသည်မလေးတွေ နှင်ထုတ်ပစ် ခံလိုက်ရပြီ၊ သူတို့ အခြေအနေဟာ ကောင်းစားဖို့ထက် ဘဝပျက်ဖို့က ပိုပြီး သေချာတယ်"

ပေါက်ယုက စဉ်းစဉ်းစားစားနဲ့ ပြောလိုက်တယ်။

"သူတို့ ပြန်သွားကြတာလည်း ကောင်းပါတယ်လေ၊ ဒါမှ မဟုတ်ရင် သခင်လေးက သူတို့အပေါ်မှာ စွဲစွဲလမ်းလမ်း သံယောဇဉ်တွယ်နေရင် ပိုပြီး ခံစားရမှာ၊ သခင်လေး စိတ်ထိခိုက်ရင် မကျန်းမမာ ဖြစ်နေဦးမယ်"

ကြာဖြူပန်းက စိတ်သက်သာရာရကြောင်း ပြောပြတယ်။

"ဒါပေမယ့် ဘာပဲဖြစ်ဖြစ် သူတို့အခုလို ချက်ချင်းကြီး နှင်ထုတ်ခံရတော့ ဘာပစ္စည်းဘာအဝတ်အစားမှ ပြည့်ပြည့်စုံစုံပါသွားမှာ မဟုတ်ဘူး၊ နောက်ပြီး ငွေလည်း ရှိမှာမဟုတ်ဘူး၊ ဒါကြောင့် အမေနဲ့ဒေါ်လေးဆင့်တို့ မသိအောင် အဝတ်အစားတွေ ပို့ပေးစေချင်တယ်၊ ကိုယ့်အဆောင်မှာ သူတို့လုပ်ကိုင်ဆောင်ရွက်ပေးခဲ့ဖူးတဲ့အတွက် အခုလိုမျိုး ဒုက္ခရောက်နေ ချိန်မှာ ကူညီချင်တယ်၊ မောင်လေး စုထားတဲ့ငွေတွေထဲက ပို့ပေးချင်တယ်"

"အဲဒီကိစ္စကို ကြိုတင်စဉ်းစားပြီးပါပြီနော်၊ ကြာဖြူပန်းလည်း နှလုံးသားနဲ့ပါ၊ သူတို့အတွက် အဝတ်အစားတွေ သပ်သပ်ဖယ်ပြီး စုထားပါတယ်၊ နေ့ခင်းကြီးမှာ သွားပေးရင် တခြားသူတွေ မြင်သွားပြီး ပြဿနာ တက်မှာစိုးလို့ ညဘက်ကျမှ အဘွားဆုံနဲ့ သွားပို့ခိုင်းမှာပါ၊ နောက်ပြီး ကြာဖြူပန်းစုထားတဲ့ ငွေထဲက တတ်နိုင်သလောက် ပေးလိုက်ဖို့ ဆုံးဖြတ်ပြီး သားပါ"





ကြာဖြူပန်းက ရှင်းပြလိုက်တယ်။

ပေါက်ယု စိတ်အေးသွားတယ်။

"ဒါဆိုရင် သိပ်ကောင်းတာပေ့ါ၊ နည်းတာ များတာအရေးမကြီး ပါဘူး၊ စေတနာက အဓိကပါ၊ ဒါကြောင့် ကြာဖြူပန်းကို စိတ်ကောင်းရှိ တယ်လို့ လူများတွေက ပြောကြတာ"

ပေါက်ယုက ချီးကျူးလိုက်တယ်။

အဲဒီည မိုးချုပ်တော့ ကြာဖြူပန်းနဲ့ ပေါက်ယုဟာ အဘွားဆုံကို ခေါ်တွေ့လိုက်တယ်။ အဝတ်အစားတချို့နဲ့ ငွေကို တိတ်တဆိတ်သွားပို့ဖို့ စေခိုင်းလိုက်တယ်။

ဒီနောက်ပိုင်းမှာတော့ ကြာဖြူပန်းဟာ ပေါက်ယုနဲ့ ဆက်ဆံတဲ့ အခါမျိုးမှာ သူမကိုယ်သူမ ထိန်းထိန်းသိမ်းသိမ်း နေလေ့ရှိတယ်။ အထူး သဖြင့် အိမ်ဖော်တွေ ရှေ့မှာဆိုရင် ပိုပြီးကျနော်သိက္ခာနဲ့ ဆက်ဆံတယ်။ ပေါက်ယုနဲ့ ငယ်စဉ်တုန်းကလို ရင်းရင်းနှီးနှီး မနေတော့ဘဲ အချိုးပြောင်း လိုက်တယ်။

ပေါက်ယု အဆောင်နဲ့ပတ်သက်တဲ့ ပစ္စည်းတွေ၊ အဝတ်အထည် တွေ ထိန်းသိမ်းတယ်။ စာရင်းမှတ်သားတယ်။ တခြား အထိန်းတော်တွေ၊ အိမ်ဖော်တွေ လုပ်ရမယ့် တာဝန်တွေကို ခွဲပေးတယ်။ သူတို့လုပ်ကိုင်တဲ့ အခါမှာလည်း ကြီးကြပ်ပေးတယ်။ နောက်ဆုံး ကြာဖြူပန်းဟာ ပေါက်ယုနဲ့ ခန်းဆောင်တစ်ခုထဲက ခွဲထွက်ပြီး သီးသန့်ခွဲအိပ်ဖို့ စီစဉ်တယ်။ ဒါပေမယ့် ပေါက်ယုဟာ ညတစ်ရေးနိုးရင် ကြောက်တတ်လို့ တစ်ယောက်ယောက်ကို လှမ်းခေါ်လေ့ရှိတယ်။ ဒါကြောင့် အအိပ်ဆတ်တဲ့ ကြာဖြူပန်းက အရင်ဆုံး နိုးပြီး ထသွားတယ်။ ပေါက်ယုကို လက်ဖက်ရည်ငှဲ့ပေးရတယ်။ ဒါကြောင့် ပေါက်ယုအိပ်ရာနဲ့ မနီးမဝေးမှာ အိပ်ရတယ်။

## ၁၅

မနက်မိုးလင်းတဲ့အခါမှာ စံအိမ်ကြီးက အိမ်ဖော်မိန်းကလေး တစ်ယောက် ဝင်းခြံတံခါးပေါက်ကို ရောက်လာတယ်။ မြို့စားကြီးက ပေါက်ယုကို အခေါ်ခိုင်းလိုက်ကြောင်း လာပြောတယ်။ တံခါးစောင့်က ဖွင့်ပေးလိုက်တယ်။ ဘာကြောင့် ခေါ်ခိုင်းတာလဲလို့ မေးတယ်။

"မြို့စားကြီးက သူနဲ့အတူ ရှုခင်းတွေနဲ့ ခွာညိုပန်းပွင့်တာတွေ လျှောက်ကြည့်ကြမယ်တဲ့၊ နောက်ပြီး သခင်လေး စပ်ထားတဲ့ ကဗျာတွေကို ဖတ်ကြည့်ပြီး သဘောကျလို့ ကဗျာစပ်ခိုင်းမလို့တဲ့၊ အဝတ်အစား မြန်မြန် လဲပြီး လာခဲ့ဖို့ ပြောပေးပါ၊ မြို့စားကြီးနဲ့အတူ သခင်မချောရဲ့သား သခင် လေးကျိုဟုန်လည်း ရောက်နေပြီ"

မိန်းကလေးက ပြောပြီးတာနဲ့ ပြန်လှည့်သွားတယ်။

တံခါးစောင့်က ပေါက်ယုရဲ့ အဆောင်တံခါးကို ခေါက်တယ်။

ကြာဖြူပန်းက ဖွင့်ပေးလိုက်တော့ တံခါးစောင့်က မြို့စားကြီး မှာလိုက်တဲ့ အကြောင်း ပြောပြလိုက်တယ်။ ကြာဖြူပန်းဟာ ပေါက်ယုကို ချက်ချင်းနှိုးပြီး ကိုယ်လက်သန့်ရှင်းပေးတယ်။ အဝတ်အစားကိုလည်း သပ်သပ်ရပ်ရပ် ဝတ်ဆင်ပေးလိုက်တယ်။

ပေါက်ယုဟာ သူ့အဖေနဲ့ တွေ့ရမှာ ဝန်လေးနေတယ်။ ဒါပေမယ့် မသွားမဖြစ်လို့ သွားတွေ့ရတာ။ သူနဲ့တွေ့တဲ့အချိန်မှာ မြို့စားကြီးက လက်ဖက်ရည်သောက်နေတယ်၊ ရွှင်လန်းနေတာတွေ့ရတယ်။ ဒါကြောင့် ပေါက်ယု စိတ်ပေါ့ပါးလန်းဆန်းသွားတယ်။ ပေါက်ယုက အဖေ့ကို ဝတ်ပြု လိုက်တယ်။ အဖေ့နားမှာ ရှိနေကြတဲ့ ကျိုဟုန်နဲ့ ကျိုလျှံက ပေါက်ယုကို နှုတ်ဆက်ကြတယ်။ ပေါက်ယုရဲ့အဖေ မြို့စားကြီးက ပေါက်ယုကို သူနဲ့ အတူ မနက်စာ ဝင်စားဖို့ ပြောတယ်။ နောက်ပြီး . . .





"ပေါက်ယုက မင်းတို့လောက် စာမကြိုးစားဘူး၊ ဒါပေမယ့် လက် ...ပန်းချီနဲ့ ကဗျာတွေ စပ်တာကတော့ အရမ်းတော်တယ်၊ ဒီနေ့ ညှိ ...ည်တွေက မင်းတို့ကို ကဗျာစပ်ခိုင်းလိမ့်မယ်၊ ပေါက်ယုက သူတို့နှစ် ...ယောက်ကို ကူညီပြီး ကဗျာစပ်ပေးရမယ်"

မြို့စားကြီးက ကျိုဟုန်နဲ့ ကျိုလျှံကို ပြောရင်း တစ်ဆက်တည်း ...ပေါက်ယုကိုပါ ပြောလိုက်တယ်။ သခင်မကြီးဟာ သူ့သားပေါက်ယုကို ...ယောက်ျားကိုချိန်က တစ်ခါမှ ချီချီသာသာ ချီးကျူးသံ မကြားရဖူးဘူး၊ ...ကြောင့် အရမ်းအံ့ဩနေတယ်။ ဝမ်းလည်းသာနေတယ်။

မြို့စားကြီးတို့သားအဖတစ်တွေ ထွက်သွားချိန်မှာ သခင်မကြီးဟာ ...ယ်မယ်ကြီးဆီသွားဖို့ ရည်ရွယ်လိုက်တယ်။ ဒါပေမယ့် သခင်မကြီး နှင် ...တ်လိုက်တဲ့ အိမ်ဖော်မလေးတွေထဲက ဖန်ကွမ်း၊ အိုကွမ်းနဲ့ ယွီကွမ်းတို့နဲ့ ...အတူ သူတို့ရဲ့ မွေးစားအမေတွေ ရောက်လာကြတယ်။

"သခင်မကြီး ပြန်လွှတ်တာကတော့ ကောင်းပါတယ်၊ ဒါပေမယ့် ...ကွမ်းဟာ ကျွန်မတို့ဆီ ပြန်ရောက်ကတည်းက အစာလည်း မစား၊ ...ရေလည်းမသောက်တော့ဘူး၊ ဖန်ကွမ်းရော အိုကွမ်းနဲ့ ယွီကွမ်းပါ သီလရှင် ...ဝတ်ကြတော့မလို့တဲ့၊ ကျွန်မတို့ သူတို့ကို ရိုက်ပြီး ပြောလည်း မရဘူး၊ ...ဒါ သခင်မကြီးဆီ အကူအညီ လာတောင်းတာပါ"

မွေးစားအမေတွေက တစ်ယောက်တစ်ပေါက် ပြောနေကြတယ်။ ...ဒီအချိန်မှာ သီလရှင်ဆရာကြီးနှစ်ပါး ရောက်လာကြတယ်။

ဒါကြောင့် သခင်မကြီးက ခေါင်းရှုပ်ခံမနေတော့ဘူး။

"ဒါဆိုရင် ဆရာကြီးတို့ ကျောင်းတိုက်ကို ခေါ်သွားပြီး သာသနာ့ ...ဘောင်ကို ဝင်ခိုင်းလိုက်ပါတော့၊ ဒါပေမယ့် ဒီမိန်းကလေးတွေ တကယ်ပဲ ...သီလရှင်ဝတ်ချင်တဲ့ ဆန္ဒ ရှိ မရှိ သေချာအောင် ကျွန်မရှေ့မှာ မေးကြည့် ...ပါဦး ဆရာမကြီး"

သခင်မကြီးရဲ့ရှေ့မှောက်မှာ သီလရှင်ဆရာမကြီးတွေက မိန်း ...ကလေးတွေရဲ့ ဆန္ဒကို မေးကြည့်တယ်။ သူတို့တွေက ဆုံးဖြတ်ပြီးသား ...အကြောင်းပြောပြီး သခင်မကြီးနဲ့ သီလရှင်ဆရာမကြီးတွေကို ကန်တော့ ...ကြတယ်။

နောက်တော့ သခင်မကြီးက သူတို့သုံးယောက်နဲ့ သီလရှင်ဆရာမကြီးနှစ်ပါးတို့အတွက် လှူဖို့ငွေနဲ့ ပစ္စည်းတွေကို ပေးလိုက်တယ်။

သခင်မကြီးဟာ မယ်မယ်ကြီးရဲ့စံအိမ်ကို ရောက်သွားတယ်။

မယ်မယ်ကြီးကို ဝတ်ပြုကန်တော့လိုက်တယ်။

မယ်မယ်ကြီးက ရွှင်ရွှင်လန်းလန်း ဖြစ်နေတယ်။

"ပေါက်ယုရဲ့ အိမ်ဖော်တစ်ယောက် ဖြစ်ခဲ့တဲ့ ကျင်ဝမ်းဟာ ကျန်းမာရေးမကောင်းတော့ဘူး၊ သမားတော်ကြီးတွေက အဆုတ်ရောဂါဖြစ်နေတယ်လို့ ပြောကြတယ်၊ ဒါကြောင့် သူ့မိဘအိမ် ပြန်ပို့ထားတယ်၊ အရွယ်ရောက်နေပြီဆိုတော့ ရောဂါပျောက်ရင်လည်း စံအိမ်ကို ခေါ်မလာနဲ့တော့၊ ယောကျ်ားပေးစားလိုက်တော့လို့" မှာလိုက်ရတယ်။

သခင်မကြီးက ပြောပြတယ်။ နောက်ပြီး ကချေသည်တွေကို နှင်ထုတ်လိုက်ကြောင်းနဲ့ သီလရှင်ဝတ်ချင်တဲ့ ဖန်ကွမ်းအပါအဝင် မိန်းကလေးသုံးယောက်ကိုလည်း သီလရှင်ဆရာမကြီးတွေ လက်ထဲအပ်လိုက်ကြောင်း ပြောပြလိုက်တယ်။

မယ်မယ်ကြီးက ခေါင်းညိတ်လိုက်တယ်။

"ကောင်းပါတယ်၊ ဒါပေမယ့် ကျင်ဝမ်းကို အစတုန်းက ပေါက်ယုအတွက် အပြောင်မယားအဖြစ် စဉ်းစားထားတယ်၊ ကျင်ဝမ်းက ရုပ်လည်းချောတယ်၊ အချုပ်အလုပ်လည်း တော်တယ်"

"ပေါက်ယုအတွက် အပြောင်မယားအဖြစ်နဲ့တော့ အကောင်းဆုံးဖြစ်မှာပဲလို့ ကျွန်မလည်း ရည်ရွယ်ခဲ့ပါတယ် မယ်မယ်ကြီး၊ ကျင်ဝမ်းဆိုတဲ့ မိန်းကလေးဟာ ဘယ်သူနဲ့ယှဉ်ယှဉ် သာနေတာ အမှန်ပါပဲ၊ ရိုးသားပြီး စိတ်ချရတယ်။ ပေါက်ယုကိုလည်း ဖြားယောင်းတာမျိုး တစ်ခါမှ မလုပ်ဖူးဘူး။ တခြား မိန်းကလေးတွေကိုတောင်မှ ကျင်ဝမ်းက ဆုံးမတာ ကျွန်မကြားခဲ့သိခဲ့ရတယ်" သခင်မကြီးက ရှင်းပြတယ်။

"ငါ့မြေးပေါက်ယုကို ငါ အစက နားတောင်မလည်ဘူး၊ တခြားအရွယ်ရောက်လာတဲ့ ယောကျ်ားလေးတွေဟာ အပျော်အပါးမက်ကြတယ်၊ ပေါက်ယုကတော့ အိမ်ဖော်တွေနဲ့ ရောရောဝင်ဝင် ရင်းရင်းနှီးနှီးနေတာကလွဲရင် ဆန်းဆန်းပြားပြား မရှိဘူး။ အရမ်းရိုးသားနေတယ်. .





၂

. . . ဒါကြောင့် ပေါက်ယုဟာ မိန်းကလေးအဖြစ် မွေးရမယ့် ဇာတာပါသလား မပြောတတ်ဘူး"

မယ်မယ်ကြီးက သူ့စကားနဲ့သူ သဘောကျစွာ ရယ်လိုက်တယ်။ နောက်တော့ ငှက်မီမယ်ရောက်လာပြီး မယ်မယ်ကြီးကို ကန်တော့တယ်။ ပေါက်ကြည် သူ့အမေ နေမကောင်းလို့ အိမ်ပြန်သွားတဲ့အကြောင်း ဆက်ပြောကြတယ်။ မကြာခင်မှာဘဲ ပေါက်ယုတို့ ဆုတွေ သယ်လာကြတယ်။ ယပ်တောင်တွေ၊ ယပ်ဆွဲပန်းဖွားတွေ၊ စုတ်တံတွေနဲ့ မင်အိုးတွေ၊ နံ့သာပုတီးသုံးကုံးနဲ့ ကျောက်စိမ်းလက်စွပ်တွေ ဖြစ်တယ်။

ပါမောက္ခဆရာကြီး၊ လက်ထောက်အမတ်ချုပ်ကြီးနဲ့ အတွင်းဝန်မင်းတို့က ပေးလိုက်တဲ့ ပစ္စည်းတွေပါ။

"ဒါကတော့ ချင်းကောက်အမတ်ကြီး ပေးလိုက်တာ"

ပေါက်ယုက သူ့အိတ်ထဲက ဗုဒ္ဓရုပ်ပွားတော်တစ်ဆူကို ထုတ်ပြတယ်။ စန္ဒကူးသားနဲ့ ထုထားတာ ဖြစ်တယ်။ သခင်မကြီးက ပေါက်ယုကို မေးတယ်။ "ထမင်းစားပွဲကို ဘယ်ဧည့်သည်တွေ လာကြသလဲ၊ ဘာကဗျာတွေကို စပ်ခဲ့ရလဲ"လို့ မေးလိုက်တာပါ။ ပေါက်ယုနဲ့ ကျိဟုန်၊ ကျိလျှံတို့က ဖြေကြတယ်။

နောက်တော့ ပေါက်ယုဟာ မြင်းစီးလာခဲ့လို့ တစ်ကိုယ်လုံးမှာ နာကျင်နေကြောင်း ပြောတယ်။ မယ်မယ်ကြီးက ပေါက်ယုကို အဆောင်ပြန်ပြီး အနားယူဖို့ မှာလိုက်တယ်။

ပေါက်ယုဟာ အဆောင်ရောက်တော့ အဝတ်အစားလဲတယ်။

ပေါက်ယုက ဖဲအကျႌအစိမ်းရောင်နဲ့ ဘောင်းဘီအနီ ဝတ်လိုက်တယ်။ အဲဒီ အဝတ်အစားဟာ ကျင်ဝမ်းရှိနေတုန်းက မှတ်မှတ်ရရ ချုပ်ပေးခဲ့တာ။ ဒါကြောင့် ပေါက်ယုဟာ ကျင်ဝမ်းကို သတိရလာတယ်။ ပေါက်ယုက အဆောင်အပြင်ဘက်ကို အိမ်ဖော် မိန်းကလေးနှစ်ယောက်နဲ့အတူ ထွက်ခဲ့တယ်။ ကျောက်သားစိုင် ကျောက်ပန်းခက်တွေနားရောက်တော့ မိန်းကလေးတွေကို မေးလိုက်တယ်။

"ငါ. . . မနက်တုန်းက စံအိမ်ကို ထွက်သွားတော့ ကျင်ဝမ်းဆီကို ကြာဖြူပန်းက တစ်ယောက်ယောက်ကို လွှတ်တာ တွေ့လိုက်မိသလား"

"အဘွားဆုံကို လွှတ်လိုက်ပါတယ်၊ ပြန်ရောက်တော့ အဘွားဆုံ ပြောပြတယ်၊ မမကျင်ဝမ်းဟာ တစ်ညလုံး ငိုထားလို့ မျက်လုံးတွေတောင် ယောင်ဖူးနေသတဲ့၊ ဘယ်သူ့မှလဲ စကားမပြောဘူး၊ သတိလစ်မတတ် ဖြစ်နေတယ်၊ အသက်တောင် မနည်းရှူရတယ်လို့ ပြောသံကြားတယ်"

အိမ်ဖော်မိန်းကလေးတစ်ယောက်က ပြောတယ်။

နောက်တစ်ယောက်က . . .

"အလကားပါ သခင်လေးရယ်၊ သူများပြောသံကြားတာကို သူ လျှောက်ပြောနေတာ၊ မမကျင်ဝမ်းဆီကို ကျွန်မကိုယ်တိုင် သွားခဲ့ပါတယ်"

"နင်က ဘာကိစ္စနဲ့ သွားတွေ့တာလဲ"

"မမကျင်ဝမ်းက ကျွန်မတို့အပေါ်မှာ အရမ်းစိတ်ကောင်းရှိတယ်၊ အခုလို မကျန်းမမာဖြစ်နေတာကို ကြားတော့ ကျွန်မ မသွားဘဲ မနေနိုင် တော့ဘူး။ ဒါကြောင့်မို့ . . ရိုက်ချင်လည်း ရိုက်၊ ဆူရင်လည်း ခံမယ်ဆိုပြီး သွားတွေ့တာ။ မမကျင်ဝမ်းဟာ သူ စကားမပြောချင်တဲ့ လူတွေဆိုရင် ဘာမှ မပြောတော့ဘူး၊ မျက်စိမှိတ်ထားတယ်၊ ဒါကြောင့် အဘွားဆုံက ဘာမှ မသိခဲ့ရတာပါ"

"နင်ရောက်တော့ ကျင်ဝမ်းက ဘာပြောလဲ"

ပေါက်ယုက စိတ်လှုပ်ရှားသံနဲ့ မေးတယ်။

"မမကျင်ဝမ်း မျက်လုံးကို အသာဖွင့်ကြည့်ပြီး ကျွန်မကိုတွေ့တော့ ကျွန်မလက်ကို ဆုပ်ကိုင်ထားတယ်၊ 'သခင်လေးပေါက်ယုကော မလာ ဘူးလားလို့' မေးတယ်။ ကျွန်မက 'သခင်လေးရဲ့အဖေခေါ်လို့ လိုက်သွား တယ်လို့' ပြောပြတော့ . . 'နောက်ဆို သခင်လေးနဲ့ ဘယ်တော့မှ တွေ့ရမှာ မဟုတ်တော့ဘူးနော်'လို့ ပြောလိုက်တယ်။ ကျွန်မက 'သခင်လေး ရောက် လာမှာပါ၊ မမကျင်ဝမ်းကို သခင်လေးက တွေ့ချင်မှာပါလို့' ပြန်ပြောလိုက် တယ်"

"ဒီတော့ ကျင်ဝမ်းက ဘာပြောသေးလဲ"

"မမကျင်ဝမ်းက 'မိုးကောင်းကင်မှာ ပန်းစောင့်နတ်သမီး တစ်နေ ရာ လစ်လပ်နေတယ်၊ အဲဒီ နေရာကို ငါ သွားရလိမ့်မယ်၊ ကျောက်စိမ်း ဘုရင် မိုးနတ်မင်းကြီးက ငါ့ကို တာဝန်ပေးထားတာ၊ သန်းခေါင်ကျော်ပြီးလို့





ဒရီပြန်နှစ်ချက်ခွဲကျရင် ငါသွားရမယ်၊ သခင်လေးက သုံးနာရီ ထိုးခါ းကျမှ ပြန်ရောက်လာမှာဆိုတော့ သူနဲ့ငါ တွေ့ရတော့မှာ မဟုတ်ဘူးလို့' ပြောတယ်။ ကျွန်မက သူ ကယောင်ကတမ်း ပြောတယ်လို့ ထင်နေတာ၊ ပေမယ့် သူဆုံးချိန်မှာ ကျွန်မ နာရီကို ကြည့်လိုက်မိတော့ သူ ပြောတဲ့ အတိုင်း ဖြစ်နေတယ်၊ နောက်ပြီး အခု သခင်လေး ပြန်ရောက်လာတာ ည်း သုံးနာရီ ထိုးတော့မယ်"

မိန်းကလေးက ပြောရင်း မျက်ရည်တွေ ဝိုင်းလာတယ်။

အိမ်ဖော်နောက်တစ်ယောက်က အဆောင်ကိုပြန်သွားပြီ။

"နင်က စာမတတ်တော့ ငါပြောတာကို သဘောပေါက်မှာ မဟုတ် ဘူး၊ ပန်းပွင့်တိုင်းမှာ ပန်းစောင့် နတ်သမီးတစ်ယောက်စီ ရှိကြတယ်၊ အဲဒီ န်းပွင့်တွေအားလုံးထဲမှာရှိတဲ့ နတ်သမီးတွေ အထက်က အုပ်ချုပ်ရတဲ့ န်းနတ်သမီးတစ်ပါး ရှိသေးတယ်၊ အဲဒီအချိန်မှာ ပန်းစောင့်နတ်သမီးဟာ န်းတစ်ပွင့်တည်းကိုပဲ ကြည့်သလား၊ ပန်းတွေအားလုံးကိုပဲ ကြည့်နေ သလားဆိုတာတော့ ငါလည်း မပြောတတ်ဘူး"

မိန်းကလေးက ဘာမျှ ထပ်မပြောတော့ဘူး။

ဥယျာဉ်ထဲက ရေကန်ဘေးမှာ ပန်းတွေ ပွင့်နေကြတယ်။

အိမ်ဖော်မိန်းကလေးက ပန်းတစ်ပွင့်ကို ခူးတယ်။

"မမကျင်ဝမ်း မဆုံးခင်က ကျွန်မ မေးပါသေးတယ်၊ 'ဘယ်ပန်း စောင့်တဲ့ နတ်သမီး ဖြစ်မှာလဲ၊ ဒါဆို ကျွန်မတို့က မမကို ရည်မှန်းပြီး အမျှဝေနိုင်မှာပေါ့လို့' မေးတော့ . . .

မမကျင်ဝမ်းက . . .

'ကောင်းကင်ဘုံရဲ့ လျှို့ဝှက်ချက်ကို ဖွင့်မပြော ကောင်းဘူးတဲ့၊ ါပေမယ့် ညည်းက ဘုရားတရားကြည်ညိုလေးစားတယ်၊ ဒါကြောင့်မို့ ခင်လေးပေါက်ယုကို ညည်း ပြန်ပြောနိုင်အောင် ပြောပြခဲ့မယ်တဲ့၊ ခင်လေးက လွဲလို့ တခြားလူကို ပြောပြရင် မိုးကြိုးပစ်ခံရလိမ့်မယ်'လို့ မကျင်ဝမ်းက ကျွန်မကို သတိပေးသွားခဲ့တယ်"

**"ဒါဖြင့် ကျင်ဝမ်းက ဘယ်ပန်းစောင့်နတ်သမီးလဲ"**

ပေါက်ယုက တီးတိုးမေးလိုက်တယ်။

မိန်းကလေးက ပတ်ဝန်းကျင်မှာ လူရှိ၊ မရှိ မျက်လုံးတစ်ချက်ဝေ့ပြီး ကြည့်ရှုလိုက်သေးတယ်။ နောက်ပြီးတော့မှ. . . လေသံလေးနဲ့ "ပေဒါပန်းစောင့် နတ်သမီး ဖြစ်မှာတဲ့" လို့ ပြောလိုက်တယ်။

ပေါက်ယုဟာ ရင်ထဲမှာ မွန်းကျပ်လာတယ်။

"ကျင်ဝမ်းသေဆုံးရတာ ငါ မမြင်ရပေမယ့် ခြောက်နှစ်ကြာအောင် အတူတူနေခဲ့ကြရတယ်၊ ဒါကြောင့် အဲဒီအမှတ်တရအဖြစ် အမျှဝေဖို့ နတ်ကွန်းကို သွားရမယ်" လို့ ပြောလိုက်တယ်။

ပြီးတော့ ကျင်ဝမ်းအိမ်ကို လျှောက်သွားတယ်။

ဒါပေမယ့် ကျင်ဝမ်းအသုဘကို ပေါက်ယု မမီတော့ဘူး။ ကျင်ဝမ်းဆုံးသွားတော့ သူမရဲ့အစ်ကိုဝမ်းကွဲနဲ့ ယောက်မဟာ သခင်မကြီးဝမ်ဆီကို သွားပြီး အကြောင်းကြားတယ်။ သခင်မကြီးက အသုဘကူဖို့ ငွေတစ်ဆယ်သားပေးပြီး သုသာန်မှာ ချက်ချင်းသဂြိုဟ်ခိုင်းလိုက်တယ်။

ကျင်ဝမ်းရဲ့ အစ်ကိုနဲ့ယောက်မဟာ ကျင်ဝမ်းအလောင်းကို ခေါင်းသွင်းပြီး အပြင်ထုတ်တယ်။ ကျင်ဝမ်းရဲ့ လက်ဝတ်လက်စားတွေနဲ့ အဝတ်အစားတွေကို သိမ်းဆည်းလိုက်ကြတယ်။ အဲဒီ လက်ဝတ်လက်စားတွေရဲ့ တန်ဖိုးဟာ ငွေစင်လေးပိဿာလောက် တန်တယ်။ နောက်တော့ သူတို့က အိမ်ကိုသော့ပိတ်ပြီး ခေါင်းကို သဂြိုဟ်ဖို့ သယ်ဆောင်ထွက်သွားကြတယ်။

ပေါက်ယုက ကျင်ဝမ်းရဲ့အစ်ကို အိမ်သော့ပိတ်ထားတာတွေ့လို့ ပြန်သွားတယ်။ ဥယျာဉ်ထဲရောက်တော့ ပေါက်ယုဟာ စိတ်ညစ်နေတုန်းပဲ၊ ဒါကြောင့် စိတ်ပြေလက်ပျောက် ထိုက်ယုအဆောင်ကို သွားတယ်။ ဒါပေမယ့် ထိုက်ယုရဲ့ အိမ်ဖော်တစ်ယောက်က ထိုက်ယုတစ်ယောက် ပေါက်ကြည်တို့ အဆောင်ဘက်ကို သွားကြောင်း ပြောပြတယ်။ ပေါက်ကြည်တို့ အဆောင်ရောက်တော့လည်း ပေါက်ကြည် မရှိဘူး။ အထိန်းတော်ကြီးက ရှင်းပြတယ်။

"သခင်မလေး ပေါက်ကြည် အိမ်ပြန်သွားတယ် သခင်လေး၊ သူ့ပစ္စည်းတွေကို ကျွန်မတို့ ရွှေ့ပြောင်းရှင်းလင်းပြီးရင် ဒီဥယျာဉ်နဲ့ ဝင်းကြီးတစ်ဝင်းလုံး သော့ပိတ်ထားရတော့မယ်တဲ့"

ပေါက်ယုဟာ စိတ်ထိခိုက်စွာနဲ့ ပြန်လှည့်လာတယ်။





တစ်ချိန်က မိန်းကလေးတွေနဲ့ ပျော်ရွှင်မြူးထူးခဲ့ကြတဲ့ နေရာတစ်ခုလုံး ခြောက်ကပ်တိတ်ဆိတ်နေပြီး သစ်ပင်ပန်းပင်တွေလည်း ညှိုးနွမ်းခြောက်သွေ့နေပြီလို့ တွေးတောထင်မြင်မိတယ်။

နှင်ထုတ်ခံရလို့ ထွက်သွားကြသူတွေ၊ သေသူကသေ၊ ပြန်သွားတဲ့လူက ပြန်သွား၊ အိမ်ထောင်ကျတဲ့သူက တစ်မျိုး၊ ဥယျာဉ်ကြီးထဲမှာ လူတွေ ကွဲကုန်ကြပြီလို့ စဉ်းစားလိုက်တယ်။

အဲဒီအချိန်မှာ သခင်မကြီးက အိမ်ဖော်တစ်ယောက်ကို လွှတ်ပြီး ပေါက်ယုကို ခေါ်ခိုင်းလိုက်တယ်။ ပေါက်ယု ရောက်သွားတော့. . ဖခင်ဖြစ်သူ မြို့စားကြီးက ကဗျာစပ်ခိုင်းတယ်။

ပေါက်ယုဟာ စိတ်မပါပေမယ့် ကျိုဟုန်နဲ့ကျိုလျှံတို့ပါ ရောက်လာကြတယ်။ စာရေးတော်ကြီးတွေရှေ့မှာ သူတို့အစွမ်းကို ကဗျာစပ်ပြီး ပြသကြရတယ်။

နောက်ဆုံးကျတော့ မြို့စားကြီးက သူတို့သုံးယောက်ကို ပြန်လွှတ်လိုက်တယ်။ သူတို့သုံးယောက်စလုံးဟာ ထောင်ကလွှတ်တဲ့ လူတွေလို ပျော်ရွှင်သွားကြတယ်။ ကျိုဟုန်နဲ့ ကျိုလျှံတို့ကတော့ အဆောင်ကို ပြန်သွားကြပြီ။ ပေါက်ယုတစ်ယောက်တည်း ဥယျာဉ်ထဲ ပြန်လျှောက်သွားတယ်။

ရေကန်စပ်ရောက်ချိန်မှာ ကန်ထဲက ပေဒါပန်းတွေကို တွေ့လိုက်ရတယ်။ ဒါကြောင့် အိမ်ဖော်မိန်းကလေး ပြောပြတဲ့အကြောင်းကို သတိရလိုက်မိတယ်။ ကျင်ဝမ်းဟာ **ပေဒါပန်းစောင့် နတ်သမီး** ဖြစ်မယ်ဆိုတဲ့ အကြောင်းပါပဲ။ ဒါကြောင့် ကျင်ဝမ်းနတ်သမီးအဖြစ် စောင့်ရတဲ့ ပေဒါပန်းပွင့်တွေအနားမှာ အမျှဝေရရင် ပိုကောင်းမယ်လို့ ပေါက်ယုက တွေးမိလိုက်တယ်။ နောက်ပြီး ပိုပြီး ထူးထူးခြားခြားဖြစ်အောင် တစ်ခုခုလုပ်ဖို့ စဉ်းစားလိုက်တယ်။ သူက အဆောင်ပြန်ပြီး လိုအပ်တာတွေ ယူခဲ့တယ်။

"တခြားလူတွေလုပ်သလို သမားရိုးကျလုပ်လို့မဖြစ်ဘူး၊ ဒါကြောင့် ကျင်ဝမ်းအတွက် ငါ့ဆုတောင်းနဲ့ ငါရေးမယ့် တမ်းချင်းဟာ လေးနက်ဆန်းသစ်ရစေမယ်"

ပေါက်ယုဟာ စာကြိုးစားသူ မဟုတ်ဘူး။ ဒါပေမယ့် သူ စိတ်ပါလက်ပါ ရေးလိုက်တဲ့စာဟာ လွမ်းချင်းရှည်ကြီးတစ်ပုဒ် ဖြစ်လာခဲ့တယ်။

အဲဒီလွမ်းချင်းကဗျာရှည်ကြီးကို ပိုးလက်ကိုင်ပဝါကြီးတစ်ထည်နဲ့ သပ်သပ်ရပ်ရပ် ရစ်ပတ်ထားလိုက်တယ်။ အဲဒီ ပိုးလက်ကိုင်ပဝါကြီးဟာ တစ်ချိန်က သူ့ကို ကျင်ဝမ်းက လက်ဆောင်ပေးခဲ့တာ ဖြစ်တယ်။

ဒါပေမယ့် ပေါက်ယုက သေသေချာချာ သိမ်းဆည်းထားခဲ့တဲ့အတွက် ပကတိ ဖြူဖွေးသန့်စင်နေတယ်။ ပေါက်ယုဟာ ကဗျာလွမ်းချင်းရှည်ကြီးကို ပိုးပဝါကြီးနဲ့ ပတ်ပြီးတဲ့အခါမှာ ပိုးပဝါကြီးပေါ်မှာ ခေါင်းစဉ်စာတန်းရေးတယ်။

**"ဇေဒါစောင့် နတ်သမီးအတွက် လွမ်းချင်း"**

လို့ရေးလိုက်တယ်။ ပြီးတော့ ညဥ့်နက်လို့ လထွက်လာချိန်မှာ ပေါက်ယုဟာ သူ့အဆောင်က အိမ်ဖော်မိန်းကလေးကို အဖော်ခေါ်လာပြီး အဲဒီ လွမ်းချင်းစာလွှာကို ဇေဒါပန်းပွင့်တွေရဲ့ ရှေ့မှာချထားခိုင်းလိုက်တယ်၊ အဲဒီမိန်းကလေးဟာ ကျင်ဝမ်းမသေမီ နောက်ဆုံးတွေ့ခဲ့တဲ့မိန်းကလေးပါ။ ပေါက်ယုက ဖန်မီးအိမ်ကို အနီးအနားက ပန်းပင်တစ်ပင်ရဲ့ အကိုင်းမှာ ချိတ်ဆွဲတယ်။ ဇေဒါပန်းတွေကို ဦးညွှတ်လိုက်ပြီးတော့မှ လွမ်းချင်းကို အသံမှန်နဲ့ ရွတ်ဆိုနေတယ်။

အဲဒီအချိန်မှာ မျက်ရည်တွေ စီးကျလာလို့ ဖကြာခဏ သုတ်ပြီး ဆက်ရွတ်ဆိုနေတယ်။ ရွတ်ပြီးသွားတော့ ပိုးပဝါကို မီးရှို့ပူဇော်တယ်။ နောက်ပြီး နှင်းရည်နဲ့ကျိုထားတဲ့ လက်ဖက်ရည်ကို မီးရှို့ထားတဲ့ပဝါပေါ်မှာ လောင်းချလိုက်တယ်။ နောက်တော့ ပေါက်ယုဟာ ဆွေးနေတယ်။

အိမ်ဖော်မိန်းကလေးက ပြန်ဖို့ သတိပေးတယ်။ ပေါက်ယုက ပြန်ဖို့လှည့်ထွက်တဲ့ အချိန်မှာ ကျောက်ဆောင်ကြီးနောက်ဘက်က ရယ်သံသဲ့သဲ့ ကြားရတယ်။ ပြီးတော့ "မပြန်ကြနဲ့ဦး ခဏနေပါဦး" ဆိုတဲ့ မိန်းမပျိုတစ်ယောက်ရဲ့အသံကို ကြားလိုက်ရတယ်။ လှည့်ကြည့်တော့ ပန်းချုံထဲက မိန်းမပျိုတစ်ယောက်ရဲ့ အသွင်သဏ္ဌာန်ကို မြင်လိုက်ရတယ်။

ပေါက်ယုရဲ့ ဘေးနားမှာရှိတဲ့ အိမ်ဖော်မိန်းကလေးကတော့ သရဲခြောက်တယ်ထင်ပြီး အလန့်တကြား ထွက်ပြေးသွားတယ်။

၁၆

ပေါက်ယုကတော့ ကျင်ဝမ်းဟာ တမလွန်ဘဝကနေ ကိုယ်ထင်လာပြတယ်ထင်ပြီး အမှုဝေလိုက်သေးတယ်။ နောက်တော့မှ ရှေ့ကိုတိုးပြီး ကြည့်လိုက်တဲ့အခါမှာ ထိုက်ယု ဖြစ်နေတာကို သိလိုက်ရတယ်။

"မောင်လေးရဲ့ လွမ်းချင်းက ငိုချင်းနဲ့ ပိုပြီး တူနေတယ်"

ထိုက်ယုက ဝေဖန်လိုက်တယ်။

"ဒါပေါ့. . ဒီအရင်ငိုချင်းတွေက ခေတ်မမီတော့ဘူးလေ၊ ဒါကြောင့် မောင်လေးအနေနဲ့ ပုံစံသစ်တစ်ခု ဖန်တီးကြည့်လိုက်တာ၊ မလေး မကြိုက်တာရှိရင် ပြင်ပေါ့"

ပေါက်ယုက ခွင့်ပြုလိုက်တယ်။

ထိုက်ယုက ပေါက်ယုရေးထားတဲ့ လွမ်းချင်းကို စာပိုဒ်တစ်ပုဒ်ပြောင်းပေးလိုက်တော့ ပိုပြီး ရုပ်လုံးကြွလာတယ်။ သူတို့နှစ်ယောက် ကဗျာအကြောင်းဆွေးနွေးရင်းနဲ့ ညဥ့်နက်လာတဲ့အတွက် လေအေးက တသုန်သုန် တိုက်ခတ်လာပြီး ထိုက်ယုက စကားပြောနေရာက ရုတ်တရက်ဆက်တိုက် ချောင်းဆိုးလာတယ်။

"ညဥ့်နက်လေလေ လေပိုတိုက်လေပဲ၊ မလေးက ကောင်းကောင်းကျန်းမာတာ မဟုတ်ဘူး၊ အဆောင်ပြန်ပြီး နွေးနွေးထွေးထွေးနေမှဖြစ်မယ်" ပေါက်ယုက ကြင်နာစွာ ပြောလိုက်တယ်။

"ဟုတ်တယ်နော်. . မလေးလည်း ပြန်တော့မယ်၊ မနက်ဖြန်ကျမှ ယင်ချွန်းရဲ့ ဧစပ်ပွဲမှာ တွေ့ကြမယ်"

ထိုက်ယုက နှုတ်ဆက်ပြီး ပြန်သွားတယ်။

ယင်ချွန်းဟာ ပေါက်ယုရဲ့ အစ်မဝမ်းကွဲတစ်ယောက် ဖြစ်တယ်။

ဒါကြောင့် မသွားရင်မဖြစ်တဲ့ ခေ့စပ်ပွဲ ဖြစ်နေတယ်။ ယင်ချွန်း လက်ထပ်ပြီးတာနဲ့ သတို့သားနောက်ကို လိုက်သွားရမယ်။ ဒါကြောင့် ဥယျာဉ်ထဲ စ   အဆောင်တစ်ခု ထပ်ပြီးတော့ ခြောက်ကပ်သွားတော့မယ် ယင်ချွန်းနဲ့အတူ သူမရဲ့အိမ်ဖော်လေးယောက်လည်း ပါသွားမှာ ဖြစ်လို့ စုစုပေါင်း ငါးယောက် လျော့သွားတယ်။

ပေါက်ယုဟာ ဒီရက်တွေအတောအတွင်းမှာ တစ်ယောက်တည်း ဖျင်းလာရင် ရေကန်နားသွားပြီး ကဗျာစပ်နေလေ့ရှိတယ်။ သူစပ်တဲ့ ကဗျာ တွေဟာလည်း လွမ်းမောတမ်းတတဲ့ စကားလုံးမျိုးတွေချည်းပဲ ဖြစ်နေ တယ်။

တစ်ညမှာ အိမ်ဖော်မလေးယင်လင်းက ပေါက်ယု ကဗျာရွတ်နေ တာကို နားထောင်ပြီး "ဘယ်လိုလဲ စိတ်တွေလေလွင့်ပြီး ဖရိုဖရဲ ဖြစ်နေ လား"လို့ မေးလိုက်တယ်။ ပေါက်ယုက ပြုံးပြလိုက်တယ်။

"ဥယျာဉ်ထဲကို ယင်လင်း မလာတာ ကြာပြီနော်"

ပေါက်ယုက ပြန်မေးလိုက်တယ်။

"ဟုတ်တယ် မလာချင်လို့တော့ မဟုတ်ပါဘူး၊ မအားလို့ပါ၊ အခု လည်း မလေးငှက်မိမယ်ကို ရှာရင်းနဲ့ ဒီဘက်ကိုရောက်လာတာ၊ ဒီဥယျာဉ် တော်ကလည်း ပျော်စရာမကောင်းတော့ဘူး၊ ငြီးငွေ့စရာ ဖြစ်နေပြီနော်"

ယင်လင်းက ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်ပြီး ပြောတယ်။

"မလေးငှက်မိမယ်နဲ့ တွေ့ဖို့ကိစ္စက ဘာကိစ္စလဲ"

ပေါက်ယုက စပ်စုလိုက်တယ်။

"အစ်ကိုဆွေပန်ရဲ့ မင်္ဂလာကိစ္စအတွက် ပြောစရာရှိလို့ပါ"

"သတို့သမီးက ဘယ်မျိုးရိုးထဲကလဲ"

"ရှားမျိုးရိုးထဲကပါ၊ မိန်းကလေးဘက်က အရမ်းချမ်းသာသ၀ှ့ အဖေက ဆုံးသွားပြီ၊ သမီးနဲ့ အမေပဲ ကျန်တော့တယ်။ သားယောက်ျား လည်း တစ်ယောက်မှ မရှိဘူးလေ၊ အစ်ကိုဆွေပန် အရောင်းအဝယ်သွား ရင်းနဲ့ ဆုံစည်းကြတာလို့ ပြောတယ်၊ အခုတော့ နှစ်ဦးနှစ်ဖက် သဘော တူသွားကြပြီ၊ မင်္ဂလာဆောင်တော့မှာပေါ့၊ ယင်လင်းတို့တော့ အလုပ်များ တော့မယ်၊ ကဲ၊ သွားမယ်နော် မလေးငှက်မိမယ်ကို လိုက်ရှာရဦးမယ်"





ပြောပြောဆိုဆိုနဲ့ ယင်လင်းထွက်သွားတယ်။

ပေါက်ယုတစ်ယောက်တည်း ခဏလောက်နေပြီးမှ အဆောင်ကို ပြန်လာခဲ့တယ်။ အဲဒီညမှာ ပေါက်ယုဟာ ခြောက်အိပ်မက်တွေကို မက်တယ်။ နောက်တစ်နေ့မှာ အစာ မစားနိုင်တော့ဘဲ ဖျားတယ်။ ဒါကြောင့် မယ်မယ်ကြီးက တစ်နေ့တစ်ခေါက် လာကြည့်တယ်။ သခင်မကြီးကိုလည်း ဆူသေးတယ်။ မယ်မယ်ကြီးက သမားတော်တွေကို တစ်နေ့နှစ်ခေါက် ပင့်ပြီး ပေါက်ယုကို ဂရုတစိုက် ဆေးမှန်မှန် တိုက်ကျွေးစေတယ်။

■

ဆွေ့ပန်နဲ့ လက်ထပ်တဲ့ မိန်းကလေးက ရှားမျိုးနွယ်က ခွာညို့ရှား ဖြစ်တယ်။ သူမဟာ ရုပ်ရည်ချောမောလှပတယ်။ ပညာလည်းတတ်တယ်၊ ဒါပေမယ့် သူမရဲ့အဖေဟာ သူမ ငယ်စဉ်ကတည်းက သေဆုံးခဲ့တယ်။ ဒါကြောင့် အမေက အရမ်းအလိုလိုက်ခဲ့တဲ့အတွက် အရမ်းဆိုးတယ်။ ခွာညို့ရှားဟာ သူ့ကိုယ်သူအထင်ကြီးသလောက် သူများအပေါ်မှာ အထင် သေးလေ့ရှိတယ်။

ဆွေပန်ဟာ ဉာဏ်ပညာ မရှိဘူး။ နောက်ပြီး မိန်းမနဲ့ပတ်သက်ရင် နာမည်ပျက်ရှိတယ်။ ဒါကြောင့် ယင်လင်းကို ရိသဲ့သဲ့ လုပ်တယ်။ ဒါကို ခွာညို့ရှားက သိတော့ ယင်လင်းကို ရမယ်ရှာပြီး ဖယ်ထုတ်ဖို့ ကြိုးစား တယ်။ ဆွေပန်နဲ့ ပေါက်ကြည်တို့ရဲ့အမေ ဒေါ်လေးဆွေက ယင်လင်းကို ရောင်းစားဖို့ ဆုံးဖြတ်လိုက်တယ်။ ယင်လင်းရှိနေရင် သူ့သားဆွေ့ပန်ဟာ ပြဿနာတက်တော့မယ်။

ခွာညို့ရှားကလည်း ယင်လင်းကို ကြည့်မရဘူး။

ဒါကြောင့် အခုလို ရောင်းစားဖို့ စီစဉ်တာ။

ဒါပေမယ့် ပေါက်ကြည်က အမေဒေါ်လေးဆွေကို ပြောပြတယ်။

"အဲဒီလို ရောင်းရင်တော့ ကျွန်မတို့မိသားစု နာမည်ပျက်တော့ မှာသေချာတယ်၊ ငွေမရှိလို့အိမ်ဖော်ကိုတောင် ရောင်းစားရတယ်ဆိုတဲ့ အဖြစ်မျိုး ကြွယ်ရာမှာ အတင်းပြောခံရလိမ့်မယ်"

သမီးပေါက်ကြည်ရဲ့ စကားကို ဒေါ်လေးဆွေက စဉ်းစားတယ်။

ပေါက်ကြည်က ဆက်ပြောသေးတယ်။

"အစ်ကိုဆွေပန်နဲ့ ခွာညိုရှားတို့ မကြိုက်ရင် ယင်လင်းကို သမီးအဆောင်မှာ ခေါ်ထားလိုက်ပါ့မယ်၊ သမီးမှာလည်း အဖော်လိုနေတယ် နောက်ပြီး ယင်လင်းကို ခွာညိုတို့ဘက်ကို မသွားခိုင်းဘဲ သမီးရဲ့ အဆောင်နောက်ခန်းမှာ ထားမယ်"

ယင်လင်းဟာ ခေါ်လေးဆွေ ဆီကို ပြေးလာတယ်။

"ကျွန်မကို တကယ်ပဲ ရောင်းတော့မှာလားလို့" မေးတယ်။

နောက်ဆုံးကျတော့ ပေါက်ကြည်ရဲ့ ဆန္ဒအတိုင်း ဖြစ်သွားတယ်။

▮

ပေါက်ယုဟာ နေကောင်းလာခဲ့တယ်။ သူ ပျင်းတာနဲ့ ဥယျာဉ်ထဲ လျှောက်ခဲ့တယ်။ ထိုက်ယုဟာ ရေမိုးချိုးပြီး အဝတ် သစ်သစ်လွင်လွင် ဝတ်ဆင်ထားတယ်။ ပေါက်ယုက ထိုက်ယုရဲ့အဆောင်ထဲ ရောက်တော့ ငူငူကြီးထိုင်နေတယ်။

"မောင်လေးပေါက်ယု ဘာဖြစ်လာတာလဲ၊ နေမကောင်းလို့လား၊ မလေး လာမမေးလို့ စိတ်ကောက်နေတာလားဟင်"

ထိုက်ယုက ချိုချိုသာသာ မေးလိုက်တယ်။

ပေါက်ယုက ခေါင်းခါပြတယ်။

"မဟုတ်ပါဘူး၊ လောကကြီးတစ်ခုလုံးဟာ ဘာတွေ ဖြစ်နေသလဲ မသိဘူး၊ မောင်လေးအတွက် လောကကြီးဟာ ဘာအဓိပ္ပာယ်မှ မရှိသလို မျိုးခံစားရတယ်"

သူ ဘာဆိုလိုတာလဲလို့ ထိုက်ယု စဉ်းစားလို့ မရဘူး။

ပေါက်ယု ဦးနှောက်တွေချောင်သွားပြီလားလို့ ထိုက်ယု တွေးနေမိတယ်။

"မောင်လေး စဉ်းစားကြည့်တယ်၊ ဟိုတုန်းက ဒီဥယျာဉ်တော်ကြီးဟာ အရမ်းသာယာ ပျော်မြူးဖို့ကောင်းတဲ့ နေရာတစ်ခုပဲနော်၊ မောင်တို့ ကဗျာဝါသနာရှင်တွေစုပြီး ကဗျာတွေ စပ်ကြတယ်။ ပျော်ပျော်ရွှင်ရွှင်နဲ့ စိတ်ကူးထဲက စာလုံးလေးတွေကို ကာရန်တွေနဲ့ ဖွဲ့ဆိုကြတယ်၊ တစ်ယောက်တစ်လှည့်စီ ကျွေးကြတယ်၊ ပြန်စဉ်းစားရင် အရမ်းကြည်နူးဖို့





ကောင်းတယ်၊ အခုတော့ မလေးပေါက်ကြည်တို့လည်း မတွေ့ရတော့ဘူး၊ အစ်မယင်ချွန်းကလည်း အိမ်ထောင်ကျပြီး လင်နဲ့သွားနေတယ်၊ ဘာမှ မကြာသေးတဲ့ ရက်ပိုင်းလပိုင်းအတွင်းမှာ အလုပ်ထုတ်ခံရသူတွေ၊ သေတဲ့ လူကသေနဲ့၊ အပြောင်းအလဲတွေ ဖြစ်တာ မြန်ဆန်လိုက်တာနော်၊ နောက်ဆိုရင် နှစ်နဲ့ချီပြီး ကြာသွားရင် မောင်လေးကော ရှိပါဦးမလား၊ အဲဒါတွေ တွေးကြည့်ရင်း ရင်ထဲမှာ အရမ်းမွန်းကျပ်ပြီး ကြေကွဲစရာ ဖြစ်နေတယ်"

ပေါက်ယုက စကားကို အမှျင်မပြတ် ပြောနေတယ်။

ထိုက်ယုက ခုတင်ရှိရာ လျှောက်သွားပြီး ခုတင်ပေါ်မှာ လဲလျောင်းလိုက်တယ်။ ပေါက်ယုရဲ့ စကားကို ဘာတစ်ခွန်းမျှ ပြန်မပြောဘူး။ သူမဖာသာ ခုတင်ပေါ်မှာ ငြိမ်ငြိမ်သက်သက် လဲလျောင်းနေတော့တာပါပဲ။ ယင်ချွန်းက ထိုက်ယုအတွက် လက်ဖက်ရည်လာပို့တယ်။

ငြိမ်သက်နေကြတဲ့ ပေါက်ယုနဲ့ ထိုက်ယုကို အကဲခတ်နေတယ်။ ယင်ချွန်းက သူတို့နှစ်ယောက် ဘာဖြစ်နေတာလဲလို့ စဉ်းစားနေတယ်။ တိတ်ဆိတ်မှုဟာ ပတ်ဝန်းကျင်ကို လွှမ်းမိုးထားတယ်။ အဲဒီအချိန်မှာ ကြာဖြူပန်း ရောက်လာတယ်။

စကားတစ်ခွန်းမျှ မပြောဘဲ ငြိမ်သက်တိတ်ဆိတ်နေတဲ့ ပေါက်ယု၊ ထိုက်ယုနဲ့ယင်ချွန်းတို့ကို ကြာဖြူပန်းက တစ်ယောက်ချင်း ကြည့်လိုက်တယ်။

"သခင်လေး ဒီအဆောင်ရောက်နေတာ ကြာပြီလား၊ မယ်မယ်ကြီး မေးနေသေးတယ်"

ကြာဖြူပန်းက အသံပေးလိုက်ပါတယ်။ ထိုက်ယုဟာ လဲလျောင်းရာက ထိုင်လိုက်တယ်။ သူမရဲ့ မျက်လုံးတွေဟာ နီနေတယ်။ ထိုက်ယု အသံတိတ် ကျိတ်ငိုနေတာ ဖြစ်မယ်လို့ ပေါက်ယုက တွေးလိုက်မိတယ်။

"မလေး မောင်လေးပြောတာတွေကို ဦးနှောက်ထဲ ထည့်မထားပါနဲ့နော်၊ ကျွန်းမာဖို့က ပိုပြီးအရေးကြီးတယ်၊ မယ်မယ်ကြီး ဘာပြောချင်လဲလို့ သွားမေးလိုက်ဦးမယ်၊ နောက်ပြီး ပြန်လာခဲ့မယ်နော်"

ပေါက်ယုဟာ အဆောင်ထဲက ထွက်သွားတယ်။

မယ်မယ်ကြီးဆီရောက်တော့ မယ်မယ်ကြီး အိပ်ပျော်နေပြီ။

ဒါကြောင့် ပေါက်ယုဟာ သူ့အဆောင်ကို ပြန်လာခဲ့တယ်။

နောက်ပြီး အိပ်ရာပေါ်မှာ လဲလျောင်းရင်းနဲ့ မှေးခနဲ အိပ်ပျော်သွားတယ်။ ပေါက်ယု အိပ်ရာက နိုးလာတော့ အိပ်ရာဘေးဘက်မှာ စာအုပ်တစ်အုပ် အဆင်သင့်တွေ့တာနဲ့ လှမ်းယူပြီး ခဏကြည့်တယ်။ ပြီးတော့ ပြန်ချထားပြီး စဉ်းစားနေတယ်။

ကြာဖြူပန်း လက်ဖက်ရည်ထည့်ပြီး ပြန်ထွက်လာတယ်။

ပေါက်ယုကို လှမ်းကြည့်ပြီး အံ့ဩနေတယ်။

"သခင်လေး စာကျက်တော့မယ်မှတ်လို့ လက်ဖက်ရည် သွားထည့်လာတာ"

ကြာဖြူပန်း လှမ်းပေးတဲ့ လက်ဖက်ရည်ပန်းကန်ကို ပေါက်ယုက ယူပြီး တစ်မြုံ့စုပ်သောက်လိုက်တယ်။ ပြီးတော့ ပြန်ချထားပြီး မတ်တတ်ရပ်လိုက်တယ်။

**"ဖြစ်ခြင်း ဖျက်ခြင်းတို့ တည်ရှိရာ**

**ရူပဘုံ၏ အခြားတစ်ဖက်ကမ်းမှာ လို့ . . .**

ရေးထားတယ်၊ အရမ်းသဘောကျစရာကောင်းတဲ့ စာလုံးလေးတွေပဲ"

ပေါက်ယုက သူ့ဟာသူ ပြောပြီး ကျေနပ်နေတယ်။

ကြာဖြူပန်းက ဘာမှ နားမလည်လို့ မမေးဘဲ ငြိမ်နေတယ်။

နောက်ပြီးတော့မှ . . .

"သခင်လေး စာဖတ်ရတာ ပျင်းနေပြီထင်တယ်၊ ဒါဆို ဥယျာဉ်ထဲ လမ်းလျှောက်ချင် လျှောက်လေ"

ပေါက်ယုက ဥယျာဉ်ထဲ လျှောက်သွားတယ်။ မိန်းကလေးတွေ ကန်ထဲမှာ ငါးမျှားနေကြတယ်။ ပေါက်ယုလည်း ငါးမျှားချင်စိတ် ပေါ်လာတာနဲ့ သူတို့နားကို လျှောက်သွားတယ်။ တန်ချွန်းက ပေါက်ယုကို ငါးမျှားတံကို လှမ်းပေးတယ်။ ပေါက်ယုက ငါးမျှားတံကို ကိုင်ပြီး ကျောက်တုံးအထစ်ကလေးတွေအတိုင်း တစ်ထစ်ချင်း ကန်စပ်ကို ဆင်းသွားတယ်။ အောက်ဆုံးထစ်ရောက်တော့ ထိုင်လိုက်တယ်။

"တို့က ချင်တိုက်ကွန်း ငါးမျှားသလို မျှားဖို့ ဆုံးဖြတ်ထားတယ်"





ပေါက်ယုက ပြုံးပြီး ပြောလိုက်တယ်။ ပေါက်ယု ပြောလိုက်တဲ့ ချင်တိုက်ကွန်း ဆိုတဲ့ ဘုရင်ဟာ ခရစ်တော်မပေါ်မီ နှစ်ပေါင်း (၁၀၀၀) ကျော်က ဘုရင်ဖြစ်ခဲ့တာ။ သူက မြစ်ဆိပ်ကမ်းကို သွားပြီး ငါးမျှားလေ့ရှိတယ်။ ဒါပေမယ့် သူ့ ငါးမျှားတံမှာ ငါးမျှားချိတ်လည်း မရှိ၊ ငါးမျှားကြိုးလည်း လုံးဝ တပ်မထားဘူး။ ငါးမျှားတံကို မြစ်ရေမျက်နှာပြင်ရဲ့အပေါ် သုံးပေအကွာမှာ မြှောက်ပြီး ကိုင်ထားတယ်။

နောက်ပြီး ချင်တိုက်ကွန်းက "သေဖို့အချိန်တန်တဲ့ ငါးတွေဟာ ငါ့ ငါးမျှားတံမှာ လာချိတ်ကြပေတော့"လို့ ပြောခဲ့တယ်။

ပေါက်ယုဟာ ငါးမျှားရတာ အဆင်မပြေဘူး။

သူ့အဖြစ်ကို ကြည့်ပြီး မိန်းကလေးတွေက ရယ်ကြတယ်။

အဲဒီအချိန်မှာ အိမ်ဖော်မလေးတစ်ယောက် ရောက်လာတယ်။

"မယ်မယ်ကြီး အိပ်ရာကနိုးနေပြီ၊ သခင်လေးကို ခေါ်ခဲ့လို့ မှာလိုက်တယ်"

"ဘာကိစ္စလဲ"

ပေါက်ယုက မေးလိုက်တယ်။

ဘာကြောင့် ခေါ်ခိုင်းမှန်း သူမ မသိဘူး။

ပေါက်ယုဟာ မယ်မယ်ကြီး အခန်းဆောင်ထဲ ဝင်သွားတယ်။

မယ်မယ်ကြီးက ပေါက်ယုအမေ သခင်မကြီးနဲ့ ဖဲကစားတယ်။

ဒါကြောင့် ပေါက်ယု နည်းနည်းစိတ်အေးသွားတယ်။ သူက မယ်မယ်ကြီးရဲ့ ဘေးမှာ ဝင်ထိုင်လိုက်တယ်။ မယ်မယ်ကြီး ဘာများမေးမလဲလို့ နားစွင့်နေတယ်။

မယ်မယ်ကြီးက ပေါက်ယု စိတ်ကယောင်ချောက်ချား ဖြစ်သွားတုန်းက ဘာတွေ မြင်ရသလဲဆိုတဲ့ အကြောင်းကို မေးတယ်။

ပေါက်ယုက. . .

"မကောင်းဆိုးဝါးတွေကို ပုံသဏ္ဍာန်အမျိုးမျိုးနဲ့ တွေ့ရတယ်၊ သူတို့လက်ထဲမှာလည်း တင်းပုတ်တွေ ဘာတွေလည်း ပါတယ်၊ ခေါင်းကိုလည်း ညှပ်ကြီးနဲ့ ညှပ်ထားသလို နာကျင်ကိုက်ခဲနေတယ်၊ အရမ်းနာလာပြီး

သတိလစ်သလို ဖြစ်သွားပြီး လုံးဝ မှောင်ကျသွားတယ်။ သတိရလာတော့ နေရောင်ခြည်တွေ ဖြာကျနေတယ်၊ နောက်ပြီး အဲဒီ မကောင်းဆိုဝါးတွေဟာ အဲဒီအလင်းရောင်ကိုလည်း တွေ့လိုက်ရော အသည်းအသန် အော်ဟစ်ထွက်ပြေးကြတာပါပဲ၊ အဲဒီအချိန်မှာ ခေါင်းကိုက်တာ ပျောက်သွားပြီး စိတ်လည်း ကြည်လင်သွားတယ်"

"အဲဒီတုန်းက ငါ့မြေးကို ခြေတစ်ဖက် မသန်တဲ့ ကိုရင်ကြီးက ကုပေးလိုက်တာပဲ"

မယ်မယ်ကြီးက ရှင်းပြတယ်။ အဲဒီအချိန်မှာ ငှက်မိမယ်ဝင်လာပြီးတော့ မယ်မယ်ကြီးကို ကန်တော့တယ်။

မယ်မယ်ကြီးက . . .

"မနှစ်က ညည်းစိတ်တွေ ဖောက်ပြန်တုန်းက ဘယ်လိုဖြစ်တာလဲ ပြောပြစမ်းပါဦး" လို့ မေးတယ်။

"အသေးစိတ်တော့ မမှတ်မိတော့ပါဘူး မယ်မယ်၊ ငှက်မိမယ်ကို တစ်ယောက်ယောက်က လူတွေကို လိုက်သတ်ဖို့ အမိန့်ပေးနေသလိုပဲ၊ ငှက်မိမယ်လည်း မြင်မြင်ကရာကို ရရာလက်နက်နဲ့ သတ်ဖြတ်ချင်စိတ်တွေ ပေါ်နေတယ်၊ စိတ်ကို လုံးဝထိန်းချုပ်လို့ မရဘူး၊ နောက်ဆုံး ငှက်မိမယ် တစ်ကိုယ်လုံး အားအင်တွေ ဆုတ်ယုတ်သွားတယ်၊ ဒါတောင် သတ်ချင်နေတုန်းပဲ"

ငှက်မိမယ်က စဉ်းစဉ်းစားစား ပြောလိုက်တယ်။

"ဒါဆို ငါ့မြေးဖြစ်ပုံနဲ့ ဆင်တူယိုးမှားပါပဲ၊ ဒီကောင်မ လက်ချက်ဆိုတာ သေချာပါပြီ"

မယ်မယ်ကြီးက ကောက်ချက်ချလိုက်တယ်။

"မယ်မယ်ကြီးက အဲဒီကိစ္စကို ဘာဖြစ်လို့ ခုမှ စိတ်ဝင်စားလာရတာလဲ"

"ညည်းနဲ့ ငါ့မြေးကို အဲလိုမျိုး စိတ်ကယောက်ကယက် ဖြစ်အောင် လုပ်တဲ့ မိန်းမကြီးကို မကြာသေးခင်က ရဲတွေဖမ်းသွားလို့ ထောင်ကျသွားပြီလေ၊ အဲဒီ မိန်းမကြီးက ငွေပေးခိုင်းတဲ့လူရှိရင် လူတကာကို အဲလိုမျိုး လုပ်တတ်သတဲ့ . . .





ဒါကြောင့် ခံရတဲ့လူတွေက တိုင်ကြလို့ သက်ဆိုင်ရာက အဲဒီမိန်းမကြီးအိမ်ကို သွားရှာကြတယ်၊ သံသယ မကင်းစရာ ပစ္စည်းတွေ ဘာတွေ တွေ့ပြီး အခု ထောင်ကျသွားပြီလေ၊ သူ့အပြစ်သူ ခံရတာပေါ့"

"ကောင်းတာပေါ့ မယ်မယ်၊ ငှက်မိမယ်တို့ ခံရတာ အဲဒီမိန်းမကြီး လက်ချက်ဆိုတာ သေချာပါတယ်၊ အဲဒီမိန်းမကြီးဟာ. . အရင်တုန်းက အမြှောင်မယားချောဆီမှာ ပိုက်ဆံ လာလာတောင်းတာကို မကြာမကြာ တွေ့ဖူးတယ်၊ ငှက်မိမယ်ကို မြင်လိုက်ရင် မျက်စိမျက်နှာတွေ ပျက်ပျက်သွားတာ သတိထားမိတယ်၊ အစကတော့ ဘာကြောင့်မှန်း မသိဘူး၊ ခုမှ သဘောပေါက်တယ်၊ ငှက်မိမယ်ကို လုပ်တာက ငှက်မိမယ်ဟာ စံအိမ်ကြီးမှာရှိတဲ့ အိမ်ထောင်စုတွေကို အုပ်ချုပ်နေရတာကို မနာလိုလို့ပဲ ထားလိုက်ပါတော့၊ မောင်လေးပေါက်ယုကို အန္တရာယ်ပေးတာက ဘာကြောင့်လဲဆိုတာ ငှက်မိမယ် စဉ်းစားလို့ မရဘူး"

ငှက်မိမယ်က မယ်မယ်ကြီးကို မေးတယ်။

*"အဲဒါတော့ ငါစဉ်းစားလို့ရတယ်၊ ငါက အမြှောင်မယားရဲ့ သားဖြစ်တဲ့ ကျော်ဟုန်ကို ငါ့မြေးပေါက်ယုလောက် အခွင့်အရေး မပေးခဲ့ဘူးလေ၊ ဘကယ်လို့ ပေါက်ယု တစ်ခုခု ဖြစ်သွားရင် ကျော်ဟုန်အတွက် အခွင့်အရေးတွေများ ရမလားဆိုတဲ့ အတွေးနဲ့လုပ်တာ ဖြစ်မှာပါ"*

မယ်မယ်ကြီးက ရှင်းပြတယ်။

နောက်ပြီး ဆက်ပြောသေးတယ်။

"အမြှောင်မယားချောကို တို့အနေနဲ့ အရေးယူဖို့ စီစဉ်ရင်လည်း ခံအိမ်ကြီးထဲမှာ အရှုပ်ဇာတ်လမ်းတွေ ဖြစ်နေတယ်ဆိုပြီး သူစိမ်းတွေအတွက် ကဲ့ရဲ့စရာ ဖြစ်နေလိမ့်မယ်၊ တို့တစ်တွေ ဆွေစဉ်မျိုးဆက် ဘိုးစဉ်ဘောင်ဆက် ဂုဏ်သိက္ခာနဲ့ နေလာခဲ့ကြတာ၊ ကိုယ့်ပေါင် ကိုယ်မထောင်းချင်ဘူး။ ဒါပေမယ့် ဘာပဲဖြစ်ဖြစ် အကုသိုလ် လုပ်သူဟာ သူ့အကုသိုလ်သူ့ကို ပြန်ပြီး အန္တရာယ်ပေးမှာပါ၊ မကြာပါဘူး ညည်းစောင့်ကြည့်"

မယ်မယ်ကြီးက စကားပိတ်ပြောလိုက်တယ်။

အဲဒီနောက်ပိုင်းမှာတော့ မြို့စားကြီးက ပေါက်ယုကို ကျောင်းပြန်တက်ဖို့ စီစဉ်တယ်။

"မင်းဟာ ကျန်းမာရေးချို့တဲ့တာကို ဗန်းပြပြီး ယောင်ဝါးဝါးလုပ်နေတယ်၊ ကဗျာလေး မဖြစ်စလောက်ရေးတတ်ရုံနဲ့မပြီးဘူး၊ ရွှေနန်းတော်ကြီးရဲ့ စာပြန်ပွဲမှာ စာတမ်းတွေက အရမ်းအရေးကြီးတယ်၊ ဒါကြောင့် မင်း ကဗျာတွေကိုရပ်ထားပြီး စာတမ်းတွေ အရေးကျင့်ရမယ်၊ ကျောင်းပြန်တက်ရမယ်၊ မင်းကို ငါ တစ်နှစ်အချိန်ပေးပြီး စောင့်ကြည့်မယ်၊ တစ်နှစ်ပြည့်တဲ့အခါကျလို့ ထွန်းထွန်းပေါက်ပေါက် ဖြစ်မလာရင် စာဆက်သင်စရာမလိုဘူး၊ ကျောင်းနေစရာလည်းမလိုတော့ဘူး၊ မင်းကိုလည်း ငါ့သားအဖြစ်က လုံးဝစွန့်ပယ်လိုက်တော့မယ်၊ ငါပြောတာ ရှင်းလား"

ဖခင်ဖြစ်သူ မြို့စားကြီးရဲ့ တစ်ချက်လွှတ်အမိန့်ပါပဲ။

ပေါက်ယုဟာ သူ့ဖခင်မြို့စားကြီးရဲ့ အမိန့်ကို တစ်သဝေမတိမ်း နာခံလိုက်ရတယ်။

သူ ကျောင်းပြန်တက်ဖို့ ကြိုတင်ပြင်ဆင်ရတော့မယ်။

၁၃

ကြာဖြူပန်းက ပေါက်ယုကို ကျောင်းတက်ဖို့အတွက် စောစောနိုးတယ်။ နောက်ပြီး ရေမိုးချိုး၊ အဝတ်အစား ဝတ်ရာမှာ ကူညီလုပ်ကိုင်ပေးတယ်။ နောက်တော့ ခြံဝင်းထဲမှာရှိနေတဲ့ ပေ့မင်းကို ကျောင်းစာအုပ်တွေ၊ ကျောင်းသုံးပစ္စည်းတွေနဲ့အတူ အဆင်သင့်စောင့်နေဖို့ မှာထားလိုက်တယ်။

ဖခင်မြို့စားကြီးနဲ့အတူ ရထားနဲ့ မိသားစုကျောင်းကို သွားခဲ့ကြတယ်။ ပေ့မင်းက ပေါက်ယုရဲ့စာအုပ်နဲ့ ပစ္စည်းတွေသယ်ပြီး လိုက်လာတယ်။ မြို့စားကြီး စာသင်ခန်းထဲ ဝင်သွားတယ်။ ပေါက်ယုက ဖခင်နဲ့အတူ လိုက်သွားတယ်။

ကျောင်းအုပ်ဆရာကြီး ထိုင်ဂျူဟာ မြို့စားကြီးကိုချိန်ရဲ့ ဘထွေးတော်စပ်တယ်။

"ကျွန်တော့်သားကို ကျွန်တော်ကိုယ်တိုင် ကျောင်းလာအပ်တာဟာ ဘထွေးကို မှာစရာရှိလို့ပါ"

ထိုင်ဂျူက ခေါင်းညိတ်ပြီး နားထောင်နေတယ်။

ပေါက်ယုက မတ်တတ်ရပ်နေရတယ်။

မြို့စားကြီးက ဆက်ပြောတယ်။

"ပေါက်ယုဟာ အရွယ်ရောက်နေပြီ၊ သူ့နောင်ရေးအတွက် ပညာမသင်လို့ မဖြစ်ဘူး၊ အိမ်မှာ သင်ပေးပေမယ့်လည်း လတ်လျားလတ်လျားနဲ့ အချိန်ကုန်တာပဲ ရှိတယ်၊ ဒီကောင်က ကဗျာတော့ နည်းနည်းစပ်တတ်တယ်၊ ဒါပေမယ့် သူ့ကဗျာတွေက တန်ဖိုး မရှိဘူး၊ ဖတ်လို့ ကောင်းရုံပဲရှိတယ်။ မိုးသက်လေပြည်တို့၊ ငွေလရောင်ခြည်တို့၊ ငွေနှင်းဖြူစက်တို့ ဆိုတာတွေဟာ သူ့ဘဝနောင်ရေးမှာ ဘာများ အသုံးဝင်မှာမို့လို့လဲ"

ကျောင်းအုပ်ဆရာကြီး ထိုင်ဂျူက ပြုံးလိုက်တယ်။

"ကလေးကို ကြည့်ရတာ ဉာဏ်ကောင်းမယ့်ပုံပဲ၊ ဥပမိရုပ်လည်း မွန်မွန်ရည်ရည်နဲ့၊ ကဗျာဝါသနာပါတာကတော့ မဆိုးပါဘူး၊ စာပြန်ပွဲကြီးမှာ ကဗျာရေးတာလည်း ပါတယ်၊ အသုံးဝင်ပါလိမ့်မယ်"

"ဒါပေမယ့် ကျွန်တော်က သားကို ဂန္ထဝင်စာပေတွေကို ဆည်းပူးစေချင်တာဗျ၊ နောက်ပြီး စာတမ်းတွေ ရေးတတ်မှ ဖြစ်မယ်။ ဒါကြောင့် ဘာတွေး ပြောလို့မရရင် ရိုက်ပြီးဆုံးမပါ၊ ဖြစ်ဖြစ်မြောက်မြောက် ဘာမှ မတတ်ဘဲနဲ့ ကြီးလာရင် ဘယ်လိုလုပ်ပြီး အသုံးဝင်ပါ့မလဲ"

မြို့စားကြီးဟာ ပြောပြီးတာနဲ့ စာသင်ခန်းထဲက ထွက်သွားတယ်။ ပေါက်ယုက စားပွဲစောင်းတစ်ခုနားမှာ ထိုင်နေတယ်။

ပေ့မင်းက စာအုပ်နဲ့ စာရေးပစ္စည်းတွေကို ပေါက်ယု ရှေ့နားချပေးတယ်။ ဆရာကြီးက ပေါက်ယုကို လှမ်းကြည့်တယ်။

"မင်းအဖေက မင်းကို အရမ်းစာတော်စေချင်တာပဲ၊ အခု အစမှာတော့ မင်းအရင်က သင်ပြီးသားတွေကို ပြန်ဖတ်ဦး၊ မနက်ပိုင်းမှာ အဲဒါတွေ ပြန်ဖတ်ထား၊ နေ့လယ်စာ စားပြီးချိန်ရောက်ရင် လက်ရေးပန်းချီကား လေ့ကျင့်ရမယ်၊ ညနေပိုင်းကျတော့မှ သင်ရိုးစာအုပ်တွေနဲ့ စာတမ်းတွေကို လေ့လာရမယ်၊ ရှင်းရဲ့လား"

"ဟုတ်ကဲ့"

ပေါက်ယုက သူ့ပတ်ဝန်းကျင်ကို ကြည့်လိုက်တယ်။

အရင် သူ့ ကျောင်းတက်တုန်းက အဖော်တွေ မရှိတော့ဘူး။

ဒါကြောင့် သူက စာကိုပဲ မဲပြီး ဖတ်နေလိုက်တယ်။

"ဒီနေ့တော့ မင်း ပထမဆုံး ကျောင်းပြန်တက်တဲ့ရက်မို့ အိမ်ကို စောစော ပြန်လွှတ်မယ်၊ မနက်ဖြန်ကျရင် ပြဋ္ဌာန်းထားတဲ့ သင်ရိုးစာအုပ်တွေထဲက စာတွေကို စကားပြေ ပြန်ရေးရမယ်၊ အဲဒီ မင်း ရေးထားတာကို ကြည့်ပြီးမှ မင်းအခြေအနေ ဘယ်လောက်ရှိသလဲ၊ ဘယ်လောက်တိုးတက်သလဲ၊ ဘယ်အဆင့်မှာ ရှိမလဲဆိုတာကို ခန့်မှန်းမယ်"

ဆရာကြီးက တည်တည်ငြိမ်ငြိမ် ပြောလိုက်တယ်။

ဒါပေမယ့် ပေါက်ယုကတော့ အရမ်းစိတ်လှုပ်ရှားနေတယ်။





ကျောင်းကနေ အိမ်ပြန်ရောက်ရောက်ချင်း ပေါက်ယုဟာ မယ်မယ်ကြီးနဲ့ သွားတွေ့တယ်။

မယ်မယ်ကြီးက ပြုံးပြီး မေးတယ်။

"ဟော မြင်းရိုင်းကလေးတစ်ကောင်တော့ ကုန်းနှီးတပ်ခံလိုက်ရပြီ မဟုတ်လား၊ ကဲ. . . မင်းအဖေကြီးနဲ့ သွားတွေ့ချေ၊ ပြီးတော့မှ လျှောက်ဆော့ချင်ဆော့"

ပေါက်ယုက ဖခင်မြို့စားကြီးနဲ့ သွားတွေ့လိုက်တယ်။

"မင်းပြန်လာတာ စောနေတယ်၊ သင်ခန်းစာတွေ ပေးလိုက်သေးလား၊ ကျောင်းမှာ ဘာသင်ရလဲ"

မြို့စားကြီးက ဆက်တိုက်မေးလိုက်တယ်။

"မနက်တုန်းကတော့ အရင်ဖတ်ထားတဲ့ ကျမ်းစာအုပ်တွေ ပြန်ဖတ်ပြီး လေ့လာရတယ်၊ နေ့လယ်ကျတော့ လက်ရေးလှ ရေးရပါတယ်၊ ညနေပိုင်းကျမှ စကားပြေနဲ့ စာတမ်းတွေ ရေးရတယ်"

မြို့စားကြီး သဘောကျသွားတယ်။

"မင်း သိပ်မဆော့နဲ့တော့၊ မယ်မယ်ကြီးနဲ့ သွားတွေ့လိုက်ဦး၊ လူကြီးတွေရဲ့ရှေ့မှာ ဘယ်လို နေထိုင်ရမယ်၊ ဘယ်လို. . ပြောဆိုဆက်ဆံရမယ်ဆိုတာတွေ သင်ပေးလိမ့်မယ်၊ စောစောအိပ်၊ စောစောထပြီး ကျောင်းမှန်မှန်တက်၊ နားလည်လား"

"ဟုတ်ကဲ့ နားလည်ပါတယ်"

ပေါက်ယုဟာ မယ်မယ်ကြီးနဲ့ သခင်မကြီးကို သွားတွေ့တယ်။

ခဏလောက်ပဲ နေပြီး ပြန်လာခဲ့တယ်။

ဥယျာဉ်ထဲရောက်တော့ စိတ်ကျဉ်းကျပ်တာတွေ ပျောက်သွားတော့တာပါပဲ။ ပေါက်ယုက ထိုက်ယုရဲ့ အဆောင်ကို ခြေဦးလှည့်ခဲ့တယ်။

ဇွဲချွန်းက ဆီးကြိုတယ်။

သူက ထိုက်ယုနဲ့ မျက်နှာချင်းဆိုင်လိုက်တယ်။

"မောင်လေး ဒီနေ့ ကျောင်းတက်ရတယ်လို့ ကြားတယ်၊ အခြေအနေက ဘယ်လိုလဲ"

ထိုက်ယုက သူ့ကို အကဲခတ်ရင်း မေးတယ်။

"မမေးပါနဲ့တော့ မလေးရယ်၊ မောင်လေးစိတ်ထဲမှာ ဘယ်လိုခံစားရသလဲ သိလား၊ ဟောဒီ ဥယျာဉ်ထဲရောက်မှ စိတ်ချမ်းသာတော့တယ်၊ မလေးကို တစ်နေ့လောက် မမြင်ရတာနဲ့ အရမ်းသတိရနေတယ်"

ပေါက်ယုက လှိုက်လှိုက်လှဲလှဲ ပြောတယ်။

ထိုက်ယုက ပြုံးနေတယ်။

"တခြား မိန်းကလေးတွေဆီကော ရောက်သေးလား"

ပေါက်ယုက ခေါင်းခါပြတယ်။

"မယ်မယ်ကြီးနဲ့ အမေ့ကို တွေ့ပြီး ဒီကို တန်းလာတာ၊ မလေးနဲ့ စကားပြောဖို့လာတာ၊ စောစောအိပ်ရမယ်၊ စောစောထရမယ်၊ အဲဒီလို နေ့တိုင်း အချိန်မှန် ကျောင်းတက်ရတာလောက် ပျင်းစရာကောင်းတာ မရှိဘူး၊ သိလား"

ထိုက်ယုက ရှုချွန်းဘက် လှည့်ကြည့်လိုက်တယ်။

"လက်ဖက်ခြောက် ကောင်းကောင်းလေးနဲ့ လက်ဖက်ရည်ကျိုပြီး သခင်လေးကို တိုက်ပါဦး ရှုချွန်းရယ်"

နောက်ပြီး . . .

ထိုက်ယုက ပေါက်ယုကို ပြန်ကြည့်တယ်။

"စာတမ်းတွေကို မလေး သင်ခဲ့ဖူးပါတယ်၊ အဲဒါတွေက အရမ်း သိမ်မွေ့တယ်၊ ဘာပဲဖြစ်ဖြစ် တတ်ထားရင် ပိုပြီး အရည်အချင်းတက်လာမှာပါ၊ တစ်နေ့ကျရင် မောင်လေးက အဆင့်အတန်းမြင့်မြင့် ရာထူးနဲ့ စည်းစိမ်နဲ့ နေချင်ရင် ဒါတွေကို ဆည်းပူးမှတ်သားရတော့မယ်လေ"

ပေါက်ယု စိတ်ပျက်သွားတယ်။

"မလေး အရင်က အဲလိုစကားမျိုးကို မပြောဖူးပါဘူး၊ အခုမှ ဘယ်လို ပြောင်းလဲသွားတာလဲ"

"မလေးပြောတာ မောင်လေးရဲ့ နောင်ရေးအတွက်ပါ။ အရင်တုန်းကတော့ အခုလို ကျောင်းတက်နေရတာမှ မဟုတ်ဘဲ၊ ကျောင်းတက်တာကို မပျော်တဲ့ ကျောင်းသားဟာ ဘယ်တော့မှ မတိုးတက်ဘူး၊ မောင်လေး ကြိုးစားအောင် မလေး တိုက်တွန်းတာဟာ ပြောင်းလဲတာ မဟုတ်ပါဘူးနော်"





ထိုက်ယုက ရှင်းပြလိုက်တယ်။

တကယ်တော့ ပေါက်ယုဟာ ထိုက်ယုရဲ့ အရင်တုန်းကလို ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာနဲ့ ယုယတာကို ခံချင်တယ်။ ဒါပေမယ့် သူမျှော်လင့်ထားသလို ဖြစ်မလာဘူး။ စာကြိုးစားဖို့ပဲ တစ်နေ့လုံး ထပ်ကာတလဲလဲ ကြားနေရတော့ ငြီးငွေ့လာတယ်။ ဒါကြောင့် ထိုက်ယုဆီမှာ ခဏပဲနေပြီး ချူဝမ်းက လာခေါ်လို့ ပြန်လာခဲ့တယ်။

သူ့အဆောင် ပြန်ရောက်တော့ ကြာဖြူပန်းနဲ့ တွေ့တယ်။

"မလေးထိုက်ယုတို့ အဆောင်မှာတွေ့လို့ ခေါ်ခဲ့တာ"

ချူဝမ်းက ကြာဖြူပန်းကို ပြောပြတယ်။

"ဘာတွေ ဖြစ်နေတာလဲ၊ မျက်စိဒေါက်ထောက် ကြည့်နေကြတာ ဘာသဘောလဲ"

ပေါက်ယုက စိတ်ရှုပ်ရှုပ်နဲ့ မေးလိုက်တယ်။

"ကြာဖြူပန်းတို့က သခင်လေးကို တမင်သက်သက် ချုပ်ချယ်စရာ အကြောင်းမရှိပါဘူး၊ မယ်မယ်ကြီးက ပြောခိုင်းလို့ပါ။ မြို့စားကြီးက သခင်လေးကို စာကြိုးစားဖို့ ပြောထားတယ်တဲ့"

"မောင်လေးဟာ အဖော်မိန်းကလေးတွေနဲ့ ပျော်ပျော်ရွှင်ရွှင် မနေရတော့ဘူးလား"

ပေါက်ယုက မကျေမနပ် ဖြစ်နေတယ်။

"အဲလိုမျိုး နေဖို့ မသင့်တော်ဘူး သခင်လေး၊ တကယ်လို့ သခင်လေးနဲ့ စကားထိုင်ပြောနေရင်၊ ဒါမှမဟုတ် ဆော့နေတာတွေ့ရင် အဲဒီ မိန်းကလေးတွေ အိမ်ဖော်တွေကို ချက်ချင်းနှင်ထုတ်တဲ့ ပြစ်ဒဏ်ပေးတော့မယ်လို့ မှာလိုက်သေးတယ်၊ သူတို့ အလုပ်ထုတ်ခံရမှာကို မသနားရင် မောင်လေး သွားဆော့နိုင်ပါတယ် . . .

အခုဆိုရင် . . ကြာဖြူပန်းလည်း အရမ်းကို စိတ်တွေညစ်လာပြီ။ ကြာဖြူပန်းကိုလည်း ပြင်းပြင်းထန်ထန် သတိပေးလိုက်သေးတယ်၊ သခင်လေး စာမကျက်ဘဲ လျှောက်သွားနေတယ်လို့ သတင်းကြားရင် ကြာဖြူပန်းကိုပါ အပြစ်ပေးတော့မယ်တဲ့၊ သခင်လေးကို ထိန်းသိမ်းပြုစုစောင့်ရှောက်ခဲ့တာ ကြာပါပြီ၊ အခုလိုမျိုး တစ်ခါမှ သတိပေးမခံရဖူးဘူး"

ကြာဖြူပန်းဟာ အရမ်းကြေကွဲနေပုံ ရတယ်။

"ကောင်းပြီလေ၊ မောင်လေးကြောင့် ကြာဖြူပန်းတို့ အပြစ် မခံရအောင် မောင်လေး စာကြိုးစားပါတော့မယ်၊ မနက်ဖြန်ကျရင်လည်း သင်ရိုးစာအုပ်တွေထဲက စာတွေကို စကားပြေပြန်ရဦးမှာ၊ ကြာဖြူပန်းနားလိုက်ဦး၊ ခိုင်းစရာရှိရင် တခြားအိမ်ဖော်တွေလည်း ရှိနေတာပဲ"

ပေါက်ယုက ထမင်းကို ခပ်မြန်မြန်စားလိုက်တယ်။

ကျမ်းစာအုပ်တွေကို ဖတ်ဖို့ မီးအိမ်ထွန်းခိုင်းတယ်။

"သခင်လေး တစ်ညတည်းနဲ့ ကျမ်းစာအုပ်တွေကို ကုန်အောင် လေ့လာလို့ ဘယ်ဖြစ်ပါ့မလဲ၊ အိပ်လိုက်ဦးလေ"

ကြာဖြူပန်းက သတိပေးရင်း အနားရောက်လာတယ်။

နောက်တော့ ပေါက်ယုကို အိပ်ရာထဲ လိုက်ပို့တယ်။

ပေါက်ယုက တော်တော်နဲ့ အိပ်မပျော်ဘူး။ သန်းခေါင်ကျော်မှ အိပ်ပျော်သွားတယ်။ ဒါကြောင့်မို့ မိုးထိန်ထိန်လင်းမှ အိပ်ရာက နိုးတယ်။ ကြာဖြူပန်းလည်း တစ်ညလုံး အိပ်ရေးပျက်လို့ ပေါက်ယုနဲ့ ရှေ့ဆင့်နောက်ဆင့်နိုးလာတယ်။ ပေါက်ယုဟာ ကမန်းကတန်း အဝတ်အစား လဲပြီးတော့ ကျောင်းကို သွားခဲ့တယ်။

ကျောင်းရောက်တော့ ဆရာကြီးကို တွေ့တာနဲ့ သူ စိတ်ဓာတ်ကျသွားတယ်။ ဆရာကြီးရဲ့ မျက်နှာကြီးက တင်းမာနေတယ်။

"မင်းအဖေ စိတ်ဆိုးတာဟာ ဆိုးသင့်လို့ ဆိုးတာလို့ ငါ ယူဆတယ်၊ အခု ကြည့်လေ. . . ကျောင်းတက်တာ နှစ်ရက်တောင် မပြည့်သေးဘူး၊ ကျောင်းနောက်ကျနေပြီ၊ အဲဒီလို ပေါ့ပေါ့ဆဆ နေတဲ့လူဟာ ကြီးပွားတိုးတက်ဖို့ လွယ်မှာ မဟုတ်ဘူး၊ ဝီရိယကောင်းမှ ဝီရိယအကျိုးကို ခံစားရမှာကွ"

ပေါက်ယုက ခေါင်းငုံ့ပြီး နားထောင်နေတယ်။

ဆင်ခြေပေးလို့ အကြောင်းထူးမှာမှ မဟုတ်ဘဲ။

ဒါကြောင့် စားပွဲမှာ ထိုင်ပြီး စာကြည့်နေလိုက်တယ်။





ညနေပိုင်းကျတော့ ပေါက်ယုက ရှေးဟောင်းကျမ်းစာအုပ်ကြီးထဲက စာတစ်ပိုဒ်ကို စကားပြေပြန်ရတယ်။

"အဲဒီစာပိုဒ်ရဲ့ ဆိုလိုချင်တာက ကွန်ဖြူးရှပ်ဟာ ငယ်ရွယ်သူတွေကို အားပေးစကားပြောတယ်၊ ကြိုးစားအားထုတ် သင်ကြားဖို့ ဆုံးမတယ်၊ ဒါဟာ တတိယအရွယ် ရောက်လာတဲ့အချိန်အခါမှာ အနှစ်သာရ မရှိတဲ့ ဘဝကို မရောက်ဖို့အတွက်ပဲ ဖြစ်တယ်"

"ဆက်ရှင်းပါဦး"

ဆရာကြီးက လှမ်းပြောတယ်။

ပေါက်ယုက စာပိုဒ်ဆုံးအောင် ဆက်လက်ပြီးတော့ စကားပြေနဲ့ အဓိပ္ပာယ် ပြန်လိုက်တယ်။

"မင်း အဓိပ္ပာယ်ပြန်တာ မဆိုးပါဘူး၊ ဒါပေမယ့် စကားပြေပြန်တာ လေးလေးနက်နက် မရှိဘူး၊ တစ်ခါတစ်ခါကျရင် တချို့စာတွေက စာလုံးတစ်လုံးတည်းနဲ့ အဓိပ္ပာယ်တွေ အများကြီးထွက်တယ်။ ဒါကြောင့် ဝါကျနဲ့ ဆီလျော်မယ့် အဓိပ္ပာယ်ကို မှန်မှန်ကန်ကန် ရွေးချယ်တတ်ဖို့ လိုတယ်၊ နားလည်လား"

"နားလည်ပါတယ် ဆရာကြီး"

ပေါက်ယုက သက်ပြင်းတစ်ချက် မသိမသာ ချလိုက်တယ်။

"ကဲ. . . ဟောဒီ စာပိုဒ်ကို ရှင်းစမ်း"

ဆရာကြီးက စာကြောင်းတစ်ကြောင်းကို လက်ညှိုးနဲ့ ထောက်ပြတယ်။

"အလှအပကို မက်မောကြတယ်၊ ကောင်းမွန် မြင့်မြတ်မှုကိုတော့ မက်မောသူ တစ်ယောက်မှ မတွေ့သေးပါ"

ပေါက်ယုက စာကြောင်းကို ဖတ်ပြီး . . .

"ဒီစာပိုဒ်ကတော့ ရှင်းဖို့ မလိုပါဘူး ထင်တယ် ဆရာကြီး"လို့. . ဆက်ပြောလိုက်တယ်။

"ရှင်းစရာ လိုတာပေါ့ကွ၊ တကယ်လို့ နန်းတွင်းစာပြန်ပွဲမှာ ဒီစာပိုဒ်ပါလာရင် 'ရှင်းဖို့ မလိုပါဘူးထင်တယ်'လို့ ရေးလိုက်ရင် ဖြစ်မလား"

ဆရာကြီးက လေသံမာမာနဲ့ မေးတယ်။

ဒါကြောင့် . . .

ပေါက်ယုက ဆက်လက်အဓိပ္ပာယ်ပြန်ရတယ်။

"လူတွေဟာ အလှအပကို မြတ်နိုးတွယ်တာကြသလို ကောင်းမွန်တဲ့ အရည်အချင်းကိုလည်း တွယ်တာမြတ်နိုးကြမှသာလျှင် အဲဒီနှစ်ချက်ပြည့်စုံပြီး မေတ္တာအစစ်အမှန် ဖြစ်လာနိုင်တယ်လို့ ဆိုလိုတာဖြစ်ပါတယ်"

"အေး. . . ထားပါတော့ကွာ၊ မင်းအနေနဲ့ ကွန်ဖြူးရှပ်ရဲ့ မြင့်မြတ်မှန်ကန်တဲ့ အဆိုအမိန့်တွေကို သေချာသဘောပေါက်ထားပြီး ဘာကြောင့် မင်းကိုယ်မင်း တိုးတက်အောင် မကြိုးစားသလဲ၊ မင်းတို့ စံအိမ်တော်ကို ငါ မရောက်ဖူးဘူး. . .

ဒါပေမယ့် မင်းကို ငါ အကဲခတ် သုံးသပ်ဆုံးဖြတ်လို့ရတယ်၊ အခုဆိုရင် မင်းအရွယ်ဟာ အင်မတန် စွမ်းရည် ပြည့်ဝတဲ့အရွယ်ကို ရောက်နေပြီ၊ ရှေ့ဆက်လက်ပြီး တိုးတက်ကြီးပွားအောင် လုပ်ချင်ရင် လုပ်လို့ရတယ်"

ဆရာကြီးက လေးလေးနက်နက် ပြောဆိုနေတယ်။

ပေါက်ယုက ငြိမ်ငြိမ်သက်သက် နားထောင်လိုက်တယ်။

ဆရာကြီးက ဆက်ပြီး ဆုံးမတယ်။

"အရင်တုန်းက မင်းဘယ်လိုပဲ ပေါ့ပေါ့ဆဆ နေခဲ့ပေမယ့် အခုဆိုရင် လေးလေးနက်နက်နဲ့ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးရှိအောင် နေတတ်ဖို့လိုလာပြီ၊ ဒီနေ့ ဒီအချိန်ကစပြီး စိတ်ရောလူပါ အနေအထိုင်၊ အပြောအဆို လုံးဝ ပြောင်းလဲပစ်လိုက်ရမယ်။ မင်းထက် ဆိုးဝါးပြီး အသိတရားခေါင်းပါးတဲ့ လူတွေကိုလည်း ငါ တတ်နိုင်သလောက် ပြုပြင်ပေးခဲ့တာပဲ၊ တချို့ကတော့ ဖြစ်ထွန်းသွားကြတယ်၊ ထွန်းထွန်းပေါက်ပေါက် ဖြစ်သွားကြတယ်. . .

ဒါပေမယ့် ငါ ညွှန်ပြတဲ့အတိုင်း မလိုက်နာတဲ့ ကျောင်းသားတွေကတော့ နိမ့်ကျလှတဲ့ ဘဝနဲ့ လေလွင့်ပျက်စီးသွားကြတယ်၊ အဲဒါဟာ အကြောင်း မဟုတ်ဘူး၊ ကိုယ့်ဘဝကိုယ် ကြိုက်သလို ပုံစံသွင်းကြတာပါ။ ငါ ပြောတာ ရှင်းလား"

ဆရာကြီးက စူးစူးရဲရဲ ကြည့်ပြီး မေးလိုက်တယ်။





"ရှင်းပါတယ် ဆရာကြီး"

ပေါက်ယုက သွက်သွက်လက်လက် ဖြေတယ်။

"အေး. . . . ရှင်းတယ်ဆိုရင် အရင်တုန်းက ရှေးဟောင်းကျမ်းစာတွေကို ဖတ်ဖို့ အချိန်တစ်လရတယ်၊ စာတမ်းတွေကို လေ့လာဖို့ နောက်ထပ် အချိန်တစ်လ ပေးဦးမယ်၊ နောက်ပြီး မင်းရေးရမယ့် စာတမ်းအတွက် ဘယ်လို အကြောင်းအရာမျိုးဆိုတာ ငါ ထပ်ပြောမယ်၊ လုံးဝ ပေါ့ဆလို့ မဖြစ်ဘူး သဘောပေါက်လား"

ပေါက်ယုက လေးလေးစားစား ခေါင်းညိတ်ပြတယ်။

"စည်းစိမ်နဲ့ ပေါ့ပေါ့ဆဆ နေထိုင်ခြင်းရယ်၊ ဘဝရဲ့တိုးတက်မှုကို ကြိုးစားအားထုတ်ဆောင်ရွက်ခြင်းရယ်. . လူတွေဟာ အဲဒီလမ်းနှစ်သွယ်ထဲက တစ်လမ်းကို ရွေးချယ်ရလိမ့်မယ်လို့ ဆိုရိုးစကားရှိတယ်၊ မှတ်မိလား"

ပေါက်ယုက . . .

"မှတ်မိပါတယ်" လို့ပြောလိုက်တယ်။

အဲဒီနေ့ကစပြီး . . .

ပေါက်ယုဟာ စာကြိုးစားတော့တယ်။

## ၁၈

တစ်နေ့မှာ ပေါက်ယုဟာ ဝတ်ရုံအင်္ကျီရှည်ကြီးဝတ်ပြီး အဆောင်မှာ ထိုင်နေတယ်။ အဲဒီအချိန်မှာ ပန်းသီးအချဉ်ပင်က အပွင့်တွေ ပွင့်နေတယ်ဆိုတဲ့ သတင်းကြားလိုက်ရတယ်။ ပေါက်ယုက သွားကြည့်ပြီးတော့ အံ့ဩနေတယ်။ မယ်မယ်ကြီးတို့လည်း အဲဒီပန်းသီးအချဉ်ပင်ကို လာကြည့်ကြမယ်ဆိုတာ ကြားလို့ အဝတ်အစားလဲပြီး ကမန်းကတန်း ထွက်သွားခဲ့တယ်။ ဒါကြောင့်မို့ သူ ဆွဲနေကျဖြစ်တဲ့ ကျောက်စိမ်းတုံး ဆွဲကြိုးကို ဆွဲမသွားမိဘူး။

ပေါက်ယု ပြန်လာတဲ့အချိန်မှာ ကြာဖြူပန်းက လှမ်းကြည့်လိုက်တယ်။ သူ့လည်ပင်းမှာ ကျောက်စိမ်းတုံး ဆွဲကြိုးကို မတွေ့တာနဲ့ . . .

"သခင်လေးရဲ့ ကျောက်စိမ်းတုံးလည်ဆွဲ ဘယ်မှာ ထားခဲ့လဲ"

ကြာဖြူပန်းက ပျာပျာသလဲ မေးလိုက်တယ်။

"စောစောက အဝတ်အစားလဲတော့ ချွတ်ထားခဲ့တယ်၊ ခုတင်ဘေးက စားပွဲလေးပေါ်မှာ တင်ထားခဲ့တယ်လို့ ထင်တယ်"

ကြာဖြူပန်းက ပေါက်ယုပြောတဲ့ စားပွဲပေါ်မှာ သွားရှာတယ်။ စားပွဲပေါ်မှာလည်း ရှင်းလင်းနေတယ်၊ ဘာမှ မတွေ့ရဘူး။ ကြာဖြူပန်းက ခန်းဆောင်တစ်ခုလုံး အနှံ့အပြားရှာတယ်။ လုံးဝ မတွေ့တော့အရမ်းစိတ်ပူလာတယ်။ ကျောက်စိမ်းတုံး ဆွဲကြိုးမတွေ့ရင် ပြဿနာတက်တော့မယ်။ ကြာဖြူပန်းဟာ အထိန်းအသိမ်း ညံ့ဖျင်းလို့ ဆိုပြီး အပြောခံရတော့မယ်။ ဒါကို တွေးပူလာတယ်။ တစ်ကိုယ်လုံး ချွေးတွေ ရွှဲနစ်နေပြီ။ ကြာဖြူပန်း ပျာယာခပ်နေတာကို ပေါက်ယုက လှမ်းကြည့်တယ်။





"တစ်နေရာရာမှာတော့ ရှိပါလိမ့်မယ်၊ ဒီလောက်တောင် အသည်းအသန်ကြီး ရှာနေရင် ပို့ပြီး မျက်စိမှားနေလိမ့်မယ်၊ အေးအေးဆေးဆေး ထပ်ရှာပေါ့"

ပေါက်ယုက ဖျောင်းဖျတယ်။

"မဖြစ်ဘူး သခင်လေး၊ အဲဒီကျောက်စိမ်းတုံး ဆွဲကြိုးက မတွေ့လို့ မဖြစ်ဘူး၊ တခြားလက်ဝတ်ရတနာတွေ ပျောက်တာက ပြဿနာ မရှိဘူး၊ ကြာဖြူပန်း အသိမ်းအဆည်း ညံ့တာဆိုပြီး အဆူခံရတော့မယ်"

ကြာဖြူပန်း မျက်နှာလေး ညှိုးငယ်နေတယ်။

"တခြား မိန်းကလေးတွေကိုလည်း မေးကြည့်ပါဦးလား၊ သူတို့ သိမ်းထားတာ ဖြစ်ချင်ဖြစ်မယ်"

ပေါက်ယု စကားကြောင့် ကြာဖြူပန်း တွေခနဲ ဖြစ်သွားမိတယ်။ ကြာဖြူပန်း စိတ်ပူတတ်မှန်းသိလို့ တစ်ယောက်ယောက်က နောက်တာများဖြစ်မလားလို့ စဉ်းစားမိတယ်။ ဒါကြောင့် ကြာဖြူပန်းဟာ နည်းနည်းလောက် စိတ်သက်သာရာရပြီး တခြားအိမ်ဖော်မိန်းကလေးတွေကို သွားတွေ့တယ်။

"နင်တို့ ဖွက်ထားရင်လည်း မြန်မြန်ပေးကြနော်၊ မတော်တဆ တကယ်ပျောက်သွားရင် အဆောင်မှာရှိတဲ့ ငါတို့အားလုံး ဒုက္ခရောက်သွားနိုင်တယ်၊ ဒါ နောက်စရာ ကိစ္စမဟုတ်ဘူး"

ကြာဖြူပန်းက တည်တည်ကြည်ကြည်နဲ့ ပြောလိုက်တယ်။

မိန်းကလေးတွေအားလုံး မျက်နှာညှိုးငယ်နေကြတယ်။

"ကျွန်မတို့လည်း မနောက်ပါဘူး၊ အစ်မ တစ်နေရာရာမှာ အသိမ်းလွန်ပြီး မေ့နေတာများ ဖြစ်မလားဘဲ၊ ကျွန်မတို့တော့ လုံးဝ တွေ့လည်း မတွေ့ဘူး၊ ကိုင်ဖို့ဝှက်ဖို့လည်း စိတ်မကူးရဲဘူး"

မိန်းကလေးတွေ တစ်ယောက်တစ်ပေါက်ပြောကြတယ်။ အားလုံး အမှန်တကယ်ပြောကြတာဖြစ်လို့ ကြာဖြူပန်း ပိုပြီး စိတ်သောက ရောက်သွားတယ်၊ ကြာဖြူပန်းက ပေါက်ယုကို မျက်နှာချင်းဆိုင်လိုက်တယ်။

"ဘယ်မှာ ထားခဲ့မိလဲ၊ သခင်လေး သေချာ ထပ်စဉ်းစားပါဦး"

ပေါက်ယုက အဲဒီတော့မှ စိတ်လှုပ်ရှားလာတယ်။

"ဒီစားပွဲပေါ် ကလွဲလို့ တခြား ဘယ်မှာမှ မထားမိတာ သေချာပါတယ်" သူက အခိုင်အမာ ပြောလိုက်တယ်။

ကြာဖြူပန်း၊ ရွှေယွန်းနဲ့ အိမ်ဖော်မိန်းကလေးတွေက အပြင်လူ အသိမပေးဘဲ နေရာအနှံ့ ရှာကြတယ်။ သေတ္တာထဲတွေပါ ရှာပေမယ့် ကျောက်စိမ်းတုံးဆွဲကြိုးကို လုံးဝ မတွေ့ရဘူး။

နောက်ဆုံးကျတော့ ကြာဖြူပန်းက. . .

"ဒီကျောက်စိမ်းတုံးရဲ့ တန်ဖိုးကို အားလုံးသိကြပါတယ်နော်၊ တခြားခန်းဆောင်တွေမှာ အမှတ်တမဲ့ စုံစမ်းကြရင်ကောင်းမယ်၊ ဒါပေမယ့် တခြားလူတွေ ရိပ်မိလို့ မဖြစ်ဘူး၊ နားလည်လား"

ကြာဖြူပန်းက မိန်းကလေးတွေကို မှာလိုက်တယ်။

မိန်းကလေးတွေ ခေါင်းညိတ်ပြကြတယ်။

"တကယ်လို့ သခင်မလေးတစ်ယောက်ယောက်က သက်သက်မဲ့ နောက်တာဆိုရင် ကျေနပ်အောင် တောင်းပန်ပြီး ပြန်ယူလာခဲ့နော်၊ ဒါမှမဟုတ်လို့ အိမ်ဖော်တွေက ခိုးသွားတဲ့သတင်းကြားရင်လည်း မယ်မယ်ကြီးတို့ကို မတိုင်နဲ့၊ ငွေလိုချင်သလောက် ပေးပါ့မယ်ဆိုပြီး ပြန်တောင်းခဲ့ရမယ် သဘောပေါက်လား"

"ပေါက်ပါတယ်"

ရွှေယွန်းက ပြောလိုက်တယ်။

"ဒီကျောက်စိမ်းတုံး ပျောက်သွားတာ သခင်လေး ပျောက်သွားတာနဲ့ အတူတူပဲဆိုတာ သဘောပေါက်" လို့ သတိပေးလိုက်တယ်။

ရွှေယွန်းတို့ ထွက်သွားကြတယ်။ အချိန်အတော်ကြာမှ ပြန်ရောက်လာကြတယ်၊ ကျောက်စိမ်းဆွဲကြိုးအကြောင်း ဘာသတင်းမျှ မရခဲ့ကြဘူး။ ကြာဖြူပန်းက ဝမ်းနည်းပက်လက် ငိုနေတယ်။ ပေါက်ယု အဆောင်က မိန်းကလေးတွေအားလုံး အလုပ်ထုတ်ခံရမှာကို စိုးရိမ်လို့ မျက်နှာပျက်နေကြတယ်။

အဲဒီအကြောင်းက တစ်စတစ်စနဲ့ တခြားလူတွေ သိသွားတယ်။ ကျောက်စိမ်းတုံးဆွဲကြိုး တွေ့အောင် ရှာနိုင်ခဲ့ရင် ဆုငွေတွေပေးမယ်လို့ ကြေညာလိုက်တယ်။





ဒါကြောင့် အိမ်သာထဲပါ မကျန်အောင် ရှာဖွေကြတယ်။

တစ်နေ့သာ ကုန်သွားတယ်. . .

ကျောက်စိမ်းတုံးရဲ့ သတင်းအစအနကိုတောင် မရခဲ့ကြဘူး။

အစ်မလီဝမ်က အကြံတစ်ခုပေးတယ်။ အဆောင်တစ်ခုလုံးမှာ သခင်လေးပေါက်ယုကလွဲရင် ကျန်တာအားလုံး မိန်းကလေးတွေချည်း ဖြစ်တဲ့အတွက် တစ်ယောက်ချင်းစီရဲ့ ကိုယ်ပေါ်တွေမှာ ဝှက်ထားသလား ဆိုတာကို ရှာရမယ့် အကြံပါပဲ။ အားလုံးက သံသယ ကင်းစေချင်လို့ အဲဒီလို ရှာမယ့်အကြံကို လက်ခံကြတယ်၊ ဒါပေမယ့် အချိန်ကုန်တာပဲ အဖတ်တင်တယ်၊ လုံးဝ မတွေ့ဘူး။

အစ်မတန်ချွန်းက "အစ်မလီဝမ်အကြံက မနိပ်ပါဘူး၊ ခိုးတဲ့လူဟာ ဘယ်တော့မှ သူ့ကိုယ်ပေါ်မှာ ဝှက်ထားလေ့ မရှိပါဘူး၊ နောက်ပြီးတော့ ဒီလက်တစ်ဆစ်လောက်ရှိတဲ့ ကျောက်စိမ်းတုံးလေးဟာ ဘာမှ တန်ဖိုးမရှိပါဘူး၊ ဒါကြောင့် ဘယ်သူမှ လာခိုးမှာမဟုတ်ဘူး၊ တစ်ယောက်ယောက် နောက်ထားတာပဲလို့ ထင်တယ်"

အဲဒီနောက်တော့ အမြှောင်မယားချောရဲ့သား ကျိဟုန်ပျောက်နေတာကို သတိထားလိုက်မိကြတယ်။ ဒါကြောင့် ကျိဟုန်ကို ခြောက်လှန့်ပြီး တောင်းကြည့်ရင် ဖြစ်နိုင်လိမ့်မယ်လို့ တန်ချွန်းက အကြံပေးတယ်။

"အဲဒီကိစ္စကို ပင်အဲက တာဝန်ယူလိုက်၊ ဘာဖြစ်လို့လဲဆိုတော့ ပင်အဲက ကျိဟုန်ကို သေသေချာချာ နိုင်တယ်၊ ပင်အဲ အစ်မေးလိုက်ရင် အဖြေမှန်ပေါ်လာလိမ့်မယ်"

တန်ချွန်းရဲ့ အကြံပေးချက်အရ ပင်အဲ ထွက်သွားတယ်။ ဒါပေမယ့် ကျိဟုန်က အကြီးအကျယ် ဒေါသဖြစ်ပြီး ပင်အဲနဲ့လိုက်လာတယ်။

"သူဟာသူ ကျောက်စိမ်းတုံးဆွဲကြိုးပျောက်တာ ကျုပ်နဲ့ ဘာဆိုင်လို့လဲ၊ ကျုပ်က သူခိုးလား"

"မဟုတ်ပါဘူးလေ. . . နောက်တဲ့အနေနဲ့ ယူသွားတယ်ထင်လို့ မေးမိတာပါ" ပင်အဲက ပြေရာပြေကြောင်း ပြောပြတယ်။

"အဲဒီဆွဲကြိုးက သခင်လေး ဆွဲတာပဲ၊ သခင်လေး မေးကြည့်ပေါ့၊ ကျုပ်နဲ့ ဘာမှ မဆိုင်ဘူး"

ကျိုဟုန်က စိတ်ဆိုးမာန်ဆိုးနဲ့ ပြောပြီး ပြန်ထွက်သွားတယ်။

ပေါက်ယုက သူ့ဟာသူ အပြင်မှာ ကျပျောက်ခဲ့တယ်လို့ မယ်မယ်ကြီးကို ပြောပြဖို့ ဆုံးဖြတ်ထားကြောင်း ပြောပြလိုက်တယ်။ အဲဒီအချိန်မှာ သခင်ကြီးရဲ့ အမြှောင်မယားချော ရောက်လာတယ်။

ချော့နဲ့အတူ ကျိုဟုန်လည်း ပါလာတယ်။

“ညည်းတို့ဖာသာ ပစ္စည်းပျောက်တာ ငါ့သားကို ဘာဖြစ်လို့ စွပ်စွဲကြတာလဲ၊ ငါ့ရှေ့မှာပဲ ပြောင်မေးကြ၊ မကျေနပ်ရင်လည်း သူ့ခိုးဆိုပြီး သတ်လိုက်ကြ”

ပြောပြောဆိုဆိုနဲ့ ကျိုဟုန်ကို တွန်းလွှတ်လိုက်တယ်။

ကျိုဟုန်က အထိတ်တလန့် ငိုနေတယ်။

“သခင်မကြီး ရောက်လာပြီ”

အိမ်ဖော်တစ်ယောက်က အသံပေးလိုက်တယ်။ အဲဒီစကားသံကြောင့် ကြာဖြူပန်းနဲ့ မိန်းကလေးတွေအားလုံး အရှင်လတ်လတ် မြေမြှုပ်ခံလိုက်ချင်သလို ဖြစ်သွားကြတယ်။ ဒါပေမယ့် ကြာဖြူပန်းနဲ့ မိန်းကလေးတွေဟာ ပေါက်ယုနဲ့အတူ သခင်မကြီးကို ကြိုဆိုတယ်၊ အမြှောင်မယားချောလည်း ထွက်ပြီး ကြိုဆိုတယ်။

အားလုံးခဏလောက် တိတ်သွားကြတယ်။ မျက်နှာတွေလည်း ညှိုးငယ်နေကြတယ်။ ဒါကြောင့် သခင်မကြီးက သူ ကြားခဲ့တဲ့သတင်း မှန်နေပြီလို့ တစ်ထစ်ချ နားလည်လိုက်ရတယ်။

“ဒါဆို ကျောက်စိမ်းတုံး ပျောက်သွားတယ်ဆိုတာ တကယ်ပဲပေါ့ ဟုတ်လား”

သခင်မကြီးရဲ့ အမေးကို ဘယ်သူမှ မဖြေကြဘူး။ သူ ဖြေနိုးနိုး ငါ ဖြေနိုးနိုး ဖြစ်နေကြတယ်။ သခင်မကြီးဟာ အဆောင်ထဲကို ဝင်ခဲ့တယ်၊ နောက်ပြီး ထိုင်ဖုံတစ်ခုပေါ်မှာ ကျကျနနထိုင်လိုက်တယ်၊ သူတို့အားလုံးရဲ့ မျက်နှာတွေကို တစ်ယောက်ချင်း ကြည့်လိုက်တယ်။

ကြာဖြူပန်းက သခင်မကြီးရှေ့မှာ ဒူးတုပ်ထိုင်နေတယ်။

“ကြာဖြူပန်း ထစမ်း သေသေချာချာ ထပ်ရှာကြစမ်း၊ ထိုင်ငိုနေလို့ တွေ့မှာလား”





ကြာဖြူပန်းက တစ်ခွန်းမျှ ပြန်မဖြေနိုင်ခင် ပေါက်ယုက ကြားဝင်ပြောလိုက်တယ်။

“ဒီကိစ္စက အဆောင်ထဲမှာ ပျောက်တာ မဟုတ်ပါဘူး မေမေ၊ တစ်နေ့က သားက လီနန်မြို့စားအိမ်မှာ ပြဇာတ်သွားကြည့်ခဲ့တယ်၊ အဲဒီတုန်းက လမ်းမှာ ကျပျောက်ခဲ့တာပါ”

သခင်မကြီးက ပေါက်ယုကို မျက်လုံးပြူးကြည့်လိုက်တယ်။

“ကျပျောက်တုန်းက ပြန်ရှာမကြည့်ဘူးလား”

“လူတွေ သိကုန်မှာစိုးလို့ တခြားလူတွေကို မပြောခဲ့ဘူး၊ ဒါပေမယ့်. . အပြင်မှာလည်း ရှာနိုင်းခဲ့ပါတယ်”

“မင်းပြောတာ ယုတ္တိမရှိပါဘူးကွာ၊ မင်း တစ်နေရာက ပြန်လာတိုင်း ကြာဖြူပန်းတို့ပဲ အဝတ်လဲပေးနေကျပဲ၊ မင်းမှာ ပါသွားတဲ့ လက်ကိုင်ပဝါတို့ ဘာတို့ ပြည့်ပြည့်စုံစုံ ပြန်ပါလာရဲ့လား၊ ဘာတွေများ ပျောက်ကျန်ခဲ့လဲဆိုတာ သူတို့ အမြဲတမ်း စစ်ဆေးနေကျ မဟုတ်လား၊ ကျောက်စိမ်းတုံးဆွဲကြိုး ပြန်ပါမလာရင် အဲဒီ အချိန်ကတည်းက သူတို့သိရမှာပေါ့၊ မတွေ့တာနဲ့ ချက်ချင်းမေးရမှာပေါ့၊ အဲဒါ ကြာဖြူပန်းတို့ တာဝန်ပဲ”

ပေါက်ယု တိတ်သွားတယ်။

အမြှောင်မယားချောက ကျေနပ်နေတယ်။

“ဒါဆို သခင်လေးဟာ သူ့ဟာသူ အပြင်မှာ ကျပျောက်ခဲ့တာပဲ၊ ကျွန်မသား ကျိုဟုန်ကို သူတို့ ဘာဖြစ်လို့ စွပ်စွဲကြ. . .”

“နင် ဝင်မရှုပ်နဲ့၊ အခု ငါပြောတာ မပြီးသေးဘူး၊ နင့်ပါးစပ် ပိတ်ထားစမ်း”

အမြှောင်မယား ငြိမ်သွားတယ်။ နောက်တော့ လီဝမ်နဲ့ တန်ချွန်းတို့က အဖြစ်အပျက်ကို အမှန်အတိုင်း ပြည့်ပြည့်စုံစုံပြောပြလိုက်ကြတယ်၊ သခင်မကြီးက နားထောင်ရင်း စဉ်းစားနေတယ်။

ဒီဖြစ်ရပ်ကို မယ်မယ်ကြီးနဲ့ တိုင်ပင်မှ ဖြစ်တော့မယ်လို့ ဆုံးဖြတ်သားတယ်။ ကျောက်စိမ်းတုံးဆွဲကြိုးပျောက်တဲ့ သတင်းနဲ့ သခင်မကြီးဝမ်ဥယျာဉ်ထဲရောက်နေတဲ့အကြောင်းကို သတင်းကြားလိုက်ရတဲ့ ငှက်မိမယ်ဟာ ဥယျာဉ်ထဲကို လိုက်လာတယ်။

ငှက်မိမယ်က နှုတ်ဆက်လိုက်တယ်။ ပေါက်ယုတို့က ငှက်မိမယ်ကို ကြိုဆိုပြီး အဆောင်ထဲမှာ နေရာချပေးတယ်။

"ဒါဆို ငှက်မိမယ်လည်း ဒီသတင်း ကြားပြီးရောပေါ့နော်"

ငှက်မိမယ်က ခေါင်းညိတ်ပြတယ်။

သခင်မကြီးက ဆက်ပြောလိုက်တယ်။

"ပျောက်သွားပြီး ချက်ချင်း ရှာတာတောင် မတွေ့ဘူးဆိုတော့ . . ဒါထူးခြားချက်ပဲ၊ အဆောင်တွေမှာ ရှိရှိသမျှ အိမ်ဖော်တွေအားလုံး မရိုးသားတာ ဘယ်သူတွေလဲ၊ အဲဒါကို အရင်ဆုံး စဉ်းစားရဦးမယ်၊ မယ်မယ်ကြီးကို ဖွင့်ပြောပြီး တစ်ခြံလုံး အနှံ့ရှာမှဖြစ်တော့မယ်၊ ဒါမှမဟုတ်ရင် ကျုပ်သားလေး မလွယ်ဘူး"

"ဒါကတော့ ဒေါ်လေးဝမ်ရယ်၊ ဒီလောက် မိသားစုတွေနဲ့ အိမ်ထောင်စု အကြီးကြီးထဲမှာ မရိုးသားတဲ့လူကို ရှာဖို့ရာ မလွယ်ပါဘူး၊ အရေးကြီးတာက ခိုးတဲ့သူက သက်သေအထောက်အထားဖြစ်တဲ့ ကျောက်စိမ်းတုံးကို ဖျောက်ဖျက်လိုက်မှာပဲ၊ မယ်မယ်ကြီးနဲ့ သခင်ကြီးကိုချိန်ကို လောလောဆယ် အသိမပေးဘဲ ငှက်မိမယ်တို့ နေရာအနှံ့အပြား လူလွှတ်ပြီး ရှာကြည့်မယ်လေ၊ သူခိုးလက်ထဲက ကျောက်စိမ်းတုံး အလိုအလျောက် ထွက်လာအောင် လုပ်ကြည့်မှ ဖြစ်တော့မယ်၊ ကျောက်စိမ်းတုံးလက်ထဲ ပြန်ရောက်တော့မှ အပြစ်ရှိတဲ့လူကို အပြစ်ပေးရမှာပေါ့၊ ကျွန်မပြောတာ လက်ခံနိုင်မလား ဒေါ်လေးဝမ်"

ငှက်မိမယ်က သခင်မကြီးဝမ်ရဲ့ သဘောထားကို မေးတယ်။

"ညည်းအကြံက မဆိုးလှပါဘူး၊ ဒါပေမယ့် သူ့အဖေ မသိအောင် လျှို့ဝှက်လို့ ရမှာ မဟုတ်ဘူး"

သခင်မကြီးက ပြောပြပြီး ကျိုဟုန်ကို လှမ်းခေါ်လိုက်တယ်။

"ဟဲ့ . . ကျိုဟုန် နားထောင်စမ်း၊ နင့်အစ်ကို ပေါက်ယုရဲ့ ကျောက်စိမ်းတုံး ပျောက်သွားလို့ မင်းကို မေးတာ၊ အဲဒါကို အော်ဟစ်ငိုပြတာတွေ လုပ်မနေနဲ့၊ ဟိုပြောဒီပြော လျှောက်ပြောနေရင် သူခိုးကြားသွားလိမ့်မယ်၊ ဒါဆို သူခိုးက ကျောက်စိမ်းတုံးကို ဖျောက်ဖျက်ပစ်လိုက်ရင် မင်း သေပြီးသာမှတ်ပေတော့"





"ဟုတ်ကဲ့ပါ။ ကျွန်တော် ဘယ်သူ့ကိုမှ မပြောပါဘူးဗျာ"

ကျိုဟုန်က အထိတ်တလန့် ငိုလိုက်တယ်။

အမြှောင်မယားချောကလည်း ငြိမ်သွားတယ်။

သခင်မကြီးက . . .

"ညည်းတို့ ထပ်ရှာကြည့်ကြပါဦး၊ ဒီဝင်းထဲမှာ ပျောက်တာဆိုရင် တခြား ဘယ်မှ မရောက်ဘူး၊ တစ်နေရာရာမှာ ရှိကို ရှိရမယ်၊ ကျောက်စိမ်းတုံးဟာ ငှက်မှ မဟုတ်ဘဲ၊ မိုးပေါ်ကို ပျံသွားနိုင်မှာ မဟုတ်ပါဘူး"လို့ ပြောပြီး ထိုင်ရာကနေ ထပြီးလျှောက်သွားတယ်။

အဆောင်ပေါက်ရောက်တော့ လှည့်ပြီး . . .

"ကြာဖြူပန်းကို ငါ သတိပေးချင်တာက လူမသိ သူမသိအောင် ကျိတ်ပြီးစုံစမ်းကြ ရှာဖွေကြ သုံးရက်အချိန်ပေးမယ်၊ သုံးရက်ပြည့်လို့မှ ရှာမတွေ့ရင်တော့ ညည်းတို့အားလုံး အလုပ်က ထွက်ကြဖို့ အထုပ်သာ ပြင်ထားပေတော့"

သခင်မကြီးဟာ စကားဆုံးတာနဲ့ ငှက်မိမယ်ကို ခေါ်ပြီး ထွက်သွားတယ်။ သူတို့နှစ်ယောက်ဟာ ဒေါ်လေးဆင့်နဲ့ တိုင်ပင်ဖို့ သွားကြတာပါ။ ချောနဲ့ ကျိုဟုန်တို့ကလည်း သူတို့နေရာကို ပြန်သွားကြတယ်။

## ၁၉

အစ်မလီဝမ်နဲ့ ကျန်တဲ့မိန်းကလေးတွေက ဥယျာဉ်မှူးလင်ရှီချောက်ကို ခေါ်လိုက်တယ်။ ပြီးတော့ ဝင်းခြံတံခါးတွေကို လုံလုံခြုံခြုံပိတ်ထားဖို့နဲ့ နိုးနိုးကြားကြား စေ့စေ့စပ်စပ် သတိဝီရိယနဲ့ စောင့်ကြည့်ကြဖို့ သတိပေးထားလိုက်တယ်။ နောက်ပြီး လင်ရှီချောက်ရဲ့ မိန်းမကိုခေါ်လိုက်တယ်။

သုံးရက်အတွင်း ဘယ်သူ့ကိုမှ ဝင်းပြင်ကို ထွက်ခွင့်မပေးဖို့နဲ့ တံခါးစောင့်တွေကိုလည်း အိမ်ရှေ့၊ နောက်ဖေး ရှိရှိသမျှ တံခါးတွေကို လုံခြုံစွာပိတ်ထားပြီး စောင့်ကြည့်ဖို့ မှာလိုက်တယ်။ ပစ္စည်းတွေ ပျောက်နေလို့ အဲဒီပျောက်နေတဲ့ ပစ္စည်းတွေ ရှာမတွေ့မချင်း ဥယျာဉ်ဝင်းထဲမှာပဲ နေကြရမယ်လို့ ညွှန်ကြားလိုက်တယ်။

"မမလီဝမ်ကို ကျွန်မ ပြောစရာ ရှိတယ်"

လင်ရှီချောက်ရဲ့ မိန်းမက ပြောလိုက်တယ်။

"ဘာအကြောင်းလဲ"

လီဝမ်က ပြန်မေးတယ်။

"ဟိုတစ်လောက ကျွန်မတို့အိမ်မှာ ပစ္စည်းတစ်ခု ပျောက်သွားတယ်၊ ပစ္စည်းတန်ဖိုးကတော့ သိပ်မများပါဘူး၊ ဒါပေမယ့် ကိုယ့်ပစ္စည်းဆိုတော့နမြောတာပေါ့နော်၊ ဒါကြောင့် ကျွန်မယောကျ်ားက ဗေဒင်ဆရာဆီမှာ သွားမေးတယ်"

"အဲဒီ ဗေဒင်ဆရာက ဘယ်သူလဲ"

လီဝမ်က ထပ်မေးတယ်။

"သူ့ကို သံပါးစပ် ဆရာလူလို့ ခေါ်ကြတယ်၊ ပစ္စည်းပျောက်တဲ့ကိစ္စမျိုးမှာ အင်မတန်တော်တယ်လို့ နာမည်ကြီးနေတာနဲ့ သွားမေးတာပါ"





"ဒါဆို ရှင်တို့ပစ္စည်း ပြန်ရလို့လား"

"အဲဒီ ဗေဒင်ဆရာက ဒက်ထိဟောလိုက်တယ် မမရဲ့၊ ကျွန်မယောကျ်ားက အိမ်ပြန်ရောက်ရောက်ချင်း ဗေဒင်ဆရာ ပြောတဲ့နေရာကို သွားကြည့်လိုက်တယ်၊ တစ်ခါတည်း တန်းတွေ့တာပဲ"

လင်ရှီချောက်ရဲ့ မိန်းမက အားပါးတရ ပြောပြတယ်။

"အဲဒီအတိုင်းမှန်ရင်တော့ ရှင့်ယောကျ်ားကို ပြောလိုက်စမ်းပါ၊ ကျွန်မတို့အတွက် ဗေဒင်မေးပေးဖို့ပေါ့နော်"

လီဝမ်က ပြောလိုက်တယ်။ ယုံကြည်လို့တော့ မဟုတ်ဘူး။ ဒါပေမယ့် သူတို့အားလုံး စိတ်မကောင်းဖြစ်နေကြတဲ့အတွက် ထူးခြားမှုတစ်ခုရလိုရငြား ပြောလိုက်တာပါ။

လင်ရှီချောက်ရဲ့မိန်းမက သူ့ယောကျ်ားကို ပြောလိုက်ပါ့မယ်ဆိုပြီး ပြန်သွားတယ်။

ဗေဒင်ဆရာတွေ အကြောင်းနဲ့ ပတ်သက်ပြီး . . .

အိမ်ဖော်မလေးစုယင်က အစ်မလီဝမ်ကို ပြောတယ်။

"တကယ်တော့ ဗေဒင်ဆရာ အတော်များများဟာ သိပ်မမှန်လှပါဘူး မမလီဝမ်ရယ်၊ ကျွန်မ အရင်တုန်းက တောင်ပိုင်းမှာ နေခဲ့ဖူးတယ်၊ အဲဒီအချိန်က သီလရှင်ဆရာလေး မြောင်စုဆိုတာ ရှိတယ်"

"အဲဒီဆရာလေးကကော ဗေဒင်ဟောတာပဲလား"

လီဝမ်က ပြန်မေးတယ်။

"မဟုတ်ပါဘူး မမလီဝမ်ရဲ့၊ ကျွန်မ ကြားဖူးတာက သဲပေါ်မှာ စာရေးတဲ့ နတ်ဗေဒင်နဲ့ ဟောတယ်လို့ ပြောကြတယ်၊ နောက်ပြီး သခင်လေးရဲ့ ကျောက်စိမ်းတုံးကလည်း ထူးထူးခြားခြား ရထားတာဆိုတော့ နတ်ဗေဒင်နဲ့မေးရင် အဲဒီကျောက်စိမ်းတုံး ဘယ်မှာရှိနိုင်တယ်ဆိုတာ ပြောနိုင်မယ်ထင်တယ်"

"ဟုတ်ရဲ့လား၊ ဆရာလေးမြောင်စုကို ဒီမြို့မှာ ခဏခဏ တွေ့ဖူးတယ်၊ ဒါပေမယ့် နတ်ဗေဒင် ဟောတတ်တယ်လို့ ပြောသံ မကြားဖူးဘူး"

မိန်းကလေးတွေက အုံ့ညြနေကြတယ်။

အစ်မရှေ့ယွေ့က စုယင်ကို ပြောလိုက်တယ်။

"ဒါဆို မလေးစုယင်ကိုယ်တိုင် အဲဒီဆရာလေးမြောင်စုကို မေးပေးပါလားရှင်၊ တကယ်လို့ ဒီကိစ္စကို ဖော်ထုတ်နိုင်ရင် မလေးစုယင်ကို ကျွန်မတို့အားလုံး ဘယ်တော့မှ မမေ့နိုင်ပါဘူး"

အစ်မရွှေယွေ့က ပြောပြောဆိုဆိုနဲ့ ဒူးထောက်လိုက်တယ်။

အိမ်ဖော်မလေးစုယင်က အစ်မရွှေယွေ့ကို ဆွဲထူလိုက်တယ်။

■

ဒီအတောအတွင်းမှာ ထိုက်ယုနဲ့ ကျန်တဲ့သူတွေက စုယင်ကို သီလရှင်ဆရာလေးနဲ့ တွေ့ဖို့ တိုက်တွန်းနေကြတယ်။

တစ်နေ့မှာ လင်ရှိချောက်ရဲ့ မိန်းမရောက်လာတယ်။

"မလေးတို့ ပြောလို့ ကျွန်မယောကျ်ားက ပေဒင်ဆရာဆီ သွားမေးကြည့်တယ်"

"ပေဒင်ဆရာက ဘာပြောလဲ"

ရွှေယွေ့က ပြန်မေးတယ်။

"အဲဒီ ပစ္စည်းဟာ. . လုံးဝ မပျောက်နိုင်ဘူးတဲ့၊ ပျောက်လို့ရမယ့် ပစ္စည်းမျိုး မဟုတ်ဘူးလို့ ပြောတယ်၊ မကြာခင် အချိန်အတောအတွင်းမှာ တစ်ယောက်ယောက်က သေချာပြန်ပေးလိမ့်မယ်တဲ့"

ကျန်တဲ့သူတွေကတော့ မယုံကြည်ကြဘူး။

ဒါပေမယ့် အစ်မရွှေယွေ့နဲ့ ကြာဖြူပန်းက ပျော်သွားတယ်။

"သူက ဘယ်လို ဟောတာမျိုးလဲ"

ကြာဖြူပန်းက ရှင်းအောင် ထပ်မေးတယ်။

"အဲဒီ ပေဒင်ဆရာက စာရွက်တစ်ရွက်ပေါ်မှာ လျှောက်ရေးနေရာက စာလုံးတစ်လုံးကို ရေးလိုက်တယ်။ အဲဒီစာလုံးရဲ့ အဓိပ္ပာယ်က 'လက်ဆောင်' တဲ့၊ အဲဒီစာလုံးကို ရွေးပြီးတာနဲ့ ပျောက်တာ လက်ဆောင်ပစ္စည်းတစ်ခု မဟုတ်လားလို့ မေးတယ်၊ ဒါဆိုရင် ပြန်ရမှာ သေချာတယ်လို့ ဆက်ပြောတယ်"

"ဒါဆို မဆိုးပါဘူး၊ ဆက်ပြောပါဦး"

လီဝမ်က စိတ်ဝင်စားလာတယ်။





"နောက်ပြီး အဲဒီ သံပါးစပ် ဆရာလူက အက္ခရာရဲ့ အပေါ်ပိုင်းက 'အငယ်'လို့ အဓိပ္ပာယ်ရှိတယ်၊ အက္ခရာအောက်ပိုင်းကို 'ပါးစပ်'လို့ ဖော်လို့ရတယ်၊ ဒါကြောင့် ပျောက်နေတဲ့ လက်ဆောင်ပစ္စည်းဟာ ပါးစပ်ထဲမှာ ထည့်လို့ရတဲ့ ပစ္စည်းအသေးစား၊ ဥပမာ ကျောက်မျက်ရတနာလိုဟာမျိုး ဖြစ်လိမ့်မယ်တဲ့၊ အဲဒီပစ္စည်းကို အပေါင်ဆိုင်တွေမှာ လိုက်ရှာကြည့်ရင် ပြန်တွေ့နိုင်တယ်၊ ဒါဆိုရင် ပေါင်တဲ့လူနဲ့ ရွေးတဲ့လူ ဘယ်သူတွေဆိုတာ သိနိုင်ပါတယ်"

လီဝမ်က လင်ရှိချောက်ရဲ့ မိန်းမကို . . .

"ရှင်ကိုယ်တိုင်ပဲ သခင်မကြီးနဲ့ မလေးငှက်မိမယ်ကို ပေဒင်ဆရာ ပြောလိုက်တဲ့အတိုင်း သွားပြောပေးပါ၊ နောက်ပြီး မြို့ထဲက အပေါင်ဆိုင်တွေကို စုံစမ်းဖို့ လူလွှတ်ပါလို့ မလေးငှက်မိမယ်ကို မှာခဲ့ပါ"

လင်ရှိချောက်ရဲ့ မိန်းမက ခေါင်းညိတ်ပြီး ထွက်ခွာသွားတယ်။

■

သူတို့အားလုံး စိတ်ချမ်းသာ သွားကြတယ်။

ဒါပေမယ့် စုယင်ကို စောင့်နေကြတယ်။

စုယင်က သီလရှင်ဆရာလေးကို သွားမေးနေတာ။

အဲဒီအချိန်မှာ ပေါက်ယုရဲ့ လက်စွဲတော် ပေ့မင်းက အိမ်ဖော်မိန်ကလေးတစ်ယောက်ကို လှမ်းခေါ်လိုက်တယ်။

မိန်းကလေးက "ဘာကိစ္စလဲလို့" ပေ့မင်းကို မေးလိုက်တယ်။

"သခင်လေးနဲ့ အထဲမှာရှိတဲ့ သခင်မလေးတွေကို သွားပြောစမ်း"

"ဘာပြောရမှာလဲ"

"ငါက နင့်တစ်ယောက်တည်း ပြောလို့ မဖြစ်ဘူး၊ နင်ရောငါပါ ဆုလေးဘာလေးရအောင်လို့ပါ။ သခင်လေးပေါက်ယုရဲ့ ကျောက်စိမ်းတုံးနဲ့ ပတ်သက်တဲ့ သတင်းကောင်းပေါ့"

ပေ့မင်းက ပြုံးပြုံးရွှင်ရွှင်နဲ့ ပြောလိုက်တယ်၊ မိန်းကလေးဟာ ချက်ချင်း ပေါက်ယုရဲ့အဆောင်ထဲ ပြေးဝင်သွားတော့တယ်။

■

ကျောက်စိမ်းတုံးအကြောင်းနဲ့ ပတ်သက်တဲ့ သတင်းကောင်းဆိုလို့ ပေါက်ယုဟာ အဆောင်အပြင်ကို ထွက်သွားတယ်။ ဝင်းတံခါးပေါက်မှာ ပေ့မင်းကို တွေ့ရတယ်။

"ကျောက်စိမ်းတုံးက ဘယ်မှာလဲ၊ ယူခဲ့လို့ မရဘူးလား"

ပေါက်ယုက မေးလိုက်တယ်။

"မရဘူး သခင်လေးရဲ့၊ လင်ရှိချောက်ရဲ့ မိန်းမဆီက အပေါင်ဆိုင်တွေမှာ ကျောက်စိမ်းတုံး ရှိတယ်ကြားလို့ ကျွန်တော် အပေါင်ဆိုင်တွေကို လျှောက်မေးတယ်၊ ကျောက်စိမ်းတုံးရဲ့ အရွယ်အစားကို ပြောပြီး မေးရတာပါ။ အဲဒီလို မေးရင်းမြန်းရင်းနဲ့ ဆိုင်တစ်ဆိုင်ရောက်တော့ အဲဒီဆိုင်မှာ အပေါင်ခံထားတာ ရှိတယ်လို့ ပြောတယ်"

"ဒါဆိုရင် ဘယ်လောက်နဲ့ ပေါင်ထားတာတဲ့လဲ"

"ကျွန်တော် ပြောပြတဲ့ အရွယ်အစားဆိုရင် သုံးရာနဲ့ ငါးရာကြား လောက်မှာ ပေးလေ့ရှိတယ်တဲ့"

"ငါ့ကျောက်စိမ်းတုံး ဆိုတာကော သေချာရဲ့လား"

"အဲဒီ အရွယ်အစားနဲ့ ပုံသဏ္ဌာန်ဆို တစ်ခုမကဘူး၊ ကျောက်စိမ်းတုံးနှစ်ခုတောင် အပေါင်ခံထားတာတော့ ရှိသတဲ့၊ အဲဒီ နှစ်ခုထဲက တစ်ခုခုတော့ ဖြစ်မှာ သေချာတယ်"

ပေ့မင်းက ပြောပြနေတုန်းမှာ . . .

ကြာဖြူပန်းက အဆောင်ထဲက ထွက်လာတယ်။

"သူ ပြောတာက မသေချာပါဘူး သခင်လေးရယ်၊ ကျွန်မအစ်ကို တစ်ခါတုန်းက ပြောဖူးတယ်၊ အဲလိုအရွယ်မျိုး ကျောက်စိမ်းတုံးကလေးတွေ လူတော်တော်များများမှာ ရှိကြတာပဲတဲ့၊ ပိုက်ဆံမရှိရင် သွားပေါင်ကြတယ်၊ ဒါကြောင့် ရွှေမြို့တော်က အပေါင်ဆိုင်တွေအားလုံး လျှောက်မေးကြည့်ရင် ကျောက်စိမ်းတုံး အပေါင်ခံထားတဲ့ ဆိုင်တွေ တော်တော်များများ တွေ့ရလိမ့်မယ်၊ သခင်လေးရဲ့ ကျောက်စိမ်းတုံး ဟုတ်, မဟုတ်တော့ မသေချာဘူး"

ကြာဖြူပန်းစကားကြောင့် ပေါက်ယု တွေဝေသွားတယ်၊ ပေ့မင်း ပြောတဲ့ ကျောက်စိမ်းတုံးဟာ သူ့ကျောက်စိမ်းတုံး ဖြစ်ချင်ဖြစ်နေမှာ။





ဒါကြောင့် ဒီကိစ္စကို စဉ်းစားနေတုန်း စုယင် ပြန်ရောက်လာတယ်။ စုယင်ဟာ သီလရှင်ဆရာလေးမြောင်စုနဲ့ သွားတွေ့ပြီး ပြန်လာတာ၊ စုယင် ပြောပြတာကို ထိုက်ယု၊ ပေါက်ယုနဲ့ ကြာဖြူပန်းအပါအဝင် မိန်းကလေးတွေက ဝိုင်းပြီး နားထောင်နေကြတယ်။

"သီလရှင်ဆရာလေး မြောင်စုနဲ့ တွေ့တွေ့ချင်းမှာ စုယင်က အဲဒီ ပစ္စည်း ကိစ္စကို တစ်ခါတည်း ပြောပြလိုက်တယ်၊ ဆရာလေးက 'အဲဒီလို နတ်ဗေဒင် မဟောတတ်ပါဘူးတဲ့၊ ကောလာဟလတွေကို မယုံပါနဲ့'လို့ ပြောပြီး သူ့အလုပ်သူ ဆက်လုပ်နေတယ်။ ဒါနဲ့ စုယင်လည်း စိတ်ပျက်သွားတာပေါ့။ ဒီအတိုင်းဆိုရင် ကြာဖြူပန်းနဲ့ မိန်းကလေးတွေ အလုပ်ပြုတ်တော့မှာပဲလို့ တွေးပြီး စိတ်မကောင်းဖြစ်နေတယ်။ အဲဒီအကြောင်းကိုလည်း ဆရာလေးကို သေချာပြောပြလိုက်တယ်၊ ဒုက္ခရောက်တော့မယ့် မိန်းကလေးတွေကို ကယ်တင်သင့်ပါတယ်လို့ တောင်းပန်လိုက်တယ်"

"ဒါဖြင့် ဆရာလေးက နတ်ဗေဒင် ထွက်မပေးဘူးပေါ့ဟုတ်လား"

ကြာဖြူပန်းက သိချင်ဇောနဲ့ ဖြတ်မေးတယ်။

"စုယင် ပြောတာကို နားထောင်ပါဦး၊ နောက်တော့ ဆရာလေးက ရွှေမြို့တော် ရောက်လာကတည်းက ဆရာလေး နတ်ဗေဒင် ဟောတာကို ဘယ်သူမှ မသိကြဘူး၊ ဆရာလေးကလည်း ဘယ်သူ့ကိုမှ ထွက်မပေးဖူးဘူးတဲ့၊ တခြားလူတွေ သိသွားရင် တစ်ယောက်ပြီးတစ်ယောက် လာကြတော့မှာပဲလို့ ညည်းတွားတယ်"

"ဒါဖြင့် ဆရာလေး ဟောတတ်တာတော့ သေချာမှာပေါ့နော်"

ထိုက်ယုက မေးလိုက်တယ်။

"ဒါပေါ့ . . . စုယင်က တခြားဘယ်သူ့ကိုမှ ပြောမပြပါဘူးလို့ အကြိမ်ကြိမ်ကတိပေးတော့မှ စိတ်လျှော့ပြီး အဘွားကြီးတစ်ယောက်ကို အမွှေးတိုင်ထွန်းညှိခိုင်းတယ်၊ ပြီးတော့မှ သေတ္တာထဲက ဗေဒင်တွက်တဲ့ ခုံလေးထုတ်လိုက်တယ်၊ ဆရာလေးက မတ်တတ်ရပ်ပြီး ဂါထာတွေရွတ်တယ်၊ စုယင်က အဲဒီခုံကလေး ကိုင်ထားရတယ်"

စုယင်က ခဏလောက် နားလိုက်တော့ နားထောင်နေသူတွေက သူ့ကို ငြိမ်ပြီးကြည့်နေကြတယ်။

စုယင်က ဆက်ပြောတယ်။

သူပြောတာကို အာရုံစိုက်နေကြတဲ့အတွက် စုယင်ရဲ့ စကားသံက လွဲလို့ တခြားဘာသံမှ မကြားရဘူး။

"ဗေဒင်ဟောတဲ့ ခုံကလေးပေါ်က ပျဉ်ပြားမှာ ကန့်ကူဆံနဲ့ လျှောက်ရေးတယ်၊ ရေးပြီးတာနဲ့ တစ်ခါတည်း ရပ်သွားတယ်၊ အဲဒီ ပျဉ်ပြားပေါ်မှာ ရေးထားတာက . .

'မဟာဂီရိတောင်ရဲ့ ထင်းရှူးတောထဲက အရိပ်အောက်မှာ
တိတ်တိတ်ကလေး ပုန်းနေရှာ
တန်ဖိုးရှိတဲ့ ကျောက်ကမ်းပါးကြားမှာ
ရှာလို့ရှိရင် တွေ့နိုင်တာ
ပျောက်တဲ့ပစ္စည်း တွေ့ဖို့ရာ
ကျွန်ုပ်ခြံပေါက်ဝကို သင်တိုယ်တိုင်လာ'

အဲဒီစာကို စုယင် ကူးရေးပြီး ချက်ချင်းပြန်လာခဲ့တာပါပဲ"

စုယင် စကားဆုံးသွားတော့ ကြာဖြူပန်းက . . .

"ဆရာလေး မေးတဲ့နတ်က ဘာနတ်များ ဖြစ်မလဲ"လို့ မေးတယ်။

စုယင်က ခဏလောက်စဉ်းစားအပြီးမှာ . . .

"ရှင်လီနတ်"လို့ ပြောလိုက်တယ်။

နောက်ပြီး စုယင်က ဆက်ပြောသေးတယ်။

"ဆရာလေးကို စုယင်က 'အဲဒီ ဟောကြားချက်ကို ဆရာလေး အဓိပ္ပာယ် ရှင်းပြပေးပါလား' . . . လို့ ပြောလိုက်သေးတယ်။ ဒါပေမယ့် ဆရာလေးက 'သူလည်း အဓိပ္ပာယ် မဖော်တတ်ဘူး၊ စံအိမ်ရောက်ရင် စာပေလိုက်စားတဲ့ လူတွေ ရှိမှာပါ။ သူတို့ဖာသာ အဓိပ္ပာယ် ဖော်ကြပါ လိမ့်မယ်'လို့ ပြောလိုက်တယ်"

မိန်းကလေးတွေက ဟောစာတမ်းကို ဝိုင်းကြည့်နေကြပြီး တစ်ယောက်တစ်ပေါက် ပြောနေကြတယ်။

ပေါက်ယုကလည်း စုယင် ကူးရေးခဲ့တဲ့ ဟောစာတမ်းကို ဖတ်ကြည့်နေတယ်။





"မဟာဂီရိတောင်က ဘယ်နေရာမှ ရှိသလဲ၊ ဘယ်သူ ကြားဖူးလဲ"

ပေါက်ယုက မေးလိုက်တယ်။

"အခုခေတ်မှာ အဲဒီနာမည်မျိုးနဲ့တောင် မရှိပါဘူး၊ ရှေးရှေးတုန်းကတော့ ရှိရင် ရှိမှာပေါ့လေ၊ ကျွန်မ ထင်တာကတော့ ပစ္စည်းခိုးသူဟာ ကျောက်စိမ်းတုံးလေးကို ကျောက်တောင်ခြေက ထင်းရှူးပင်တွေရဲ့ အောက်မှာ ထားခဲ့တယ်လို့ အဓိပ္ပာယ်ရတယ်၊ ဒါပေမယ့် ကျွန်ုပ်၏ ခြံပေါက်ဝဆိုတာ ဘယ်ခြံပေါက်ဝမှန်း မသိတာ ခက်တယ်"

ကြာဖြူပန်းက မိန်းကလေးတချို့နဲ့အတူ ဥယျာဉ်ထဲကို သွားရှာဖို့ ထွက်သွားတယ်။ သူတို့တတွေက ကျောက်တုံးကျောက်ဆောင်တွေနဲ့ ထင်းရှူးပင်တွေအောက်မှာ နှံ့နှံ့စပ်စပ်ရှာကြတယ်။ ဘာမှ မတွေ့လို့ စိတ်မောလူမောနဲ့ ပြန်လာကြတယ်။

ကြာဖြူပန်းတို့ဟာ ဒီသုံးရက်အတွင်းမှာ မရှာနိုင်ခဲ့ရင် ဒုက္ခပဲ။ ဒါပေမယ့် ပျောက်တဲ့ပစ္စည်းက တွေ့ဖို့ မလွယ်ဘူး။ ဒါကြောင့် အလုပ်က မထုတ်ပစ်အောင် သခင်မကြီးကိုသာ တောင်းပန်ရတော့မယ်လို့ ဆုံးဖြတ်ထားကြတယ်။ လီဝမ်နဲ့ တန်ချွန်းဟာ စိတ်လျှော့လိုက်ကြတယ်။

"ဒီနေ့တစ်နေ့လုံး ပစ္စည်းပျောက်တဲ့ ကိစ္စပဲ လုံးပန်းနေရတာ၊ သန်းခေါင်ရောက်တော့မယ်၊ မလေးထိုက်ယုတောင်ပြန်သွားပြီ၊ တို့လည်း ပြန်တော့မယ်"

လီဝမ်က ပြောလိုက်တယ်။

နောက်တော့ နေးကွေးစွာ ပြန်သွားကြတယ်။ ဒါကိုကြည့်ပြီး ကြာဖြူပန်းတို့တစ်တွေ သက်ပြင်းမောချနေကြတယ်။

## ၂၀

ထိုက်ယုဟာ အတွေးဝင်ပါထဲ ရောက်နေတယ်။

ဇူချွန်းက အိပ်ဖို့ ပြောတော့မှ အိပ်ရာဝင်လိုက်တယ်။

အိပ်ရာထဲ ရောက်ပြန်တော့လည်း တော်တော်နဲ့ အိပ်မပျော်ဘူး။ ကျောက်စိမ်းနဲ့ ရွှေဂဟေဆက်ရန် ဈေးကုသိုလ် ဖန်တီးခဲ့တယ်ဆိုတဲ့ စကားလုံးကို စဉ်းစားနေမိတယ်။ အဲဒီစကားလုံးအဓိပ္ပာယ်က ကျောက်စိမ်းဆိုတာက ပေါက်ယုပါပဲ။ နောက်ပြီး ပေါက်ကြည်ကို ရွှေလို့ သတ်မှတ်ထားကြတယ်။ ဒါကြောင့် ပေါက်ယုနဲ့ ပေါက်ကြည်တို့ လက်ထပ်ရတော့မယ်လို့ ဗေဒင်ဆရာတွေက ပြောလိုက်တယ်ဆိုပြီး စံအိမ်က အိမ်ဖော်အချင်းချင်း ပြောသံကြားဖူးတယ်။

ဒါပေမယ့် အခုဆိုရင် ပေါက်ယုရဲ့ ကျောက်စိမ်းတုံးလေး ပျောက်ကွယ်သွားပြီ။ ဒါကြောင့် ကျောက်စိမ်းတုံး မရှိရင် ဘယ်လိုလုပ်ပြီး ရွှေနဲ့ ဂဟေ ဆက်နိုင်ပါတော့မလဲ။ ဒါဆိုရင် ပေါက်ယုနဲ့ ပေါက်ကြည်ရဲ့ မင်္ဂလာကိစ္စပျက်တော့မယ့် အတိတ်နိမိတ်လားလို့ တွေးနေမိတယ်။ တကယ်လို့ ပေါက်ယုနဲ့ ပေါက်ကြည် လက်မထပ်ဖြစ်ရင် မိမိနဲ့ ပေါက်ယု နီးစပ်ဖို့များ ဖြစ်နေမလားဆိုပြီး ဆက်တွေးနေတယ်။ နောက်တော့ မိုးလင်းခါနီးကျမှ အိပ်ပျော်သွားတော့တယ်။

သခင်မကြီးဟာ မနက်လင်းတာနဲ့ လူစုလိုက်တယ်၊ အဲဒီလူတွေကို ခွဲပြီးတော့ ရွှေမြို့တော်က အပေါင်ဆိုင်တွေကို လွှတ်တယ်။ ငှက်မိမယ်က လည်း သူ့နည်းသူ့ဟန်နဲ့ ကျိတ်ပြီး စုံစမ်းနေတယ်။





ဒါပေမယ့် ဘာမှ ထူးထူးခြားခြား မဖြစ်သေးဘူး။

စံအိမ်ကြီး တစ်ခုလုံး အဲဒီလို ပစ္စည်းပျောက်ကိစ္စကို သူ့ကဏ္ဍနဲ့သူ အလုပ်ရှုပ်နေကြပေမယ့် ပေါ်ပေါ်ထင်ထင် လုပ်တာမဟုတ်ဘူး။

ကျိတ်ပြီး လုပ်နေကြတာ။

ဒါကို မယ်မယ်ကြီးနဲ့ မြို့စားကြီးကျိချိန်တို့က လုံးဝ မသိကြဘူး။ ဒါ့အပြင် ပေါက်ယု နေမကောင်းတဲ့အတွက်ကြောင့် ပေါက်ယုကို ကျောင်းဆရာကြီးက ကျောင်းမတက်ဖို့ ခွင့်ပြုထားတယ်။

ပေါက်ယုဟာ ကျောက်စိမ်းတုံးလေး ပျောက်သွားပြီးတဲ့ နောက်ပိုင်းမှာ တစ်ချိန်လုံး ငိုင်နေတယ်။ တစ်ခါတလေ ဘာမှန်းမသိတဲ့ စကားတွေ လျှောက်ပြောနေတယ်။ အစာကျွေးရင် စားတယ်။ မကျွေးရင် မစားဘူး။ ဆာတယ်လို့လည်း မပြောတော့ဘူး။

ဒါကြောင့် ကြာဖြူပန်းက အရမ်း စိတ်ပူလာတယ်။

တစ်နေ့မှာ ကြာဖြူပန်းက ဇူချွန်းနဲ့ သွားတွေ့တယ်။

“သခင်လေး ဘာတွေဖြစ်နေမှန်းလဲ မသိဘူး၊ စံအိမ်က လူကြီးတွေလည်း ရွှေနန်းတော်ကိစ္စနဲ့ နေ့မအား ညမအား ဖြစ်နေလို့ ဘာမှ မပြောရသေးဘူး၊ ပြောပြန်ရင်လည်း အလိုက်ကန်းဆိုး မသိရာ ကျမှာစိုးလို့ပါ၊ ဒါကြောင့် မလေးထိုက်ယုကို သခင်လေးဆီ လာကြည့်ဖို့ ပြောပေးပါ”

ကြာဖြူပန်းရဲ့ ပြောပြချက်အတိုင်း ဇူချွန်းက ထိုက်ယုကို ပြောပြတယ်၊ ဒါပေမယ့် ထိုက်ယုဟာ သွားဖို့ သင့်၊ မသင့်ကို ချိန်ဆနေတယ်။ ဘာကြောင့်လဲဆိုတော့ အခြေအနေအရ ပေါက်ယုဟာ ပေါက်ကြည်နဲ့ လက်မထပ်ဖြစ်ဘဲ သူမနဲ့ တစ်ချိန်ချိန်မှာ လက်ထပ်ရမယ်လို့ ကျိန်းသေတွက်ထားတယ်။

ဒါကြောင့် သွားဖို့ ဝန်လေးနေတယ်။

“မောင်လေးပေါက်ယု မလေးဆီကိုလာရင် အချိန်မရွေး ဧည့်ဝတ်ကျေပါစေ့မယ်၊ ဒါပေမယ့် သူ့ဆီကို သွားတွေ့ဖို့အတွက် မသင့်တော်ဘူးလို့ ထင်ပါတယ်”

ထိုက်ယုက ပြောပြလိုက်တယ်။

ဒါနဲ့ ကြာဖြူပန်းက အစ်မတန်ချွန်းကို သွားပြောကြည့်တယ်။

"ဒါပေမယ့် အချိန်အခါမဟုတ်ဘဲ ပန်းသီးအချဉ်ပင် ပွင့်တာ၊ ပေါက်ယုရဲ့ ကျောက်စိမ်းတုံးပျောက်တာ၊ စံအိမ်အတွက် အတိတ်နိမိတ် မကောင်းလှဘူး၊ အနေအထိုင် ဆင်ခြင်ရတော့မယ်" လို့ . . .

အစ်မတန်ချွန်းက ပြောလိုက်တယ်။

ပေါက်ယုနဲ့ သူတို့ဟာ ငယ်ရွယ်စဉ်အခါက ဘယ်လိုပဲ ရင်းနှီးခဲ့ကြပေမယ့် အခုဆိုရင်အရွယ်ရောက်လာကြပြီ။ ဒါကြောင့် အစ်ကိုဝမ်းကွဲတွေ၊ မောင်ဝမ်းကွဲတွေနဲ့ ကင်းကင်းရှင်းရှင်းနေနိုင်မှ သူများတကာ ကဲ့ရဲ့လွတ်မယ်လို့ ပြောခဲ့တယ်။ ဒါပေမယ့် တန်ချွန်းဟာ ပေါက်ယုဆီကို တစ်ခေါက်နှစ်ခေါက်ရောက်သေးတယ်၊ ပေါက်ယုက ငေးငိုင်နေပြီး အစ်မတန်ချွန်းကို စကားမပြောခဲ့ဘူး။ ဒါကြောင့် နောက်ထပ်မသွားဘဲ နေလိုက်တယ်။

ပေါက်ယုကျောက်စိမ်းတုံး ပျောက်တဲ့ကိစ္စကို ပေါက်ကြည်က အချိန်နောက်ကျပြီးမှ ကြားခဲ့ရတယ်။ အဲဒီကိစ္စနဲ့ ပေါက်ကြည်ရဲ့အမေ ဒေါ်လေးဆွေ့က စံအိမ်တော်ကို ရောက်သွားတယ်။

ဒေါ်လေးဆွေ့ ပြန်လာတော့ သူ့သမီးပေါက်ကြည်ကို လက်ထပ်ဖို့ ကိစ္စ ပြောပြပြီး မေးတယ်။

"ဒေါ်လေးဝမ်က သမီးနဲ့ ပေါက်ယုကို လက်ထပ်ပေးဖို့အကြောင်း စကားစတယ်၊ ဒါပေမယ့် မေမေက သမီးသဘောကို မသိရသေးလို့ တိတိကျကျ မပြောခဲ့ရဘူး။ သမီးရဲ့ဆန္ဒက ဘယ်လိုလဲ"

ပေါက်ကြည်က ဣန္ဒြေရရနဲ့ . . .

"သမီးဆန္ဒကို မေးဖို့လိုသေးလို့လား မေမေရယ်၊ သမီးမှာ ဖေဖေလည်း မရှိတော့တဲ့အတွက် မေမေနဲ့ အစ်ကိုတို့ တိုင်ပင်ဆွေးနွေးကြည့်ကြပါ၊ မေမေတို့က ကောင်းတယ်ထင်ရင် သမီး မငြင်းပါဘူး" လို့ . . .

ပါးပါးနပ်နပ် ပြောလိုက်တယ်။

ပေါက်ယုဟာ ကျန်းမာရေးအခြေအနေ ဆိုးလာတယ်။

ဖျားတာမဟုတ်ဘဲ အစာမစား၊ အိပ်လည်း မအိပ်ဘူး။ စကားတွေ တွေ့ကရာ လျှောက်ပြောနေတယ်။





ဒါကြောင့် ကြာဖြူပန်းက ငှက်မိမယ်ကို ပေါက်ယုအကြောင်း သတင်းပို့တယ်။ ငှက်မိမယ်လည်း မကြာမကြာ သွားကြည့်တယ်။ ပထမတော့ ပေါက်ယုဟာ ကျောက်စိမ်းတုံး ပျောက်လို့ စိတ်ထိခိုက်နေတယ်လို့ ထင်မိတယ်။ ဒါပေမယ့် နောက်တော့ စိတ္တဇ ဖြစ်နေကြောင်း သိလိုက်ရတယ်။ ဒါကြောင့် ငှက်မိမယ်က သမားတော်တွေ ပင့်ပြီး ကုသခဲ့တယ်။ သမားတော်တွေက ဆေးအမျိုးမျိုး တိုက်ကျွေးပေမယ့် မသက်သာဘူး။

မယ်မယ်ကြီးနဲ့ သခင်မကြီးတို့ ရောက်လာတယ်။ ကြာဖြူပန်းက ပေါက်ယုကို တွဲပြီး မယ်မယ်ကြီးနဲ့ သခင်မကြီးကို ဂါရဝပြုခိုင်းတော့ ပေါက်ယုက ဂါရဝပြုလိုက်တယ်။

"သူတို့ ပြောသလောက် ငါ့မြေးက အခြေအနေ မဆိုးပါဘူး"

မယ်မယ်ကြီးက မှတ်ချက်ချလိုက်တယ်။

ဒါပေမယ့် ပေါက်ယုက မယ်မယ်ကြီးကို ကြည့်ပြီး ဟက်ဟက်ပက်ပက် ရယ်လိုက်တယ်။ သခင်မကြီးက ပေါက်ယုကို စကားပြောကြည့်တယ်၊ မယ်မယ်ကြီးကလည်း ပေါက်ယုကို အကျိုးအကြောင်း မေးကြည့်တယ်။ အဲဒီအချိန်မှာ မယ်မယ်ကြီးတို့ မေးတာကို ဖြေဖို့ ပေါက်ယုကို ကြာဖြူပန်းက အားပေးတယ်။

ဒါပေမယ့် ပေါက်ယုဟာ သူ ပြောချင်ရာကို စွတ်ပြောနေတယ်။ လူကောင်းတစ်ယောက်နဲ့ လုံးဝ မတူတော့ဘူး။ ဒီတော့မှ မယ်မယ်ကြီးတို့ အရမ်းစိုးရိမ်လာကြတယ်။

"ခုနတုန်းကတွေ့တော့ အကောင်းပကတိပါပဲ၊ အခုတော့ သူရဲ့ အခြေအနေက အတော့်ကို ဆိုးနေတာပဲ၊ ငါ့မြေးလေး စိတ္တဇဝေဒနာသည် ဘာကြောင့် ဖြစ်သွားတာပါလိမ့်"

မယ်မယ်ကြီးက ရင်ထုမနာ ပြောလိုက်တယ်။

မျက်လုံးတွေထဲမှာ မျက်ရည်တွေ ပြည့်လာပြီ။ ဆက်ပြီး ဖုံးကွယ်ထားလို့ မဖြစ်တော့ပါဘူး။

ဒါကြောင့် သခင်မကြီးဝမ်က ပေါက်ယုဟာ လီနန်းမြို့စားကြီးရဲ့ စံအိမ်က ပြဇာတ်သွားကြည့်ပြီး အပြန်မှာ ကျောက်စိမ်းတုံး ဆွဲကြိုးလေး ကျပျောက်ခဲ့တဲ့အကြောင်း မယ်မယ်ကြီးကို ဖွင့်ပြောလိုက်ရတယ်။

"မယ်မယ်ကြီးနဲ့ မြို့စားကြီး မသိအောင် ဖုံးထားပြီး ကျွန်မတို့ စံအိမ်တစ်ခုလုံးမှာ ရှိရှိသမျှ မိန်းကလေးတွေနဲ့ အစောင့်တွေ ရှာလိုက်ကြတာ နှံ့နေပါပြီ၊ နတ်ဗေဒင်တွေလည်း မေးပြီးပြီ၊ ဗေဒင်ဆရာကတော့ အပေါင်ဆိုင်တစ်ဆိုင်မှာ တွေ့လိမ့်မယ်လို့တော့ ပြောပါတယ်၊ ဒီအတွက် ဘာမှ မစိုးရိမ်ပါနဲ့ မယ်မယ်ကြီး၊ မကြာခင် ပြန်ရမှာပါ"

သခင်မကြီးက မယ်မယ်ကြီး စိတ်ချမ်းသာအောင် ဖြေပြီးပြောတယ်။ အဲဒီစကားကို ကြားလိုက်ရတဲ့ မယ်မယ်ကြီးက ရုတ်တရက် ထိုင်ရာက ထလိုက်တယ်။ မျက်လုံးအိမ်ထဲမှာ မျက်ရည်တွေ ပြည့်လျှံစီးကျလာပြီး . . .

"ဒီအကြောင်းကို အခုမှ ဘာလို့ ပြောရတာလဲ၊ ညည်းတို့တစ်တွေ အတော့်ကို ပေ့တာပဲ"

မယ်မယ်ကြီး ဒေါသဖြစ်ပြီး စိတ်ထိခိုက်နေပြီ။ ဒါကြောင့် မိန်းကလေးတွေကို သခင်မကြီးက ဒူးထောက်ခိုင်းတယ်။

"မယ်မယ်ကြီး စိတ်သောက ဖြစ်မှာစိုးလို့ပါ၊ နောက်ပြီး မြို့စားကြီးလည်း ဒေါသဖြစ်မှာစိုးလို့ပါ၊ ကျွန်မကိုယ်တိုင် သူတို့ကို နှုတ်ပိတ်ထားမိပါတယ်"

သခင်မကြီးက ခေါင်းငုံ့ပြီး ပြောပြလိုက်ပါတယ်။

ကြာဖြူပန်းနဲ့ အိမ်ဖော်တွေအတွက် သူက တာဝန်ယူလိုက်တာပါ။ မယ်မယ်ကြီးက သက်ပြင်းတစ်ချက်ချတယ်။ ခဏလောက် စဉ်းစားနေတယ်။

"မြေးလေးပေါက်ယုရဲ့ ဘဝမှာ အရေးအကြီးဆုံးအရာဟာ . . အဲဒီကျောက်စိမ်းတုံးပဲ၊ အဲဒါ ပျောက်သွားလို့ မြေးလေး စိတ္တဇ ဖြစ်နေတာ၊ အဲဒီကျောက်စိမ်းတုံးအကြောင်းကို ရွှေမြို့တော်မှာရှိတဲ့ လူတိုင်းသိတယ်၊ ကောက်ရတဲ့လူက ဘယ်တော့မှ ပြန်ပေးမှာ မဟုတ်တော့ဘူး၊ ကျိချိန်ကို ပြောမှ ဖြစ်မယ်၊ ကျိချိန်ကို သွားခေါ်လိုက်စမ်း"

သခင်မကြီးက သူ့ယောက်ျားမြို့စားကြီးကို အသိပေးလို့ မဖြစ်ကြောင်း သဘောပေါက်တယ်။ အိမ်ဖော်မိန်းကလေးတွေနဲ့ ကြာဖြူပန်းကလည်း မယ်မယ်ကြီးကို ရှိခိုးတောင်းပန်ကြတယ်။





"သူ့ကို အသိမပေးပါရစေနဲ့ မယ်မယ်ကြီးရယ်၊ စိတ်ထိန်းနိုင်တဲ့ မယ်မယ်ကြီးတောင် ဒီလောက် စိတ်ထိခိုက်နေရင် သူဆို ဒါထက် ပိုဆိုးတော့မှာပေါ့၊ ဒီအဆောင်မှာ ရှိတဲ့ ကလေးတွေအားလုံး သက်သာမှာ မဟုတ်ဘူး၊ အားလုံးဒုက္ခရောက်ကုန်ပါလိမ့်မယ်၊ ဒီကြားထဲမှာ ကျွန်မတို့ ကြိုးစားပြီး ရှာပါရစေဦး၊ ရှာလို့ တွေ့သွားရင်လည်း အေးဆေးပြီးသွားမယ့် ကိစ္စပါ"

သခင်မကြီးက အကျိုးသင့်အကြောင်းသင့် ပြောပြတယ်။

"ကျိချိန်ဟာ ငါ့သားပဲ၊ သူ့ဒေါသကို ငါထိန်းနိုင်တယ်၊ သွားခေါ်လာခဲ့"

မယ်မယ်ကြီးက တစ်ချက်လွှတ် အမိန့်ပေးလိုက်တယ်။

အစ်မရှေ့ယွေက မြို့စားကြီးကို ခေါ်ဖို့ ထသွားတယ်။

မကြာခင် ပြန်ရောက်လာပြီး . .

"မြို့စားကြီး ကိစ္စတစ်ခုကြောင့် အပြင်ထွက်သွားပါတယ်"

"ကျိချိန်မရှိရင်တော့ သူ ပြန်လာတဲ့အထိ မစောင့်တော့ဘူး၊ ငါ့အမိန့်နဲ့ လုပ်တာလို့ ပြောလိုက်၊ ဒီအတောအတွင်း အိမ်ဖော်မိန်းကလေးတွေကို အပြစ်ပေးဖို့ မလိုသေးဘူး၊ အဲဒီညက ပေါက်ယု သွားခဲ့တဲ့လမ်းကြောင်းမှာ ကြော်ငြာသွားကပ်ခိုင်းလိုက်"

မယ်မယ်ကြီးက အစီအစဉ်ချပြတယ်။

အားလုံးက စိတ်ဝင်စားစွာ နားထောင်နေကြတယ်။

မယ်မယ်ကြီးက ဆက်ပြောတယ်။

"ကျောက်စိမ်းတုံးလေး တွေ့တဲ့သူကိုယ်တိုင် လာပို့ရင် ငွေစင်ငွေသား ပိဿာတစ်ရာပေးမယ်၊ ဒါမှမဟုတ် ကျောက်စိမ်းတုံးလေး ဘယ်သူ့ဆီမှာ ရှိတယ်ဆိုတာ တိတိကျကျ သတင်းပေးနိုင်တဲ့သူကို ငွေစင်ငွေသား ပိဿာငါးဆယ် ပေးမယ်လို့ ကြော်ငြာထဲမှာ ရေးလိုက်၊ ငွေကို နှမြောလို့ မဖြစ်ဘူး၊ ငါ့မြေး ဝေဒနာပျောက်ဖို့ အရေးကြီးတယ်၊ နားလည်လား"

သခင်မကြီးက ဘာမျှ ပြန်မပြောဘဲ ခေါင်းညိတ်နေတယ်။

နောက်တော့ ဒီအတိုင်းဆောင်ရွက်ဖို့ လူလွှတ်ပြီး ပြောခိုင်းလိုက်တယ်။

"ပေါက်ယုအတွက် နေ့တိုင်းသုံးရမယ့် ပစ္စည်းတွေအားလုံး ငါ့အဆောင်ထဲကို ယူသွားကြ၊ ပေါက်ယုနဲ့အတူ ကြာဖြူပန်းရယ်၊ ချူဝမ်းရယ်၊ ငါ့အဆောင်ထဲ ပြောင်းလာကြ၊ ဥယျာဉ်ထဲက အဆောင်မှာ ကျန်ရစ်တဲ့ အိမ်ဖော်ကောင်မလေးတွေက အစောင့်အဖြစ်နဲ့ နေခဲ့ရမယ်"

ပေါက်ယုက ပါးစပ်ဖြဲပြီး ရယ်နေတယ်။ မယ်မယ်ကြီးက သူ့မြေး ပေါက်ယုကို လက်ဆွဲပြီး ခေါ်သွားတယ်။ သခင်မကြီးက ကြာဖြူပန်းနဲ့ ချူဝမ်းကို ပေါက်ယုနေရမယ့် မယ်မယ်ကြီး အဆောင်က အခန်းလွတ်တစ်ခုကို ရှင်းလင်းခိုင်းလိုက်တယ်။

ပြီးတော့ ပေါက်ယုကို နေရာချလိုက်တယ်။

"ပေါက်ယုရဲ့ ကျောက်စိမ်းတုံးဟာ သူ့အတွက် အန္တရာယ်ကင်းစေတဲ့ မွေးရာပါ အဆောင်သဘောမျိုး ဖြစ်တယ်၊ ဒါ ပျောက်သွားတဲ့အတွက် အန္တရာယ်ဖြစ်လာတယ်လို့ ငါထင်တယ်၊ ဒါကြောင့် သူ့ကို ငါနဲ့ နီးနီးကပ်ကပ် ခေါ်ထားတော့ မကောင်းဆိုးဝါးလည်း မကပ်နိုင်တော့ဘူး၊ ငါ့နေရာက သန့်စင်တယ်၊ ဘုရားရဲ့ တရားစာတွေ ရှိတယ်၊ ဒါ့တွေကို ငါ ရွတ်ဖတ်တာ သူကြားရင် သူ့စိတ်ငြိမ်သက်သွားလိမ့်မယ်"

သခင်မကြီးဟာ သူ့သားကို ကြည့်ပြီး မျက်ရည်တွေကျနေတယ်။ မယ်မယ်ကြီးက သူ့မြေးကို စာနာစိတ်နဲ့ ကြည့်လိုက်တယ်။

"အခုအချိန်ကစပြီး ငါ့မြေးကို ငါ စောင့်ကြည့်နေမယ်၊ ဘာမှ စိုးရိမ်စရာ မရှိတော့ဘူး၊ ကျိချိန် ပြန်ရောက်လာတဲ့အခါ ငါနဲ့ လာတွေ့စရာ မလိုတော့ဘူးလို့ ပြောလိုက်၊ တကယ်လို့ သူက ဆူဆူပူပူလုပ်မယ့် အရိပ်အယောင်ပြရင် ဒီကိစ္စတွေအားလုံး ငါ တာဝန်ယူထားတယ်လို့ ပြောပြပါ၊ ကျိချိန် ဘာမှ ပြောတော့မှာ မဟုတ်ပါဘူး။ ကဲ. . . ညည်းတို့လည်း ပင်ပန်းနေပြီ သွားနားပေတော့. . ."

သခင်မကြီးဝမ်း ပြန်သွားတယ်။ မယ်မယ်ကြီးက ကြာဖြူပန်းကို စိတ်ငြိမ်ဆေး ယူခိုင်းလိုက်ပြီး ပေါက်ယုကို တိုက်လိုက်တယ်။

## ၂၁

အချိန်က ညနေစောင်းနေပြီ။

မြို့စားကြီးကျိချိန် ရထားနဲ့ပြန်လာတယ်။

လမ်းမှာ လူတွေအချင်းချင်း ပြောသွားသံကို ကြားလိုက်ရတယ်။

အဲဒီလူတွေက သူ့ကို ဘယ်သူမှန်း မသိကြဘူး။

"အခုအချိန်မှာ ငွေရဖို့က လွယ်ပါတယ်"

တစ်ယောက်က ပေါ့ပေါ့ဆဆ ပြောလိုက်တယ်။

"မင်းအကြံအစည်က ဘယ်လိုလဲ ပြောပါဦး"

နောက်တစ်ယောက်က ပြန်မေးတယ်။

"ခန်းဆောင်နီစံအိမ်ကြီးက သခင်လေးတစ်ယောက်ရဲ့ ပျောက်သွားတဲ့ ကျောက်စိမ်းကို အရွယ်အစားနဲ့ အရောင်အသွေးပါ ရေးပြီး ကြော်ငြာကပ်ထားတယ်၊ ပြန်ပေးရင် ဆုငွေ ပိဿာတစ်ရာရမယ်၊ ရှိအောင်သတင်းပေးနိုင်ရင်တော့ ပိဿာငါးဆယ်လို့ ရေးထားတယ်"

မြို့စားကြီးက အရမ်းအံ့ဩသွားတယ်။

ဒါကြောင့် အိမ်ကို အမြန်ဆုံးပြန်ရောက်လာတယ်။

ခြံဝင်းထဲရောက်တော့ တံခါးစောင့်ကို မေးကြည့်တယ်။ တံခါးစောင့်က သခင်လေးကျိုလျှံကို မယ်မယ်ကြီးရဲ့ အမိန့်နဲ့ ကြော်ငြာကပ်ခိုင်းတဲ့အကြောင်းပဲ သိပါတယ်လို့ ပြောတယ်။

မြို့စားကြီးက စိတ်ခေတ်ကျသွားတယ်။

"ကျိမျိုးဆက်တွေ ပျက်စီးတော့မယ်ထင်တယ်၊ ပေါက်ယုဟာ မွေးကတည်းက ပါးစပ်ထဲမှာ ကျောက်စိမ်းတုံးပါလာလို့ လူတွေက အံ့ဩကြတယ်၊ အခု ကျောက်စိမ်းတုံးပျောက်လို့ လူတွေ အံ့ဩနေကြပြန်ပြီ၊ ရှေ့ဆက်ပြီး ဘာတွေဖြစ်လာဦးမလဲ၊ ကောင်းဖို့ထက် ဆိုးဖို့က များတယ်"

မြို့စားကြီးက သူ့ဟာသူ တွေးပြီး စံအိမ်ထဲ ဝင်ခဲ့တယ်။

သခင်မကြီးက အဖြစ်အပျက်ကို ပြောပြတယ်။ ကြော်ငြာကပ်တာကတော့ မယ်မယ်ကြီးရဲ့ အစီအစဉ်အတိုင်း လုပ်ရကြောင်း ရှင်းပြလိုက်တယ်။ မြို့စားကြီးဟာ မယ်မယ်ကြီးရဲ့ ဆန္ဒဖြစ်တဲ့အတွက် ပယ်ဖျက်လို့မဖြစ်တော့ဘူး။

ဒါကြောင့် မယ်မယ်ကြီး မသိအောင် ကြော်ငြာတွေကို ပြန်ခွာခိုင်းလိုက်တယ်။ ဒါပေမယ့် အစကတည်းက ကပ်ထားတဲ့ ကြော်ငြာတွေကို တချို့က ခွာယူသွားကြပြီ။ တစ်ရက်နှမ်ရက် အတွင်းမှာ စံအိမ်ကို လူတစ်ယောက်ရောက်လာတယ်။ ပိုးစအနီနဲ့ ပတ်ထားတဲ့ ကျောက်စိမ်းတုံးလေး တစ်ခုပါတယ်။

မယ်မယ်ကြီးက သေသေချာချာ မကြွပြားဘူး။

ဒါကြောင့် ပေါက်ယုဆီကို သွားပြဖို့ ငှက်မိမယ်နဲ့ စေလွှတ်လိုက်တယ်။

"ဟောဒီ ကျောက်စိမ်းတုံးဟာ မောင်လေးပေါက်ယုဟာ မဟုတ်လား"

ငှက်မိမယ်က လှမ်းပေးရင်း မေးလိုက်တယ်။

ပေါက်ယုက ဆွဲယူပြီး ကြမ်းပေါ်ကို ချပစ်တယ်။

ဒါကို ပေါက်ယု အမေ သခင်မကြီးဝမ်က တွေ့လိုက်တယ်။

"ဒါ ကျွန်တော့်ပစ္စည်း မဟုတ်ဘူး"

ငှက်မိမယ်က ကျောက်စိမ်းတုံးကို ကောက်ယူတယ်။

"မောင်လေး ပေါက်ယုက သေချာမကြည့်ဘဲနဲ့ မောင်လေးပစ္စည်း မဟုတ်တာကို ဘယ်လိုလုပ်ပြီး သိသလဲ"

ငှက်မိမယ်က မေးလိုက်တယ်။

သခင်မကြီးက ရှင်းပြတယ်။

"ငယ်ငယ်လေးကတည်းက သူ့ဆီမှာရှိနေတာ သူဟာ မဟုတ်မှန်း သိနိုင်မှာပေါ့"

ပြီးတော့ သခင်မကြီးက ဆက်ပြီးပြောပြန်တယ်။

"တို့ကြော်ငြာထဲမှာ ဖော်ပြထားတဲ့ ပုံစံမျိုးနဲ့ မတူတူအောင် အတုလုပ်ပြီး လာပြတာ ဖြစ်မှာပါ၊ ပြန်ပေးလိုက်ကြပါကွယ်၊ စံအိမ်တော်အထိ





လာပြတဲ့အတွက် စရိတ်စက နည်းနည်းလောက် ပေးလိုက်ကြပါ၊ အတုနဲ့ လာလိမ်တယ်ဆိုပြီး ရိုက်နှက်မနေကြပါနဲ့"

ဒါပေမယ့် ကျိုလျှံက ကျောက်စိမ်းတုံးလာပြတဲ့ လူကို နောက်ထပ်မလိမ်ဝံ့အောင် ရိုက်မောင်းပုတ်မောင်းလုပ်ပြီး နှင်ထုတ်လိုက်တယ်။

ရွှေမြို့တော်မှာတော့ ကျောက်စိမ်းတုံးအကြောင်းကို လူအတော်များများ သိသွားကြတယ်။

■

ခန်းဆောင်နီစံအိမ်ကြီးမှာ မီးထွန်းပွဲတော်ကို နှစ်စဉ်ကျင်းပခဲ့တယ်။ ဒါပေမယ့် ဒီနှစ်မှာတော့ မလုပ်ဖြစ်ဘူး။ စားသောက်ပွဲကိုတောင် သဘောလောက်ပဲ လုပ်ခဲ့ကြတယ်။ စံအိမ်ကြီးမှာ ရှိတဲ့ အိမ်သူအိမ်သားတွေအားလုံး စိတ်ဓာတ်ကျနေကြတယ်။ အဲဒီ အချိန်အတောအတွင်း သခင်မကြီးရဲ့ အစ်ကိုကြီး ဝမ်ဇူတုံ ရွှေမြို့တော်ကို ပြောင်းလာမယ့်သတင်းရလို့ သခင်မကြီးက မျှော်နေတယ်။

ဒါပေမယ့် ရွှေမြို့တော် မရောက်ခင် လမ်းခရီးမှာ လေဖြတ်ပြီး ဆုံးသွားတဲ့ သတင်းကြားရတယ်။ ဒါကြောင့် အဲဒီသတင်းကို မြို့စားကြီးကို ပြောပြတယ်။ မြို့စားကြီးဟာ စိတ်မကောင်းစရာ သတင်းတွေ တစ်ခုပြီး တစ်ခု ဖြစ်လာတဲ့အတွက် စိတ်ထိခိုက်နေရတယ်။ သူ့ဇနီးသခင်မဝမ်ဟာ သူ့အစ်ကိုဆုံးတဲ့ သတင်းကြားရပြီး ကျွန်းမာရေး ချို့တဲ့သွားတယ်။

အဲဒီနှစ်မှာ မြို့စားကြီးကျိချိန်ရဲ့ အလုပ်ကြိုးစားမှုတွေကို ရွှေနန်းရှင်က သိသွားတဲ့အတွက် ကျန်ဇီးပြည်နယ်ရဲ့ ရိက္ခာတော်မင်းကြီးအဖြစ် ရာထူးတိုးမြှင့်ပေးလိုက်တယ်။ ဒါကြောင့် မြို့စားကြီးဟာ အဲဒီပြည်နယ်ကို မကြာခင် သွားရတော့မှာ ဖြစ်တယ်။ ဒါကြောင့် မယ်မယ်ကြီးကို သွားပြီး ကန်တော့တယ်။

မယ်မယ်ကြီးက . . .

"ဒီနှစ်ထဲမှာ မယ်မယ် (၈၀)နှစ်ပြည့်ပြီ၊ မင်းက ရာထူးတက်ပြီး ပြောင်းရွှေ့ရတော့မှာ၊ ဒါကို မသွားလို့လည်း မဖြစ်ပြန်ဘူး၊ ရွှေနန်းရှင်ရဲ့ အမိန့်ဖြစ်နေတယ်၊ မင်းမရှိရင် ငါ့မှာ ပေါက်ယုပဲ ကျန်တော့တယ် . . .

ဒါပေမယ့် သူ့ကျန်းမာရေးက မကောင်းဘူး၊ သူ့ကို အိမ်ထောင်ချလိုက်ရင် ကျန်းမာရေးပြန်ကောင်းလာမယ်လို့ ဟောထားတယ်၊ ဒါကြောင့် မင်းတို့လင်မယား တိုင်ပင်ပြီး စီစဉ်ကြရင် ငါ့မြေးလေးအတွက် စိတ်ချရပြီ"

မယ်မယ်ကြီးရဲ့ စကားကြောင့် မြို့စားကြီး စဉ်းစားနေတယ်။

"သားပေါက်ယုရဲ့ အခြေအနေကို အကဲခတ်ကြည့်ပါဦးမယ်"

မြို့စားကြီးက မယ်မယ်ကြီးကို ခွင့်တောင်းလိုက်တယ်။ ပေါက်ယုအခြေအနေကို ကြည့်ဖို့ ကြာဖြူပန်းက သွားခေါ်လိုက်တယ်။ သခင်မကြီးလည်း ရောက်လာတယ်။ ပေါက်ယုဟာ ကြာဖြူပန်းကို မှီတွယ်ထားရင်းနဲ့ အဖေကို လက်အုပ်ချီပြီး အရိုအသေပြုတယ်။

ပေါက်ယုရဲ့ မျက်နှာက ပါးရိုးငေါငေါ၊ မျက်တွင်းဟောက်ပက်နဲ့ ဖြစ်နေတယ်။ မျက်လုံးကလည်း မှုန်ဝါးဝါး ဖြစ်နေတယ်၊ သူ့ကို ကြည့်ရတာ ရှုးကြောင်ကြောင် ပုံသဏ္ဍာန်မျိုး ဖြစ်နေတယ်။ မြို့စားကြီးက သူ့သားပေါက်ယုကို ပြန်ခေါ်သွားဖို့ ပြောလိုက်တယ်။

"အခု ငါ့အသက်က (၆၀)ပြည့်တော့မယ်၊ ပြည်နယ်သွားပြီး ဘယ်လောက်ကြာကြာ နေရမယ်ဆိုတာ မသိဘူး၊ ပေါက်ယု ဆုံးသွားရင် ငါ့မျိုးဆက် မရှိတော့ဘူး၊ မယ်မယ်ဟာ ပေါက်ယုကို အချစ်ဆုံး၊ သူက လက်ထပ်ပေးချင်တာကို ငါငြင်းဖို့ မသင့်ဘူး"

မြို့စားကြီးက သူ့ဟာသူ စဉ်းစားနေတယ်။

နောက်တော့ ထိုင်ရာက ဖြည်းဖြည်းချင်းထတယ်။

"မယ်မယ်က မြေးအပေါ်မှာ အတော့်ကို သံယောဇဉ်ကြီးတာပဲ၊ မယ်မယ် သဘောကျသလိုသာ ဆောင်ရွက်ပါ။ ကျွန်တော် သဘောတူပါတယ်၊ ဒါပေမယ့် ပေါက်ကြည်ရဲ့ အမေဖြစ်တဲ့ မဆွေတို့ရဲ့ ဆန္ဒကို မေးကြည့်ဖို့တော့ လိုပါလိမ့်မယ်"

"မင်း သဘောတူရင် ပြီးတာပါပဲ၊ ကျန်တဲ့ကိစ္စကိုတော့ ငါနဲ့ မဝမ်တို့ မဆွေဆီကို သွားတွေ့မယ်၊ စေ့စပ်ကြောင်းလမ်းတဲ့ သဘောမျိုးပြောလိုက်ရုံပဲ၊ နောက်ပြီး ပေါက်ယုရဲ့ ကျန်းမာရေးအရ မြန်မြန်ဆန်ဆန် စီစဉ်ရမယ်လို့ ဆွေပန်ဆီကို အကြောင်းကြားလိုက်ရင် ပြီးပါပြီ၊ ဒါဆို မင်္ဂလာရက် သတ်မှတ်ဖို့ပဲ လိုတော့တယ်"





မယ်မယ်ကြီးက အစီအစဉ်ကို ပြောပြတယ်။

မြို့စားကြီးက ဘာမှ ပြောစရာ မရှိတော့ဘူး။

"မဆွေ့က မယ်မယ့်ကို ပြောဖူးတာ တစ်ခုရှိသေးတယ်၊ ပေါက်ကြည်ဟာ ရွှေဘယက်နဲ့ မွေးလာတာတဲ့၊ ဒါကြောင့် ပေါက်ကြည်နဲ့ လက်ထပ်ရမယ့် သတို့သားဟာ ကျောက်စိမ်းရှိတဲ့သူ ဖြစ်ရမယ်လို့ ကိုရင်ကြီးတစ်ပါးက ပြောဖူးသတဲ့၊ **'ကျောက်စိမ်းနဲ့ရွှေ ဂယေဆက်ရန် ရှေးကုသိုလ်ဖန်တီးခဲ့တယ်'** ဆိုတဲ့ အတိတ်နိမိတ်လိုပေါ့။ ဒါကြောင့် မြေးလေးပေါက်ယုကို ပေါက်ကြည်နဲ့သာ လက်ထပ်လိုက်ရင် မြေးလေးရဲ့ ကျောက်စိမ်းတုံးဟာ အလိုအလျောက် ပြန်တွေ့မယ်၊ ပေါက်ယုလည်း ကျန်းမာလာမယ်လို့ မယ်မယ် ထင်တယ်"

■

ဖခင်မြို့စားကြီးကိုချိန်နဲ့တွေ့ပြီးတော့ ကြာဖြူပန်းက ပေါက်ယုကို အတွင်းဆောင်ထဲ ခေါ်သွားပြီး ခုတင်ပေါ်မှာ နေရာချတယ်။ ပေါက်ယုကို အိပ်ဆေးတိုက်ထားတဲ့အတွက် အပြင်ဘက်မှာ မယ်မယ်ကြီးနဲ့ သူ့အဖေမြို့စားကြီးတို့ ဘာတွေ ပြောနေတယ်ဆိုတာ သဲသဲကွဲကွဲ မကြားရဘူး။

ကြာဖြူပန်းနဲ့ မိန်းကလေးတချို့ကတော့ တစ်လုံးတစ်ပါဒမကျန်ကြားနေရတယ်။ ဒါကြောင့် ကြာဖြူပန်းက သူ့ဟာသူ စဉ်းစားလိုက်တယ်။

"သခင်လေးပေါက်ယုနဲ့ မလေးပေါက်ကြည်တို့ဟာ လိုက်ဖက်ညီတဲ့ လင်မယားတွေ ဖြစ်တော့မှာပဲ၊ မလေးပေါက်ကြည်နဲ့ သခင်လေး လက်ထပ်ပြီးရင် ငါ့တာဝန်တွေ သက်သာသွားမှာပဲ၊ ဒါပေမယ့် သခင်လေးဟာ မလေးထိုက်ယုကို ပိုပြီး နှစ်သက်နေတယ်လို့ ငါ ထင်တယ်၊ ဘာပဲဖြစ်ဖြစ်လေ. . . နောက်တော့ အဆင်ပြေသွားမှာပါ၊ အခု လောလောဆယ် သခင်လေး ကြိုပြီး သိမနေတာကောင်းပါတယ်. . .

. . တကယ်လို့ သခင်လေးသာ သိသွားရင် လက်ရှိကျန်းမာရေးအခြေအနေထက် ပိုဆိုးသွားနိုင်တယ်၊ နောက်ပြီး မလေးထိုက်ယုလည်း ခုတစ်လော အတော်ချူချာနေတယ်၊ သခင်လေးနဲ့ မလေးပေါက်ကြည်တို့ လက်ထပ်တော့မှာကို သိသွားရင် ဘာတွေ ဖြစ်လာမလဲ မသိဘူး"

ကြာဖြူပန်းဟာ တွေးပြီး စိုးရိမ်နေတယ်။ ဒါကြောင့် ပေါက်ယုအတွက် ချူဝမ်းကို စောင့်ကြည့်နိုင်းတယ်။ အပြင်ဘက်ခန်းမှာ မယ်မယ်ကြီးနဲ့ သခင်မကြီးပဲ ရှိနေတာ တွေ့ရတယ်။ မြို့စားကြီးက သူ့အဆောင်ကို သူ ပြန်သွားပြီ။ ဒါကြောင့် ကြာဖြူပန်းက သခင်မကြီးကို မျက်ရိပ်ပြပြီး နောက်ဘက်အဆောင်ကို ထွက်လာခဲ့တယ်။ သခင်မကြီးက ကြာဖြူပန်း နောက်ကနေ လိုက်လာတယ်။ နောက်ဘက်အဆောင်ကို ရောက်တော့ ကြာဖြူပန်းက သခင်မကြီးကို ဒူးထောက်ထိုင်ပြီး ကန်တော့တယ်။

သခင်မကြီးက ကြာဖြူပန်းကို ဆွဲထူတယ်။

ကြာဖြူပန်းမျက်နှာမှာလည်း မျက်ရည်တွေနဲ့ . . .

"နင် ဘာဖြစ်နေတာလဲ ကြာဖြူပန်း ပြောစမ်း"

"ကြာဖြူပန်းဟာ အိမ်ဖော်တစ်ယောက်ပါ။ သခင်လေးရဲ့ အထိန်းတော်လည်း ဖြစ်ပါတယ်။ အိမ်ဖော်တစ်ယောက်က ဒီလိုအကြံမျိုး မပေးသင့်ပါဘူး၊ ဒါပေမယ့် သခင်လေးရဲ့ အထိန်းတော်အဖြစ်နဲ့ ကြာဖြူပန်းမှာ ပြောစရာရှိပါတယ်"

ကြာဖြူပန်းက စကားပလ္လင်ခံလိုက်တယ်။

"ညည်းပြောမှာသာ ပြောစမ်းပါ၊ ညည်း ဘာပြောချင်တာလဲ"

"ဒီလိုပါ၊ သခင်လေးပေါက်ယုနဲ့ မလေးပေါက်ကြည်ကို လက်ထပ်ပေးမယ်ဆိုတာ ကြားရလို့ ကျွန်မ ဝမ်းသာပါတယ်၊ သူတို့နှစ်ယောက်ဟာ အင်မတန် အတွဲညီမှာပါ"

"အေးလေ အဲဒါဘာဖြစ်လဲ"

သခင်မကြီးက စိတ်မရှည်စွာ မေးလိုက်တယ်။

"ဒါပေမယ့် သခင်လေးက မလေးပေါက်ကြည်နဲ့ မလေးထိုက်ယု ဘယ်သူ့ကို ပိုပြီး သံယောဇဉ်ရှိမလဲဆိုတာ ကျွန်မ စဉ်းစားမိပါတယ်"

"ဩော်၊ ဒါကတော့ သူနဲ့ထိုက်ယုက ငယ်ငယ်လေးကတည်းက ဆော့ဖော်ဆော့ဖက်တွေ မဟုတ်လား၊ ထိုက်ယုကို နည်းနည်းပါးပါးပိုပြီး သံယောဇဉ်ရှိနိုင်တယ်လေ"

"နည်းနည်းပါးပါး မဟုတ်ဘူး သခင်မကြီး၊ ကျွန်မ သိသလောက် ပြောရရင် သခင်လေးဟာ မလေးထိုက်ယုအပေါ်မှာ အရမ်းသံယောဇဉ်





ကြီးနေတယ်၊ ဒါကြောင့် သခင်လေးအတွက် စိုးရိမ်မိလို့ ကျွန်မ ကိစ္စ မဟုတ်ဘဲ ဝင်ပြောရတာကို ခွင့်လွှတ်ပါရှင်"

"ငါလည်း အဲဒီလိုပဲ ထင်နေတယ်၊ ညည်းပြောပြတော့ ပိုပြီး နားလည်သွားတယ်၊ မယ်မယ်ကြီးနဲ့ တိုင်ပင်ကြည့်ပါဦးမယ်၊ ညည်းအလုပ်ကိုသာ ညည်းလုပ်၊ ဒီအကြောင်းတွေ ဘယ်သူ့မှ မသိစေနဲ့"

သခင်မကြီးက မယ်မယ်ကြီးအဆောင် ပြန်ရောက်လာတယ်။

မယ်မယ်ကြီးနဲ့ ငှက်မိမယ်တို့ မင်္ဂလာကိစ္စ ဆွေးနွေးကြတယ်။

သခင်မကြီးက ကြာဖြူပန်းဆီက ကြားရတဲ့သတင်းရယ်၊ သူကိုယ်တိုင်သိခဲ့ရတဲ့ ပေါက်ယုနဲ့ ထိုက်ယုအကြောင်းရယ် ပြည့်ပြည့်စုံစုံ ပြောပြလိုက်ပါတယ်။

မယ်မယ်ကြီးက နားထောင်ပြီးတော့ ပြုံးလိုက်တယ်။

"ငါ ထင်ရင် လွဲခဲ့ပါတယ်၊ ညည်းကို ကြာဖြူပန်း မျက်ရိပ်ပြပြီး ခေါ်သွားတာ မြင်ကတည်းက ငါ့မြေးအကြောင်းပဲ ဖြစ်ရမယ်လို့ စဉ်းစားမိလိုက်တယ်၊ ဒါပေမယ့် ထိုက်ယုအပေါ်မှာ ငါ့မြေးက အတော်လေး စွဲလမ်းနေတော့ခက်တယ်"

ဒီအခါမှာ ငှက်မိမယ်က ဝင်ပြောတယ်။

"မောင်လေးပေါက်ယုကို မလေးထိုက်ယုနဲ့ ပေးစားမယ်ဆိုတဲ့အကြောင်း မောင်လေးရှေ့မှာ မကြာမကြာ ပြောကြည့်ပေါ့၊ သူ ဘယ်လိုတုံ့ပြန်မလဲ အကဲခတ်ကြည့်လိုက်ပေါ့၊ တကယ်လို့ သူ့အနေနဲ့ အဲဒါကို သဘောကျသွားရင်တော့ မလေးထိုက်ယုနဲ့ လက်ထပ်ဖို့ စီစဉ်ရမှာပဲ၊ ဒါမှ မဟုတ်ဘဲ သူမကျေမနပ်ဖြစ်နေရင် ပထမ အစီအစဉ်အတိုင်း မလေးပေါက်ကြည်နဲ့ပဲ လက်ထပ်လိုက်ရုံပေါ့နော်"

"ထားပါတော့လေ၊ မြေးလေးက ထိုက်ယုနဲ့ စီစဉ်တာကို လက်ခံရင်. . ညည်းတို့က ထိုက်ယုကို သဘောတူလို့လား"

မယ်မယ်ကြီးက သခင်မကြီးနဲ့ ငှက်မိမယ်ကို အကဲခတ်ရင်း မေးတယ်။ ငှက်မိမယ်က သခင်မကြီးအနားကို တိုးသွားတယ်။ တီးတိုးတိုင်ပင်ကြတယ်။ ပြီးတော့မှ သခင်မကြီးက မယ်မယ်ကြီးကို ပြန်ကြည့်ပြီး ခေါင်းညိတ်ပြလိုက်တယ်။

"ထိုက်ယုနဲ့လည်း ကျွန်မ သဘောတူနိုင်ပါတယ်"

သခင်မကြီးက တည်တည်ငြိမ်ငြိမ် ပြောလိုက်တယ်။

"ကောင်းပါတယ် ဒါပေမယ့် ပေါက်ကြည်တို့ သားအမိအတွက်တော့ အားနာစရာတွေ ဖြစ်တော့မှာပဲ၊ ဘာပဲဖြစ်ဖြစ် အရေးကြီးတာက ငွေမြေးကျန်းမာဖို့ပဲ၊ စောစောတုန်းက ပေါက်ကြည်နဲ့ စီစဉ်တဲ့ကိစ္စကိုလည်း ငွေမြေးပေါက်ယု မသိမှ ဖြစ်မယ်နော်"

မယ်မယ်ကြီးက သတိပေးလိုက်တယ်။

## ၂၂

ထိုက်ယုဟာ မနက်စာ စားပြီး မယ်မယ်ကြီးကို တွေ့ဖို့ ထွက်လာခဲ့တယ်။ အဆောင်ဝင်းထဲကနေ ထွက်လာပြီးမှ လက်ကိုင်ပဝါ ပါမလာတာကို သတိရတယ်။

"ဇွန်ချွန်းရေ မလေးလက်ကိုင်ပဝါ အဆောင်မှာ မေ့ကျန်ရစ်ခဲ့တယ်၊ ပြန်ယူပြီး လိုက်လာခဲ့နော်၊ မလေး ရှေ့ကနေ သွားနှင့်မယ်"

ထိုက်ယု တံတားလေး အနားကို ရောက်သွားတယ်။ တစ်ချိန်က ပေါက်ယုနဲ့အတူ ပန်းပွင့်ကလေးတွေ မြှုပ်ခဲ့ကြတဲ့ နေရာကိုမြင်တော့ ပေါက်ယုကို သတိရမိလိုက်တယ်။ ပေါက်ယု ကျန်းမာရေးအခြေအနေ မကောင်းလို့ မယ်မယ်ကြီးရဲ့ ခန်းဆောင်ကို ပြောင်းသွားတယ်လို့ အိမ်ဖော်မိန်းကလေးတွေဆီက ကြားခဲ့တယ်။ ဒါကြောင့် ပေါက်ယုကိုလည်းကြည့်ရင်း မယ်မယ်ကြီးကိုလည်း ဂါရဝပြုရင်းသဘောမျိုးနဲ့ ထွက်လာခဲ့တယ်။

ကျောက်တုံးကြီးအနားရောက်တော့ ငိုရှိုက်သံ ကြားလိုက်ရတယ်။ ဒါကြောင့် ထိုက်ယုက ကျောက်တုံးကြီးကို ပတ်ပြီး ကြည့်တယ်။ ငိုနေတဲ့ မိန်းကလေးတစ်ယောက်ကို တွေ့လိုက်တယ်။

မိန်းကလေးက အသက် (၁၄)နှစ်လောက်ပဲ ရှိတယ်။ ထိုက်ယုကို မြင်လိုက်ရတော့ ကပျာကယာ မျက်ရည်တွေသုတ်နေတယ်။ ဒီအရွယ်နဲ့ ချစ်သူကြောင့် ငိုတာတော့ မဖြစ်နိုင်ဘူး။ အလုပ်လုပ်တာ မကောင်းလို့ အိမ်ဖော်အကြီးအကဲတစ်ယောက်က ဆူလို့ ငိုတာဖြစ်မှာပဲလို့ ထိုက်ယုက တွေးလိုက်မိတယ်။

"ဘာဖြစ်လို့ ငိုနေတာလဲ မိန်းကလေး"

ထိုက်ယုက ညင်ညင်သာသာ မေးတယ်။

"အစ်မချင်ချူက ကျွန်မကို ပါးရိုက်လို့ပါ"

မိန်းကလေးက ပြောရင်း ရှိုက်နေသေးတယ်။ ဖြူဖွေးတဲ့ သူ့ပါးပြင် တစ်ဖက်ဟာ နီရဲနေတယ်။ တော်တော်နာမှာပဲလို့ ထိုက်ယုက တွေးပြီး သနားသွားတယ်။ ချင်ချူဆိုတာ မယ်မယ်ကြီးအဆောင်က အိမ်စေအကြီး အကဲဖြစ်ကြောင်းကို ထိုက်ယုက သိနေတယ်။

"ချင်ချူက ညည်းကို ဘာအပြစ်ရှိလို့ ရိုက်တာလဲ"

ထိုက်ယုက ရှေ့ဆက်ပြီး မေးလိုက်တယ်။

**"အပြစ်ရှိလို့ မဟုတ်ပါဘူး မမလေးရယ်၊ မမလေးပေါက်ကြည်နဲ့ သခင်လေးပေါက်ယုတို့ လက်ထပ်ကြတော့မယ့်အကြောင်းကို ကျွန်မက လွှတ်ခနဲ ပြောလိုက်မိလို့ပါ"**

ထိုက်ယု ရင်ထဲမှာ ထိတ်ခနဲ ဖြစ်သွားတယ်။

သူမရဲ့ နှလုံးခုန်နှုန်းက မြန်ဆန်လာတယ်။

"အဲဒီအကြောင်းနဲ့ ပတ်သက်လို့ နင့်ကို ဘယ်သူပြောလဲ"

ထိုက်ယုက အသံတိမ်တိမ်နဲ့ မေးလိုက်တယ်။

"ကျွန်မ ကိုယ်တိုင် ကြားရတာပါ၊ ကျွန်မက သခင်လေးပေါက်ယု အခန်းထဲမှာ ဝေယျာဝစ္စလုပ်နေတုန်း သခင်ကြီးကိုချိန် နယ်ပြောင်းတော့ မှာမို့ သခင်လေးကို မမလေးပေါက်ကြည်နဲ့ မြန်မြန်ဆန်ဆန် လက်ထပ်ဖို့ စီစဉ်မှ ဖြစ်မယ်လို့ ပြောသံကြားရတယ်၊ သခင်ကြီးက မယ်မယ်ကြီး ပြောတာကို လက်ခံလိုက်တယ်၊ သခင်မကြီးကလည်း သဘောတူတယ်ဆိုတဲ့ အကြောင်းတွေ ပြောနေကြတာပါ၊ အဲဒီလို လုပ်လိုက်ရင် သခင်လေးရဲ့ ကျန်းမာရေး ပြန်ကောင်းလာနိုင်တယ်လို့လည်း ပြောကြတာကို ကျွန်မ ကြားတယ်၊ ဒါကြောင့် မမလေးပေါက်ကြည် သခင်လေးဆီရောက်လာရင် ပျော်စရာကောင်းမယ်လို့ ကျွန်မတို့အချင်းချင်း ပြောဆိုမိတာပါ။ အဲဒီ အကြောင်းကို လျှို့ဝှက်ထားရမယ်ဆိုတာကို ကျွန်မမှ မသိဘဲ၊ သိရင် ဘယ်ပြောပါ့မလဲ"

မိန်းကလေးက ပြောရင်းနဲ့ ရှိုက်နေတယ်။

ထိုက်ယုရဲ့ ရင်ထဲမှာ ရေရေလည်လည် ခံစားလိုက်ရတယ်။ သူမရဲ့ နှလုံးသားကို လက်နဲ့ ဆုပ်ကိုင်ခြေမွလိုက်သလို နာနာကျင်ကျင်နဲ့ အောင့် လာတယ်။ ဦးနှောက်ထဲမှာ ဆူဝေနေပြီး သူမရဲ့ နားထဲမှာလည်း . . .





**မမလေးပေါက်ကြည်နဲ့ သခင်လေး ပေါက်ယုတို့ လက်ထပ်တော့ မယ်ဆိုတဲ့** စကားသံဟာ ပဲ့တင်ထပ်ပြီး မြည်ဟိန်းနေလေရဲ့။ အဲဒီအချိန်မှာ ဇူချွန်း ရောက်လာတယ်။ ဇူချွန်းရဲ့လက်ထဲမှာ လက်ကိုင်ပဝါ ပါလာတယ်။

ထိုက်ယုရဲ့ မျက်နှာလေးက ဖြူဖပ်ဖြူရော် ဖြစ်နေပြီ။ တစ်ကိုယ် လုံး ချွေးစေးတွေ စိမ့်ထွက်လာကြတယ်။ ထိုက်ယု လမ်းလျှောက်ပုံဟာ သိသိသာသာကြီး နွေးကွေးလေးလံနေတယ်။ ဇူချွန်းက ထိုက်ယုရဲ့ အခြေ အနေကို သဘောပေါက်သွားတယ်။ စောစောက ထိုက်ယုနဲ့ စကားပြော ခဲ့တဲ့ ကောင်မလေးက ရှေ့က လျှောက်သွားတာကို ဇူချွန်း မြင်လိုက်ရ တယ်။

"ဘယ်လို ဖြစ်နေတာလဲ မလေး၊ စောစောက ကောင်းနေသားပဲ၊ အခု ချက်ချင်းကြီး ဘာဖြစ်သွားတာလဲ၊ နေမကောင်းရင် အဆောင်ကို ပြန်ကြမယ်လေ၊ နောက်နေ့ကျမှ . . ."

ဇူချွန်း စကားမဆုံးသေးဘူး ထိုက်ယုက ခေါင်းခါပြတယ်။

"မလေး အခုချက်ချင်း ပေါက်ယုကို သွားတွေ့ရမယ်၊ မေးစရာ ရှိတယ်"

ထိုက်ယုအသံက အသည်းအသန် ကြေကွဲနေပုံမျိုးပဲ၊ ဒါကြောင့် ဇူချွန်းက ထိုက်ယုကို တွဲပြီး မယ်မယ်ကြီးရဲ့ ခန်းဆောင်ကို ဆက်လျှောက် ခဲ့တယ်။ သူမဘေးမှာ ဇူချွန်းပါလာတဲ့အတွက် ထိုက်ယုက လှည့်ကြည့် လိုက်တယ်။

ထိုက်ယုရဲ့ အကြည့်က စူးစူးရဲရဲ ဖြစ်နေတယ်။

"ဇူချွန်း ဘယ်သွားမလို့လဲ"

ထိုက်ယုက မေးလိုက်တယ်။

"မမလေးပဲ လက်ကိုင်ပဝါယူပြီး လိုက်ခဲ့ဆို"

ဇူချွန်းက ရှင်းပြရင်းနဲ့ စိတ်ထဲမှာ စနိုးစနောင့် ဖြစ်သွားတယ်။

"ဒါဆို ဇူချွန်းက သခင်လေးပေါက်ယုနဲ့ တွေ့ဖို့လာတာ မဟုတ် ဘူးပေါ့နော်၊ တကယ်လို့ သခင်လေးကို တွေ့ချင်ရင် မလေးဆီမှာ ခွင့် တောင်းရမယ်၊ မလေးခွင့်ပြုမှ သခင်လေးပေါက်ယုနဲ့ တွေ့ရမှာ၊ ရှင်းတယ် နော်"

ဝူချွန်းက ဦးနှောက်ထဲမှာ ပုစ္ဆာတစ်ပုဒ် တွက်လိုက်တယ်။
အဖြေကို ချက်ချင်းသိသွားတယ်။
စောစောက မိန်းကလေးဟာ မလေးထိုက်ယုကို တစ်ခုခုပြောခဲ့ပြီး အဲဒီအကြောင်းအရာတွေကြောင့် မမလေးဟာ ရုတ်တရက် ချက်ချင်း စိတ်ဖောက်ပြန်သွားတာ ဖြစ်ရမယ်။ ဝူချွန်းက စဉ်းစားလိုက်တယ်။ စိတ်ဖောက်ပြန်နေတဲ့ မလေးထိုက်ယုနဲ့ စိတ္တဇဖြစ်နေတဲ့ သခင်လေးပေါက်ယု တွေ့လို့ဖြစ်ပါ့မလား၊ တွေ့ရင် ဘာတွေ ဆိုးဆိုးဝါးဝါး ဖြစ်သွားမလဲ။
ဒါကြောင့် မလေးကို သခင်လေးဆီကို ပို့လို့ မဖြစ်တော့ဘူး။
ဝူချွန်းက အဲဒီလို စဉ်းစားနေတုန်း . . .
ထိုက်ယုဟာ ခန်းဆောင်ထဲ ဝင်သွားတယ်။
မယ်မယ်ကြီး တရေးတမော အိပ်ချိန်ဖြစ်နေတဲ့အတွက်ခန်းဆောင် ထဲကို လူဝင်လာသံကြားလို့ ကြာဖြူပန်းက ထွက်ကြည့်တယ်။
ထိုက်ယုကို မြင်တော့ အံ့ဩသွားတယ်။
"ဩော်, မလေးထိုက်ယုပါလား၊ လာ လာ. . ထိုင်ပါ"
ကြာဖြူပန်းက ပြုံးပြုံးရွှင်ရွှင်နဲ့ ကြိုဆိုလိုက်တယ်။
"မောင်လေး ပေါက်ပု ရှိလားဟင်"
ထိုက်ယုက ဣန္ဒြေမပျက် မေးတယ်။
ကြာဖြူပန်းက တစ်ခုခုပြောတော့မယ့် အချိန်မှာ ထိုက်ယုနောက်မှာကပ်လျက်သားပါလာတဲ့ ဝူချွန်းက ထိုက်ယုကိုလက်ညှိုးထိုးပြီး ခေါင်းခါပြတယ်။ ဒါကြောင့်မို့ ကြာဖြူပန်းက ဘာမှ မဖြေလိုက်ဘူး။ ဒါပေမယ့် ထိုက်ယုဟာ ခပ်တည်တည်နဲ့ ပေါက်ယုရှိတဲ့ အခန်းထဲကို ဝင်သွားတယ်။
ခုတင်ပေါ် အူကြောင်ကြောင်ထိုင်နေတဲ့ ပေါက်ယုက ထိုက်ယုကို မြင်လိုက်တော့ ပြုံးပြီး စိုက်ကြည့်နေတယ်။ ကြိုဆိုနှုတ်ဆက်တာမျိုးလည်း မဟုတ်ဘူး။ ထိုက်ယုက ပေါက်ယုဘေးမှာ ဝင်ထိုင်လိုက်တယ်။ ပြီးတော့ တစ်ယောက်နဲ့တစ်ယောက် အဓိပ္ပာယ်မဲ့ အပြန်အလှန် ပြုံးကြည့်နေကြတယ်။ သူတို့နှစ်ယောက်စလုံးရဲ့ အပြုံးတွေက အသက်မပါဘူး။
ကြောင်တောင်တောင် အပြုံးမျိုးတွေ ဖြစ်နေတယ်။
ကြာဖြူပန်းက ဘာပြောရမှန်း မသိဘဲ လှမ်းကြည့်နေတယ်။





"မောင်လေး နေမကောင်းတာ ဘာကြောင့်လဲဟင်"
ထိုက်ယုက ပေါက်ယုကို မေးလိုက်တယ်။
"မောင်လေး နေမကောင်းတာ မလေးထိုက်ယုကြောင့်လေ"
ပေါက်ယုက ချက်ချင်းဖြေတယ်။
ဝူချွန်းနဲ့ ကြာဖြူပန်းက အချင်းချင်း ပြန်ကြည့်လိုက်ကြတယ်။
နောက်ပြီး ထိုက်ယုနဲ့ ပေါက်ယုကို အကဲခတ်နေကြတယ်။
လောလောဆယ် ဘာလုပ်ရမလဲဆိုတာ မသိတော့ဘူး။ ဘာမှလဲ ဝင်မပြောဖြစ်ဘူး။ ထိုက်ယုနဲ့ ပေါက်ယုတို့ဟာ တစ်ယောက်နဲ့တစ်ယောက် မှုံ့စိစိ အပြုံးကိုယ်စီနဲ့ ကြည့်နေကြတယ်။ ပေါက်ယုဟာ စိတ္တဇဝေဒနာ ဖြစ်နေတယ်။ ထိုက်ယုဟာလည်း ရူးသွပ်နေပြီလို့ ကြာဖြူပန်းက သဘော ပေါက်နားလည်လိုက်တယ်။ ဒါကြောင့် ဝူချွန်းအနားကို ကြာဖြူပန်းက တိုးသွားတယ်။
"သခင်မလေး ထိုက်ယုဟာ ကောင်းကောင်း နေမကောင်းသေးဘူး မဟုတ်လား၊ဒါနဲ့တောင် ဒီကို ခေါ်လာရသေးတယ်၊ မြန်မြန်ခေါ်သွားနော်၊ ချူဝမ်းနဲ့ လိုက်ပို့ခိုင်းလိုက်မယ် ဟုတ်လား"
ကြာဖြူပန်းက ချိုချိုသာသာ ပြောလိုက်တယ်။
ပြီးတော့ ချူဝမ်းကို လှမ်းခေါ်တယ်။
"ချူဝမ်း မြန်မြန်လာစမ်း၊ ဝူချွန်းနဲ့ လိုက်သွားနော်၊ မလေးထိုက်ယုကို ပို့ပေးလိုက်၊ နောက်ပြီး ဘာစကားမှ မပြောနဲ့ ဟုတ်လား"
ချူဝမ်က နားလည်ကြောင်း ခေါင်းညိတ်ပြတယ်။
ဝူချွန်းနဲ့ ချူဝမ်းက ထိုက်ယုကို ညင်ညင်သာသာ တွဲခေါ်တယ်။
ဒါပေမယ့် ထိုက်ယုက ပေါက်ယုကို ပြုံးပြီးကြည့်နေတုန်းပဲ။
ဒါကြောင့် ဝူချွန်းက. . .
"သခင်လေး. . နားပါစေဦး မလေးရယ်၊ သူ့ကျန်းမာရေးက သိပ် ကောင်းတာမှ မဟုတ်ဘဲ" လို့ . . .
ပြောလိုက်တယ်၊ ထိုက်ယုက ခေါင်းညိတ်ပြတယ်။
"ဟုတ်သားပဲ၊ မလေးတို့ ပြန်ဖို့သင့်ပြီ" လို့ . . .
ပြောပြီး ပေါက်ယုဘေးကနေ ထလိုက်တယ်။

ဇူချွန်းတို့ ခေါ်ရာကို အသာတကြည် လိုက်သွားတယ်။ ချူဝမ်းလည်း ပါသွားတယ်။ ထိုက်ယုရဲ့အဆောင်နားအထိ ရှောရှောရှူရှူ ရောက်သွားကြတော့တာပါပဲ။ ထိုက်ယုဟာ တစ်လမ်းလုံး ဘယ်လိုဒုက္ခမျိုးမှမပေးခဲ့ပါဘူး။ ချူဝမ်းနဲ့ ဇူချွန်းရော၊ ထိုက်ယုရော လမ်းမှာ စကားတစ်ခွန်းမှ မပြောဖြစ်ကြဘူး။ ဇူချွန်းက သက်ပြင်းမောတစ်ချက်ချလိုက်တယ်။

"တော်ပါသေးရဲ့၊ အဆောင်အထိ ရောက်လာပြီ၊ ဘုရားသခင်ရဲ့ ဂုဏ်ကျေးဇူးကြောင့်ပါပဲ"

ဇူချွန်းရဲ့စကားသံမတိတ်မီ ထိုက်ယုဟာ ရုတ်တရက်ဘေးဘက်ကို တစ်ကိုယ်လုံးယိမ်းယိုင်ပြီး ပျော့ခွေသွားတယ်။ ချူဝမ်းနဲ့ ဇူချွန်းက ကမန်းကတန်း ထိုက်ယုရဲ့ ကိုယ်ခန္ဓာကို ထိန်းမတ်ပေးလိုက်ရတယ်။ ဒါပေမယ့် ထိုက်ယုရဲ့ ပါးစပ်ထဲက သွေးတွေ တရဟောအန်နေတော့တာပါပဲ။

အဆောင်ထဲက စုယင်နဲ့ မိန်းကလေးနှစ်ယောက် ပြေးထွက်လာကြတယ်။ သတိလက်လွတ် ဖြစ်နေတဲ့ ထိုက်ယုကို အဆောင်ထဲ ပွေ့ခေါ်သွားကြတယ်။ နောက်ပြီး ဂရုတစိုက် ပြုစုကြတယ်။ ချူဝမ်းက ထိုက်ယု သွေးတွေ တပွက်ပွက် အန်နေတာကို မြင်လိုက်ရတော့ ရင်တုန်ပန်းတုန်ဖြစ်သွားပြီး အမြန်ဆုံး ပြန်လှည့်ပြေးသွားတယ်။

မယ်မယ်ကြီးက အိပ်ရာက နိုးနေပြီ။

ချူဝမ်း ပြေးလာတာကို မြင်လိုက်တယ်။

"ဘာဖြစ်တာလဲ ချူဝမ်း"

"မလေးထိုက်ယု သွေးတွေအန်တာ မနည်းဘူး မယ်မယ်ကြီးရယ်"

ချူဝမ်းက အခုထက်ထိ ထိတ်လန့်တုန်လှုပ်နေတုန်းပဲ။ မယ်မယ်ကြီးကိုပါ ကူးစက်သွားပြီး နှလုံးတုန် ရင်ခုန်နေပြီ။ ဒါကြောင့် သခင်မကြီးနဲ့ ငှက်မိမယ်တို့ကို ခေါ်နိုင်းတာ သူတို့ ချက်ချင်းပဲ ရောက်လာကြတယ်။

"ပေါက်ယုနဲ့ ပေါက်ကြည်ကိစ္စကို ကြိုတင်နှုတ်ပိတ်ထားရက်နဲ့ ဘယ်သူ့ဆီက ပေါက်ကြားသွားသလဲ မသိဘူး၊ ပြဿနာတွေ ရှုပ်လာတော့မှာပဲ"

ငှက်မိမယ်က ချူသံပါအောင် ညည်းလိုက်တယ်။

"ကဲ. . ထိုက်ယုအခြေအနေကို တို့ သွားကြည့်ကြစို့"





မယ်မယ်ကြီး ဦးဆောင်ပြီး သခင်မကြီးနဲ့ ငှက်မိမယ်တို့ဟာ ထိုက်ယုရဲ့ အဆောင်ကို ဦးတည်သွားခဲ့ကြတယ်။ အဆောင်ထဲရောက်တော့ ထိုက်ယုကို တွေ့လိုက်ရတယ်။ သူမရဲ့ မျက်နှာတစ်ခုလုံး သွေးဆုတ်နေသလို ဖြူဖပ်ဖြူရော်ကြီး ဖြစ်နေတယ်။ အသက်ရှူသံကိုလည်း မကြားတစ်ချက် ကြားတစ်ချက်နဲ့ ရှူတယ်ဆိုရုံလေး ရှူနေတာ တွေ့ရတယ်။

အဲဒီအချိန်မှာ အကြီးအကျယ် ဆက်တိုက်ချောင်းဆိုးလိုက်တယ်။ အိမ်ဖော်မိန်းကလေးတွေက ထွေးခံအင်တုံကို ယူငင်လာကြပြီး ထိုက်ယုရှေ့မှာ ခံထားပေးကြတယ်။ အင်တုံထဲမှာ နီရဲနေတဲ့ သွေးတွေဟာ မြင်မကောင်းလောက်အောင် ဖြစ်နေလို့ မယ်မယ်ကြီးတို့ သုံးယောက် အကြီးအကျယ် ထိတ်လန့်သွားကြတယ်။

ခဏကြာတော့ ထိုက်ယုဟာ မျက်ခွံကို ဖြည်းဖြည်းချင်း ဖွင့်ကြည့်လိုက်တယ်။ သူမရဲ့ မျက်လုံးထဲမှာ အလင်းရောင် မှိန်ပျပျပဲ တွေ့ရတယ်။ သူမက မျက်တောင်ကို ပုတ်ခတ်ပုတ်ခတ်လုပ်ပြီး မယ်မယ်ကြီးကို မြင်လိုက်တော့ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလာတယ်။

"ထိုက်ယုအပေါ်မှာ မယ်မယ်ကြီး ချစ်ခဲ့တာတွေဟာ အခုတော့ ဘာမှ အသုံးမဝင်တော့ဘူးနော်၊ ထိုက်ယု ချစ်တဲ့လူတွေကို ခွဲခွာသွားရမှာ ကြောက်လိုက်တာ မယ်မယ်ကြီးရယ်၊ ထိုက်ယု အရမ်းကြောက်တယ်"

ထိုက်ယုက လျှာလေးအာလေးနဲ့ပြောပြီး မောနေတယ်။

"ကလေး ဘာမှ မကြောက်နဲ့၊ အနားယူလိုက်ရင် သက်သာသွားလိမ့်မယ်" မယ်မယ်ကြီးက နှစ်သိမ့်လိုက်တယ်။ မကြာခင်မှာ သမားတော်ကြီး ရောက်လာတယ်။ သမားတော်ကြီးက ထိုက်ယုကို စစ်ဆေးစမ်းသပ်လိုက်တယ်။ ပြီးတော့ သွေးညှိဆေး ပေးလိုက်တယ်။

"ဒီမိန်းကလေးက အရမ်းစိတ်ကြီးတယ်၊ ဒါကြောင့်. . အကြီးအကျယ် စိတ်လှုပ်ရှားပြီး အသည်းမှာ ခန်းခြောက်သွားတာပါ၊ အဲလိုဖြစ်သွားတဲ့အတွက် သည်းခြေပျက်မတတ် ဖြစ်သွားတယ်၊ သွေးညှိဆေးကျွေးလိုက်ရင် သွေးလည်ပတ်တာ မှန်သွားပါလိမ့်မယ်"

မယ်မယ်ကြီး၊ သခင်မကြီးနဲ့ ငှက်မိမယ်တို့ သုံးယောက်သားဟာ ကျိတ်ပြီး ဝိုင်းပင်ကြတယ်။

"လောလောဆယ်အချိန်မှာတော့ ငါ့မြေးလေးကို စိတ်ချမ်းသာပြီး ကျန်းမာလာအောင် ထိုက်ယုနဲ့ လက်ထပ်ဖို့ စီစဉ်နေပြီလို့သာ နှစ်သိမ့်ထားလိုက်"

နောက်ဆုံးမှာ မယ်မယ်ကြီးက ဆုံးဖြတ်ချက်ချလိုက်တယ်။

ပေါက်ယုဟာ ထိုက်ယုနဲ့ လက်ထပ်ရတော့မယ်ဆိုတဲ့ ယူဆချက်နဲ့ ပျော်နေတယ်။ ပြန်လည်ကျန်းမာလာပြီ။ ဒါပေမယ့် ထိုက်ယုကတော့ ဆေးတွေသာ သောက်နေရတယ်။ အခြေအနေက တိုးတက်မလာဘူး။

"သခင်လေးပေါက်ယုနဲ့ မမလေးပေါက်ကြည်တို့ လက်ထပ်မယ်ဆိုတဲ့ သတင်းက လုံးဝ မှားနေတယ်၊ မမလေးထိုက်ယု နေကောင်းတာနဲ့ သခင်လေးပေါက်ယုနဲ့ လက်ထပ်ပေးဖို့ စီစဉ်နေကြပြီ"

ဇူချွန်းက အားပေးစကားပြောလိုက်တယ်။

ဒါပေမယ့် ထိုက်ယုက လုံးဝ မယုံဘူး။

ထိုက်ယု ချောင်းဆိုးတိုင်း သွေးတွေပါလာတယ်။ ဒါကြောင့် ဇူချွန်းနဲ့ အိမ်ဖော်မိန်းကလေးတွေဟာ ထိုက်ယု မသိအောင် ကျိတ်ပြီး ငိုနေကြတယ်။ အဲဒီအတောအတွင်း ထိုက်ယုကို ဘယ်သူမှ သတင်းလာမမေးကြတော့ဘူး။ ထိုက်ယုအနေနဲ့ အသက်ရှင်ဖို့ လမ်းမရှိတော့ဘူးဆိုတာ သူမဟာသာ သိနေတယ်။ အသက်ရှင်နေလို့လည်း ဘာမှ ထူးခြားလာစရာအကြောင်းမရှိတော့ဘူးဆိုတာလည်း နားလည်သဘောပေါက်နေပါပြီ။

ဒါကြောင့် ထိုက်ယုဟာ ပေါက်ယုကိုယ်တိုင် ကဗျာရေးပေးထားတဲ့ လက်ဆောင်ပိုးလက်ကိုင်ပဝါလေးကို သေတ္တာလေးထဲက ထုတ်ဖို့ ဇူချွန်းကို တောင်းလိုက်တယ်။ ပြီးတော့ သူမရဲ့ ကဗျာလေးတွေ ရေးထားတဲ့ စာအုပ်ကလေးကိုလည်း လှမ်းယူလိုက်တယ်။ ဇူချွန်းဟာ ထိုက်ယု ဘာရည်ရွယ်ချက်နဲ့ တောင်းသလဲဆိုတာ မသိဘူး။ ဒါကြောင့် အမှတ်မထင်လှမ်းကြည့်နေတယ်။ မထင်မှတ်တဲ့အချိန်မှာ ပေါက်ယုရဲ့ လက်ဆောင် ပိုးလက်ကိုင်ပဝါလေးနဲ့ ကဗျာစာအုပ်တွေကို မီးဖိုထဲ ပစ်ထည့်လိုက်တယ်။

ဇူချွန်းက လှမ်းဆွဲဖို့ ကြိုးစားတာတောင် မမီတော့ဘူး။





အဲဒီနောက်ပိုင်း ထိုက်ယုချောင်းဆိုးချိန်ဟာ သိပ်မခြားတော့ဘူး။ ဆက်တိုက်လိုလို ဖြစ်နေပြီ။ ချောင်းဆိုးတိုင်းလည်း သွေးတွေပါလာတယ်။ ထိုက်ယုရဲ့ တစ်ကိုယ်လုံးဟာ ပါးပါးလှပ်လှပ်ကလေး ဖြစ်လာပြီး အသားအရေဟာ ဖြူဖပ်ဖြူရော်နဲ့ သွေးဆုတ်နေပြီ။

ဇူချွန်းဟာ ထိုက်ယုကို ကြည့်ဖို့ စုယင်နဲ့ ထားခဲ့တယ်။

ထိုက်ယု အခြေအနေ မကောင်းတာကို ပြောဖို့ထွက်လာတယ်။

မယ်မယ်ကြီးရဲ့ ခန်းဆောင်ကို ရောက်တော့ တိတ်ဆိတ်နေတယ်။ အဆောင်တစ်ခုလုံးမှာ အိမ်ဖော်မိန်းကလေးတချို့နဲ့ အထိန်းတော်ကြီးတွေပဲ ရှိတယ်။ ဇူချွန်းဟာ ထိုက်ယုရဲ့ အထီးကျန်ဘဝကို တွေးပြီး စိတ်ထိခိုက်ခဲ့ရတယ်။ လူတွေရဲ့ ရက်စက်စိမ်းကားမှုကို နာကြည်းလာတယ်။

"အရင်တုန်းကတော့ မလေးထိုက်ယု ဇာတိမြို့ကို ပြန်တော့မယ်ဆိုတာနဲ့ သခင်လေးဟာ စိတ်ဝေဒနာ ဖြစ်သွားတယ်၊ အခု မမလေးပေါက်ကြည်နဲ့ လက်ထပ်ဖို့ကိစ္စကို သခင်လေးက မသိဘဲ နေမှာ မဟုတ်ပါဘူး၊ မလေးထိုက်ယုခမျာ သူ့ကိုချစ်တဲ့ စိတ်ကြောင့် အသက်ဆုံးရှုံးရတော့မယ်၊ သူကတော့ ပျော်ရွှင်နေမှာပါပဲ။ ယောကျ်ားတွေမှာ အသည်းနှလုံးရှိတယ်ဆိုတာ ယုံဖို့တောင် မကောင်းတော့ဘူး"

ဇူချွန်း မကျေမနပ်နဲ့တွေးပြီး ပြန်ခဲ့တယ်။ ဥယျာဉ်ထဲက ပေါက်ယုနေတဲ့ အဆောင်ရှေ့က ဖြတ်သွားချိန်မှာ လူငယ်အိမ်ဖော်တစ်ယောက်ကို တွေ့လို့ ပေါက်ယုအကြောင်း မေးကြည့်လိုက်တယ်။

"ကျွန်တော့်ကို ဘယ်သူမှ မပြောဖို့ မှာထားပေမယ့် အစ်မကိုတော့ ပြောရဦးမယ်၊ ကျွန်တော် ပြောတာကို ဘယ်သူမှ မသိပါစေနဲ့နော်၊ ဒီနေ့ညနေမှာ သခင်လေးနဲ့ မလေးပေါက်ကြည်တို့ မင်္ဂလာပွဲ ကျင်းပလိမ့်မယ်၊ ဒီဥယျာဉ်ထဲမှာ မဟုတ်ဘူး၊ နောက်ပြီးတော့ ကြီးကြီးကျယ်ကျယ် မလုပ်ဘဲ အကျဉ်းချုံးပြီး လုပ်ဖို့ စီစဉ်လိုက်ကြတာ"

ဇူချွန်းဟာ မျက်ရည်တွေ ဝိုင်းလာတယ်။ အံတင်းတင်းကျိတ်ပြီး ထိုက်ယု အဆောင်ကို ပြန်လာခဲ့တော့တယ်။

၁၃

"ဟိုမှာ အစ်မ ရောက်လာပြီ"

အိမ်ဖော်မိန်းကလေးနှစ်ယောက်က အဆောင်ပေါက်ဝမှာ မျှော်နေရာကနေ ရုတ်တရက် ပြောလိုက်ကြတယ်။ ဇူချွန်းရဲ့ ရင်ထဲမှာ ဒိန်းခနဲ မြည်ဟိန်းသွားတယ်။ သခင်မလေးထိုက်ယုကို အသက်ရှင်လျက်နဲ့ တွေ့မှတွေ့ပါတော့မလားလို့ သံသယ ဖြစ်သွားတယ်။ အဆောင်ထဲကို ပြေးဝင်တယ်။ မျက်စိမှိတ်ပြီး လဲလျောင်းနေတဲ့ ထိုက်ယုကို တွေ့ရတယ်။

စုယင်က ထိုက်ယုဘေးမှာ ထိုင်ကြည့်နေတယ်။

ဇူချွန်းက ထိုက်ယုရဲ့ နဖူးကို စမ်းကြည့်တယ်။ ကိုယ်ပူရှိန်ဟာ အရမ်းမြင့်မားနေတယ်။ ဒါကြောင့် အိမ်ဖော်မိန်းကလေးတစ်ယောက်ကို လွှတ်ပြီး လီဝမ်ကို ခေါ်ခိုင်းတော့ လီဝမ် ချက်ချင်းလိုက်လာတယ်။

"မမလေးထိုက်ယုတော့ အသက်ဆုံးတော့မယ် မမလီဝမ်ရယ်၊ ကျွန်မတို့လည်း ဘာမှ မလုပ်တတ်တော့ဘူး၊ စံအိမ်မှာလည်း ဘယ်သူမှ မရှိကြတော့ဘူး၊ လုပ်ပါဦး မမရယ်"

ဇူချွန်းက ငိုသံပါကြီးနဲ့ ပြောလိုက်တယ်။

"အဖြစ်ဆိုးလိုက်တာ မလေးထိုက်ယုရယ် . . မလေးထိုက်ယုကို သခင်လေးပေါက်ယုနဲ့လက်ထပ်ပေးတော့မလိုလိုနဲ့ အခုတော့ တခြားတစ်ယောက်နဲ့ လက်ထပ်ကြတော့မယ်၊ မလေးရဲ့အဖြစ်က အရမ်းကြေကွဲစရာဖြစ်နေပါပြီ၊ အသက်ငယ်ငယ်လေးနဲ့ အသက်ဆုံးရှုံးရတော့မှာပါလား မလေးထိုက်ယုရယ်"

လီဝမ်က အကြီးအကျယ် စိတ်ထိခိုက်နေတယ်။

အိမ်ဖော်မိန်းကလေးတွေလည်း ငိုကုန်ကြပြီ။





လီဝမ်က ဇူချွန်းကို တစ်ချက်လှမ်းကြည့်လိုက်တယ်။

"မလေးထိုက်ယုကို အဝတ်အစား သစ်သစ်လွင်လွင် ဝတ်ဆင်ပေးရအောင် အဆင်သင့်ထုတ်ထားလိုက်တော့ ဇူချွန်း၊ မလေးထိုက်ယုဟာ အပျိုဘဝနဲ့ သေရမယ်ဆိုတော့ လှလှပပ ပြင်ဆင်မှ ဖြစ်မယ်"

လီဝမ်သတိပေးတော့ ဇူချွန်းဟာ ရှိုက်ကြီးတစ်ငင် ဖြစ်လာတယ်။ အဲဒီအချိန်မှာ အဆောင်ထဲကို ငုက်မိမယ်ရဲ့ အိမ်ဖော်တစ်ယောက်ပြေးဝင်လာတယ်။ သူ့နောက်မှာ ဥယျာဉ်မှူးလင်ရှီချောက်ရဲ့ မိန်းမလည်း ပါတယ်။

"မင်္ဂလာပွဲကို ရှင်တို့ မသွားကြဘဲ ဘာလို့ ဒီကိုလာကြတာလဲ"

အစ်မလီဝမ်က လှမ်းမေးလိုက်တယ်။

အိမ်ဖော်မလေး ပင်အဲလည်း ရောက်လာတယ်။

"မလေးထိုက်ယုအတွက် အစ်မငုက်မိမယ် အရမ်းစိတ်ပူနေတယ်၊ ကျွန်မတို့ကို လွှတ်ပြီး မလေးထိုက်ယုကို ကြည့်ခိုင်းလိုက်လို့ပါ၊ အခုတော့ မမလီဝမ် ရောက်နေတဲ့အတွက် စိတ်ချရပါပြီ"

ပင်အဲက ရှင်းပြတယ်။

လီဝမ်က . . .

"ဘာပဲဖြစ်ဖြစ် . . ရှင်တို့ ရောက်လာလက်စနဲ့ မှာလိုက်ရဦးမယ်၊ မလေးထိုက်ယုအတွက် သေနေ့ဆွမ်းကျွေးဖို့ စာရင်းတွေကို ကြိုပြောပြီး ခေါင်းတစ်လုံး အဆင်သင့် စီစဉ်ထားပါ၊ အဆင်သင့်ဖြစ်ရင် ကျွန်မကို လာပြောနော်" လို့ . . .

လင်ရှီချောက်ရဲ့ မိန်းမကို မှာလိုက်တယ်။

လင်ရှီချောက်မိန်းမက ဇူချွန်းကို မင်္ဂလာပွဲခေါ်ခဲ့ဖို့ ငုက်မိမယ်က မှာလိုက်ကြောင်း ထပ်ပြောတယ်။ လီဝမ်က မလေးထိုက်ယု အသက်ရှိသေးတယ်။ ဇူချွန်းမရှိလို့ မဖြစ်ဘူးလို့ ပြန်ပြောခိုင်းလိုက်တယ်။

ဇူချွန်းအစား စုယင်ကို ထည့်ပေးလိုက်တယ်။

ပေါက်ယုဟာ ကျောက်စိမ်းတုံး ပျောက်သွားပြီးတဲ့ နောက်ပိုင်းမှာ ရူးသွပ်သွားခဲ့တယ်။

ဒါပေမယ့် သူ့ကို ထိုက်ယုနဲ့ လက်ထပ်ပေးတော့မယ်လို့ ပြောလိုက်ကတည်းက အကြီးအကျယ် ပြောင်းလဲသွားတယ်။ သူ့ရဲ့ ကျန်းမာရေးအခြေအနေကလည်း တိုးတက်ကောင်းမွန်လာပြီ။

ပေါက်ယုက ကြာဖြူပန်းကို သတို့သားဝတ်စုံ ဝတ်ပေးဖို့ နားပူနားဆာလုပ်နေတယ်။ မလေးထိုက်ယု ဘာဖြစ်လို့ မရောက်သေးတာလဲလို့ ခဏခဏ မေးနေတယ်။

မကြာခင်မှာပဲ သတို့သမီးကို ဝေါယာဉ်နဲ့ ခေါ်ဆောင်လာတယ်။ ပေါက်ယုက လှမ်းကြည့်ပေမယ့် မျက်နှာကို မမြင်ရဘူး။ သတို့သမီးရဲ့ မျက်နှာကို အနီရောင်ဇာပဝါနဲ့ အုပ်ထားတယ်။ သတို့သမီးနဲ့ အတူပါလာတဲ့ အပျိုတော်ဟာ ပေါက်ကြည့်ရဲ့ အိမ်စေစုယင် ဖြစ်နေတာကို ပေါက်ယု တွေ့လိုက်ရတော့ အံ့ဩသွားတယ်။

"မလေးထိုက်ယုဟာ ရှုချွန်းကို မခေါ်လာဘဲ စုယင်ကို ခေါ်လာတာ. . ဘာဖြစ်လို့လဲ မသိဘူး" လို့ . . .

ပေါက်ယုက တွေးနေတယ်။

ဒါပေမယ့် ထိုက်ယုနဲ့ တွေ့ရတော့မယ်ဆိုပြီး . . .

ပေါက်ယု ပျော်သွားတယ်။

ဘိသိက်ဆရာက မင်္ဂလာအခမ်းအနားကို အစီအစဉ်အလိုက် ဆောင်ရွက်တယ်။ သတို့သားနဲ့ သတို့သမီးဟာ မိုးနတ်မင်းနဲ့ မြေစောင့်နတ်ကို ပထမ ကန်တော့စေတယ်။ နောက်တော့ မယ်မယ်ကြီးကို ကန်တော့ခိုင်းတယ်။

နောက်ပြီး မြို့စားကြီးနဲ့ သခင်မကြီးကို ကန်တော့ဖို့ ပြောပြတယ်။ သတို့သားနဲ့သတို့သမီး အချင်းချင်း ဦးညွတ် နှုတ်ဆက်ခိုင်းပြီးတော့မှ မင်္ဂလာခန်းမဖြစ်တဲ့အိပ်ခန်းဆောင်ထဲကို ဝင်ကြဖို့နဲ့ မင်္ဂလာခုတင်ပေါ်မှာ ယှဉ်တွဲထိုင်တာရယ်၊ မင်္ဂလာခန်းဆီးချတာတွေကို အစီအစဉ်အလိုက် လုပ်ခဲ့ကြရတယ်။ မင်္ဂလာခုတင်ပေါ်မှာ သတို့သမီး နေရာယူပြီးချိန်မှာ သတို့သားပေါက်ယုဟာ သတို့သမီးရဲ့ မျက်နှာပေါ်က ဇာပဝါကို ချွတ်ရတော့မယ်။ ဒီအချိန်မှာ အဆင်ပြေပြေဖြစ်အောင် စောင့်ကြည့်နေကြဖို့ မယ်မယ်ကြီးနဲ့ သခင်မကြီးကို ငှက်မိမယ်က ကြိုတင်မှာကြားထားတယ်။



"မနုလေးထိုက်ယုကို မောင် တွေ့ချင်နေတာ ကြာပြီ၊ ဇာပဝါကြီးကို ချွတ်လိုက်တော့နော်"

ပေါက်ယုက ဇာပဝါကို ဖွင့်မလို့ လုပ်ပြီးမှ ဇာပဝါအတွင်းက သတို့သမီး မျက်နှာကို အမှတ်မထင် ကြည့်လိုက်တယ်။ နောက်တော့ ဇာပဝါကို ဖျတ်ခနဲ ဆွဲဖြုတ်လိုက်တယ်။ ပေါက်ယုဟာ သူ့မျက်လုံးတွေကို သူဟာသူ မယုံနိုင်လောက်အောင် ဖြစ်သွားတယ်။

*သတို့သမီးဟာ ဘာဖြစ်လို့ ပေါက်ကြည်နဲ့ တူနေတာလဲ။*

ပေါက်ယုက သူ့ဟာသူ ပြန်တွေးနေတယ်။ ပြီးတော့ မီးအိမ်ကို မြှောက်ပြီး သေသေချာချာ မျက်စိပွတ်ကြည့်လိုက်တယ်။ ပေါက်ကြည်ဖြစ်နေတာ သေချာသွားပြီ။

ပေါက်ကြည်ရဲ့ မျက်နှာလေးဟာ ဝင်းမွတ်ချောမွေ့နေတယ်။ အရမ်းစွဲမက်စရာ ဖြစ်နေတယ်။

ပေါက်ယုဟာ သူ့ကိုယ်သူ အိပ်မက်မက်နေတယ်လို့ ထင်နေတယ်။ သူ့လက်ထဲက မီးအိမ်ကို တစ်ယောက်က ဆွဲယူသွားတယ်။

မယ်မယ်ကြီးက ပေါက်ယုအနားကို ရောက်လာတယ်။

သူ့မြေး စိတ္တဇဖြစ်သွားပြီလားလို့ လေ့လာနေတယ်။

စုယင်က ပေါက်ကြည်ကို အနားယူဖို့ အခန်းထဲကို ခေါ်သွားတယ်၊ ပေါက်ကြည်ဟာ စကားတစ်ခွန်းမှ မပြောဘဲ ခေါင်းငုံ့ပြီး လိုက်သွားတယ်။ ပေါက်ယုက သူ့ဘေးမှာ ရှိနေတဲ့ ကြာဖြူပန်း၊ မယ်မယ်ကြီးနဲ့ သခင်မကြီးကို လှည့်ကြည့်တယ်။

"မောင်လေး အိပ်မက် မက်နေတာလားဟင်"

ပေါက်ယုက ကြာဖြူပန်းကို မေးတယ်။

"မဟုတ်ပါဘူး သခင်လေးရဲ့၊ အခု သခင်လေးရဲ့ မင်္ဂလာပွဲလေ၊ တွေ့ကရာ လျှောက်ပြောမနေနဲ့နော်၊ အပြင်ဘက်မှာ မြို့စားကြီး ရှိတယ်။ ကြားသွားရင် မကောင်းဘူး"

ကြာဖြူပန်းက သတိပေးလိုက်တယ်။

"ခုန အထဲဝင်သွားတဲ့ မိန်းကလေးကို သိလား"

ပေါက်ယုက ကြာဖြူပန်းကို မေးလိုက်တယ်။

ကြာဖြူပန်းဟာ ရယ်ချင်စိတ်ကို မျိုသိပ်လိုက်ရတယ်။

"တခြား သခင်မလေး အသစ်တစ်ယောက်ပေါ့ သခင်လေးရဲ့ ကြာဖြူပန်းအဖြေကြောင့် . . .

မယ်မယ်ကြီးတို့ မျက်နှာလွှဲပြီး ပြုံးနေကြတယ်။

"အဲဒီ မိန်းကလေးက မလေးပေါက်ကြည်နဲ့ တူတယ်နော်"

ပေါက်ယုက ထပ်မေးတယ်။

"အဲဒါ မလေးပေါက်ကြည် အစစ်ပဲ၊ တူတာ မဟုတ်ဘူး"

ကြာဖြူပန်းက အခိုင်အမာ ပြောပြတယ်။

"ဒါဆို မလေးထိုက်ယုက ဘယ်ရောက်နေလို့လဲ"

"သခင်လေးကို မလေးပေါက်ကြည်နဲ့ လက်ထပ်ပေးဖို့ မြို့စားကြီး စီစဉ်လိုက်တာ၊ မလေးထိုက်ယုအကြောင်းကို မေးဖို့ မလိုတော့ဘူးလေ"

ကြာဖြူပန်းက ချိုချိုသာသာ ရှင်းပြတယ်။

"မလေးထိုက်ယုကို စောစောကတင်ပဲ စုယင်နဲ့အတူ ပါလာတာ မောင်လေး တွေ့လိုက်တယ်၊ မောင်လေးကို လှည့်စားနေကြတာလား"

ပေါက်ယုက စိတ်မရှည်သံနဲ့ မေးလိုက်တယ်။

ငှက်မိမယ်က ပေါက်ယု အနားကို ရောက်လာတယ်။

"အတွင်းခန်းထဲမှာ မလေးပေါက်ကြည် ရောက်နေပြီလေကွယ်၊ မောင်လေး ဘာတွေ လျှောက်ပြောနေတာလဲ၊ တော်တော်ကြာ မယ်မယ်ကြီး ဒေါသဖြစ်သွားမှာ စိုးရတယ်"

ပေါက်ယုဟာ ကြုံတွေ့နေရတဲ့ ဖြစ်ရပ်ကြောင့် စိတ်ရှုပ်လာတယ်။ ဘာတွေ ဖြစ်ကုန်ပြီလဲ ဆိုတာ စဉ်းစားလို့ မရတော့ဘူး။ ဦးနှောက်ထဲမှာ ဆူဝေလာပြီ။ သူ့စိတ်ကို မထိန်းနိုင်တော့ဘူး။

"ဘာတွေလဲ. . . ဘာတွေ ဖြစ်သွားကြတာလဲ၊ မလေးထိုက်ယုနဲ့ တွေ့ချင်တယ်၊ မလေးထိုက်ယုဆီကို သွားမယ်၊ လိုက်ပို့ပါနော်၊ မပို့ရင် မောင်လေးဖာသာ သွားမယ်"

ပေါက်ယုက အော်ဟစ် ခုန်ပေါက်နေတယ်။ မယ်မယ်ကြီးတို့က ကြိုးစားထိန်းကြတယ်။ ချော့မော့ဖျောင်းဖျကြတယ်။ ဒါပေမယ့် ဘယ်လိုမှ ထိန်းသိမ်းလို့ မရတော့ဘူးဆိုတာ သူတို့ သဘောပေါက်သွားကြပြီ။





အချိန်ပိုင်းကလေးအတွင်းမှာပဲ ပေါက်ယုဟာ အကြီးအကျယ် ပြန်လည်ပြီး ရူးသွပ်သွားရှာတယ်။ နောက်ဆုံးမှာ မယ်မယ်ကြီးတို့ဟာ အမွှေးတိုင် ထွန်းညှိလိုက်ကြတယ်။ ကြာဖြူပန်းက ချော့သိပ်တယ်။

ပေါက်ယုဟာ အော်ဟစ်ရလွန်းလို့ ပင်ပန်းနွမ်းနယ်ပြီး အိပ်မော ကျသွားတယ်။ ဒီတော့မှ မယ်မယ်ကြီးတို့ နည်းနည်းလောက် စိတ်အေး သွားကြတယ်။ နောက်တော့ မယ်မယ်ကြီးဟာ ရောင်နီပျို့လာတဲ့အထိ ပေါက်ယုအနားမှာ ထိုင်စောင့်ခဲ့ရတယ်။ ပေါက်ကြည်ကတော့ အပြင်မှာ ဖြစ်နေတာတွေကို မကြားချင်ယောင်ဆောင်နေတယ်။ ပြီးတော့ အတွင်း ခန်းထဲမှာ ပြင်ဆင်ထားတဲ့ အိပ်ရာပေါ် တက်ပြီး လဲလျောင်းလိုက်တယ်။ မင်္ဂလာဆောင်အဝတ်အစားကိုတောင်မှ မလဲတော့ဘူး။

မြို့စားကြီးကျိချိန်ဟာ မနက်မိုးလင်းလာတာနဲ့ မယ်မယ်ကြီးကို လာကန်တော့ရင်း နှုတ်ဆက်တယ်။

"မယ်မယ်ရဲ့ ကျန်းမာရေးကို ဂရုစိုက်ပါ၊ ကျွန်တော် နယ်ရောက် ရင် စာရေးလိုက်ပါ့မယ်၊ ပေါက်ယုကို မယ်မယ့်စိတ်ကြိုက် ဆောင်ရွက်ပြီး ပါပြီ၊ မယ်မယ်ပဲကြည့်ပြီး အဆင်ပြေအောင် ဆုံးမရင် အားလုံးကောင်း သွားမှာပါ"

သူသားမြို့စားကြီး ခရီးထွက်ခါနီးမှ မယ်မယ်ကြီးက ပေါက်ယု စိတ်ကယောင်ချောက်ချား ဖြစ်သွားတာကိုတော့ ဖွင့်မပြောလိုက်တော့ဘူး။ မြို့စားကြီးက သူ့မိန်းမကိုလည်း ပေါက်ယုကို စာကြိုးစားနိုင်းဖို့ မှာခဲ့သေး တယ်။ လာမယ့်နှစ်မှာ ပေါက်ယုဟာ စာပြန်ပွဲ ဝင်ဖြေရတော့မယ်ဆိုတဲ့ အကြောင်း ပြောပြခဲ့တယ်။

ပေါက်ယုဟာ မင်္ဂလာပွဲ ကျင်းပတဲ့ နေ့ကစပြီး စိတ္တဇဖြစ်တယ်၊

သမားတော်တွေ တိုက်ကျွေးတဲ့ ဆေးတွေလည်း မစွမ်းတော့ဘူး။ သူ့အနားက လူတွေကိုတောင် ဘယ်သူမှန်း မသိတော့ဘူး။ ထုံးတမ်း အစဉ်အလာအရ မင်္ဂလာဆောင်ပြီး ကိုးရက်ပြည့်တဲ့နေ့မှာ သတို့သမီးရဲ့ မိဘတွေကို ကန်တော့ရတယ်။

ဒါပေမယ့် ပေါက်ယုရဲ့ အခြေအနေက ဆိုးဝါးနေတယ်။
တစ်နေ့မှာ ပေါက်ယုဟာ စိတ်နည်းနည်း ငြိမ်လာတယ်။
အဲဒီအချိန်မှာ ပေါက်ယုအနားမှာ ကြာဖြူပန်းပဲ ရှိတယ်။
"မလေးထိုက်ယု ဘယ်ရောက်နေလဲ၊ မှန်မှန်ပြောစမ်းပါ"
ကြာဖြူပန်းက ထိုက်ယု နေမကောင်းကြောင်း ပြောတယ်။
ပေါက်ယု လဲလျောင်းနေရာက ထဖို့ ကြိုးစားတယ်။ ဒါပေမယ့် အစာပြတ်ပြီး အားအင်ဆုတ်ယုတ်နေတဲ့အတွက် စိတ်တိုင်းကျ မလှုပ်ရှားနိုင်ဘူး။
"မောင်လေးနဲ့မလေးထိုက်ယု နှစ်ယောက်စလုံးတော့ သေတော့မယ်ထင်တယ်၊ မယ်မယ်ကြီးကိုပြောပေးပါ။ မောင်လေးနဲ့ မလေးထိုက်ယုကို တစ်ခန်းတည်းမှာ အတူတူထားပေးပါလို့၊ ဒါမှ အတူတူသေကြမယ်လေ"
ပေါက်ယုစကားကြောင့် ကြာဖြူပန်း မျက်ရည်တွေ ကျလာတယ်။
"မင်္ဂလာ မရှိတဲ့ စကားတွေ မပြောပါနဲ့ မောင်လေးရယ်"
ကြာဖြူပန်းက တားမြစ်လိုက်တယ်။ ပေါက်ကြည်ဟာ အိမ်ဖော် ပင်အဲနဲ့အတူ ရောက်လာတယ်။ ပေါက်ယုက လှမ်းကြည့်တယ်။
"မလေးပေါက်ကြည် ဘယ်သွားနေတာလဲဟင်၊ အခု ဘယ်က ပြန်လာတာလဲ"
"မလေးထိုက်ယု ဆုံးသွားလို့ သွားကြည့်တာ"
ပေါက်ကြည်က တည်တည်ငြိမ်ငြိမ် ပြန်ပြောလိုက်တယ်။
"ဘာပြောတယ်"
ပေါက်ယုဟာ ဆတ်ခနဲ ငုတ်တုတ်ထိုင်လိုက်တယ်။
စိတ်ဆောင်တဲ့အတွက် လှုပ်ရှားမှု မြန်ဆန်နေတယ်။
"မလေးထိုက်ယု ဆုံးသွားတဲ့ သတင်းကြားရင် မောင်လေး စိတ်ထိခိုက်မှာစိုးလို့ မယ်မယ်ကြီးနဲ့ ဒေါ်လေးဝမ်က မပြောချင်ဘူး၊ ဒါပေမယ့် မလေးကတော့ မောင့်ကို အမှန်အတိုင်း သိစေချင်လို့ ပြောပြတာ"
ပေါက်ကြည်ရဲ့ စကားဆုံးတာနဲ့ ပေါက်ယုဟာ အိပ်ရာပေါ် ကို ပစ်ကျသွားတယ်။



သူ့ပတ်ဝန်းကျင် တစ်ခုလုံး မှောင်နဲ့မည်းမည်း ဖြစ်နေတယ်။
ဘယ်နေရာကို ရောက်နေမှန်း ပေါက်ယု မသိဘူး။
အဲဒီအချိန်မှာ သူ့အနားမှာ တစ်စုံတစ်ယောက် ရှိတာကို ပေါက်ယုက သတိပြုမိတယ်။ ဒါကြောင့် ပေါက်ယုက သူ ဘယ်နေရာရောက်နေ သလဲဆိုတာကို မေးကြည့်လိုက်တယ်။
*"ငရဲပြည်ဆိုတာ ဒီနေရာလေ၊ မင်းက လူ့သက်တမ်း မပြည့်သေး ဘဲနဲ့ ဒီကို ဘာလာလုပ်တာလဲ"*
အဲဒီငရဲသားက ပြန်မေးတယ်။
*"ကျွန်တော့် အချစ်ဆုံးတစ်ယောက် သေသွားတယ် ကြားလို့ ကျွန်တော် ဒီကို ရောက်လာခဲ့ပါတယ်"*
ပေါက်ယုက စဉ်းစဉ်းစားစား ဖြေလိုက်တယ်။
*"သေဆုံးသွားတာ ဘယ်သူလဲ"*
*"မလေးထိုက်ယုပါ၊ သူက ဆူချောင်မြို့မှာ မွေးခဲ့တာပါ"*
ပေါက်ယုက ပြည့်ပြည့်စုံစုံ ပြောပြလိုက်တယ်။
*"အဲဒီထိုက်ယုဆိုတဲ့ မိန်းကလေးဟာ စိတ်ထား အင်မတန် ဖြူစင် သန့်ရှင်းတယ်၊ ဒါကြောင့် ငရဲပြည်ကိုတော့ မရောက်နိုင်ဘူး။ ဝိညာဉ်ဆိုတာ စုစည်းလိုက်တော့မှ အသွင်သဏ္ဌာန်တစ်ခု ဖြစ်လာတာ၊ သေဆုံးသွားတဲ့ အခါ အငိုးအငွေ့ဖြစ်ပြီး ဝိညာဉ်ပျံ့လွင့်သွားတယ်၊ လူသာမန်တစ်ယောက် သေသွားရင် ရှာဖို့ မလွယ်ဘူး၊ သာမန်ထက် အဆင့်မြင့်တဲ့ ထိုက်ယုကို ဒီနေရာမှာ လာရှာလို့ တွေ့မှာ မဟုတ်ဘူး၊ မင်း ပြန်တော့"*
ပေါက်ယု ဇဝေဇဝါ ဖြစ်နေတယ်။
*"သေသွားတဲ့လူတွေရဲ့ ဝိညာဉ်တွေဟာ အငိုးအငွေ့ဖြစ်ပြီး ပျံ့လွင့် သွားတယ်ဆိုရင် ငရဲပြည်ဆိုတာ ရှိဖို့လိုသေးလားဗျာ"*
*"သာမန်လူတွေကတော့ သေရမှာကိုကြောက်ကြတယ်၊ ဒါပေမယ့် အသက်ရှင်နေတုန်းမှာ လောကအကျိုးကို မလုပ်ဘဲ တာမတေကျာတွေကို မကောင်းလုပ်ဆောင်ခဲ့ကြတယ်၊ အဲဒီ စုစရိုက်ကြောင့် အပြစ်ဒဏ်ခံဖို့ အတွက် ငရဲပြည်ကို ထားတာ"*
*"ဒါဖြင့် မလေးထိုက်ယု အခုဘယ်မှာလဲဗျာ"*

"ထိုက်ယုဟာ သူလာခဲ့တဲ့ ဘုံကို ပြန်သွားပြီ၊ အဲဒီဘုံဟာ မာယာဒေဝီနတ်သမီးရဲ့ဘုံပဲ၊ သူနဲ့တွေ့ချင်ရင် ကုသိုလ်ကောင်းမှုတွေ လုပ်ရမယ်၊ အကျင့်သီလ ကောင်းမွန်ဖြူစင်ရမယ်။ ဒါဆို ထိုက်ယုနဲ့ ပြန်တွေ့လိမ့်မယ်၊ ကာမတဏှာတွေကို မက်မောနေရင်တော့ မင်းလည်း အသက်တိုမယ်။ ထိုက်ယုကိုလည်း ဘယ်တော့မှ ပြန်တွေ့မှာ မဟုတ်တော့ဘူး"

ငရဲသားက ပေါက်ယုကို ရှင်းပြတယ်။

ပြီးတော့ အင်္ကျီလက်ထဲက တစ်စုံတစ်ခုကို ထုတ်ပြီး ပေါက်ယုရင်ညွန့်ကို ရွယ်လိုက်တယ်။ ပေါက်ယုဟာ သူ့ရင်ထဲမှာ အောင့်ခနဲဖြစ်သွားတာ သိလိုက်တယ်။ အမှောင်ထဲမှာ စမ်းတဝါးဝါးနဲ့ အိမ်ပြန်ရတယ်။ လမ်းကို လိုက်ရှာနေရတယ်။ နောက်တော့ သူ့နာမည်ကို ခေါ်သံကြားလိုက်ရတယ်။

ပေါက်ယုက မျက်လုံးဖွင့်ကြည့်လိုက်တော့ သူ့ပတ်ဝန်းကျင်မှာ မယ်မယ်ကြီး၊ သခင်မကြီး၊ ပေါက်ကြည်နဲ့ ကြာဖြူပန်းတို့က စိုးရိမ်တကြီးငုံ့ကြည့်နေကြတာကို မြင်လိုက်ရတယ်။

သူဟာ စိတ်ရောကိုယ်ပါ ပေါ့ပါးလန်းဆန်းနေတာကို သူဟာသူ သိလိုက်တယ်။

၂၄

တကယ်တော့ ပေါက်ကြည်ဟာ အစဦးကတည်းက ထိုက်ယုသေဆုံးကြောင်းကို သိခဲ့တယ်။ ဒါပေမယ့် မယ်မယ်ကြီးက ဒီအကြောင်း ပေါက်ယုရှေ့မှာ မပြောဖို့ တားမြစ်ထားတယ်။ ဒါကြောင့် မပြောဖြစ်ခဲ့တာပါ။ အခုအချိန်မှာတော့ ပေါက်ယုဟာ သူမရဲ့ တရားဝင် လက်ထပ်ထားတဲ့ လင်ယောကျ်ားဖြစ်နေပါပြီ။ ပေါက်ယု ခံစားနေရတာကို သူမကိုယ်တိုင် ခံစားရသလိုမျိုး ဖြစ်နေရတယ်။

သေဆုံးသွားတဲ့ ထိုက်ယုကို စွဲလမ်းနေတာ အဓိပ္ပာယ်မရှိတော့ပါဘူး။ အဲဒီ စွဲလမ်းစိတ် ပျောက်ကွယ်သွားအောင်လို့ ပေါက်ကြည်က ပြောလိုက်ရတာပါ။ အဲဒီလို ပြောလိုက်တဲ့အတွက် မယ်မယ်ကြီးနဲ့ သခင်မကြီးတို့က ပေါက်ကြည်ကို မကျေမနပ် ဖြစ်သွားကြသေးတယ်။

အခုတော့ ပေါက်ယုက ပြန်သတိရလာပြီ။ သူ့အခြေအနေဟာ လန်းဆန်းနေတယ်။ အဲဒီအချိန်မှာ သမားတော်ကြီး ရောက်လာတယ်။ သမားတော်ကြီးက ပေါက်ယုကို စမ်းသပ်စစ်ဆေးကြည့်တယ်။ မယ်မယ်ကြီးနဲ့ သခင်မကြီး၊ ကြာဖြူပန်းနဲ့ ပေါက်ကြည်တို့ဟာ သမားတော်ကြီး ပြောမယ့်စကားကို အာရုံစိုက်နေကြတယ်။

"အံ့ဩစရာ ဖြစ်နေပြီဗျ၊ သခင်လေးရဲ့ အခြေအနေဟာ ပုံမှန်ဖြစ်သွားပါပြီ၊ စိတ္တဇဝေဒနာရဲ့ အရိပ်အယောင်မျိုးတောင် မတွေ့ရတော့ဘူး၊ အားဆေးတိုက်ကျွေးဖို့ပဲ လိုတော့တယ်၊ ကောင်းနေပါပြီ"

သူတို့အားလုံး ဝမ်းသာသွားကြတယ်။ ဒီနောက်ပိုင်း ကြာဖြူပန်းက ပေါက်ယုကို ချော့မော့နှစ်သိမ့်ရတယ်။

"မလေးပေါက်ကြည်ဟာ ရုပ်ရည်လည်း အရမ်းချောတယ်၊ စိတ်သဘောထားလည်း ဖြူစင်တယ်နော်၊ နောက်ပြီး သခင်လေးကို မလေးထိုက်ယုနဲ့ပေးစားဖို့ မစီစဉ်တာက မလေးထိုက်ယုဟာ ရက်ပိုင်းအတွင်း သေတော့မယ့် အခြေအနေမျိုး ရောက်နေပြီ၊ မလေးထိုက်ယုရဲ့ ရောဂါဝေဒနာက ကျွမ်းနေပြီ၊ မလေးထိုက်ယုနဲ့သာ သခင်လေး လက်ထပ်ခဲ့ရင် အခုလောက်ဆိုရင် သခင်လေး စိတ်ဒုက္ခရောက်နေရမှာ အမှန်ပဲ"

ပေါက်ယုဟာ ကြာဖြူပန်းရဲ့ စကားမှန်ကြောင်း သိနေတယ်။

သူ မေ့မြောသွားတုန်းက ငရဲသား ပြောတာကို သတိရတယ်။

သူ့အနေနဲ့ ထိုက်ယုကို သံယောဇဉ်ရှိနေတာ မှန်တယ်။ ဒါပေမယ့် ပေါက်ကြည်ဟာ ထိုက်ယုထက် ရုပ်ရည်ရော၊ အရည်အချင်းနဲ့ စိတ်နေသဘောထားရော တန်းတူအဆင့်မှာ ရှိနေတယ်။ တစ်ခါတစ်ခါကျရင် ပေါက်ကြည်က ပိုပြီး သာနေလေ့ရှိတယ်။

နေ့စဉ်ရက်ဆက် ပေါက်ကြည်ကို အနီးကပ်တွေ့နေရတယ်။

ပေါက်ကြည်ရဲ့ ယုယမှုနဲ့ ကြင်နာမှုတွေကို သူ ခံစားနေရတယ်။ ဒါကြောင့် ပေါက်ယုအတွက် မရှိမဖြစ် မိန်းမတစ်ယောက် ဖြစ်လာတယ်။ သေဆုံးသွားသူကိုလည်း တမ်းတနေလို့ အကျိုးမရှိတာကိုလည်း သူက သိမြင်လာတယ်။ ထိုက်ယုဟာ ပြန်လာမှာမှ မဟုတ်တော့ဘဲ. . ဆိုတဲ့ အတွေးဟာ တစ်စတစ်စနဲ့ ပေါက်ယုကို စိတ်ဖြေနိုင်ခဲ့တယ်။

သူ့ သံယောဇဉ်ဟာ ပေါက်ကြည်အပေါ်ကိုသာ တဖြည်းဖြည်းနဲ့ ရောက်ရှိသွားပါတော့တယ်။

ပေါက်ကြည်နဲ့ ပေါက်ယုလက်ထပ်တဲ့နေ့ကဆိုရင် ထိုက်ယုဟာ သေခြင်းတရားရဲ့ ချောက်နက်ခမ်းပါးကို ရောက်နေပြီ။ အိမ်ဖော်မလေး ဇူချွန်းနဲ့ အစ်မလီဝမ်ဟာ ငိုရလွန်းလို့ မျက်ရည်တွေဟာ ခန်းခြောက်လုမတတ် ဖြစ်နေပါပြီ။

ညနေပိုင်းရောက်တော့ . . .

ထိုက်ယုက မျက်စိဖွင့်ကြည့်တယ်။





သူမရဲ့ နှုတ်ခမ်းခြောက်နေလို့ လျှာနဲ့ ပွတ်နေတယ်။

ထိုက်ယုရဲ့ အဆောင်ထဲမှာ ဇူချွန်းနဲ့ လီဝမ်ပဲ ရှိတယ်။

ဇူချွန်းဟာ သခင်မလေး ထိုက်ယု ရေဆာနေတယ်လို့ တွေးလိုက်မိတယ်။ ဒါကြောင့် သစ်တော်သီးရည်နဲ့ ဆီးတော်သီးရည်ကို ရောစပ်ပြီး သခင်မလေးထိုက်ယုဆီကို ယူလာခဲ့တယ်။ နောက်ပြီး ငွေဇွန်းလေးနဲ့ ခပ်ပြီး ထိုက်ယုပါးစပ်နားကို တိုးလိုက်တယ်။ ထိုက်ယုက နှုတ်ခမ်းနှစ်လွှာကို ဟ,ပေးတယ်။ ဇူချွန်းဟာ ဖြည်းဖြည်းချင်း လောင်းထည့်တယ်။

ထိုက်ယုဟာ လေးဇွန်းသောက်ပြီးတော့ မျက်စိပြန်မှိတ်တယ်။

နောက်တော့ လုံးဝ မလှုပ်ရှားတော့ဘဲ ငြိမ်နေတယ်။

အဲဒီ ငြိမ်သက်မှုမျိုးဟာ သေဆုံးရတော့မယ့်သူရဲ့ အမူအရာဖြစ်နေတာကို အတွေ့အကြုံ ရှိခဲ့ဖူးတဲ့ လီဝမ်က သိလိုက်တယ်။ ဒါကြောင့် လုပ်စရာရှိတာတွေကို ကြိုတင်လုပ်ဖို့ ထိုက်ယုအနားက ခွာထွက်ခဲ့တယ်။

ထိုက်ယုက မျက်လုံးအစုံကို ဖွင့်ကြည့်ပြန်တယ်။

ဇူချွန်းရဲ့လက်ကို ထိုက်ယုက အားပြုဆုပ်ကိုင်ထားတယ်။

"ဇူချွန်းနဲ့ မလေးတို့ အတူတူနေခဲ့ကြတာ ကြာလှပြီနော်၊ အခုဆိုရင် မလေးနဲ့ ခွဲရတော့မယ်၊ မလေး မနေရတော့ဘူး ဇူချွန်းရယ်"

ထိုက်ယုရဲ့ မျက်ဝန်းထဲက မျက်ရည်တွေ စီးကျလာတယ်။

ဇူချွန်းဟာ ရင်ထဲမှာ ဆို့နင့်နေလို့ ဘာမျှ မပြောနိုင်ဘူး။

"မလေး သက်တမ်းတစ်လျှောက်လုံး ဘယ်သူ့ကိုမှ ဒုက္ခမပေးခဲ့ပါဘူးနော်၊ ဒီမြို့မှာ ဘယ်သူမှ မလေးကို တကယ်တမ်း သံယောဇဉ် မရှိကြပါဘူး၊ မလေးနဲ့ ဇူချွန်းတို့ ဆူချောင်မြို့က အိမ်ကို ပြန်ကြရအောင်နော်၊ မလေးတို့အိမ်ကို လိုက်ပို့ပေးပါနော်"

ထိုက်ယုက အသနားခံနေတယ်။

နောက်တော့ မျက်လုံးပြန်မှိတ်သွားတယ်။

ဇူချွန်းရဲ့လက်ကို အားကိုးတကြီးနဲ့ တင်းတင်းကျပ်ကျပ် ဆုပ်ထားတယ်။ ထိုက်ယုဟာ နောက်ဆုံးထွက်သက် ထုတ်လိုက်ချိန်မှာ ဆုပ်ထားတဲ့လက်ဟာ အားလျော့သွားတယ်။

ဇူချွန်းရဲ့ရင်ထဲမှာ ထိတ်ခနဲ ဖြစ်သွားမိတယ်။

ထိုက်ယုကို သေသေချာချာ ကြည့်လိုက်တယ်။

အသက်မရှိတာတော့ သေချာသွားပါပြီ။

ဇူချွန်းနဲ့ထိုက်ယုဟာ ငယ်စဉ်ကလေးဘဝကတည်းက ဆူချောင်မြို့မှာ အတူတူ ကြီးပြင်းခဲ့ကြတာပါ။ ဒါကြောင့် ထိုက်ယုနဲ့ သူနဲ့ ချစ်ချစ်ခင်ခင် နေခဲ့ကြတာတွေကို တွေးပြီး ဇူချွန်း စိတ်ထိခိုက်နေရတယ်။ ယူကျုံးမရ ဖြစ်နေမိတယ်။ ဇူချွန်းအနားကို တန်ချွန်း ရောက်လာတယ်။

"မမတန်ချွန်း ရောက်တာ နောက်ကျသွားပြီ၊ မလေးထိုက်ယုဟာ ကျွန်မလက်ကို ဆုပ်ပြီး အိမ်ပြန်ဖို့ ပြောရင်းနဲ့ ဆုံးသွားပါပြီရှင်"

ဇူချွန်းက ရှိုက်သံ ဗလုံးဗထွေးနဲ့ ပြောနေရှာတယ်။

ထိုက်ယုရဲ့အဆောင်က မိန်းကလေးတွေအားလုံး ရောက်လာကြပြီး ငိုကြွေးနေကြချိန်မှာ ထိုက်ယုရဲ့ ဝိညာဉ်ဟာ မာယာဒေဝီရဲ့ နတ်ဘုံကို ပြန်ရောက်သွားပါပြီ။

ထိုက်ယုရဲ့ အသုဘကို အကျဉ်းချုံးခဲ့တယ်။

စည်စည်ကားကား မရှိပေမယ့် ထိုက်ယုအပေါ်မှာ သံယောဇဉ်ရှိသူတွေအားလုံး အသုဘ ပို့ကြတယ်။ ဒါပေမယ့် ထိုက်ယုကို အချစ်ဆုံး၊ ထိုက်ယုကလည်း အချစ်ဆုံးလို့ သတ်မှတ်ခဲ့ရတဲ့ ပေါက်ယုကတော့ အဲဒီအသုဘကို လိုက်မပို့နိုင်ခဲ့ရှာဘူး။

ထိုက်ယု သေဆုံးချိန်မှာ ပေါက်ယုဟာ မင်္ဂလာခန်းဆောင်ထဲမှာ အကြီးအကျယ် ပြန်လည်ရူးသွပ်နေတယ်။

▮

ပေါက်ယုဟာ ဒီနောက်ပိုင်းမှာ ပေါက်ကြည်နဲ့ ချစ်ချစ်ခင်ခင် ပျော်ပျော်ရွှင်ရွှင် နေဖြစ်ကြတယ်။ ကျန်းမာရေးလည်း ပြန်ကောင်းလာပြီ။

ဒါပေမယ့် တစ်ခါခါကျရင် ထိုက်ယုကို သတိရနေတုန်းပဲ။

ထိုက်ယုအဆောင်က မိန်းကလေးတွေဟာ တစ်ယောက်တစ်နေရာဆီ ကွဲပြားသွားကြတယ်။ ပေါက်ယုရဲ့ အစ်မဝမ်းကွဲ တန်ချွန်းဟာ မြို့စားကြီးရဲ့ မိတ်ဆွေတစ်ယောက်ရဲ့သားနဲ့ လက်ထပ်ပြီး . . သတို့သားအိမ်ကို လိုက်သွားရတော့မယ်။





ခန်းဆောင်နီစံအိမ်ကြီးနဲ့ နိန်စံအိမ်ကြီးနှစ်ခုလုံးမှာ သေတဲ့လူသေ၊ ပြောင်းတဲ့ လူပြောင်း၊ လက်ထပ်တဲ့သူက လက်ထပ်နဲ့ တစ်စတစ်စ လူတွေလျော့နည်းသွားကြပြီးတော့ တဖြည်းဖြည်းနဲ့ ခြောက်ကပ်စပြုလာပြီ။ ဒါကိုတွေးမိတဲ့ ပေါက်ယုဟာ ငိုင်တွေတွေ ဖြစ်သွားတယ်။ ပေါက်ယုရဲ့ အခြေအနေကို အရိပ်လိုကြည့်နေတဲ့ ပေါက်ကြည်က ပေါက်ယုအနားကို ပြေးသွားတယ်။

ကြာဖြူပန်းက နောက်က ဖြည်းဖြည်းချင်း လိုက်သွားတယ်။

"ဘာဖြစ်လို့လဲ မောင် . . မောင် ဘာပြောချင်လဲ၊ လိုချင်တာရှိရင် ပြောလေ၊ ဘာမဆို မောင် စိတ်ချမ်းသာဖို့ မလေး လုပ်ပေးနိုင်မှာပါ"

ပေါက်ကြည်က ယုယုယယ ချိုချိုသာသာနဲ့ မေးတယ်။

"မလေး လုပ်ပေးလို့ ရမှာ မဟုတ်ပါဘူးကွာ"

ပေါက်ယုက သက်ပြင်းမောတစ်ချက်နဲ့ ပြောလိုက်တယ်။

"မလေး မဖြစ်ဖြစ်အောင် လုပ်ပေးမှာပေါ့နော်၊ ပြောလေ မောင်၊ ဘာဖြစ်ချင်တာလဲ"

"မောင် တွေးမိတယ်။ မောင့်ညီမ ဝမ်းကွဲတွေ၊ အစ်မဝမ်းကွဲတွေ တစ်ယောက်ပြီး တစ်ယောက် ခွဲသွားကြတယ်။ မလေးထိုက်ယုကတော့ နတ်သမီးဘဝကို ပြန်ရောက်သွားပြီ၊ မလေးယင်ချွန်းကတော့ ဆိုးတဲ့လင်နဲ့ ပေါင်းသွားရတယ်၊ အခု မလေးတန်ချွန်းကလည်း သူ့လင်ယောကျ်ားနဲ့ တခြားမြို့ရွာ လိုက်သွားရတော့မယ်၊ နောက်ထပ်တွေ့ဖို့ မလွယ်တော့ဘူး၊ စန်းယင်လည်း တစ်နေ့နေ့ကျရင် သွားတော့မှာ၊ ပေါင်ချင်းလည်း စေ့စပ်ပြီးပြီ၊ လက်ထပ်ပြီးတာနဲ့ သွားရတော့မှာ။ ဒါနဲ့ပဲ နောက်ဆုံးကျတော့ မောင်တစ်ယောက်တည်း ကျန်တော့မှာပဲ ထင်ပါရဲ့နော်"

ပေါက်ယုက ဆွေးမြည့်ကြေကွဲသံနဲ့ ပြောနေတယ်။

ကြာဖြူပန်းက ဖျောင်းဖျနှစ်သိမ့်တော့မလို့ဘဲ၊ ဒါပေမယ့် . . . ပေါက်ကြည်က လက်ကာပြတယ်။

"ဒါဆို အဲဒီမိန်းကလေးတွေအားလုံး မောင့်ပတ်ဝန်းကျင်မှာ တစ်သက်လုံး နေရတော့မှာပေါ့ ဟုတ်လား၊ နှမသားချင်းတွေကို သံယောဇဉ်ရှိတာ မောင်တစ်ယောက်တည်းမှ မဟုတ်ဘဲ၊ အခုဆိုရင် ကြည့်လေ၊

ပေါက်ကြည်ဟာ မောင့်မယားအဖြစ်နဲ့ မောင့်အနားမှာ ဝတ်ကြီးဝတ်ငယ် ပြုစုနေရပြီ၊ မောင့်လိုသာဆိုရင် မေမေနဲ့အစ်ကိုက ပေါက်ကြည်ကို အပျို ဘဝနဲ့ သူတို့ရှေ့မှာပဲ ထားကြမှာပေါ့. . .

လူတွေ ပညာသင်ယူတာဟာ တွေးတောဆင်ခြင်နိုင်တဲ့ အသိ ဉာဏ်ကို ရဖို့ပဲ၊ မောင်ကတော့ ပညာသင်ထားပါရက်နဲ့ အဲဒီအသိဉာဏ်ကို အသုံးမချတော့ဘူးတဲ့လား၊ မောင် ဖြစ်စေချင်သလို မောင့်ညီမတွေ၊ အစ်မ တွေနဲ့ပဲ တစ်သက်လုံးနေပါတော့၊ ပေါက်ကြည်နဲ့ကြာဖြူပန်းတို့က မောင်နဲ့ နေစရာမလိုတော့ဘူး၊ ကိုယ့်အိမ် ကိုယ်ပြန်တော့မယ် လာ, ကြာဖြူပန်း"

ပေါက်ကြည်က ဟန်လုပ်ပြီး ကြာဖြူပန်းကို ဆွဲခေါ်တယ်။

ပေါက်ယုက သူတို့နှစ်ယောက်စလုံးကို ပြန်ဆွဲထားတယ်။

▮

တန်ချွန်းဟာ သူ့လင်ယောကျ်ားရှိရာ တစ်ရပ်တစ်ရွာကို လိုက် ရတော့မယ်။ ဒါကြောင့် ငှက်မိမယ်က သွားပြီး နှုတ်ဆက်ဖို့ အိမ်ဖော် မိန်းကလေးနဲ့ အတူ ထွက်ခဲ့ကြတယ်။ ဒါပေမယ့် ဥယျာဉ်ထဲက အဆောင် ရှေ့က ဖြတ်အသွားမှာ စိတ်ချောက်ချားပြီး ပြန်လှည့်ခဲ့တယ်။ အဲဒီနောက် ပိုင်းမှာ ငှက်မိမယ်ဟာ ကိုယ်တွေပူပြီး ဖျားသွားတယ်။ သမားတော်ကြီးက ဖြစ်နိုးဖြစ်စဉ် ဝေဒနာလို့ပြောပြီး ဆေးတိုက်လိုက်လို့ သက်သာသွားတယ်။ ဒါကြောင့် ငှက်မိမယ်ဟာ ပေါက်ယုနဲ့ ပေါက်ကြည်တို့ အဆောင်သွားပြီး အခြေအနေကို လေ့လာတယ်။

ပေါက်ယုဟာ အိပ်ရာပေါ်မှာ လဲလျောင်းနေတယ်။

သူ့မိန်းမ ပေါက်ကြည် မှန်ရှေ့မှာ ခေါင်းဖြီးနေတာကို တစိမ့်စိမ့် ကြည့်ပြီး ကြည့်မဝ ရှုမဝ ဖြစ်နေတာ မြင်လိုက်ရတယ်။

"အမယ်လေး. . ငါ့မောင် ငြိမ်ချက်သား ကောင်းလှချေလားဆိုပြီး စိတ်ပူလိုက်ရတာ၊ အင်း, လက်စသတ်တော့ ကိုယ်တော်ချောက သူ့ဇနီးရဲ့ အလှကို မျက်တောင်မခတ် ကြည့်ပြီး သဘောကျနေတာကိုး၊ ကြာရင် မောင်လေးကို ခန်းဆောင်က မိန်းကလေးတွေ အတင်းပြောတော့မှာပဲ"

ငှက်မိမယ်က ကျီစယ်လိုက်တယ်။





ပေါက်ကြည်က ရှက်လို့ မျက်နှာနီမြန်းသွားတယ်။

ကြာဖြူပန်းက ငှက်မိမယ်အတွက် လက်ဖက်ရည်ယူလာတယ်။

"မလေးငှက်မိမယ် ဘာပြောစရာရှိလို့ ရောက်လာတာလဲဟင်"

ကြာဖြူပန်းက မေးလိုက်တယ်။

"တစ်နေ့တုန်းက စားဖိုဆောင်မှာ အလုပ်လုပ်တဲ့ အမေလူရဲ့ သမီး ရောက်လာတယ်၊ မိန်းကလေးနာမည်က ဝုအဲတဲ့၊ ကျင်ဝမ်းနဲ့ ရုပ်ချင်း တော်တော်တူတယ်။ ကျုပ်က မောင်လေးပေါက်ယုတို့ဆီမှာ လုပ်နေတဲ့ ဟုန်ယုကို ခေါ်ထားချင်လို့၊ အဲဒါ သူ့အစား အဲဒီ ဝုအဲဆိုတဲ့ မိန်းကလေးကို ဒီကို လွှတ်လိုက်မယ်လေ၊ ကျင်ဝမ်းမရှိတော့လို့ အလွှမ်းပြေအနေနဲ့ပေါ့၊ သဘောတူရဲ့လား"

ငှက်မိမယ်က ပြန်မေးတယ်။

ကြာဖြူပန်းက ပေါက်ယုအစား ဖြေလိုက်တယ်။

"သခင်လေးပေါက်ယုကတော့ သဘောကျမှာပေါ့နော်"

"မလေးပေါက်ကြည်ရဲ့ ဆန္ဒကို မေးကြည့်ပါဦးလေ"

ပေါက်ယုက သတိပေးတယ်။

ငှက်မိမယ်က သဘောကျသွားတယ်။

"ကဲ. . မလေးပေါက်ကြည်၊ ပေါက်ယုက အခုလို မလေးပေါက် ကြည်ကို ချစ်ချစ်ခင်ခင်နဲ့ ဦးစားပေးတာ တွေ့ရလေ၊ ကျုပ်ယောကျ်ား ကျိုလျံကို ထုချင်ထောင်းချင်လေ ဖြစ်ရတယ်၊ ကျိုလျံက သူလုပ်ချင်ရာ လုပ်ရမယ်ဆိုရင် မယားမေ့တဲ့ လူစားမျိုး"

ငှက်မိမယ်က ထပ်ပြောတယ်။

ပေါက်ကြည်က . . .

"**မောင့်သဘောအတိုင်းပါပဲ**" လို့ ဖြေလိုက်တယ်။

▮

နောက်ပိုင်းမှာ နီနီစံအိမ်က အိမ်သူအိမ်သားတွေ အဖျားအနာ ဖြစ်ကြတယ်။ ခန်းဆောင်နီစံအိမ်က ဥယျာဉ်တော်မှာလည်း စိတ်ချောက် ချားစရာတွေ ဖြစ်လာတယ်။

ဒါကြောင့် တာအိုဘုန်းတော်ကြီး (၄၉)ပါးကို ပင့်ဖိတ်ပြီး ဂါထာတွေ ရွတ်ဆိုကြတယ်။ ဂိုဏ်းချုပ်ဘုန်းတော်ကြီး သုံးပါးက အမွှေးတိုင်တွေ ထွန်းပြီး ရေစင်ပက်ဖျန်းကြတယ်။

ပြီးတော့. . . စည်ကြီးကို တီးလိုက်ကြတယ်။ နတ်သိကြားတွေကို ပင့်ကြတယ်။ မကောင်းဆိုးဝါးတွေ မနေနိုင်အောင်နဲ့ အိမ်သူအိမ်သားတွေ ကျန်းမာချမ်းသာကြစေဖို့အတွက် ရဟန္တာသုံးပါး ဦးထိပ်ထားပြီး ဘုံသုံးပါး စလုံးမှာ ကျင်လည်ကြတဲ့ နတ်တွေကို တရားနာဖို့ ပင့်ဖိတ်တဲ့အကြောင်း စာတန်းလည်း ချိတ်ဆွဲထားကြတယ်။

ခန်းဆောင်နီစံအိမ်ကြီးနဲ့ နီနီစံအိမ်က အိမ်သူအိမ်သားတွေဟာ ဥယျာဉ်ထဲကို လာကြည့်ကြတယ်။ တာအိုဘုန်းကြီးက မကောင်းဆိုးဝါးတွေကို ထည့်ထားဖို့ ပုလင်းခွံတစ်ခုတောင်းသေးတယ်။ နောက်တော့ အဲဒီ ပုလင်းခွံကို အဖုံးပိတ်၊ ချိတ်ပိတ်တယ်။ အဲဒီပုလင်းကို ဝတ်ကျောင်းမှာ ထားရစ်ခဲ့ဖို့ ပြောပြတယ်။ ကိစ္စတွေ ပြီးသွားတော့ အစောင့်အရှောက် နတ်တွေကို ကျေးဇူးတင်ကြောင်း ပြောကြတယ်။

အမြှောင်မယားချောရဲ့သားကျိဟုန်နဲ့ လူငယ်တွေကတော့ လူကြီးတွေ မသိအောင် ကျိတ်ပြီး ရယ်နေကြတယ်။

"ငါတို့ကတော့ မကောင်းဆိုးဝါးတွေ ပုလင်းထဲ ထည့်တာ မြင်ရမလားလို့ လာကြည့်နေကြတာ၊ အလကားပါကွာ၊ ဘာမှလည်း မတွေ့ရပါဘူး၊ ပုလင်းထဲ ရောက်သွားပြီဆိုတာလည်း သူတို့ပြောလို့သာ ကြားရတာကိုး၊ ဖမ်းမိတယ်, မမိဘူး ဆိုတာ ဘယ်သူမှ မသိပါဘူး"

၂၅

အမတ်ကြီးဖြစ်သွားတဲ့ ကျိချိန်ဟာ သူ ရောက်သွားတဲ့ နယ်မှာ စည်းကမ်းကို တင်းတင်းကြပ်ကြပ် ထိန်းသိမ်းဆောင်ရွက်တယ်။ ဒါကြောင့် သူ့လက်အောက်ငယ်သားတွေဟာ အရင်တုန်းကလို အချောင်ခိုလို့ မရတော့ဘူး။ အပေးအယူတွေလည်း လုပ်လို့ မရတော့ဘူးလေ။ ဒါကြောင့် အမတ်ကြီးကျိချိန်ကို အရေးယူဖို့အတွက် ရွှေနန်းတော်ကို လျှောက်လွှာ တင်ကြတယ်။ သူတို့တင်ပြလာတဲ့အချက်တွေကလည်း အမတ်ကြီးဟာ ငယ်သားတွေအပေါ်မှာ ရက်ရက်စက်စက် နှိပ်ကွပ်တယ်။ အပြစ်ရှိရင် မထောက်မညှာဘဲ ပြင်းပြင်းထန်ထန် အရေးယူ အပြစ်ပေးတယ်။ လယ်ယာလုပ်သားတွေ အပေါ်မှာလည်း အခွန်အကောက် များများစားစား ကောက်တဲ့ အကြောင်းတွေ ပါတယ်။

ဒါပေမယ့် ရွှေနန်းရှင်က ကျိချိန်ဟာ မှန်မှန်ကန်ကန်နဲ့ ဆောင်ရွက်သူ၊ ရိုးသားဖြောင့်မတ်သူ ဖြစ်ကြောင်း သိထားတယ်။ လက်အောက်ငယ်သားတွေရဲ့ လိမ်လည်လှည့်ဖျားခြင်းကို ကျိချိန် ခံရတာဖြစ်ကြောင်း သဘောပေါက်တယ်။

ဒါကြောင့် ကျိချိန်ကို ရွှေမြို့တော်ပြန်ဖို့ အမိန့်ချလိုက်တယ်။

ခန်းဆောင်နီစံအိမ်ကြီးနဲ့ နီနီစံအိမ်ကြီးမှာ နောက်ထပ် ပြဿနာ တစ်ခုထပ်ပေါ်တယ်။ ဆီပင်းမင်းသားနဲ့အဖွဲ့သားတွေဟာ စံအိမ်တော်ကြီးထဲကို ဝင်ရောက်ရှာဖွေကြတယ်။ ရွှေနန်းတော်မှာ သုံးတဲ့ပစ္စည်းတွေကို များများစားစား မြင်လိုက်ရတော့ အံ့သြသွားကြတယ်။

နောက်ပြီး ငွေတိုးနဲ့ ချေးတဲ့စာချုပ်တွေလည်း တွေ့ကြရတယ်။

ဒါကြောင့် ကျိချိန်နဲ့ အိမ်သူအိမ်သားတွေကို အိမ်ဖော်တွေထားတဲ့ အဆောင်မှာထားပြီး အစောင့်တွေကို စောင့်ခိုင်းထားတယ်။

မကြာခင်မှာဘဲ ပေ့ကျင်းမင်းသားကြီး ရောက်လာတယ်။

မင်းသားကြီးရဲ့ အမိန့်အရ ကျိချိန်ကို ခေါ်လာတယ်။ ကျိချိန်ဟာ ဆီပင်းမင်းသားနဲ့ ပေ့ကျင်းမင်းသားကြီးရှေ့မှာ ဒူးတုပ်ခစားပြီး မျက်ရည်တွေ စီးကျနေတယ်။ မတရား အရှာအဖွေ ခံရတာပါလို့ လျှောက်တယ်။ တကယ်လို့ မှားနေတာတွေ့ရင်လည်း သူ့ကို ခွင့်လွှတ်ဖို့ တောင်းပန်တယ်။ ပေ့ကျင်းမင်းသားကြီးက ကျိချိန်ကို လက်ဆွဲပြီး သူ့အနားမှာ ထိုင်နိုင်းလိုက်တယ်။

"အမတ်ကြီးကျိချိန်ရဲ့ စံအိမ်တော်မှာ ရွှေနန်းတော်သုံးပစ္စည်းတွေ၊ အဝတ်အစားတွေ တွေ့ရတာကတော့ ရှင်းရတာ လွယ်ပါတယ်၊ မြောက်နန်းမတော်မိဖုရား မကွယ်လွန်မီက၊ အသုံးပြုခဲ့တဲ့ ပစ္စည်းတွေကို ပေးခဲ့တာတွေ မဟုတ်လား၊ ဒါပေမယ့် ငွေတိုးချေးတဲ့ စာချုပ်တွေကိစ္စကိုတော့ ကြည့်လျှောက်ပေတော့" . . . လို့ ပြောလိုက်တယ်။

ဒါကြောင့် ကျိချိန်က ငွေတိုးချေးတဲ့ စာချုပ်တွေကို သူ ဘာမှမသိကြောင်းနဲ့ ရွှေနန်းရှင်အမိန့်အရ ခရီးထွက်နေရတာများလို့ စံအိမ်မှာ ဗိုဗိုစီးစီး မကွပ်ကဲနိုင်ကြောင်းနဲ့ နယ်ပြောင်းပြီး တာဝန်ထမ်းဆောင်နေရကြောင်းတွေပါ တင်ပြလိုက်တယ်။ အဲဒီ ငွေတိုးစာချုပ်တွေဟာ သူ့တူ ကျိလျံကို မေးကြည့်ဖို့ လျှောက်ထားတယ်။

ဒါနဲ့ မင်းသားကြီးက ကျိချိန်ရဲ့တူ ကျိလျံကို ခေါ်ပြီးစစ်ဆေးတယ်။ ကျိလျံရောက်လာတော့ အမှန်အတိုင်း ဝန်ခံတယ်။

"အဲဒီ ငွေတိုးစာချုပ်တွေအားလုံး ကျွန်တော့်ပစ္စည်းတွေ ဖြစ်ပါတယ်၊ ကျွန်တော့်ဦးကြီးနဲ့ လုံးဝ မသက်ဆိုင်ပါဘူး၊ ရှာတွေ့တာကလည်း ကျွန်တော့်အိမ်မှာပဲ ဖြစ်ပါတယ်၊ ဒါကြောင့် အပြစ်မရှိတဲ့ ကျွန်တော့်ဦးကြီးကို အပြစ်လွှတ်ပြီး အပြစ်ရှိတဲ့ ကျွန်တော့်ကိုသာ အရေးယူအပြစ်ပေးပါခင်ဗျာ" လို့ . . .

ကျိလျံက ရဲရဲဝံ့ဝံ့ လျှောက်တင်လိုက်တယ်။

"ကောင်းပြီ မင်းက ကိုယ့်အပြစ် ကိုယ်ဝန်ခံတော့ ကောင်းတာပေါ့၊ လောလောဆယ် ကျိလျံကို အစောင့်ချထားတာပါ၊ ကျန်တဲ့ အိမ်သူအိမ်သားတွေကတော့ အရင်အတိုင်း လွတ်လွတ်လပ်လပ် နေနိုင်ပါပြီ. .





ကျုပ်နဲ့ ဆီပင်းမင်းသားကတော့ ရွှေနန်းတော်ကြီးကို ပြန်ပြီး လျှောက်တင်ကြရဦးမယ်၊ အမတ်ကြီးကျိချိန်ကတော့ နောက်ထုတ်မယ့် အမိန့်တော်ကို စောင့်ပြီးနာခံပေတော့"

မင်းသားနှစ်ယောက်ဟာ ဝေါယာဉ်ကိုယ်စီပေါ်ကို တက်ပြီး ပြန်သွားကြတယ်။ ဆီပင်းမင်းသားနဲ့ ပေ့ကျင်းမင်းသားကြီးကို ကျိချိန်နဲ့ အိမ်သူအိမ်သားတွေက ဝင်းတံခါးဝကနေ လက်အုပ်ချီပြီး ဂါရဝပြုကြတယ်။ ပေ့ကျင်းမင်းသားကြီးက အိမ်သူအိမ်သားတွေကို စိတ်မကောင်းတဲ့ အမူအရာနဲ့ လက်တစ်ဖက်မြှောက်ပြီး ပြန်လည်နှုတ်ဆက်တယ်။

"ဘာမှ မစိုးရိမ်ပါနဲ့၊ အပြစ်မရှိတဲ့သူကို အပြစ်မပေးပါဘူး"

ပေ့ကျင်းမင်းသားကြီးက သွားခါနီး ပြောသွားတယ်။

ဒါပေမယ့် မယ်မယ်ကြီးဟာ သူ့သား ကျိချိန် ဒုက္ခရောက်ပြီဆိုပြီး အကြီးအကျယ် စိတ်ထိခိုက်ပြီး အိပ်ရာထဲမှာ ဗုန်းဗုန်းလဲသွားတယ်။ အိမ်သူအိမ်သားတွေ ဝိုင်းပြီးဖျောင်းဖျကြပေမယ့် မယ်မယ်ကြီးက လက်မခံဘူး။ နောက်တော့ ရွှေနန်းတော်ကြီးက စေလွှတ်သူ တစ်ယောက်ရောက်လာကြောင်း အိမ်ဖော်တစ်ယောက်က သခင်ကြီးကျိချိန်ကို လာပြောတယ်။ ကျိချိန်က သွားကြည့်လိုက်တယ်။ ပေကျင့်မင်းသားကြီးရဲ့ အတွင်းရေးကိုယ်စားလှယ် ဖြစ်နေတာကို တွေ့ရတယ်။

ကျိချိန်ကို အမတ်ကြီးနေရာမှာပဲ ပြန်လည်အမှုထမ်းစေဖို့၊ မြောက်နန်းမတော်ရဲ့ ပစ္စည်းတွေနဲ့ ရွှေငွေရတနာ လက်ဝတ်လက်စားတွေလည်း သိမ်းထားရင် ပြန်လည်ပေးအပ်မယ့်အကြောင်း၊ ငွေတိုးစာချုပ်တွေနဲ့ ပတ်သက်လို့ စစ်ဆေးဖို့အတွက် ပေ့ကျင်းမင်းသားကြီးကို တာဝန်ပေးလိုက်တယ်။ ဥပဒေအရ သတ်မှတ်ထားတဲ့ အတိုးနှုန်းအတိုင်း ယူထားတဲ့စာချုပ်တွေကို အမတ်ကြီးဆီ ပြန်လည်ပေးပို့ပေးလိမ့်မယ်။ တရားမဝင်ယူထားတဲ့ စာချုပ်တွေကိုတော့ ဥပဒေအရ သိမ်းဆည်းစေရမယ်။ ကျိလျံကိုတော့ ရာထူးက နုတ်ပယ်တာကလွဲလို့ တခြားဘယ်လို ပြစ်ဒဏ်မှ စီရင်စရာ မလိုကြောင်း ရွှေနန်းတော်ကြီးက အမိန့်ချမှတ်လိုက်တယ်။

မကြာခင် ပြန်လွှတ်တော့မယ် ဆိုတာတွေကို ရှင်းပြခဲ့တယ်။

▮

ပေါက်ကြည်ဟာ ပေါက်ယုနဲ့ မင်္ဂလာပွဲ ပြီးကတည်းက ခန်းဆောင်နီစံအိမ်ကို ပြောင်းလာခဲ့တယ်။ ဒီနှစ်မှာ ပေါက်ကြည်အတွက် မွေးနေ့ပွဲကျင်းပဖို့ မယ်မယ်ကြီးက အမိန့်ချမှတ်လိုက်တယ်။

ဒါပေမယ့် ပေါက်ကြည်ရဲ့ အမေ ဒေါ်လေးဆွေ့က . . .

"မယ်မယ်ကြီးလည်း အသက်ကြီးမှ ပင်ပန်းခံမနေပါနဲ့တော့"လို့ တားမြစ်တယ်။ ဒါပေမယ့် မယ်မယ်ကြီးအနားမှာ ရှိနေတဲ့ စန်းယင်က ဝင်ပြောတယ်။

"မယ်မယ်ကြီးက ပေါက်ယုကို အချစ်ဆုံးပါ၊ မြေးကို သိပ်ချစ်တဲ့အတွက် မြေးရဲ့မိန်းမကိုလည်း ချစ်တာပေ့ါ၊ ဒါကြောင့် မလေးပေါက်ကြည်အတွက် မွေးနေ့ပွဲ လုပ်သင့်ပါတယ်"

ဒါနဲ့ပဲ ပေါက်ကြည်ရဲ့ မွေးနေ့ပွဲ လုပ်ဖြစ်သွားတယ်။

အဲဒီနေ့မှာ မယ်မယ်ကြီးဟာ ရွှင်လန်းနေတယ်။

"ဒီစားပွဲမှာ အမျိုးသမီးတွေပဲ စားကြသောက်ကြမယ်"

မယ်မယ်ကြီးက ပြုံးပြုံးရွှင်ရွှင်နဲ့ ပြောလိုက်တယ်။ မကြာခင် အစားအသောက်တွေနဲ့ စပျစ်အရက်ချိုတွေ ရောက်လာတယ်။ ပေါက်ကြည်က လွတ်လပ်ပျော်ရွှင်နေတယ်။ ဆွေ့ယင်၊ ကြာဖြူပန်း၊ ယင်အဲနဲ့ ပင်အဲတို့ကိုပါ ခေါ်ခိုင်းလိုက်တယ်။

စားသောက်ပြီးတော့ စကားထာဝှက်ကြတယ်။

ပေါက်ယုက အရက်ချိုသောက်ပြီး လမ်းလျှောက်ထွက်ခဲ့တယ်။ သူ့ကို အကဲခတ်ကြည့်နေတဲ့ ကြာဖြူပန်းက နောက်ကနေ မယောင်မလည် လိုက်လာတယ်။ ပေါက်ယုဟာ ခြောက်ကပ်တိတ်ဆိတ်နေတဲ့ ဥယျာဉ်တော်ကြီးထဲကို ဝင်သွားတယ်။ ဥယျာဉ်တော်ဟာ ထိန်းသိမ်းပြုစုမယ့်သူ မရှိလို့ ပန်းပင်တွေလည်း ညှိုးနေပြီး အဆောင်နံရံတွေက ဆေးသုတ်ထားတာတွေလည်း ကွာကျပြီး ရုပ်ပျက်ဆင်းပျက် ဖြစ်နေတယ်။

နေရာတော်တော်များများမှာလည်း ပေါင်းမြက်ပင်တွေ ထူထပ်သိပ်သည်းနေကြတယ်။

"ဘယ်သွားမလို့လဲ သခင်လေး"

ကြာဖြူပန်းက လှမ်းမေးတယ်။





"ဥယျာဉ်ထဲ မရောက်တာကြာလို့ လျှောက်ကြည့်နေတာ၊ အချိန်က ဘာမှ မကြာသေးဘူး၊ ချုံပုတ်တွေ ပေါင်းမြက်တွေနဲ့ ဖုံးလွှမ်းလို့ တောကြီးဖြစ်တော့မယ်၊ ဝါးပင်တွေကတော့ စိမ်းလန်းရှင်သန်နေတယ်နော်"

"လာပါ သခင်လေးရယ်၊ တော်တော်ကြာ မယ်မယ်ကြီးက မေးနေလိမ့်မယ်"

ကြာဖြူပန်းက ပေါက်ယုကို ခေါ်လာခဲ့တယ်။ ထိုက်ယု နေသွားတဲ့ အဆောင်နားရောက်တော့ ပေါက်ယု ခြေလှမ်းဟာ တန့်သွားတယ်။

"ဘာဖြစ်လို့လဲ သခင်လေး"

"မလေးထိုက်ယုရဲ့ အဆောင်ထဲမှာ လူရှိသလား မသိဘူး"

"မဟုတ်တာဘဲ၊ ဘယ်သူမှ မနေရဲတော့ပါဘူး သခင်လေးရယ် လာပါ. . မြန်မြန်ကြစို့"

ကြာဖြူပန်းက ပေါက်ယုလက်ကို ဆွဲခေါ်တယ်။

"သေသေချာချာ ကြားလိုက်တာပါ"

"ဘာသံလဲ စကားပြောသံလား"

ကြာဖြူပန်းက စူးစူးရဲရဲကြည့်ပြီး မေးတယ်။

"စကားပြောသံ မဟုတ်ဘူး၊ ကျိတ်ပြီး ငိုနေတဲ့ အသံမျိုး"

"မဖြစ်နိုင်ပါဘူး၊ အရင်တုန်းက မလေးထိုက်ယုဆီ သခင်လေး လာခဲ့ဖူးတာပဲ၊ အဲဒီအချိန်က မလေးထိုက်ယု ငိုတာကို သခင်လေးကြားဖူးမှာပေ့ါ၊ အဲဒါကို သခင်လေး စိတ်က ပြန်ကြားယောင်နေတာ ဖြစ်မှာပါ"

ဒါပေမယ့် ပေါက်ယုက အဆောင်ဘက်ကို ကြည့်ပြီး . . .

"မလေးထိုက်ယု . . . သေရတာ မောင်လေးကြောင့်ပါ၊ မောင့်ကို အပြစ်မတင်ပါနဲ့ မလေးရယ်၊ လူကြီးတွေ အတင်းစီစဉ်တာကို မောင် လက်ခံခဲ့ရတာပါ၊ မလေးအပေါ်မှာ မောင် သစ္စာမပျက်ခဲ့ပါဘူး" လို့

ပေါက်ယုက လှမ်းပြောလိုက်တယ်။

နောက်ပြီး တရှုပ်ရှုပ်နဲ့ ငိုကြွေးနေတယ်။

ကြာဖြူပန်းက ချော့နေရတယ်။

အဲဒီအချိန်မှာ ချူဝမ်းနဲ့ တခြားမိန်းကလေးတွေ ရောက်လာကြတယ်။

“ဘာဖြစ်နေကြတာလဲဟင်၊ မယ်မယ်ကြီးက စိတ်ပူလို့ လူစုခဲ့ပြီး ရှာခိုင်းလိုက်တယ်၊ ဘာဖြစ်လို့ သူ့ကို ဒီနေရာ ခေါ်လာရတာလဲ”

ချူဝမ်းက ပြောပြောဆိုဆိုနဲ့ ပေါက်ယုကို ဆွဲခေါ်သွားတယ်။

ပေါက်ယုဟာ မလိုက်ချင် လိုက်ချင်နဲ့ ပါလာတယ်။ မယ်မယ်ကြီး အဆောင်ရောက်တော့ မယ်မယ်ကြီး အကြီးအကျယ်စိတ်ဆိုးနေတယ်။

“နင့်ကိုယုံကြည်လို့ ပေါက်ယုကို စောင့်ရှောက်ဖို့ အပ်ထားတာ၊ နင် ဦးနှောက် မရှိဘူးလား၊ ပေါက်ယုက အခုမှ နေထိုင်ကောင်းခါစပဲ ရှိသေးတယ်၊ နင်က ဥယျာဉ်ထဲ ခေါ်သွားရသလား၊ တစ်ခုခု ဖြစ်သွားရင်တော့ . . နင် မလွယ်ဘူး”

မယ်မယ်ကြီးက အော်ဟစ်ကြိမ်းမောင်းနေတယ်။

ပေါက်ယုမျက်နှာကို ပေါက်ကြည်က ကြည့်ပြီး စိုးရိမ်နေတယ်။

ပေါက်ယုက မယ်မယ်ကြီးကို လှမ်းကြည့်လိုက်တယ်။

“မစိုးရိမ်ပါနဲ့ မယ်မယ်ကြီးရယ်၊ အခုမှ အစောကြီးရှိပါသေးတယ်၊ အရက်သောက်ထားတာ ရီဝေဝေဖြစ်နေတာနဲ့ လေကောင်းလေသန့်ရအောင် ဥယျာဉ်တော်ထဲ လျှောက်သွားတာပါ၊ ကြာဖြူပန်းက ကျွန်တော့်နောက်က လိုက်လာပြီး ပြန်ခေါ်နေတာပါ၊ ကျွန်တော် ဥယျာဉ်ထဲသွားတာ ဘာဖြစ်မှာမို့လဲ”

“သခင်လေးဟာ ဘာမှ မစဉ်းစားဘူး၊ တစ်ဇွတ်ထိုး လုပ်တာ မကောင်းဘူး၊ အခုကြည့်လေ . . လူကြီးတွေ ဘယ်လောက်စိတ်ပူနေကြသလဲ” လို့ ကြာဖြူပန်းက လှမ်းပြောတယ်။

ယင်လင်းက ဝင်ပြောတယ်။

“အဲဒါ တစ်ဇွတ်ထိုးလုပ်တာမဟုတ်ဘူး၊ မောင်လေးပေါက်ယုက ပန်းစောင့်နတ်သမီးကို တွေ့မလားလို့ သွားကြည့်တာ ဖြစ်ပါလိမ့်မယ်”

နောက်တော့ ပေါက်ယုဟာ သူ့ခန်းဆောင်ကို ပြန်သွားတယ်။ ပေါက်ကြည်က ပေါက်ယုကို ဘာမှ မမေးတော့ဘဲ ကြာဖြူပန်းကို တီးတိုး မေးလိုက်တယ်။ ကြာဖြူပန်းက ဥယျာဉ်ထဲမှာရှိတဲ့ မလေးထိုက်ယုရဲ့ အဆောင်ထဲက ငိုသံကြားရတယ်ဆိုပြီး အဲဒီအဆောင်ရှေ့မှာ ရပ်နေလို့ မနည်းခေါ်နေရကြောင်း ပြောပြလိုက်တယ်။





ပေါက်ကြည်က အတွင်းခန်းထဲမှာ ရှိတဲ့ ပေါက်ယု ကြားလောက်အောင် အသံကို မြှင့်ပြီး . . .

“ဒါပေါ့လေ . . မလေးထိုက်ယုနဲ့သူက တစ်ယောက်နဲ့တစ်ယောက် သံယောဇဉ်ကြီးခဲ့ကြတာကိုး၊ ဒါပေမယ့် အခုတော့ ဘဝချင်း မတူတော့ဘူးပေါ့နော်၊ ကျန်ရစ်တဲ့လူက ဘယ်လောက်ပဲ သတိရနေနေ တမလွန်ဘဝ ရောက်သွားသူ ဘယ်သိနိုင်တော့မလဲ၊ နောက်ပြီး မလေးထိုက်ယုက မြင့်မြတ်တဲ့ဘုံမှာ စံစားနေပြီ၊ ဒါကြောင့် လူ့ပြည်က လူတွေနဲ့ဆက်ဆံဖို့ မလိုတော့ဘူး မဟုတ်လား”

ပေါက်ကြည်ရဲ့ ရည်ရွယ်ချက်ကို နားလည်လိုက်တယ်။

ဒါကြောင့် ကြာဖြူပန်းက. . .

“ဟုတ်တာပေါ့. . . မလေးပေါက်ကြည်ရယ်၊ မလေးထိုက်ယုက ကျွန်မနဲ့ အရမ်းခင်တာ၊ တကယ်လို့ ဥယျာဉ်တော်ထဲမှာသာ တကယ်ရှိရင် ကျွန်မကို ပြမှာပေါ့၊ မရှိလို့သာ မမြင်ရတာပါ”

ပေါက်ယု နားထောင်နေတယ်။

သူတို့ပြောတာ အမှန်ပဲ။ မလေးထိုက်ယုကို ငါ အရမ်းစွဲလမ်းနေတာတောင် တစ်ခါမှ မမြင်ရဖူးဘူး။ သူတို့ပြောသလို ကောင်းမြတ်တဲ့ သုဂတိဘုံကို ရောက်နေတာပဲ ဖြစ်ရမယ်။ ဒါကြောင့် မတွေ့ရတာ။

ပေါက်ယုက သူတစ်ယောက်တည်း စဉ်းစားနေတယ်။

ဒီနေ့ဥယျာဉ်ထဲကို ငါရောက်ခဲ့တယ်။ တကယ်လို့ မလေးထိုက်ယု ငါ့ကို ခင်တွယ်နေတုန်းပဲဆိုရင် ဒီနေ့ည အိပ်မက်ထဲမှာဖြစ်ဖြစ် တွေ့ပါရစေ။ တကယ်လို့ မတွေ့ရဘူးဆိုရင်တော့ မလေးထိုက်ယုဟာ ငါ့ကို မေ့သွားတာသေချာပြီ။ ဒါကြောင့် မလေးထိုက်ယုကို ငါကလည်း မေ့လိုက်တော့မယ်။ ပေါက်ယုဟာ သန္နိဋ္ဌာန်ချလိုက်တယ်။ အဲဒီညမှာ ပေါက်ယုဟာ ပေါက်ကြည်နဲ့ ခွဲပြီးအိပ်တယ်။ ထိုက်ယု လာပေးမယ့် အိပ်မက်ကို စောင့်နေတယ်။ ဒါပေမယ့် မိုးစင်စင်လင်းတဲ့အထိ ဘာအိပ်မက်မှ မမက်ခဲ့တာ သေချာပါတယ်။

## ၂၆

မယ်မယ်ကြီးဟာ အသက် (၈၃)နှစ် ရှိသွားပါပြီ။

အသက် (၈၀) ကျော်ကတည်းက သားအတွက်၊ မြေးအတွက်နဲ့ တခြားကိစ္စတွေအတွက် ပူပင်သောက ဖြစ်ခဲ့ရတယ်။ အဲဒီဒဏ်တွေဟာ မယ်မယ်ကြီးကို ဖိစီးခဲ့တယ်။ အခုတော့ မယ်မယ်ကြီးဟာ အိပ်ရာပေါ်မှာ မလှုပ်မယှက်လဲလျောင်းနေပြီး ဘေးပတ်ဝန်းကျင်မှာ အိမ်သူအိမ်သားတွေက ဝိုင်းကြည့်နေကြတယ်။

"ဒီစံအိမ်ကြီးမှာ အပျိုဘဝကတည်းက မယ်မယ်နေခဲ့တာ အခုဆိုရင် နှစ်ပေါင်း (၆၀) ပြည့်သွားပြီ၊ ခံစားထိုက်သမျှ စည်းစိမ်တွေလည်း ခံစားခဲ့ဖူးပြီ။ သားတွေ၊ မြေးတွေ အားလုံးကလည်း မယ်မယ်ကြီးကို ချစ်ကြပါတယ်၊ ရိုသေလေးစားခဲ့ကြပါတယ်။ အထိန်းတော်တွေ၊ အိမ်ဖော်မိန်းကလေးတွေ အားလုံးကလည်း ငါ ဘယ်လောက်ပဲ ဆူပူကြိမ်းမောင်းခဲ့ပေမယ့် ငါ့အပေါ်မှာ မေတ္တာမပျက်ခဲ့ကြပါဘူး၊ ဒါပေမယ့် မယ်မယ်ကြီးရဲ့ အချစ်ဆုံးမြေး ပေါက်ယုဟာ . . ."

မယ်မယ်ကြီးက စကားကို ရပ်နားလိုက်ပါတယ်။

သူ့ဘေးပတ်ဝန်းကျင်ကို တစ်ချက်ကြည့်တယ်။

သခင်မကြီးက ရိပ်မိလို့ သားပေါက်ယုကို တွန်းပို့တယ်။ မယ်မယ်ကြီးဟာ စောင်ခြုံထဲက လက်ထုတ်ပြီး သူနဲ့ အနီးဆုံးဖြစ်နေတဲ့ ပေါက်ယုရဲ့လက်ကို ဆွဲယူဆုပ်ကိုင်ထားတယ်။

"မြေးလေး မယ်မယ်မရှိရင် လိမ်လိမ်မာမာ နေရစ်ခဲ့တော့နော်၊ မယ်မယ် ရှိနေတုန်းကဆိုရင် မြေးလေးရဲ့ အဖေတို့ အမေတို့က ဆုံးမတဲ့အခါ မယ်မယ်ရှေ့က ကာကွယ်ပေးခဲ့တယ်၊ မယ်မယ် မရှိတဲ့ နောက်ပိုင်းမှာ ငါ့မြေး ပိုပြီး လိမ္မာရမယ်နော်"





"ဟုတ်ကဲ့ပါ မယ်မယ်ကြီး"

သူ့အတွက် မယ်မယ်ကြီး ဘယ်လောက်အထိ အကာအကွယ်ပေးခဲ့တယ်၊ တခြား ဘယ်သူနဲ့ ယှဉ်ယှဉ် သူ့ဘက်က မယ်မယ်ကြီးဟာ မားမားမတ်မတ် ရပ်တည်ခဲ့တာတွေကို တွေးမိပြီး ပေါက်ယုရင်ထဲမှာ တလှိုက်လှိုက်ခံစားလိုက်ရတယ်။

ပေါက်ယု အရမ်းငိုချင်လာပေမယ့် မငိုမိအောင် ထိန်းထားတယ်။

"မြစ်တစ်ယောက်လောက်တော့ တွေ့ချင်ပါသေးတယ်၊ ဒါပေမယ့် . . အဲဒီအချိန်အထိ မယ်မယ်ကြီး နေ့ရှမှာ မဟုတ်တော့ဘူးကွယ်"

မယ်မယ်ကြီးဟာ မျက်ရည်မိုးတွေ ဝေ့တက်လာပြီ။

သူ သေရမယ့်အချိန်ကို သူဟာသူ ကြိုသိနေပုံပဲ။

မယ်မယ်ကြီးရဲ့ နောက်ဆုံးအချိန်ကို ရောက်တော့မယ်။

အမတ်ကြီးကိုချိန်က မယ်မယ်ကြီးကို ဆေးမြစ်ပြုတ်ရည်တစ်ခွက် တိုက်ဖို့ ကြိုးစားသေးတယ်။ ဒါပေမယ့် ဆေးတစ်ခွက်မကုန်ခင်မှာ မေးခိုင်လာပြီး မျက်လုံးအစုံဟာ ရီဝေမှုန်မှိုင်းလာပြီ။

မယ်မယ်ကြီးက ခန်းဆောင်ဝန်းကျင်ကို တစ်ချက် မျက်လုံးဝေ့ကြည့်လိုက်တယ်။ ဒါပေမယ့် ဘာမှကို မမြင်ရတော့ပါဘူး။ သခင်မကြီးနဲ့ ပေါက်ကြည်တို့က ရှေ့တိုးသွားပြီး မယ်မယ်ကြီးကို ပွေ့ထူထားကြတယ်။ ဧေါ်လေးဆင့်နဲ့ ငှက်မီးမယ်တို့က မယ်မယ်ကြီးကို အဝတ်အစား သစ်သစ်လွင်လွင် ဝတ်ဆင်ပေးကြတယ်။

အထိန်းတော်ကြီးတချို့နဲ့ အိမ်ဖော်မိန်းကလေးတွေဟာ မယ်မယ်ကြီးရဲ့ ရုပ်ကလာပ်ကို တင်ဖို့ ခုတင်ပြင်ပြီး အိပ်ရာကို ခင်းနေကြတယ်။ အဲဒီအချိန်မှာ မယ်မယ်ကြီးရဲ့ လည်ချောင်းထဲက သလိပ်သံတွေ တဂူးဂူး တဂဲဂဲနဲ့ ကြားလိုက်ရတယ်။

မယ်မယ်ကြီးဟာ နောက်ဆုံးထွက်သက်ကို မှုတ်ထုတ်လိုက်ရင်း နှုတ်ခမ်းပေါ်မှာ အပြုံးတစ်ခုကို တွေ့လိုက်ကြရတယ်၊ အဲဒီအပြုံးကြောင့် မယ်မယ်ကြီးဟာ ကောင်းရာသုဂတိဘုံကို ရောက်သွားပြီလို့ ယူဆနိုင်ကြပါတယ်။

မယ်မယ်ကြီး ကွယ်လွန်သွားပြီးတဲ့ နောက်ပိုင်းမှာ ပေါက်ယုဟာ တစ်ချိန်လုံးထိုင်ပြီး ဆွေးနေလေ့ရှိတယ်။ တစ်နေ့တစ်ကြိမ် မယ်မယ်ကြီးကို ဝတ်ပြုနေကျဆိုတော့ သူ့ရင်ထဲမှာ ဟာတာတာကြီးနဲ့ အားကိုးရာမဲ့သူလို တစ်ယောက်လို ဖြစ်သွားတယ်။ တစ်ခါတလေ ခါတိုင်းလိုပဲ မယ်မယ်ကြီး ရှိနေသေးတယ်ထင်ပြီး မယ်မယ်ကြီးကို ကန်တော့ဖို့ ထသွားသေးတယ်။ နောက်တော့မှ ပြန်သတိရပြီး ပြန်ထိုင်လိုက်တာမျိုး ဖြစ်လေ့ရှိတယ်။

ဒီအတောအတွင်း ငှက်မိမယ် သေဆုံးသွားခဲ့တယ်။ နောက်ပိုင်းမှာ ပေါက်ယုရဲ့အခြေအနေဟာ နည်းနည်းပိုဆိုးလာတယ်။ ဒီအကြောင်းကို သခင်မကြီးက အိမ်ဖော်ကောင်မလေးတွေဆီက ကြားတယ်။

ဒါကြောင့် ကြာဖြူပန်းကို အပြစ်တင်တယ်။

"ပေါက်ယု စိတ် ဖောက်ဖောက်နေတာ၊ ငါ့ကို ဘာဖြစ်လို့ မပြော တာလဲ"

"သခင်လေးက ဒီလိုပါပဲသခင်မကြီးရယ်၊ သက်သာသွားလိုက် ပျောက်သွားလိုက်နဲ့ဆိုတော့ ခါတိုင်းလိုပဲ ထင်နေတာ၊ ဒီနေ့ကျမှ ခါတိုင်း ထက် နည်းနည်းပိုဆိုးလာတယ်၊ ဒါကြောင့်မို့ သခင်မကြီးကို အိမ်ဖော် မိန်းကလေးတွေနဲ့ လွှတ်ပြီး အကြောင်းကြားခိုင်းလိုက်ရတာပါ"

ကြာဖြူပန်းနဲ့ သူ့အမေရဲ့ စကားပြောသံကြားလို့ ပေါက်ယုဟာ လဲလျောင်းရာကနေ ထပြောတယ်။

"သား ဘာမှ မဖြစ်ပါဘူးမေမေ၊ သားခေါင်းထဲမှာ ရှုပ်နေသလို ခံစားမိတာလောက်ပါ"

"အဲဒီလို ခံစားရတာကိုက အစရင်ရောဂါမျိုး ဖြစ်ဖို့ စလာတာပဲ၊ ဒါကြောင့် နောက်ဆို သား ပုံမှန်အခြေအနေမျိုးက ပြောင်းလဲလာတယ် ထင်ရင် မေမေ့ကို ချက်ချင်းအကြောင်းကြားဖို့ မမေ့နဲ့ သိလား"

"ဒါဆိုရင် သမားတော်ကြီးနဲ့မေးကြည့်ပါလား၊ သမားတော်ကြီး တိုက်တဲ့ ဆေးကို သား မှန်မှန် သောက်မယ်လေ"

သခင်မကြီးဟာ သမားတော်ကြီးကို ပင့်ခိုင်းလိုက်တယ်။

သမားတော်ကြီး ပေးတဲ့ ဆေးညွှန်းအတိုင်း တိုက်ဖို့ ကြာဖြူပန်းကို သတိပေးထားတယ်။





ဒါပေမယ့် ပေါက်ယုဟာ အစားအစာတောင် မစားနိုင်တော့ဘူး။

ခန်းဆောင်နီစံအိမ်ကြီးမှာ ပြဿနာတွေ တစ်ခုပြီးတစ်ခု တက်နေ တယ်။ မယ်မယ်ကြီး ကွယ်လွန်ပြီး သိပ်မကြာခင်မှာ ငှက်မိမယ် ဆုံးသွား တယ်။ ငှက်မိမယ်ရဲ့ အသုဘကိစ္စနဲ့ အလုပ်ရှုပ်နေချိန်မှာ ပေါက်ယုဟာ တစ်ခါတစ်ခါ သတိလစ်သွားတာမျိုးအထိ ဖြစ်လာပြီ။

အမတ်ကြီးကျိချိန်ကိုယ်တိုင် သားပေါက်ယုကို လာကြည့်တယ်။ ပေါက်ယုအခြေအနေဟာ နာလန်ထမှာ မဟုတ်တော့ဘူးလို့ ကျိချိန်က ကောက်ချက်ချလိုက်တယ်။ ပေါက်ယုအတွက် အသုဘကိစ္စ ကြိုတင် ပြင်ဆင်ထားဖို့ ကျိလျံ့ကို စေခိုင်းတယ်။ ကျိလျံ့က စီစဉ်စရာ ရှိတာတွေ ဆောင်ရွက်ဖို့ အပြင်ခန်းဆောင်ကို ထွက်လာခဲ့တယ်။

အဲဒီအချိန်မှာ ကျိလျံ့ဆီကို အိမ်ဖော်လူငယ်တစ်ယောက် ပြေး လာတာကို တွေ့ရတယ်။

"ဘာဖြစ်တာလဲကွ"

ကျိလျံ့က လှမ်းမေးတယ်။

"စံအိမ်ရှေ့မှာ ကိုရင်ကြီးတစ်ပါး ရောက်နေတယ် သခင်လေး"

အိမ်ဖော်လူငယ်က ပြောတယ်။

"ဒါဆို အလှူခံဖို့ လာတာဖြစ်မှာပေါ့၊ ပိုက်ဆံနည်းနည်းလောက် လှူလိုက်ရင် ပြီးတာပဲ မဟုတ်လား"

ကျိလျံ့က ပေါ့ပေါ့ဆဆ ပြောတယ်။

"နည်းနည်းပါးပါး လှူလို့ မရဘူး သခင်လေး၊ ငွေစင်ပိဿာတစ်ရာ ပေးရမယ်တဲ့"

ကျိလျံ့ အံ့ဩသွားတယ်။

အိမ်ဖော်လူငယ်က ဆက်ပြောတယ်။

"သခင်လေးပေါက်ယု ပျောက်ဆုံးနေတဲ့ ကျောက်စိမ်းတုံးကို ရပြီ လို့ ပြောတယ်၊ ဒါကြောင့် ကြေညာထားတဲ့အတိုင်း ငွေစင်ပိဿာ တစ်ရာ လိုချင်တယ်တဲ့"

"မင်းက တော်တော် အ,တဲ့ကောင်ပဲ၊ အဲဒါ အတုလား၊ အစစ်လား တို့လည်း မသိဘူး၊ အစစ်ဆိုရင်လည်း အခုမှ ရလို့ ဘာထူးတော့မှာလဲ၊

သခင်လေးပေါက်ယု သေတော့မယ်၊ သခင်ကြီးက အသုဘကိစ္စပြင်ဆင်ဖို့ ငါ့ကိုတောင် ပြောလိုက်ပြီ”

“ကျွန်တော်လည်း အဲလိုမျိုး ပြောပါသေးတယ်၊ ဒါပေမယ့် မသွားဘူးဗျ၊ ငွေစင်ပိဿာတစ်ရာပေးရင် သခင်လေးပေါက်ယု သေမှာ မဟုတ်ဘူးလို့ ပြောနေတယ်”

အိမ်ဖော်လူငယ်က ရှင်းပြနေတယ်။

ကိုရင်ကြီးက စံအိမ်ထဲကို ဆက်ဝင်လာတယ်။ တားတဲ့လူတွေကလည်း တားကြတယ်။ အဲဒီလို ရုတ်ရုတ်သဲသဲ အသံဗလံတွေကြားတော့ အမတ်ကြီးကျိချိန်ဟာ ပေါက်ယုရဲ့ အခန်းထဲက ထွက်လာတယ်။

“ဒီစံအိမ်ထဲက ကျောက်စိမ်းတုံးပိုင်ရှင် သူငယ်လေး အသက်ရှင်ချင်ရင် ငါ့ကို ငွေစင်ပိဿာတစ်ရာ အခုပေးကြ၊ သူ့ကျောက်စိမ်းတုံးလည်း ပြန်ရမယ်၊ အသက်လည်း ရှင်မယ်”

ကိုရင်ကြီးဟာ ဆွဲနေသူတွေကြားက ရုန်းဖယ်ရင်း ပြောနေတယ်။ အမတ်ကြီးကျိချိန်က စဉ်းစားလိုက်တယ်။ ***“တစ်ခါက ကိုရင်ကြီးတစ်ပါး ရောက်လာပြီးတော့ ပေါက်ယု ကျန်းမာလာတယ်၊ ဒီတစ်ခါလည်း အဲဒီလို ဖြစ်မယ်ထင်တယ်၊ ဒါပေမယ့် အခုလောလောဆယ် ပေးရမယ့် ငွေက များလွန်းတယ်၊ ဒါပေမယ့် ငါ့သား ပေါက်ယု အမှန်တကယ် အသက်ရှင်မယ်ဆိုရင်တော့ ပေးနိုင်အောင် ရှာကြံရမှာပေါ့”***

အမတ်ကြီးကျိချိန် တွေးနေချိန်မှာ ကိုရင်ကြီးက ထပ်ပြောတယ်။

“မြန်မြန်လုပ်မှ ဖြစ်မယ်နော်၊ နောက်ကျသွားရင် ကျုပ် မကယ်နိုင်ဘူး”

ကိုရင်ကြီးက အတင်းရုန်းပြီး ပေါက်ယု လဲလျောင်းနေတဲ့ နေရာအထိ ပြေးဝင်သွားတယ်။ ပေါက်ကြည်က ဘေးကို ရှောင်လိုက်တယ်။ ကြာဖြူပန်းနဲ့ သခင်မကြီးက အနားက ရပ်ကြည့်နေကြတယ်။

အမတ်ကြီးကျိချိန်က ကိုရင်ကြီးနောက်က လိုက်လာတယ်။

“ကိုရင်ကြီး . . . သားလေးပေါက်ယုကို အသက်ချမ်းသာအောင် ကုပေးရင် ငွေစင်ပိဿာတစ်ရာကို မရရအောင် ရှာပေးပါ့မယ်”

အမတ်ကြီးကျိချိန်က ကတိပေးလိုက်တယ်။





“ကဲ ပေါက်ယုရေ မင်း ကျောက်စိမ်းတုံး ပြန်ရပြီဟေ့၊ ရော့ . . ယူတော့”

ကိုရင်ကြီးက ပေါက်ယုရဲ့ လက်ထဲကို ကျောက်စိမ်းတုံးလေး ထည့်ပေးလိုက်တယ်။ ပေါက်ယုက မျက်လုံးပွင့်လာတယ်။ သူ့လက်ထဲက ကျောက်စိမ်းတုံးလေးကို သေချာကြည့်လိုက်သေးတယ်။

ပြီးတော့မှ . .

“ကျွန်တော့်ပစ္စည်း အစစ်ပါပဲ၊ အခုမှ ပြန်ရတော့တယ်”

ပေါက်ယုက ဝမ်းသာအားရ ပြောလိုက်တယ်။

အမတ်ကြီးကျိချိန်က ကိုရင်ကြီးကို ကန်တော့လိုက်တယ်။ အရင်တစ်ကြိမ်က လာခဲ့ဖူးတဲ့ ကိုရင်ကြီးနဲ့ မတူတာကို သတိပြုမိလိုက်တယ်။ ဒါကြောင့် ***“ကိုရင်ကြီးအကြောင်း ကျောက်စိမ်းတုံးကို ဘယ်က ပြန်တွေ့လာတယ်ဆိုတဲ့အကြောင်းနဲ့ ကျောက်စိမ်းတုံးလေး ပြန်ရတာနဲ့ သူ့သား ပေါက်ယု ဘာဖြစ်လို့ သတိရလာတာလဲ”*** လို့ မေးလိုက်တယ်။

“အဲဒါတွေ ကျုပ် မသိဘူး၊ ခင်ဗျားတို့ ကြေညာထားတဲ့အတိုင်း ကျုပ်ကို ငွေစင်ပိဿာ တစ်ရာပေးမယ်ဆိုတာ အခုပေးတော့”

ကျိချိန်ဟာ ပေါက်ယုလက်ထဲက ကျောက်စိမ်းတုံးလေးကို တစ်ချက်လှမ်းကြည့်တယ်။ ပေါက်ယုနဲ့ မွေးရာပါ ပစ္စည်းတစ်ခုဖြစ်တဲ့အတွက် ပေါက်ယုနဲ့ ပတ်သက်ပြီး စွမ်းရည်တစ်ခုခု ရှိနေမယ်လို့ ယူဆလိုက်တယ်။ ဒါပေမယ့် ကိုရင်ကြီးကို ပေးရမှုယ့် ငွေအတွက် သခင်မကြီးနဲ့ တိုင်ပင်ကြတယ်။ တကယ်တော့ ခန်းဆောင်နီစံအိမ်ကြီးမှာ မယ်မယ်ကြီး ကွယ်လွန်ပြီးတဲ့နောက်ပိုင်း “ရွှေကျောင်းပြောင်ပြောင် ဝမ်းခေါင်ခေါင်” ဆိုတာမျိုး ဖြစ်နေပါပြီ။

“ဘာပဲဖြစ်ဖြစ်ပေါ့ရှင်၊ သားလေး အသက်ချမ်းသာရာ ရနေပြီပဲ၊ ကျွန်မတို့ ရှိသမျှ စုပြီး ပေးလိုက်ရတော့မှာပေါ့”

သခင်မကြီးက ဆက်ပြောလိုက်တယ်။

ပေါက်ယုဟာ အိပ်ရာပေါ်က ထပြီး “ဆာတယ်လို့” ပြောတာနဲ့ ဆန်ပြုတ်တိုက်တယ်။ ဆံပြုတ်သောက်ပြီးတော့ ကျောက်စိမ်းတုံးလေးကို သေသေချာချာ ကြည့်နေတယ်။

တစ်ချိန်က ထိုက်ယုနဲ့ စကားများခဲ့တာကို ပြန်စဉ်းစားရင်း သတိရသွားတယ်။ နောက်တော့ ဖြူဖပ်ဖြူရော် ဖြစ်လာပြီး ကျောက်စိမ်းတုံးလေးဟာ လွတ်ကျသွားတယ်။ ပေါက်ယုဟာ အိပ်ရာပေါ်ကို ပက်လက်လန်လဲကျသွားတော့တယ်။

▮

ပေါက်ယုဟာ ဆန်းကြယ်တဲ့ အိပ်မက်တစ်ခုထဲကို ရောက်နေတယ်။ သူက ကိုရင်ကြီးကို ကန်တော့လိုက်ပြီး ကိုရင်ကြီးနဲ့အတူ လိုက်သွားခဲ့ရတယ်။ မုခ်ပေါက်ကြီး တစ်ခုအောက်က ဖြတ်သန်းခဲ့ရတယ်။ နန်းတော်ကြီးတစ်ခုရဲ့ တံခါးဝ ရောက်သွားတော့ **"သီလ ရှိသူတွေအတွက် သုခရှိတယ်၊ သီလ မရှိသူများအတွက် ဒုက္ခသာ ရှိတယ်"** လို့ တံခါးမှာ ရေးထားတာတွေ့ရတယ်။

ပေါက်ယုက အဲဒီ ကမ္ပည်းစာတွေကို ဖတ်နေရာက . . .

လှည့်ကြည့်လိုက်တော့ ကိုရင်ကြီးကို မတွေ့ရတော့ဘူး။

ပေါက်ယု ရောက်နေတဲ့နေရာဟာ ဥယျာဉ်ကြီးတစ်ခုလို ဖြစ်နေတယ်။ ဥယျာဉ်ထဲက ကြီးကျယ်ခံ့ညားလွန်းတဲ့ နန်းတော်ကြီးရဲ့ မုခ်ဦးမှာ ***"စိုးရိမ်ခြင်းနဲ့ မစိုးရိမ်ခြင်းဟာ အတုအယောင်မျှသာ၊ တပ်မက်ခြင်းနဲ့ တမ်းတခြင်းဟာ မိုက်မှားခြင်းသာ ဖြစ်ကြတယ်"***လို့ ရေးထားတယ်။ အဲဒီနေရာဝန်းကျင်ကို သူ ငယ်စဉ်က ရောက်ဖူးခဲ့သလိုမျိုး ထင်မိတယ်။

ဒါကြောင့် . . .

သူ အရင်က တွေ့ဖူးခဲ့တဲ့ ပုရပိုဒ်တွေကို ဖတ်ကြည့်ပြီး ကူးရေးမလို့ လုပ်နေတုန်းမှာ **"သခင်လေးပေါက်ယုကို မလေးထိုက်ယု ခေါ်နေပြီ"** ဆိုတဲ့ အသံကို ကြားလိုက်ရတယ်။

ပေါက်ယု အသံကြားတဲ့ ဘက်ကို လှည့်ကြည့်လိုက်တယ်။

ဝိုးတဝါးသဏ္ဌာန်နဲ့အတူ တစ်စုံတစ်ယောက်က လက်ရပ်ခေါ်နေတယ်။ ဒါကြောင့် သူ လိုက်သွားတယ်။ ပေါက်ယုဟာ ခန်းဆောင်တွေ တစ်ခုပြီးတစ်ခု ဖြတ်ကျော်ခဲ့တယ်။ တစ်နေရာရောက်တော့ ပုလဲလုံးလေးတွေနဲ့သီပြီး ခန်းဆီးလို ကာရံထားတဲ့ နေရာကို ရောက်သွားတယ်။





နတ်သမီးတစ်ပါးက "သခင်မကို ဦးညွှတ်အရိုအသေပြုပါ" လို့ ပြောပြီး ခန်းဆီးကို ပင့်ပေးလိုက်တယ်။ ပေါက်ယု အထဲဝင်သွားတော့ ရွှေရောင်ဝတ်ရုံနဲ့ နတ်သမီးတစ်ပါး ထိုင်နေတာကို တွေ့လိုက်ရတယ်။ အဲဒီနတ်သမီးက ရတနာစီခြယ်ထားတဲ့ ပန်းကုံးတွေ လည်မှာ ဆွဲထားတယ်။ ပေါက်ယုက ဦးညွှတ်အရိုအသေပြုပြီး ဦးခေါင်းကို မတ်လိုက်တဲ့အခါမှာ အဲဒီနတ်သမီးက ထိုက်ယုဖြစ်နေတာကို တွေ့လိုက်ရတယ်။

**"မလေးထိုက်ယုရယ်. . မလေးကို လွမ်းလို့ ရှာလိုက်ရတာ၊ အခုမှပဲ တွေ့ရတော့တယ်"**

ပေါက်ယု ဝမ်းနည်းပမ်းနည်း ပြောလိုက်ဘယ်။

နောက်တော့ အရာရာဟာ မှုန်ဝါးပြီး ပျောက်ကွယ်သွားတယ်။

ပေါက်ယု မျက်စိထဲမှာ အလင်းရောင်တွေ ပြန်ပေါ်လာတော့ မျက်လုံးဖွင့်ကြည့်လိုက်တယ်။ သူ ရောက်နေတာဟာ ခန်းဆောင်နီ စံအိမ်ကြီးထဲက သူ့ခန်းဆောင် ဖြစ်နေတယ်။ သခင်မကြီး၊ ပေါက်ကြည်နဲ့ ကြာဖြူပန်းတို့ရဲ့ မျက်ခွံတွေ မို့အစ်ပြီး မျက်လုံးတွေ နီနေကြတယ်။

သူတို့အားလုံး အသည်းအသန် ငိုကြွေးခဲ့ကြရတယ်။ ပေါက်ယု သတိပြန်ရလာတာတွေ့လို့ အားလုံးဝမ်းသာသွားကြတယ်။ အမတ်ကြီးကျိချိန်က သူ့သားပေါက်ယုကို ကြည့်ပြီး ပြောလိုက်တယ်။

"တော်တော် ဒုက္ခပေးတဲ့သား၊ သူ့ကြောင့် အကုန်လုံးလိုလို ပူဆွေးသောက ရောက်ကြရတယ်"

သခင်မကြီးက ပေါက်ယုကို *နဂါးမျက်လုံး အားဆေးတစ်ခွက်* တိုက်လိုက်တယ်။ ပေါက်ယုရဲ့ အခြေအနေဟာ ပုံမှန်အတိုင်း ကျန်းမာသွားတယ်။

ပေါက်ကြည်က ကျောက်စိမ်းတုံး ဆွဲကြိုးကို ပေါက်ယုရဲ့ လည်ပင်းမှာ ပြန်ဆွဲပေးလိုက်တယ်။

နောက်ပြီး . . . ကိုရင်ကြီးကို ငွေပေးဖို့ လိုက်ရှာတော့ ကိုရင်ကြီး ဘယ်ရောက်သွားမှန်း မသိကြောင်း သခင်မကြီးက ပြောပြတယ်။

▮

ဒီနောက်ပိုင်းမှာ ပေါက်ယုရဲ့ အခြေအနေဟာ လုံးဝကောင်းသွားပြီး ခန်းဆောင်နီစံအိမ်ကြီးမှာ ရှိနေကြတဲ့ အိမ်သူအိမ်သားတွေလည်း စိတ်ချမ်းမြေ့လာကြတယ်။ ဒါပေမယ့် ပေါက်ယုက လောကီကိစ္စတွေကို တစ်စတစ်စ ရှောင်ဖယ်ပြီး တရားဘာဝနာတွေကို ပွားနေလေ့ရှိတာကို တွေ့ရတယ်။ လောကုတ္တရာ စာပေကျမ်းဂန်တွေကို ဖတ်ရှုဆည်းပူးနေလေ့ရှိပါတော့တယ်။

ပေါက်ကြည်ဟာ တားမြစ်ဖို့ မသင့်ပေမယ့် စိတ်ဆင်းရဲနေရတယ်။ တစ်နေ့ကျတော့ ပေါက်ကြည်ဟာ သူမရဲ့ ခံစားချက်ကို ပြောပြတယ်။

"မောင် ဖတ်နေတဲ့စာကို ပေါက်ကြည် သိပါတယ်၊ ရွှန်ဇူရဲ့စာပေတွေ မဟုတ်လား၊ ***'စည်းစိမ်ဥစ္စာ ဂုဏ်ပကာသနတွေဟာ တစ်နေ့နေ့မှာ လေတိုက်ခြင်း ခံရမယ်၊ တိမ်လွှာတွေသာဖြစ်တယ်'*** လို့ ရေးသားထားတာတွေကို ပေါက်ကြည် မှတ်မိပါတယ် . . .

ဒါပေမယ့် သူတို့ဟာ သူတော်စင်ပညာရှင် အထင်ကရပုဂ္ဂိုလ်တွေဖြစ်တဲ့အတွက် လောကီကိစ္စတွေ စွန့်လွှတ်နိုင်ခဲ့ကြတယ်၊ အကျင့်သီလတွေကို ဖြူစင်အောင် ကျင့်ကြံအားထုတ်ကြတယ် . . ."

ပေါက်ကြည်ရဲ့ စကားမဆုံးခင် . . .

ပေါက်ယုက လက်ဝါးကာပြီး ဖြတ်မေးတယ်။

"မလေး ပြောချင်တာ ဘာလဲ၊ လိုရင်းကို တည့်တည့်ပြောလိုက်စမ်းပါ"

"မောင့်ကို ပေါက်ကြည်ရဲ့ လင်သားအဖြစ်နဲ့ တစ်သက်လုံး အားကိုးအားထား ပြုနေရတာပါ၊ လူသားတစ်ယောက်အနေနဲ့ အိမ်ထောင်ပြုပြီးတဲ့အခါမှာ အိမ်ထောင့်တာဝန်ကို ကျေပွန်စေချင်တယ်၊ ဒါကြောင့် ပေါက်ကြည်ပြောချင်တာက စာပြန်ပွဲကို ဖြေနိုင်အောင် ကြိုးစားပါမောင်၊ ဒါမှ မောင့်မိဘဘိုးဘွားတွေရဲ့ ဆန္ဒကိုလည်း ဖြည့်ဆည်းရာရောက်မယ်၊ ပေါက်ကြည်ရဲ့ လင်ယောကျ်ားအဖြစ်လည်း တာဝန်ကျေနိုင်မယ်"

ပေါက်ယုက သူ့ဇနီး ပေါက်ကြည်ရဲ့ စကားကို စဉ်းစားကြည့်လိုက်တယ်။ ဒီနောက်ပိုင်းမှာ စာပြန်ပွဲအတွက် အရေးပါမယ့် စာတွေကို ဖတ်မှတ်နေတော့တယ်။





ဒါကိုကြည့်ပြီး ကြာဖြူပန်းနဲ့ ပေါက်ကြည်တို့က ကျိတ်ပြီး ဝမ်းသာနေကြတယ်။ သခင်မကြီးဝမ်ကလည်း သူ့သားပေါက်ယုအတွက် ပီတိဖြစ်နေတယ်။

ဒါကြောင့် . . .

"အခုလို သားစာကြိုးစားနေတာကို မယ်မယ်ကြီးတွေ့ရင် အရမ်းဝမ်းသာမှာပဲ" လို့ ပြောလိုက်တယ်။

***"သားနဲ့မယ်မယ်ကြီးဟာ ရှုပ်ခန္ဓာ ကွဲပြားနေကြပေမယ့် နာမ်ကတော့ အတူတူပါပဲ"***

ပေါက်ယုရဲ့ စကားဟာ တစ်မျိုးထူးခြားနေတယ်လို့ သခင်မကြီးက တွေးနေမိတယ်။ ***ပေါက်ယုဟာ စာပြန်ပွဲကို ဖြေနိုင်ခဲ့ပြီး အမြင့်ဆုံးဖြစ်တဲ့ အဆင့် (၇)ကို ရရှိခဲ့တယ်။***

ဒါကြောင့် ရွှေနန်းရှင်က ဝမ်းသာနေတယ်။

ကွယ်လွန်သွားခဲ့တဲ့ မြောက်နန်းစံမိဖုရားရဲ့မောင် ဖြစ်နေတာကို သိလိုက်ရလို့ပါပဲ။ ပေါက်ယုရဲ့ နောင်ရေးဟာ အလားအလာ ကောင်းနေပါတယ်။

***ဒါပေမယ့် စာပြန်ပွဲ ပြီးကတည်းက ပေါက်ယုဟာ စံအိမ်ကို ပြန်မလာတော့ဘဲ လုံးဝ ပျောက်ကွယ်သွားတယ်။ ဘယ်သူမှ ရှာလို့ မတွေ့တော့ဘူး။***

တစ်နေ့တော့ အမတ်ကြီးကျိုချိန်ဟာ တာဝန်အရ ခရီးထွက်ရာကနေ လှေနဲ့ ပြန်လာခဲ့တယ်။ လမ်းခရီးမှာ နှင်းတွေကျလာလို့ လှေကို ကမ်းကပ်ကျောက်ချပြီး ရပ်နားနေကြတယ်။

ပတ်ဝန်းကျင်ကို ကြည့်တော့လည်း နှင်းတွေဝေနေလို့ ဘာကိုမျှ သဲသဲကွဲကွဲ မမြင်ရဘူး။ အမတ်ကြီးကျိုချိန်နဲ့ သူ့ရဲ့လှေတော်သားတွေရဲ့ ကိုယ်မှာလည်း နှင်းရည်တွေ စိုရွှဲနေကြတယ်။ ဒီကြားထဲ မြောက်လေက တိုက်တော့ သူတို့တစ်တွေအားလုံးဟာ အေးစိမ့်ပြီး တုန်ခိုက်နေကြတယ်။ သဘာဝပတ်ဝန်းကျင်က မိမိကို ဘယ်လောက်ပဲ ဖိစီးနှိပ်စက်နေပေမယ်လို့ အဲဒီကြားထဲကနေပြီး အမတ်ကြီးဟာ သူ့သားပေါက်ယုကို သတိရလိုက်မိတယ်။

တစ်ချိန်တုန်းက သူ့သားပေါက်ယုကို သူ ဆူခဲ့မာန်ခဲ့တာတွေ၊ ရိုက်နှက်ခဲ့တာတွေကို အမှတ်ရပြီး စိတ်မကောင်းဖြစ်နေတယ်။ သားနဲ့ခွဲခွာခဲ့ရတာ ရက်တွေကြာလာတော့ သူ့သားပေါက်ယုကိုလည်း တွေ့ချင်စိတ်တွေ အရမ်းပြင်းပြနေတယ်။ တကယ်လို့များ သူ့သားကို ပြန်တွေ့ခဲ့လို့ရှိရင် သူ့သားကို ချော့မော့ပြီး ခန်းဆောင်နီစံအိမ်တော်ကြီးကို မရရအောင် ခေါ်မယ်လို့လည်း စိတ်ပိုင်းဖြတ်ထားလိုက်တယ်။ ဒါပေမယ့် မိမိစိတ်ရဲ့ လိုအင်ဆန္ဒတွေဟာ တကယ်ဖြစ်လာပါ့မလားလို့လည်း ဝမ်းပန်းတနည်းနဲ့ တွေးလိုက်မိသေးတယ်။

အမတ်ကြီးကျိချိန်ဟာ သူ့သားပေါက်ယုအကြောင်းကို တောင်စဉ်ရေမရ စဉ်းစားနေတယ်။ အဲဒီလိုစဉ်းစားရင်းနဲ့ အမတ်ကြီးဟာ လှေဦးကို အမှတ်မထင် ကြည့်လိုက်မိတယ်။ အမတ်ကြီးမျက်လုံးထဲမှာ ဝင်းဝါတဲ့ အရောင်အဆင်းတစ်ခုကို မြင်လိုက်ရတယ်။ ပထမတော့ မိမိများ မျက်စိမှားနေသလားဆိုပြီး စိတ်ထဲမှာ တွေဝေသွားမိသေးတယ်။ သေသေချာချာကြည့်မိတော့မှ မိမိမြင်ရတဲ့ ဝင်းဝါတဲ့အရောင်အဆင်းဟာ သင်္ကန်းတစ်စုံ ဖြစ်နေတာကို သိရတော့တယ်။

တကယ်တော့ မိမိမျက်စိနဲ့ တွေ့မြင်နေရတာဟာ အဝါရောင်သင်္ကန်းကို လွှမ်းခြုံထားတဲ့ ရဟန်းတစ်ပါးဖြစ်နေတယ်။

အမတ်ကြီးဟာ အံ့ဩခြင်းနှင့်အတူ . ပေါင်းမိုးထဲက ထွက်ပြီး ရဟန်းတော်ကို သေသေချာချာ ကြည့်မိတယ်။ သူ့သားပေါက်ယု ဖြစ်နေတာသိတော့ အလွန်ဝမ်းသာသွားတယ်။ သူ့သားပေါက်ယုက ရဟန်းဝတ်နဲ့ သူ့ကို ပြုံးပြီးကြည့်နေတာ တွေ့ရတယ်။

အမတ်ကြီးဟာ ဣန္ဒြေကို ထိန်းချုပ်ပြီး . . .

**"သား . . . ရဟန်းဝတ်နေတာလား"** လို့ မေးလိုက်တယ်။

ပေါက်ယုက ဘာမှ ပြန်မပြောဘူး။ အဲဒီအချိန်မှာ ကိုရင်ကြီးနှစ်ပါးက ပေါက်ယုရဲ့ ဘေးတစ်ဖက်တစ်ချက်ကနေ လက်ကို ကိုင်ကြတယ်။

ကိုရင်ကြီးတစ်ပါးက . . .

**"လောကီလူ့ဘုံနဲ့ပတ်သက်လို့ သင် ဘာမှ နောက်ဆံတင်းနေစရာ မလိုတော့ဘူး"** လို့ ပြောလိုက်တယ်။





စကားဆုံးတာနဲ့ သူတို့သုံးပါးစလုံး ကမ်းပေါ်ကို တက်ပြီး ထွက်ခွာသွားကြတယ်။

ရုတ်တရက် ကြောင်ပြီး ကြည့်နေတဲ့ အမတ်ကြီးဟာ နောက်မှ သတိရပြီး ကမ်းပေါ်ကို တက်လိုက်သွားတယ်။

နောက်က ပြေးလိုက်ပေမယ့် လုံးဝ မတွေ့တော့ဘူး။

သူ့ရှေ့ မြင်ကွင်းတစ်ခုလုံး ကွင်းပြင်ကြီး ဖြစ်နေတယ်။

ဒါပေမယ့် သူတို့သုံးပါးစလုံးကို အရိပ်အယောင်တောင်မှ မတွေ့ရတော့လို့ အံ့ဩနေမိတယ်။

အမတ်ကြီးကျိချိန်ရဲ့ နောက်လိုက်တစ်ချို့က . . .

"သားကို စိတ်စွဲလမ်းပြီး မြင်ယောင်မိတာ ဖြစ်ပါလိမ့်မယ်"လို့ ဖျောင်းဖျကြတယ်။

ဒါပေမယ့် အမတ်ကြီးက အမှန်တကယ်ဖြစ်ကြောင်း ယုံကြည်စိတ်ချနေတယ်။

■

အမတ်ကြီးကျိချိန်ဟာ ခန်းဆောင်နီစံအိမ်တော်ကြီးကို ပြန်လည်ရောက်ရှိလာတယ်။

ပေါက်ယုရဲ့ဇနီး ပေါက်ကြည်မှာ ကိုယ်ဝန်ရှိနေတာ သိရတယ်။

အမတ်ကြီးကျိချိန်ဟာ မိမိကို ရွှေနန်းတော်ကြီးက ရာထူးဂုဏ်ထူးတွေ ပြန်ခန့်အပ်လိုက်တဲ့အတွက် ကျေးဇူးတင်ကြောင်းလျှောက်တင်ဖို့ ရွှေနန်းတော်ကို ထွက်လာခဲ့တယ်။

ရွှေနန်းရှင်က ပေါက်ယုအကြောင်းကို မေးလို့ အမတ်ကြီးက သူကြုံတွေ့ခဲ့တာကို တင်ပြလိုက်တယ်။

ရွှေနန်းရှင်ဟာ အကြီးအကျယ် အံ့ဩသွားတယ်။

***"ဒီအတိုင်းပဲ ဖြစ်ကိုဖြစ်ရမယ်၊ ပေါက်ယုရဲ့ စာတမ်းတွေကို ကျုပ်သေသေချာချာ ဖတ်ကြည့်တယ်၊ ဒီလောက်ကောင်းအောင် ရေးနိုင်တာဟာ ပါရမီရှိတဲ့သူမို့ ထက်မြက်တာပဲ ဖြစ်ရမယ်၊ ဒါပေမယ့် ကျုပ်သူ့ကို မှူးမတ်ရာထူးပေးလို့ မရတော့ဘူး၊ ဒါကြောင့် သူ့ကို အမြင့်ဆုံးပညာရှင်ဘွဲ့ အပ်နှင်းလိုက်တယ်"***

အမတ်ကြီးကျိချိန်ဟာ ခန်းဆောင်နီစံအိမ်ကို ပြန်ရောက်တော့ အိမ်သူအိမ်သားတွေကို ပြောပြတယ်။

အားလုံးဝမ်းသာနေကြတယ်။

"သခင်လေးပေါက်ယုဟာ မှူးမတ်ဖြစ်လာရင်တောင် ကံမကောင်းရင် ဒုက္ခတွေ့နိုင်သေးတာပဲ၊ ခုတော့ သခင်ကြီးနဲ့ သခင်မကြီးတို့ ဒီလို ထူးခြားတဲ့ ပါရမီရှင်တစ်ယောက်ကို မွေးနိုင်ခဲ့တာဟာ အင်မတန် ကုသိုလ်ကောင်းလို့ပါပဲ၊ အဲဒါကို ပီတိဖြစ်ဖို့ သင့်တာပေါ့"

ဒေါ်လေးဆွေ့က ပြောပြတယ်။

ဒါပေမယ့် သခင်မကြီးက. . .

***"သူ လောကီကို စွန့်သွားတာ အပြစ်တင်စရာ မဟုတ်ပါဘူးကွယ်၊ ပေါက်ယုလို လောကီစည်းစိမ်ကို စွန့်လွှတ်နိုင်တဲ့သူကို လင်ယောကျ်ား အဖြစ် တော်စပ်ခဲ့ရတဲ့ ပေါက်ကြည်ဟာ တစ်နည်းအားဖြင့် ပါရမီဖြည့်ရာ ရောက်လို့ ကံကောင်းပါတယ်နော်"***

ဒေါ်လေးဆွေနဲ့ သခင်မကြီးတို့ ပြောနေကြတာကို ပေါက်ကြည်နဲ့ ကြာဖြူပန်းတို့က ဝမ်းသာဝမ်းနည်းနဲ့ နားထောင်နေကြတယ်။

▮

တကယ်တော့ . . . .

ပေါက်ယု ဆိုတဲ့ အမည်ရဲ့ အဓိပ္ပာယ်က . . .

***စွမ်းအင်ရှိတဲ့ ကျောက်စိမ်း*** လို့ ခေါ်တွင်တာပါပဲ။

ကျောက်စိမ်းတုံးဟာ လူ့လောကရဲ့ ဒုက္ခတွေ ကင်းငြိမ်းရာ မူလ နေရာဟောင်းကို ပြန်ရောက်သွားတယ်။

အဲဒီအတိုင်းပါပဲ။

***ပေါက်ယုဆိုတဲ့လူငယ်ဟာ. . . သံယောဇဉ်ကြိုးတွေကို ဖြတ်ပြီး တာမဂုဏ်အာရုံတွေနဲ့ ကင်းဝေးရာ သာသနာ့ဘောင်ကို ရောက်ရှိသွားတာ ဖြစ်ပါတယ်။***

အဲဒီကျောက်စိမ်းကို တရားပေါက်နေတဲ့ ရဟန်းနဲ့ တာအိုရဟန်း တစ်ပါးက လူ့လောကကို ယူဆောင်ခဲ့ကြတာပါ။





အဲဒီကျောက်စိမ်းတုံးဟာ သတ်မှတ်ထားတဲ့ သက်တမ်းပြီးဆုံး သွားလို့ မူလနေရာကို ပြန်ယူသွားကြတာပဲ။

ဒါကြောင့် . . . .

ဒီကျောက်စိမ်းနဲ့ပတ်သက်ပြီး မွေးဖွားလာခဲ့တဲ့ ပေါက်ယုဟာ လည်း လူ့လောကကို ကျောခိုင်းသွားခဲ့တာပါပဲ။

ကျောက်စိမ်းတုံးကို သယ်ဆောင်သွားကြတဲ့ ရဟန်းနှစ်ပါးက ကောင်းကင်စောင့်နတ်သမီး နုဝါ ထားခဲ့တဲ့ မူလနေရာမှာပဲ ပြန်ထားလိုက် ကြပါတော့တယ်။

အဲဒီနေရာကတော့ . . .

မေတ္တာတောင်ခြေ ဖြစ်ပါတယ်။

ဆွေမြင့်